
ပျူး
အခါတစ်ပါး၌
GRAPHIC, DESIGN THEIN SHWE KYI

## အခန်း (၁)

“ဆူးလေ ဆူးလေ”

“သမိုင်း လှည်းတန်း ဆူးလေ”

“ငုံးဥပြုတ် ကြက်ဥပြုတ်ရမယ်”

“ကွမ်းယာဆေးလိပ် ရေသန့်ယူကြဦးမလား”

“သတင်းစာတွေ ဂျာနယ်တွေ ဒီနေ့ထုတ်သတင်းတွေနော်၊ သတင်းထူးတွေပါတယ်၊ ကားလမ်းပိတ်နေတဲ့ တစ်နာရီ နှစ်နာရီအတွင်း အပျင်းပြေဖတ်လို့ရပါတယ်”

“သံပုရာရည်အေးအေးလေး သောက်သွားကြဦးမလား”

“မန်းကျည်းဖျော်ရည် ရေခဲစိမ်ရေသန့်ရမယ်”

“သနားကြပါကွယ် အဘွားက မျက်မမြင်ဒုက္ခိတပါ၊ သားတို့ သမီးတို့ ပေးမှကမ်းမှ စားရမယ့်ဘဝပါ သနားကြပါ”

အသံပေါင်းစုံ လူပေါင်းစုံဖြင့် ဆူညံနေသော ကားမှတ်တိုင်မှာ

ဘဝမျိုးစုံ သက်ဝင်လှုပ်ရှားလျက်ရှိသည်။ ကားတစ်စီးပြီးတစ်စီး ရပ်လိုက်သွားလိုက် အော်လိုက်လုပ်နေတာကို အချိန်မီ အလျှင်မီရောင်းလို့ဝယ်လို့ တောင်းလို့ရအောင် အလုအယက် တိုးခွေ၍ ဝမ်းစာအတွက် ရုန်းကန်နေကြရ၏။

"မီးမီး ဒီမှတ်တိုင်မှာ တောင်းနော်၊ ကိုကိုက ဒီထက်စည်ကားတဲ့မှတ်တိုင်မှာ သွားတောင်းမှဖြစ်မယ်"

"ဟင် ဒီမှာ မီးမီးတစ်ယောက်တည်း တောင်းရမှာလား"

"အင်း ကိုကိုတို့ ခွဲတောင်းမှဖြစ်တော့မှာ မီးမီးရဲ့ အိမ်လခစာက ပေးရတော့မယ်၊ နေ့စဉ်ရတဲ့ပိုက်ဆံက ထမင်းစားရဖို့တောင်အနိုင်နိုင်ရယ် ဒေါ်သောင်းကြီးအိမ်ပေါ်က နှင်ချရင် ကိုကိုတို့နေစရာပျောက်သွားလိမ့်မယ်"

"လူတွေကလည်းနော် မီးမီးတို့ကို ဘာလို့ပိုက်ဆံများများ မထည့်ချင်ကြတာလည်း မသိဘူး"

"သူတို့သားသမီးတွေအတွက် မုန့်တွေဘာတွေ ဝယ်သွားရမှာမို့နေမှာပေါ့ မီးမီးရယ်"

"သူတို့မှာ အဖေ အမေရှိတာ ကောင်းလိုက်တာနော်၊ မုန့်တွေစားစရာတွေ ဝယ်သွား။ နေစရာအတွက်ဆိုလည်း ပူရမှာမဟုတ်ဘူး။ မိဘတွေရှိတော့ မိဘတွေက ဖြေရှင်းပေးမှာလေနော် ကိုကို"

"ကိုကိုတို့လည်း ကိုကိုတို့မိဘတွေရှိတုန်းက သူတို့ ဖြေရှင်းပေးသွားတာပဲလေ၊ အဖေက အလုပ်ကပြန်လာပြီဆို မုန့်တွေ ကစားစရာတွေဝယ်လာတယ်"

"ဟုတ်တယ်နော် အဖေ့ကို သတိရလိုက်တာ၊ အမေ့ကိုလည်း



သတိရတယ်၊ သူတို့သာရှိရင် မီးမီးတို့ ဒီလိုတောင်းစားရတဲ့ဘဝမျိုးရောက်မှာမဟုတ်ဘူးနော် ကိုကို"

ညီမလေးစကားကြောင့် ညီမလေးပခုံးကို ပွေ့ဖက်ကာ ဖိုးကော်စိတ်မကောင်းဖြစ်သွားသည်။ ညီမလေး ပြောသလိုပါပဲ။

အဖေနှင့်အမေသာရှိလျှင် သူတို့မောင်နှမနှစ်ယောက် ဒီလိုသူတောင်းစားဘဝရောက်မှာမဟုတ်ပေ။ ပန်းရံလက်သမားလုပ်သော အဖေက ပြည့်စုံအောင်မထားနိုင်ပေမယ့် မိန်းမနှင့်သားသမီးနှစ်ယောက်ကိုတော့ ဝအောင်တော့ ရှာကျွေးနိုင်ခဲ့သည်။

နှလုံးရောဂါရှိသော အမေကိုလည်း ပင်ပန်းသည့်အလုပ်တွေ မလုပ်နိုင်းခဲ့ပါ။ သူ သုံးတန်းကျောင်းသားအရွယ်မှာ ခြောက်နှစ်အရွယ် ညီမလေးကို ကျောင်းစထားရတော့မည်ဆိုတော့လည်း ပျော်ရွှင်တက်ကြွစွာဖြင့် အလုပ်ကိုတစ်ရက်မှမနားဘဲ ကြိုးစားခဲ့သည်။ တစ်နေ့မှာတော့ အဖေ ငြမ်းစင်ပေါ်က ပြုတ်ကျကာ သေဆုံးသွားသည်။ အမေက အဖေ့သတင်းကိုကြားကာ နှလုံးထဖောက်ပြီး အဖေအဖော်ရအောင် တစ်ခါတည်း လိုက်သွားသည်။

သူတို့မောင်နှမနှစ်ယောက် မျက်စိသူငယ် နားသူငယ်ကျန်ခဲ့ပြီး ရပ်ကွက်လူကြီးဆိုသူက အဖေ့အတွက်ရသည့် နစ်နာကြေးတွေကို ကိုင်ထားကာ သူတို့ကို စောင့်ရှောက်ပေးထားသည်။

ငွေတွေက ဘယ်လောက်ရသည်ဆိုတာမသိဘဲ နှစ်နှစ်ကျော်အတွင်းမှာ ထိုငွေတွေကုန်သွား၍ တာဝန်မယူနိုင်တော့ပါဟုပြောသည်။ အခုတော့ သူတို့မောင်နှမနှစ်ယောက်လုံး ကျောင်းဆက်မနေနိုင်တော့ဘဲ နေဖို့စားဖို့အတွက် တောင်းစားရသည့်ဘဝကို ရောက်သွားခဲ့သည်။

"ကိုကို"

"ဟင် မီးမီး"

"ညီမလေး ပြောတာ မကြားဘူးလား"

"ဩော် ကြား ကြားပါတယ် ညီမလေးရဲ့၊ ကိုကို အတွေးလွန်သွားလို့ပါ။ ဟုတ်တယ် အဖေနဲ့အမေသာရှိရင် ကိုကိုတို့ဘယ်တောင်းစားရတဲ့ ဘဝရောက်ပါ့မလဲ၊ အဖေက ကိုကိုတို့ကို စားဖို့နေဖို့လည်း ရှာပေးမှာ၊ ကျောင်းလည်း ထားပေးမှာပဲ"

"အဖေက ဘာလို့သေသွားရတာလဲဟင်"

"ဩော် မီးမီးရယ် အဖေနဲ့အမေက လူ့ဘဝမှာ ဒီလောက်ပဲ နေဖို့ ကံပါလာလို့ပေါ့ကွယ်၊ ကိုကိုတို့မောင်နှမလည်း ဒီလိုဖြစ်ဖို့ ကံပါလာလို့ပေါ့"

ညီမလေးက နားလည်သလို ခေါင်းလေးညိတ်၍ ငြိမ်ပြီးနားထောင်နေသည်။ ကားသံလူသံတွေကတော့ ဆူညံနေဆဲပါ။ စားဝတ်နေရေးအတွက် တိုးခွေ့လှုယက်ရှုန်းကန်နေကြဆဲပါ။

"ညီမလေး ကိုကိုသွားမယ်၊ ထမင်းဆာရင် ဟိုနားကအသုပ်ဆိုင်မှာ ရတဲ့ပိုက်ဆံလေးနဲ့ ဝယ်စားလိုက်နော်၊ ကားမှတ်တိုင်နဲ့ဝေးလွန်းတဲ့နေရာတွေထိမသွားနဲ့၊ ကားလမ်းကိုလည်း မကူးနဲ့၊ ကားတွေကြားထဲ ခွတ်အတင်းပြေးမဝင်နဲ့ ကြားလား"

"ဟုတ်ကဲ့ ကိုကြီးဖိုးကော်"

ညီမလေးက တစ်ခါတစ်ရံ အဲဒီလို ခေါ်တတ်သည်။ ပြေးကြည့်မှ ဒီညီမလေးတစ်ယောက်ပဲရှိတာမို့ ညီမလေးကို ဒီလိုမျိုး တစ်ယောက်တစ်နေရာခွဲမထားချင်ပါ။



အခုက အိမ်လစာဖိုးရှာရမှာမို့ မဖြစ်မနေ ထားခဲ့ရတာ။ တစ်နေရာစီဆိုတော့ ပိုက်ဆံပိုရတာပေါ့။ ဒါတောင် ညနေကျ မောင်နှမနှစ်ယောက်ရမည့်ပိုက်ဆံပေါင်းလိုက်လျှင် ထမင်းဖိုးသာသာပဲ ရှိသည်။ တစ်ခါတလေဆိုလျှင် ထမင်းဖိုးတောင်မရချင်။

တချို့ကျတော့ မိဘတွေက နိုင်းစားသည်ထင်ပြီး မထည့်ချင်ကြ။ ပေးနေထည့်နေလျှင် အလွယ်လုပ်စားတတ်သွားမှာစိုးလို့ဆိုသည့် စေတနာတွေကလည်း ရှိကြ၏။ တချို့ကကျတော့လည်း ငါတို့က တစ်နေ့လုံးပင်ပင်ပန်းပန်း အလုပ်လုပ်ရတာ သူတို့က အလွယ်တောင်းစားနေကြတယ်ဆိုပြီး မသထာချင်။

သူတို့လို မိဘမရှိ အားကိုးစရာမရှိလို့ တောင်းစားရသည့်သူတွေအတွက် တကယ်ကို အနေအစားကျဉ်းမြောင်းလှပါသည်။

ညီမလေးကို မထားချင်ထားချင်နှင့် ထားခဲ့ရပြီး စိတ်မချစွာနှင့် လှည့်ကြည့်လှည့်ကြည့်လုပ်ကာ ထွက်ခဲ့ရသည်။

ဘဝကို ညှိုးနွမ်းအားငယ်စွာ ရင်ဆိုင်ရင်း ...။

■ ■ ■

## အခန်း (၂)

''မီးမီးလေး''

လေးငါးမှတ်တိုင်ကနေ ကားစီးလာပြီး ညီမလေးမှတ်တိုင်မှာ ဆင်း၍ ခေါ်လိုက်သည်။ ညီမလေးက တစ်နေကုန်နေပူထဲမှာ စောင်းနေရတာမို့ နွမ်းဖတ်ပေစုတ်ညစ်ပတ်နေသည်။

ကိုယ်လည်း ဒီအတိုင်းပါပဲ။

''ကိုကြီး ဖိုးကော်''

''အင်း ညီမလေး ဘယ်လောက်ရလဲ''

''ဒီနေ့ ထောင့်နှစ်ရာရတယ်၊ ကိုကိုရော''

''ကိုကိုက ထောင့်ငါးရာရတယ် မီးမီးရဲ့၊ အသုပ်ဝယ်စားလိုက်တာ နှစ်ရာကုန်သွားတယ်၊ မီးမီးရော နေ့လယ်စာ ဘာဝယ်စားလဲ''

''မီးမီး ဗိုက်ဆာလို့ ထမင်းဝယ်စားလိုက်တာ ငါးရာကုန်သွားတယ် ကိုကို၊ နမြောလိုက်တာ''





''ဘာလို့ နမြောရမှာလဲ၊ ဗိုက်ဆာလို့စားတာ စားရမှာပေါ့၊ နောက်လည်း ဗိုက်အဆာမခံနဲ့ စားနော်၊ ညီမလေး အခု ညစာရော ဘာစားမလဲ၊ ကိုကို ဟင်းချက်စရာဝယ်ပြီး ချက်ပေးမယ်''

''ဟင် ကိုကို ပင်ပင်ပန်းပန်းမှာပေါ့၊ ဟိုတစ်ခါလည်း မီးမှုတ်သေးတယ်၊ ထမင်းတစ်ထုပ်ဝယ်ပြီးပဲ နှစ်ယောက်စားမယ်လေနော်''

''အင်း အဲလိုပဲလုပ်မလား။ ရပ်ကွက်ထဲက ဒေါ်ညွှန့်ရီဆိုင်ရောက်မှဝယ်မယ်လေ၊ ဒေါ်ညွှန့်ရီက သဘောကောင်းတော့ ထမင်းရော ဟင်းရော ပိုထည့်ပေးတယ်''

''အင်း ဘဲဥချဉ်ဟင်းနဲ့စားမယ်နော် ကိုကို''

''လာ မီးမီးလေး သွားမယ်''

လက်မောင်းရင်းလေးမှာ ကာကွယ်ဆေးထိုးရာက အနာရင်းပြီးအဖုအထစ်ကြီးကြီးလေး ဖြစ်နေသော ညီမလေးလက်မောင်းကို တင်းတင်းလေးဖက်၍ အိမ်ပြန်လမ်းကို ခြေလျှင်ပြန်လာခဲ့သည်။

အိမ်နှင့်ကားမှတ်တိုင် အလှမ်းဝေးသေးသော်လည်း လိုင်းကားဝင်လို့မရ။ ဆိုက်ကားလည်းမစီးနိုင်မို့ ဒီလိုပဲ ပြန်နေကျပါ။

ညမိုးချုပ်ချင်နေပြီမို့ လမ်းမီးတိုင်မရှိသော ရပ်ကွက်ငယ်လေးမှာ အိမ်တွေထဲကလာသော အနည်းငယ်မှုန်ပျသည့်အလင်းရောင်လေး ဖြင့်သာ သွားရသည်။

''ဒေါ်ကြီးညွှန့်ရီ ကျွန်တော်တို့ကို ထမင်းတစ်ထုပ်လောက်ပေးပါဦး၊ ဘဲဥချဉ်ဟင်းနဲ့နော်''

''ဟော မောင်နှမနှစ်ယောက် ပြန်လာကြပြီလား၊ နောက်ကျလှချည်လားကွဲ့! မြင်သာထင်သာ စောစောပြန်လာကြမှပေါ့''

"ဒီအချိန်ထိနေတာတောင် အိမ်လစာအတွက်စုဖို့ နည်းနည်းပဲပိုပါတော့တယ်၊ လူတွေက မရက်ရောတော့ဘူး၊ မသထာကြတော့ဘူးလေ၊ အချောင်ရအရလွယ်လို့ တောင်းစားနေကြတယ်ပဲ ထင်နေကြတာ"

"အေး လူတွေလည်း ကိုယ့်ဘဝအတွက်ကိုယ် ရုန်းကန်နေကြလို့ပါကွယ်၊ အရင်ကလို ဘုရားတွေတန်ဆောင်းတွေမှာ တောင်းလို့ရရင်တော့ လှူမယ်တန်းမယ့်သူပေါ်မှာပေါ့၊ ဒီလိုနေရာတွေမှာ သူတောင်းစားမရှိရတော့ဘူးဆိုပြီး ပိတ်ပင်တားဆီးလိုက်တော့ မင်းတို့အတွက် အခက်တွေ့သွားတာပေါ့"

"ဒါလည်း လုပ်သင့်တဲ့အလုပ်မို့ လုပ်ကြတာနေမှာပါ၊ ဆင်းရဲသားပပျောက်တယ်၊ တိုင်းပြည်ချမ်းသာတယ်လို့ ကမ္ဘာက သိစေချင်လို့ဖြစ်မှာပေါ့။ တကယ်တော့ ကျွန်တော်တို့ထက်ဆင်းရဲငတ်ပြတ်နေတဲ့သူတွေ အများကြီးရှိသေးတယ်၊ ကျွန်တော်ကတော့ အရွယ်ရောက်လာရင် ညီမလေးကို ဒီလိုမျိုးတောင်းမကျွေးဘူး၊ စက်ရုံတွေ အလုပ်ရုံတွေမှာ သိက္ခာရှိရှိလေးလုပ်ကျွေးမှာ"

ထမင်းထုပ်ထည့်ပေးရင်းနှင့် ဒေါ်ညွှန့်ရီ ပြုံးသည်။

"မင်းအမြော်အမြင်ရှိတာတော့ ကောင်းပါတယ်ကွယ်၊ ဒါပေမဲ့ မြန်မာပြည်က ဖွင့်ထားတဲ့စက်ရုံတွေအလုပ်ရုံတွေမှာတော့ မင်းအလုပ်ရမှာမဟုတ်ဘူး၊ အသက်မပြည့်သေးလို့ ပညာအရည်အချင်းဘယ်လောက်တို့နဲ့ ကန့်သတ်ထားတာ၊ လုပ်သက်အတွေ့အကြုံ ဘယ်လောက်ဆိုတာကလည်း ပါသေးတယ်၊ ဒီလိုမိမရှိဖမရှိ ရှိတော့လည်း ပညာမသင်နိုင်တဲ့သူတွေအတွက် ပန်းရံလက်သမားလုပ်ချင်လုပ် ဆိုက်ကားနင်းချင်နင်း၊ ဈေးတကာလှည့်ကုန်ထမ်းချင်ထမ်း။ ဒီအလုပ်မျိုးပဲရမယ်၊ စက်ရုံအလုပ်ရုံ





ဆိုတာ မမျှော်မှန်းနဲ့၊ နိုင်ငံခြားက လာဖွင့်တဲ့ စက်ရုံတွေဆိုရင်တော့ ရချင်ရမယ်၊ သူတို့က ပညာကိုသင်ပေးပြီး အရည်အချင်းရှိရင်ရှိသလို နေရာပေးသွားတာ၊ ပညာနဲ့လုပ်စားရမယ်၊ စာရေးစာချီမှမဟုတ်တာ၊ ကွန်ပျူတာနဲ့လုပ်ရမယ် ရုံးဝန်ထမ်းပိုင်းမှမဟုတ်တာ"

"ကျွန်တော်ကတော့ တောင်းစားရတဲ့အလုပ်ကလွဲရင် ညီမလေးကို ဘာအလုပ်မဆို လုပ်ကျွေးမှာပဲ၊ ပင်ပန်းချင်ပင်ပန်းပစေ သိက္ခာရှိရှိလေးနေနိုင် စားနိုင်ရင် တော်သေးတာပေါ့၊ ကျွန်တော်က ညီမလေးကို ကျောင်းပြန်ထားချင်တာ"

"မင်းစိတ်လေးက အစ်ကိုပီသလိုက်တာကွယ်၊ မင်းအခု ဆယ်နှစ်နှစ်ကျော် ဆယ့်သုံးနှစ်ထဲရောက်ပြီမဟုတ်လား။ နောက်နှစ်နှစ်လောက်ဆို အဲလိုထမ်းပိုးကျွေးနိုင်ပါပြီ၊ မီးမီးလေးလည်း ကျောင်းနောက်ကျရင်နှစ်နှစ်ပေါ့၊ ဒီကြားထဲ မိဘမရှိဘဲ ဒီလိုနေနိုင်တာ တော်သေးတယ်လို့တွေးကြပါ"

"ဟုတ်ကဲ့ပါ ဒေါ်ကြီးညွှန့်ရီ"

"အေး အေး ထမင်းရော ဟင်းရော ပိုထည့်လိုက်တယ်နော်၊ မောင်နှမနှစ်ယောက် ဝဝစားရအောင်"

"ဟုတ်ကဲ့ ဒေါ်ကြီး ဒီမှာ ငါးရာ"

ပိုက်ဆံပေးပြီး ညီမလေးလက်ကိုဆွဲကာ ထွက်လာခဲ့သည်။ အိမ်ပြန်ရောက်တော့ တဲစုတ်သာသာအခန်းလေးကို တွန်းဖွင့်၍ ဝင်ခဲ့ကြသည်။

"ကိုကို ရေဘုံကင်က ရေသွားဆွဲပေးမယ်၊ မီးမီးအိမ်မှာပဲချိုးလိုက်နော်"

"ကိုကို ပင်ပန်းပါတယ်၊ မီးမီးတုံကင်မှာ လိုက်ချိုးမယ်လေ"

"မချိုးရပါဘူး။ ဟိုမှာက အလုပ်ပြန်ချိန်ဆိုတော့ လူတွေစုံနေမှာ၊ ကိုကို ဆွဲပေးပါမယ်"

အသက်ကိုးနှစ်ကျော် ဆယ်နှစ်အရွယ် ညီမလေးကိုတောင် ဖိုးကော် လှူကြည့်မခံချင်တော့။ ညီမလေးကို အသက်လောက်ချစ်ခင်တွယ်တာရပါသည်။ သွေးသားရင်းချာတွယ်တာစရာဆိုလို့ ဒီညီမလေးတစ်ယောက်သာ ရှိတော့သည်မဟုတ်လား။

ပလတ်စတစ်ပုံးလေးကိုယူ၍ တုံကင်ကနေ ရေခပ်ကာ ညီမလေး အတွက် ကျောက်စည်ထဲမှာ ရေဖြည့်ပေးလိုက်သည်။

"ကိုကိုတော်ပြီ တော်ပြီ၊ ဒါဆို မီးမီးရေချိုးလောက်ပါပြီ"

"အင်း ကိုကို ချေးတွန်းပေးမယ်လေ၊ အပျင်းကြီးတဲ့မီးမီးက ချေးကိုပြောင်အောင်တွန်းမှာမဟုတ်ဘူး။ မီးမီးအသားက ဝင်းဝါနေတာနေလောင်တာနဲ့ ချွေးထွက်လို့ဖုန်တွေသဲတွေတင်တာနဲ့ ချေးအထပ်ထပ်ဖြစ်နေပြီ"

"မီးမီးက ကြီးလာရင် အသားအရေ လှမှာလားဟင်"

"လှမှာပေါ့ မီးမီးရဲ့၊ အပျိုကြီးဖြစ်လာရင် ကိုကို့ညီမလေးက ကမ္ဘာပေါ်မှာ အလှဆုံးဖြစ်မှာ"

"အဟင်း ဟင်း တကယ်လား"

"တကယ်ပေါ့"

ဆယ်နှစ်နှစ်အရွယ်ညီမလေးက ရင်ရှားပြီး ရေမချိုးရသေးတာမို့ ဖိုးကော် ချေးတွန်းပေးလိုက်သည်။ ညီမလေးက နားရွက်အောက်လည်ပင်းထိပ်နားမှာ လက်မလောက်ရှိသည့် အမှတ်ရာလေး ပါသည်၊





လက်မွေ့နှိပ်ထားသလို ညိုညိုမည်းမည်းအကွက်လေးပါ။ ထိုအရာလေးက မွေးကတည်းကပါတာမို့ ဘယ်တော့မှ ပျောက်မသွား။

"ကိုကြီးဖိုးကော်နော် လည်ပင်းကိုမလုပ်နဲ့ ယားတယ်"

"အမှတ်ရာလေးကို ကိုင်ကြည့်နေတာပါ မီးမီးရဲ့၊ ဒါလေးကို မီးမီးမွေးခါစတည်းက ကိုကို ကိုင်ကြည့်ခဲ့တာ"

"မီးမီးကျတော့ မမြင်ရဘူး"

"မှန်နဲ့ကြည့်မှ မြင်ရမှာပေါ့၊ နောက်နေ့ကျ ကိုကို မှန်ဝိုင်းလေး ဝယ်ပေးမယ်၊ အိမ်မှာရှိတဲ့မှန်အပဲ့လေးက အရမ်းကိုသေးနေပြီ၊ ကဲ ပြေးအောင်ချိုး ကိုကို သနပ်ခါးသွေးထားလိုက်မယ်"

"ကိုကို ရေသွားချိုးလိုက်တော့လေ၊ နောက်ကျနေပြီ"

"မီးမီးပြီးမှ သွားချိုးပါမယ်၊ ကိုကိုချိုးတာက ခဏလေးရယ်"

သနပ်ခါးအခွဲကို အနှစ်ကျအောင်သွေးပေးပြီး ညီမလေး အိမ်ပေါ်တက်လာမှ ပုဆိုးပိုင်းလေးယူကာ ရေတုံကင်ကို ပြေး၍ ရေချိုးလိုက်သည်။ ပြီးမှ ခပ်မြန်မြန်ပြန်လာကာ အင်္ကျီတစ်ထည်ကောက်ဝတ်လိုက်၏။

"မီးမီး ထမင်းစားမယ်လေ"

"ဟုတ်ကဲ့"

ထမင်းထုပ်လေးကို ဇလုံတစ်ခုတည်း ဟင်းတွေပါပေါင်းထည့်၍ နယ်လိုက်သည်။ ညီမလေးက သောက်ရေအိုးကနေ ရေတစ်ခွက်ခပ်ယူလာ၏။

"မီးမီးစား"

"ကိုကိုအရင်စားပါ၊ မီးမီးထက်ကြီးတာကို"

"အဟင်း ဟင်း အေးပါ ကိုကိုအရင်စားမယ်"

ကိုယ့်ပါးစပ်ထဲအရင်ဝါးပြီးမှ ညီမလေးကို ခွံ့ကျွေးလိုက်သည်။ ထမင်းစားတိုင်း ဒီနေ့အချိန်ထိ ညီမလေးကို ခွံ့ကျွေးနေကျပါ။ မေမေ ရှိတုန်းကတော့ သူတို့မောင်နှမနှစ်ယောက်လုံးကို တစ်လှည့်စီ ခွံ့ကျွေး ခဲ့သည်။

ကိုကိုတစ်လှည့် ညီမလေးတစ်လှည့်ဟု ချော့မော့ပြီး ကျွေးတတ် သော မေမေ့ကို သတိရမိသည်။ မိဘတွေရှိတုန်းက မိသားစုဘဝလေးက မပြည့်စုံသော်လည်း ပျော်စရာလေးပါ။

အခုတော့ ဒီဘဝလေးကို မိဘတွေမရှိတည်းက ပျောက်ချင်း မလှ ပျောက်သွားခဲ့တာ။ ဒါကြောင့် ညီမလေးကိုတော့ အားမငယ်စေချင်။ ကိုယ်တတ်နိုင်သလောက် ညီမလေးကို စောင့်ရှောက်ဖို့ ဆုံးဖြတ်ထား ရင်း အနာဂတ်က ဝေဝါးလျက်။

■ ■ ■

အခန်း (၃)

"ဆူးလေ ဆူးလေ"

"သမိုင်း လှည်းတန်း ဆူးလေ"

"ရေသန့်ရေရမယ် ရေသန့်"

"ဆေးလိပ်တွေရမယ် ကွမ်းယာတွေရမယ်နော်"

"ဂျာနယ်စုံပါတယ်နော်၊ ဒီနေ့ထုတ်သတင်းစာတွေလည်းပါ တယ်"

"ကြက်ဥပြုတ်၊ ငုံးဥပြုတ်စားကြဦးမလား"

"သမီးတို့မှာ မိဘတွေမရှိတော့လို့ တောင်းစားနေရတာပါ၊ သနားကြပါရှင်၊ သမီးမှာ ကျောင်းလည်းမနေရပါဘူး။ စားစရာလည်း မရှိပါဘူး"

ဆူညံနေသော အသံမျိုးစုံကြားမှာ သူမအသံလေး တိုးဝင်ဖို့ မနည်းအော်၍ တောင်းနေရသည်။ ကားအမြင့်ကြီးတွေလာလျှင် သူမ အရပ်လေးနှင့်မမီ။ တချို့က သနားသဖြင့် ထည့်ချင်ကြလျှင် သူမခွက် လေးထဲပစ်ထည့်ပေးသွားကြသည်။ ခွက်ထဲကျသည့်အခါ အဆင်ပြေ

သော်လည်း လေလွင့်ပြီးအောက်ကျသွားလျှင်တော့ အပြေးအလွှား ပြေးကာ ကောက်ရလေသည်။

"ကောင်မလေး ဒီမှာ ပိုက်ဆံနော် ကောက်လိုက်ဦး"

ကားပေါ်က ပစ်ပေးသွားတာ နှစ်ရာတန်မို့ ဝမ်းသာအားရပင် ပြေးကောက်လိုက်သည်။ ဒူးထောက်ထိုင်ချလိုက်မိတာ ဒူးလေးပဲ့ပွန်းသွားမလားမသိပါ။

"ဟဲ့ ကလေးမလေး အဲဒီဟာ ငါ့ပိုက်ဆံ ပေးစမ်း"

"ရှင်"

"ဘာရှင်နေတာလဲ ငါ့ကိုပစ်ပေးသွားတာ ပေးလို့"

"မဟုတ်ပါဘူး အဒေါ်ကြီးရဲ့၊ မီးမီးကိုပစ်ပေးခဲ့တာပါ"

"ဟဲ့ ငါ့ကိုနှစ်ရာတန်ပေးခဲ့တာပါဆို၊ နင့်လိုကလေးကို ဘယ်သူက သထာမှာလဲ၊ ငါ့လို အိုကြီးအိုမမျက်မမြင်မို့ သနားပြီး ပေးခဲ့တာ"

"ရှင် အဒေါ်ကြီး"

မျက်စိမမြင်ဘူးဆိုပြီး နှစ်ရာတန်ကိုတော့ သိနေမြင်နေသတဲ့လား။ အဒေါ်ကြီးက သူ့မလက်ထဲက နှစ်ရာတန်ကို ဆတ်ခနဲ လုလျက်

"ဒီနေရာမှာ ငါတောင်းစားလာတာ အနှစ်နှစ်ဆယ်ရှိပြီ၊ ညည်းရောက်လာမှ ငါ့ဝင်ငွေတွေလျော့သွားတယ်၊ ဒီနေရာမှာ လာမတောင်းနဲ့ တခြားနေရာကိုသွား"

"ရှင် မီးမီး မသွားပါရစေနဲ့ အဒေါ်ကြီးရယ်၊ မီးမီးတို့ တကယ်ဆင်းရဲလို့ ဒီနေရာမှာ လာတောင်းရတာပါ၊ မီးမီးရတာ မီးမီးယူတာပါ၊ အဒေါ်ကြီးဟာကို လုမယူပါဘူး"

"တော်စမ်း ငါ့ဟာမယူဘူး ဟုတ်လား၊ ထည့်မယ့်လူက တစ်





ယောက်တည်း ညည်းကိုမြင်တော့ ညည်းကိုထည့်သွားတယ်၊ ငါ မရတော့ဘူး၊ အဲဒီတော့ ညည်း ဒီနေရာမှာ လာမတောင်းနဲ့ ဝေးဝေးသွားကြားလား"

အဒေါ်ကြီး ဝေါက်ငမ်းနေ၍ သူမ ငိုမဲ့မဲ့မျက်နှာငယ်လေးဖြစ်သွားရသည်။ တခြားသူတွေကလည်း ကိုယ်နှင့်မဆိုင်သလို ကိုယ့်အလုပ်ကိုယ်လုပ်ပြီး ဘာမှဝင်ပြောမပေးကြ။

ကလေးရယ်လို့ ညှာတာသနားမှုလည်းမရှိ။ ကိုယ့်ဝမ်းစာအတွက် ကိုယ့်တာသာ အဆင်ပြေသလို ရုန်းကန်နေကြရသည်မဟုတ်လား။

အဒေါ်ကြီးက မျက်စောင်းတထိုးထိုး ဖြစ်နေတာမို့ နှစ်ရာတန်လေးကို ပေးခဲ့ပြီး မီးမီးတခြားနေရာဘက် ရွှေ့ခဲ့ရသည်။ လူများများနှင့် ကားတွေ အဆိုက်များသည့်နေရာ မဟုတ်တော့။

မှတ်တိုင်ကိုကျော်ရပ်သည့်ကားတွေကိုသာ အပြေးအလွှားလိုက်တောင်းရသည်။ လမ်းဆုံဘက်ချိုးကွေ့မည့် ကိုယ်ပိုင်ကားတွေကိုလည်း မှန်လေးတွေပုတ်ကာ တောင်းရ၏။

"မီးမီး မီးမီး"

"ရှင် ကိုကြီးဖိုးကော် မီးမီး ဒီမှာ"

ကိုကိုရောက်လာခါနီးအချိန်မှာတော့ မယောင်မလည်နှင့် အရင်နေရာကိုလာခဲ့ရသည်။ ကိုကို စိတ်ပူမှာစိုးလို့ပါ။

"မီးမီး လာ ဘယ်သွားနေတာလဲ"

"ဘယ်မှမသွားပါဘူး ကိုကိုရဲ့၊ ဒီနားမှာပဲရှိပါတယ်၊ ကားတစ်စင်းက ဟိုနားလေးကျော်ရပ်လို့ပါ"

"ကျော်ရပ်တဲ့ကားတွေနောက် ပြေးပြီးလိုက်မတောင်းနဲ့ သူ

တို့က လမ်းဆုံဘက်ထိသွားတော့ ကိုယ်ပိုင်ကားတွေ စက်ရုံကားတွေနဲ့ တိုက်မိတတ်တယ်ကြားလား။ ကျော်ရပ်တဲ့ကားတွေက ကြာကြာလည်း ရပ်တာမဟုတ်ဘူး။ အလုအယက်စောင့်နေကြတာ၊ မီးမီးက သေးသေး လေးဆိုတော့ သတိမထားမိဘဲ တိုက်မိသွားမယ်''

''ဟုတ်ကဲ့''

''ကဲ လာ သွားရအောင်၊ ကိုကိုတော့ ဒီနေ့သိပ်အခြေအနေ မကောင်းဘူး၊ တစ်ထောင်တောင် မပြည့်လို့ ဘာမှစားမလာခဲ့ဘူး''

''မီးမီးကတော့ နှစ်ထောင်ကျော်တောင် ရတယ်''

''ဟင် ဟုတ်လား''

''ကားမောင်းတဲ့ဦးလေးကြီးက မီးမီးကို သနားလို့တဲ့၊ တစ် ထောင်တန်တစ်ရွက် ပေးသွားတယ်''

''ဟာ ဟုတ်လား၊ လိုင်းကားမောင်းတဲ့ဦးလေးကြီးက သဘော ကောင်းသားပဲကွ''

တကယ်တော့ မုန့်လေးကိုပုတ်တောင်းလို့ ကိုယ်ပိုင်ကားမောင်း သည့် ဦးလေးကြီးက သနားပြီးပေးခဲ့ခြင်းဖြစ်သည်။ လမ်းဆုံဘက်ရောက် သွားသည်ဆိုလျှင် ကိုကို စိတ်ပူမှာစိုးလို့ပါ။ ထိုလမ်းဆုံဘက်က ညဘက် ဆိုလျှင် ကျော်ရပ်သည့်ကားတွေနှင့် ကိုယ်ပိုင်ကားတွေ ခဏခဏ ပြဿနာဖြစ်တတ်သည်။ ကိုကြီးဖိုးကော်က သူမပခုံးလေးကို ဖက်လာပြီး

''ဒီနေ့ ကိုကို ပိုက်ဆံအရနည်းလို့ ထမင်းမစားတော့ဘူးလို့ တွေးထားတာ၊ မီးမီး ပိုက်ဆံရတယ်ဆိုတော့ စားရဦးမှာပေါ့''

''အဲလို ထမင်းမစားဘဲနေရင် နေမကောင်းလို့ ဘယ်ပိုက်ဆံ တောင်းနိုင်မှာလဲ ကိုကိုရဲ့၊ ထမင်းတော့စားရမှာပေါ့၊ မီးမီးပိုက်ဆာ





နေပြီ ကိုကို၊ ဒေါ်ကြီးညွန့်ရီဆိုင် မြန်မြန်သွားရအောင်''

''အေး လာ မီးမီး''

အမာရွတ်ကြီးကြီးလေးရှိသော ညီမလေးလက်မောင်းကိုဖက် ၍ ဒေါ်ညွန့်ရီဆိုင် ခြေလျှင်မြန်မြန်လျှောက်ခဲ့ကြသည်။

''ဒေါ်ကြီးညွန့်ရီ ကျွန်တော်တို့ကို ထမင်းလေး ထုပ်ပေးပါဦး''

''ဟဲ့ ကလေးတွေ ဒီမှာ ကြက်အရိုးတွေကျန်တယ်၊ ထမင်းက တော့ ဂျိုးပဲကျန်တော့တယ်၊ ငါလည်းအရောင်းပါးလို့ ထပ်မချက်တော့ ဘူး။ ဒီမှာ စားသွားကြပါလား၊ ပိုက်ဆံပေးမနေပါနဲ့တော့''

''ကျွန်တော်တို့ ရေမချိုးရသေးဘူး ဒေါ်ကြီးညွန့်ရီရ''

''ရေမချိုးရသေးလည်း လက်ဆေးစားပေါ့ဟယ်၊ ငါ့ဆိုင်မှာ လူလည်းမရှိတော့ပါဘူး။ ပန်းကန်ဆေးတဲ့နေရာမှာ ထိုင်စားကြ''

''ဟုတ်ကဲ့ ဒေါ်ကြီးညွန့်ရီ ပြီးရင် ကျွန်တော်တို့ အိုးတွေခွက် တွေ ဆေးပေးပါမယ်''

''အေးအေး အဲလိုလုပ်ပေးတတ်လို့လည်း ငါက ရောင်းလို့ မရတော့လို့ အရိုးအရင်းကျန်ရင် နင်တို့ကို ကျွေးနေတာပေါ့၊ ကဲ စားကြ''

''လာ မီးမီး၊ ကြက်သားနဲ့စားရမှာ မီးမီးရဲ့''

မောင်နှမနှစ်ယောက် ဟင်းအညှီနံ့လေးဖြင့် ထမင်းဂျိုးကို နယ် ဖတ်ကာ ကောင်းကောင်းစားကြသည်။ ဒီလိုအခွင့်အရေးကလည်း နေ့တိုင်းရတတ်တာမျိုး မဟုတ်ပါ။

ဒီရပ်ကွက်မှာက ပေါပေါလောလောရသော ထမင်းဂျိုးကို လာ ဝယ်စားကြသည့်သူတွေတောင် ရှိကြသည်။

''ဟဲ့ နင်တို့မောင်နှမ အိမ်လစာရော စုမိကြရဲ့လား''

"အိမ်လခစာက ပြီးခဲ့တဲ့လက မပြည့်တာနဲ့ နှစ်လစာတောင် ပေးရမှာ ဒေါ်ကြီးရဲ့၊ အခုမှ အရင်လက လိုတာလေး စုလို့ရတုန်းရှိပါ သေးတယ်၊ ဒီလိုပဲ ကြိုးစားပြီး တောင်းရမှာပေါ့"

"အေးဟယ် ငါလည်း နင်တို့ကို ကူသိုလ်လုပ်ချင်ပါတယ်၊ ဒါပေမဲ့ ငါ့မှာလည်း ဈေးကရောင်းမကောင်း အိမ်ကကလေးတွေ ကျောင်း စရိတ် မုန့်ဖိုး စားစရိတ် ငါတစ်ယောက်တည်းရှာနေရတာ၊ ကလေးတွေ အဖေက နင်တို့သိတဲ့အတိုင်း ရေလေးဆွဲနိုင်းရင် အရက်ဖိုးတောင်း၊ ကလေးတွေ ကျောင်းကြိုနိုင်းလည်း အရက်ဖိုးတောင်း။ ဈေးဝယ်နိုင်း လည်း အရက်ဖိုးနှုတ်နဲ့ ငါ့ဝဋ်ကြွေးကလည်း ကြီးတယ်၊ ဘယ်လိုတာဝန်မဲ့ နေတတ်တဲ့ယောကျ်ားကို ယူမိခဲ့လည်း မသိပါဘူး"

"အဲဒါကျတော့ ကျွန်တော်တို့အဖေက အရမ်းတော်တယ် အမေ့ကို ဘာမှမနိုင်းဘူး။ အလုပ်မသွားခင်နဲ့ အလုပ်ပြန်ကို သူပဲလုပ် တာ၊ ကျွန်တော်တို့မောင်နှမနှစ်ယောက်အပေါ်လည်း ကြင်နာတယ် ဂရု စိုက်တယ်"

"ဟုတ်ပ၊ အဲလိုကောင်းတဲ့သူကျ သေမင်းက စောစောခေါ် တယ်၊ မကောင်းတဲ့လူကို အရင်ခေါ်ပါတော့လား၊ နင်တို့အဖေက သေ ပြီးတာတောင် တာဝန်ကျေရှာပါတယ်၊ နင်တို့လျော်ကြေးတွေရသေးတယ် လေ"

"အဲဒါက"

"ဟိုရပ်ကွက်လူကြီး လူလည်လုပ်သွားလို့ပါ၊ သူငွေတွေယူ ထားပြီး စောင့်ရှောက်တာ၊ သုံးပုံတစ်ပုံတောင် မရှိဘူး။ သူတို့ကတော့ ကောင်းစားသွားပြီ၊ တခြားရပ်ကွက်မှာ အိမ်ဝယ်ပြီး ပြောင်းသွားပြီလေ





မေတ္တာသင့်လိုက် ဖိုးကော်ရေ မစားကောင်းတဲ့အသီးစားတာ လည်မနင် ပါစေနဲ့လို့"

"ဪ သူစားထိုက်လို့ စားတာ၊ မအောက်မေ့ချင်တော့ပါဘူး ဒေါ်ကြီးရယ် နေပါစေ"

"ဪ စိတ်ရင်းကောင်းတဲ့ကလေးတွေ ကျန်းမာချမ်းသာပါ စေကွယ်၊ ဒီလိုဘဝမှာ ကြာကြာမနေရပါစေနဲ့၊ ပညာတတ် လူချမ်းသာ ကြီးတွေ ဖြစ်ကြပါစေ"

စားသောက်ပြီး အိုးတွေခွက်တွေ ဆေးပေးနေသော ကလေး တွေကိုကြည့်၍ ဒေါ်ညွန့်ရီ ဆုတောင်းပေးလိုက်သည်။ တကယ်စိတ်ရင်း စိတ်ဓာတ်လေးတွေကောင်းသည့် ကလေးတွေပါ။ မရှိလို့လည်း တခြား ကလေးတွေလို ခိုးဆိုးလုယက်စားတာမဟုတ်။ မိုက်တိမိုက်ကန်း ဂျစ်တီး ဂျစ်ကန်လည်းမဟုတ်ကြ။

ရှိုးရှိုးသားသား တောင်းရမ်းစားပြီး လိမ္မာရည်မွန်ကြသည်။ မိဘတွေဆိုဆုံးမမှုတတ်ခဲ့လို့ပဲလား။

◆ ◆ ◆

## အခန်း (၄)

"မီးမီးလေး ဘုရားရှိခိုးဦးနော်၊ အဖေနဲ့အမေကိုလည်း ရှိခိုး"

"ဟုတ်ကဲ့ပါ ကိုကြီးဖိုးကော်ရဲ့"

သူတို့မောင်နှမနှစ်ယောက် ဘုရားနှင့်မိဘကို ရှိခိုးဖို့တော့ မမေ့ကြ။ မနက်ရော ညရော သူတို့အမေလုပ်ခဲ့သလို သောက်တော်ရေ အမြဲ တမ်းကပ်ကြသည်။

ဒီလိုလုပ်ပြီး ညဆိုအိပ်ကြ မနက်ဆို တောင်းရမ်းဖို့ထွက်ခဲ့ကြ နှင့် နေ့စဉ်ကုသိုလ်လေးက ဒါပဲရှိသည်။

"ကိုကြီးဖိုးကော် ပြီးပြီလား"

"အေး မီးမီး အိပ်ရာတွေသိမ်းနေလို့ ခဏလေး"

မီးမီးက ခွက်လေးတွေကိုင်ကာ အိမ်အောက်ကနေ စောင့်နေသည်။ ဖိုးကော်က အိမ်တံခါးကို သံကြိုးတွေနှင့်သေချာချည်နှောင်နေ၏။

"သွားမယ် မီးမီး"

ညီမလေးလက်ကိုဆွဲ၍ ထွက်ခဲ့ကြသည်။





"ကိုကြီးဖိုးကော် အိမ်လခစာက ပြည့်မှာပါ စိတ်ပူမနေပါနဲ့"

"ဒေါ်သောင်းကြီးက ဒီတစ်ခါ အိမ်လခစာမပေးနိုင်ရင် အိမ်ပေါ်ကနှင်ချမယ်ပြောလို့ပါ ညီမလေးရယ်၊ သူ့အိမ်က စုတ်ပေမယ့် ဒီရပ်ကွက်ထဲမှာတော့ ဈေးအသက်သာဆုံးပဲ မီးမီးရဲ့၊ တခြားရပ်ကွက်တွေက ဒီထက်ဈေးကြီးတယ်၊ ကိုကိုတို့ ဘယ်နေနိုင်မှာလဲ"

"ဇရပ်တွေ တန်ဆောင်းတွေမှာလည်း နေခွင့်မရှိတော့ဘူးနော်၊ အဖေသာရှိရင်တော့ နေရာလွတ်တွေမှာ တဲထိုးပြီးနေလို့ရမှာပဲ"

"အဖေသာရှိရင် အိမ်လခစာပေးနိုင်လို့ နေရာကောင်းကောင်း နေရမှာပေ့ါ မီးမီးရယ်၊ ကဲပါ စိတ်ပူမနေပါနဲ့ ဒီလထဲမှာ ကိုကိုတို့ကြိုးစားပြီး တောင်းကြတာပေ့ါ၊ နောက်တစ်နှစ် နှစ်နှစ်နေလို့ ကိုကို ထမ်းနိုင်ပိုးနိုင်ပြီဆိုရင် ကိုကို အလုပ်လုပ်ပြီး ညီမလေးကို ကျောင်းထားမယ် သိလား"

"အင်း အဲလိုလုပ်ပေးမှာလား မီးမီးလေ ကျောင်းအရမ်းတက်ချင်တာပဲ သိလား၊ မီးမီးနဲ့ရွယ်တူသူငယ်ချင်းတွေ ကျောင်းတက်နေတာမြင်တော့ အရမ်းငိုချင်တယ်"

"မငိုပါနဲ့ မီးမီးလေးရယ်၊ မီးမီးကို ကိုကိုကျောင်းထားနိုင်အောင် ကြိုးစားမှာပါ၊ အလုပ်လုပ်ပြီး ငွေစုမယ်၊ မီးမီးက ဆရာဝန်မကြီးဖြစ်ချင်တာလား၊ ကျောင်းဆရာမ လုပ်ချင်တာလား"

"ဆရာဝန်မကြီးဖြစ်ချင်တာ ကိုကြီးဖိုးကော်၊ လူနာတွေကို ဆေးကုပေးချင်တာ"

"မီးမီးလေး ရည်ရွယ်ချက်က ကောင်းလိုက်တာကွာ၊ မီးမီးလေး ဖြစ်ချင်တာဖြစ်အောင် ကိုကို ကြိုးစားမယ်သိလား"

''ဟုတ်ကဲ့ ကိုကို''

စကားတပြောပြောနှင့် မှတ်တိုင်ကို ရောက်လာကြသည်၊ မျက်မမြင်အဒေါ်ကြီးက သူမကိုမြင်သည်နှင့် မျက်စောင်းထိုးသည်။

အသက်အရွယ်ကြီးပြီဖြစ်တာတောင် သနားမှုမရှိ ညှာတာမှုမရှိပေ။ မျက်စိမမြင်ပါဘူးလို့ လိမ်ညာပြီးတောင် တောင်းသေးတာပဲ။

''ဘာဖြစ်လို့လဲ မီးမီး''

''ဘာ ဘာမှမဖြစ်ပါဘူး''

ကြောက်လန့်စွာ ပန်းလေးတွန့်လိုက်မိ၍ ကိုကြီးဖိုးကော် မေးလိုက်ခြင်းဖြစ်သည်။ ကိုကြီး စိတ်ပူစိတ်မကောင်းဖြစ်သွားမှာစိုး၍ ဒီအကြောင်းကို ပြောလို့မဖြစ်ပါ။

ပြီးတော့ တခြားနေရာရွှေ့ပြီး တောင်းရတာလည်း အဆင်မပြေနေသည်မဟုတ်လား။ ကိုယ်ပိုင်ကားမောင်းနိုင်သည့် တချို့တလေက သူမကိုသနားပြီး တစ်ထောင်တန်တွေဘာတွေတောင် ရက်ရက်ရောရော ပေးသွားတတ်ကြသည်မဟုတ်လား။

အန္တရာယ်ကတော့ ကိုယ့်ဘာသာ ကြည့်ရှောင်ရုံပဲပေ့ါ။

''မီးမီးနေခဲ့တော့ ကိုကိုသွားမယ်''

''ဟုတ်ကဲ့''

ကိုကြီးဖိုးကော် ထွက်သွားပြီး မကြာမီမှာ မျက်စိမမြင်ချင် ယောင်ဆောင်ထားသော အဒေါ်ကြီးက သူမအနားရောက်လာသည်။

''ဟဲ့ ကောင်မလေး ဒီနားလေးမလာနဲ့လို့ ပြောထားတယ် မကြားဘူးလား''

''ဟို ဟိုဘက်သွားမှာပါ၊ ကိုကို ရှိနေတုန်းမို့ စိတ်ချရအောင်





ခဏနေတာပါ''

''အေး မြန်မြန်သွား ဒီနားမှာကို မမြင်ချင်ဘူး''

''ဟုတ် ဟုတ်ကဲ့''

သူမ ခပ်ကုတ်ကုတ်လေး ထွက်လာရသည်။ အချင်းချင်းတောင် ညှာတာသနားမှုမရှိတာ အံ့သြစရာပင်။ ဒီလိုနေရာမှာ ကိုယ့်ဝမ်းစာကိုယ့်အရေးထက် ဘယ်သူ့ကိုရော ညှာတာနိုင်ဦးမှာလဲ။

ကိုယ့်ဒုက္ခကပဲ ပိုအရေးကြီးနေတာ မဟုတ်ပါလား။

''ဆူးလေ ဆူးလေ''

''ငုံးညုပြုတ် ငုံးညုပြုတ်''

''ဒီနေ့ထုတ် သတင်းစာတွေ တစ်စောင်မှ နှစ်ရာတည်းနော်၊ သတင်းထူး သတင်းဦးကို ဖတ်ချင်ရင် ဝယ်ဖတ်''

''ရေသန့်ရမယ် ရေသန့်''

''ဆေးလိပ်ကွမ်းယာရမယ်၊ ဆေးလိပ်ကွမ်းယာ''

ထိုအသံ ထိုနေရာနှင့် အလှမ်းဝေးသောနေရာကို ထွက်လာခဲ့ရသည်။ အိမ်လာစာစုနိုင်မှ ဒီအိမ်မှာ ဆက်နေလို့ရမှာ။ မဟုတ်လျှင် သူမတို့မောင်နှမနှစ်ယောက် လမ်းဘေးမှာ ဒီအတိုင်းအိပ်ရပေလိမ့်မည်။ ဒီလိုဆိုလျှင် တစ်ရက်နှစ်ရက်နှင့် နေမကောင်းဖြစ်သွားမှာပါ။ သူမ ဘယ်လိုလုပ်ကျောင်းနေနိုင်တော့မလဲ။ ကျောင်းနေရပါမလဲ။

ကိုကိုက သူမကို ကျောင်းထားပေးမည်တဲ့။

ကိုကြီးဖိုးကော်က သူမကိုသိပ်ချစ်တာ။ အဖေ အမေမရှိတည်းက ဝတ္တရားကျေစွာ စောင့်ရှောက်ခဲ့တာ။ ကိုကြီးဖိုးကော်အတွက် သူမရော ဘာပြန်လုပ်ပေးနိုင်ပါ့မလဲ။

ဒီအချိန်မှာတော့ ပိုက်ဆံပိုရအောင်တောင်းပနေနိုင် ရှိသည်။ တောင်းစားရသည့်ဘဝဖို့ ဒါပဲရှိတာပဲ။

“မီးမီးကို သနားကြပါရှင်၊ မိဘတွေမရှိတော့လို့ တောင်းစားရတာပါ၊ မီးမီး ကျောင်းလည်းမနေရပါဘူး။ စားစရာလည်းမရှိပါဘူး။ သနားကြပါ၊ သနားကြပါရှင်”

■ ■ ■

## အခန်း (၃)

“ခုန်း”

“ဟဲ့ မောင်အုန်း ဘာဖြစ်တာလဲ၊ လူတိုက်မိတာထင်တယ်”

အသံက မကျယ်လောင်သော်လည်း၊ လူတိုက်မိလိုက်တာတော့ သေချာသည်။ ကားမီးက လမ်းကူးနိုးအတွက် အချက်ပြနေပြီး မောင်းလာခဲ့တာနဲ့ ဘာမှသိပ်ပြီး သဲသဲကွဲကွဲမမြင်ရ။

“မောင်အုန်း လုပ်လေ ကားပေါ်ကဆင်း။ ဘယ်သူမှမသိကြဘူးထင်တယ်၊ သိလို့လူတွေမြင်လာရင် ပြဿနာအကြီးအကျယ်တက်မှာပေါ့၊ လုပ်လုပ် မြန်မြန်”

“ဟုတ် ဟုတ်ကဲ့”

ဒရိုင်ဘာမောင်အုန်း ကားပေါ်က အလျင်အမြန်ဆင်းလိုက်သည်။

“မယ်သိန့် ကောင်မလေးဗျ ကားနဲ့ထိသွားပြီး ကတ္တရာနဲ့ဆောင့်မိသွားတာထင်တယ်၊ သတိမေ့နေတယ်”

"လာ ကား ကားပေါ်မြန်မြန်တင်လိုက် လူတွေမသိခင် ဆေးရုံ အမြန်သွားပို့လိုက်မယ်၊ လူတွေနဲ့ ရဲတွေကို ရှေ့ရှင်းရရင် ပြဿနာတွေ သေးကာ ကြီးသွားမှာ"

"ဟုတ် မမသိန့်"

ကလေးကို မောင်အုန်း ပွေ့ချီပြီး ကားပေါ်တင်လိုက်သည်။ ညအမှောင်မှာ လူရှင်းကြပါးနေတာမို့ ဒီအနီးအနားဝန်းကျင်က လူတွေ ဘယ်သူမှမသိလိုက်။

"မောင်အုန်း မောင်း"

ဒေါ်သိန့်သိန့်မြင့် အသံတွေတုန်နေကာ မောင်အုန်းကို ကား အမြန်မောင်းနိုင်းလိုက်သည်။ ဒီနေ့မှတက်နဲ့က ပြန်လာတာ နောက်ကျနေသည်။ ဝန်ထမ်းတွေကို အိုတီပေးပြီး လျှော်ကြိုးခိုင်းတွေကို မီတင်ထိုင်နိုင်းတာမို့ နောက်ကျခြင်းဖြစ်သည်။ လုပ်ငန်းတွေက အပြိုင်အဆိုင် ခေတ်မို့ ကိုယ့်ဘက်က အရည်အချင်းရော အရည်အသွေးရော လျော့လို့မဖြစ်။

"မမသိန့် ဆေးရုံသွားလို့တော့ မဖြစ်ဘူးထင်တယ်"

"ဟင် ဘာပြောတယ် မောင်အုန်း"

"ဆေးရုံရောက်လည်း စစ်ချက်ယူနေမှာနဲ့ အခင်းဖြစ်တဲ့နေရာ ကိုလာစစ်ဆေးနေမှာနဲ့ ပြဿနာက ကြီးမှာပဲလေ၊ မမသိန့်အစ်ကို ဆရာဝန်ကြီးကို အိမ်မှာလာပြီး ဆေးကုပေးနိုင်းလိုက်ပါလား"

"ဟင် အေး"

မောင်အုန်းပြောမှ အတွေးပေါက်သည်။ ကလေးက ခေါင်းမှာ သွေးထွက်နေပေမယ့်လည်း အသက်တော့ ရှူနေသေးသည်။ သတိမေ့ရုံ





ရှုပြီး မသေသေးတာတော့ သေချာသည်။

"မောင်အုန်း ကိုဖုန်းဆီ ဝါဖုန်းဆက်လိုက်မယ်၊ မင်းက အိမ်ကိုအမြန်မောင်း"

"ဟုတ်ကဲ့"

ဝိမိအစ်ကို ကိုရွှေဖုန်းမောင်ဆီ ဖုန်းဆက်လိုက်သည်။

"ကိုဖုန်း အစ်ကို ဆေးအိတ်ယူပြီး အမြန်လာခဲ့ပါ၊ လူနာပါတာ လို့ အမြန်နော် ကိုဖုန်း"

"ဘယ်သူလဲ ဘယ်လိုလူနာလဲ"

"အက်ဆီးဒင့်ဖြစ်လာတာ၊ အိမ်ရောက်မှပြောမယ်"

"အေးအေး ပြီးရော"

အစ်ကိုဆီက ဒီလိုစကားကြားမှ ဒေါ်သိန့်သိန့်မြင့် သက်ပြင်းချနိုင်သည်။ ဆေးရုံသွားပါ ဘာညာပြောပြီး အရစ်တက်နေလျှင် အခက်။ ခြံဝင်းထဲကားဝင်လိုက်သည်နှင့် ကိုရွှေဖုန်းမောင်အရင်ရောက်နေပြီဆိုတာ ကားကိုတွေ့၍ သိလိုက်ရသည်။

"ဘယ်မှာလဲ လူနာ"

"မောင်အုန်း ချီလာတယ်"

"ဟင် ကလေးလေးလား"

"ဟုတ်တယ်"

မောင်အုန်းက ကလေးကို ဆိုဖာနှင့်ရှည်ထက် တင်လိုက်သည်။ ဦးရွှေဖုန်းမောင် လိုအပ်သည့်ကုသမှုတွေ ချက်ချင်းပေးလုပ်၏။

"ကလေးက ခေါင်းကိုထိသွားတာ၊ ဓာတ်မှန်တွေ ဘာတွေရိုက်ပြီး စစ်ဆေးရမယ်၊ သွေးထွက်လွန်တာတော့ မရှိဘူး၊ ကြောက်လန့်ပြီး

သတိမေ့နေတာဖြစ်မယ်၊ အာရုံကြောတွေထိသွားလားဆိုတာလည်း စစ်ဆေးရမယ်၊ ဆေးရုံတော့ တင်မှဖြစ်မှာ၊ ကိုယ့်အိမ်မှာကြိတ်ပြီး ကုတာတရားမဝင်ဘူး''

''ဟို ပြဿနာတွေတက်မှာစိုးလို့''

''ဘာပြဿနာတက်မှာလဲ၊ ဆေးရုံတင် ဆေးကုပေးရင်းနဲ့ ကလေးရဲ့အုပ်ထိန်းသူတွေကိုလည်း အသိပေးရမယ် ရှာရမယ်လေ''

''ကောင်မလေးက တောင်းစားတာထင်တယ်၊ သူလဲကျတဲ့နားမှာ ခွက်ရော ပိုက်ဆံတွေရော တွေ့ခဲ့တယ် ဆရာ''

''ဟင်''

မောင်အုန်းစကားကြောင့် ဦးရွှေဖုန်းမောင်ရော ဒေါ်သိမ့်သိမ့်မြိုင်ရော အံ့သြသွားကြသည်။ ညစ်နွမ်းပေစုတ်နေသော်လည်း တောင်းစားသည့်ကလေးဖြစ်နေလိမ့်မည်ဟု မထင်မိ။ လက်လုပ်လက်စား မိဘတွေက ဒီအတိုင်း ကလေးကို ဟိုဟာဒီဟာ ဝယ်နိုင်းရင်း လွှတ်ထားလိုက်သည်ထင်တာ။ အစ်ကိုတွေ မောင်တွေ အဖေအမေတွေနှင့် ခွေမျိုးသားချင်း ပတ်ဝန်းကျင်တွေပါလာလျှင် ပြဿနာကြီးမှာစိုး၍ အိမ်ခေါ်လာခဲ့တာပါ။

''ဒါဆို ဆေးရုံတင်ရမှာလား ကိုဖုန်း''

''ငါထိုင်တဲ့ဆေးရုံမှာပဲတင်လိုက်လေ၊ ငါရှိနေတာပဲ ပြဿနာမကြီးစေရပါဘူး။ ဆေးရုံမှာဆိုတော့ ကလေးကိုကုဖို့ ပစ္စည်းစုံရှိတယ်၊ အသက်အန္တရာယ်မရှိဘူးဆိုပေမယ့် ဘာဖြစ်တယ်ဆိုတာ သိပြီး သေချာတော့ ကုပေးမှဖြစ်မှာ''

''ကိုဖုန်း ကောင်းသလိုသာလုပ်ပါတော့ ပြဿနာတက်လည်း





ရှင်းရုံသာရှိတော့တာပဲ၊ ကလေးအန္တရာယ်မထိခိုက်ဘူးဆိုတာပဲ တော်ပါသေးတယ်''

''အေးလေ အဲဒါ ကံကောင်းသေးတာပဲ၊ အခုက တခြားဘာအန္တရာယ်မှ မရှိပါဘူး။ သတိရလာတာကိုတော့ ခဏစောင့်ကြည့်ရမယ်''

''မောင်အုန်း နင်က မနက်ဖြန်ကျရင် ကလေးရဲ့အုပ်ထိန်းသူဘညာကိစ္စ အဲဒီအနီးတဝိုက်သွားစုံစမ်း။ တွေ့ရင်ခေါ်လာခဲ့၊ ဆင်းရဲတယ်ဆိုတော့ ပြဿနာရှာတတ်တဲ့ အသိုက်အဝန်းကလားဆိုတာလည်း သေချာစုံစမ်းခဲ့ဦး''

''ဟုတ်ကဲ့ ကလေး သတိရလာရင်လည်း မေးလို့ရမှာပါ''

အသက်အန္တရာယ်မရှိဘူးဆိုတာအတွက် သက်ပြင်းချနိုင်သော်လည်း နောက်ဆက်တွဲပြဿနာအတွက်တော့ ရင်လေးနေမိသည်။ လုပ်ငန်းကိစ္စတွေက အရေးကြီးနေသည်မဟုတ်လား။ ဒီမှာက လူခွဲလည်းမရှိပါ။ ဒေါ်သိမ့်သိမ့်မြိုင်တို့မှာ မိဘမရှိ၊ အစ်ကိုကြီးဖုန်းရွှေမောင်ကလည်း သူ့အိမ်ထောင် သူ့မိသားစုနှင့်သူ။

ဒါကြောင့် မောင်အငယ်နှစ်ယောက်နိုင်ငံခြားမှာ ကျောင်းတက်နေခြင်းကို မိဘလက်ငုပ်လက်ရင်းဖြစ်သည့် ဖိနပ်စက်ရုံလုပ်ငန်းလုပ်ကိုင်ရင်းဖြင့် ဒေါ်သိမ့်သိမ့်မြိုင်က ငွေရှာပို့ပေးနေရတာ။

ဒေါ်သိမ့်သိမ့်မြိုင်က အိမ်ထောင်မရှိ အပျိုကြီးဖြစ်သည်။ ဒီကိစ္စမျိုးမကြုံဖူးတာမို့ ရင်တုန်ပြီး ကြောက်လန့်နေမိတာပါ။

ဘာတွေဆက်ဖြစ်ဦးမလဲဆိုတာလည်း . . .။

■ ■ ■

## အခန်း (၆)

"ကလေး သတိရလာပြီလား။ ဘာဖြစ်လဲ ဘယ်ကနာလဲ ပြောပါဦး"

ကောင်မလေးက မျက်လုံးဖွင့်ကြည့်ပြီး မျက်လုံးလေး ကလယ်ကလယ်ဖြင့် ငေးကြည့်နေသည်။ သူ မသိသည့်နေရာ၊ သူ မသိသည့် လူတွေမို့ အထူးအဆန်းဖြစ်နေတာဖြစ်မည်။

ညတွင်းချင်းပဲ ကလေးကို ဆေးရုံတင်ဖြစ်ပြီး လိုအပ်သည့်ကုသမှုတွေ ဦးရွှေထွန်းမောင် ကိုယ်တိုင်လုပ်ပေးနေတာပါ။ ကလေးက ထင်ထားတာထက် သတိရတာ နောက်ကျခဲ့သည်။

"သမီးလေး ဦးဦးကိုကြည့်ပါဦး။ ဘယ်နေရာက နာလဲ"

"ခေါင်း ခေါင်းက"

"အင်း ဟုတ်ပြီ ခေါင်းက ဒဏ်ရာကို ဆေးထည့်ပြီး ပတ်တီး စည်းထားတယ်၊ အရမ်းကြီးမနာဘူးမဟုတ်လား"

"ဟုတ်ကဲ့"





ကလေးလေးကအကောင်းကောင်း ပြောနိုင်၍ ဦးရွှေထွန်းမောင်နှင့် ဒေါ်သိမ့်သိမ့်မြိုင် ဝမ်းသာသွားကြသည်။

"သမီးမိဘတွေဆီ ကလေးဒီလိုဖြစ်တာ အကြောင်းကြားရသေးဘူး၊ သမီးရဲ့ သမီးမိဘတွေက ဘယ်သူတွေလဲ ပြောပါဦး"

"ရှင်"

"သမီးမိဘတွေလေ သမီး ဒီလိုဖြစ်တာ အကြောင်းကြားရအောင်လို့ နာမည်လေးတွေနဲ့ နေရာလေး ပြောပါဦး"

"ရှင် သ သမီး မသိဘူး"

"ဟင် မိဘတွေမရှိတော့တာလား၊ အိမ်ကို အမေတွေ မမချစ်တွေရော"

"ရှင် မ မသိဘူး"

"ဟင်"

ဦးရွှေထွန်းမောင်နှင့်ဒေါ်သိမ့်သိမ့်မြိုင် အကြည့်ချင်းဆုံသွားလျှက် အထိတ်တလန့် ဖြစ်သွားကြသည်။ ဦးရွှေထွန်းမောင် ကလေးလက်ကို ဆုပ်ကိုင်ပြီး

"သမီးလေး သမီးလေး နာမည်ကရော"

"သမီးနာမည်"

ကလေးမလေးက သူ့နာမည်ကို မသိတော့သလို အကြာကြီး ငိုင်စားနေသည်။ ဒေါ်သိမ့်သိမ့်မြိုင်က ဦးရွှေထွန်းမောင်လက်ကို အံ့ဩတကြီးပင်ဆုပ်ကိုင်လာ၏။

"ဘာ ဘာဖြစ်တာလဲ ကိုထွန်း"

"လာ ပြင်ဘက်မှာ သွားပြောရအောင်၊ မကြူ ကလေးကို

ဂရုစိုက်လိုက်ပါဦး''

နပ်(စ်)တစ်ယောက်ကို မှာခဲ့လိုက်ပြီး ဒေါ်သိမ့်သိမ့်မြိုင် လက်ကို ဦးရွှေမှုန်းမောင် ဆွဲခေါ်လာခဲ့သည်။

''အာရုံကြောနည်းနည်းထိသွားတာကိုတော့ သိတယ်၊ ဒီ လောက်ထိ ဆိုးမယ်မထင်ဘူး''

''ဘာ ဘာဖြစ်တာလဲဟင်''

''အလွယ်ဆုံး နားလည်အောင် ပြောရရင် အတိတ်မေ့သွားတာပေါ့''

''ရှင်''

''လွယ်လွယ်နဲ့ သူ့ဘဝအကြောင်းကို ပြန်မှတ်မိချင်မှ မှတ်မိတော့မယ်၊ အကြောင်းအမျိုးမျိုး အက်ဆီးဒင့်တစ်ခုခုကြောင့် မှတ်မိချင်လည်း မှတ်မိတတ်တယ်၊ ကလေးကငယ်သေးတော့ ပြောတော့မပြောနိုင်ဘူး''

''ခုကွယ်ပါပဲ ကိုယုန်းရယ်၊ ကလေး သနားပါတယ်၊ သိမ့် ဘာလုပ်ပေးရမလဲဟင်''

''မိဘမွေးချင်းတွေ စုံစမ်းလို့ရရင် အကျိုးအကြောင်းပြောပြပြီး သူတို့လိုချင်တဲ့ နစ်နာကြေးအတိုင်းအတာသာ ပေးလိုက်တော့ပေါ့ ညီမရယ်၊ ဘယ်တတ်နိုင်တော့မလဲ''

''ပေးတော့ ပေးမှာပါ၊ ဒါပေမဲ့ ကလေးက ဒီလိုဖြစ်သွားတာ သနားစရာကောင်းလိုက်တာ၊ အဲဒါ မောင်အုန်း ကားကိုသေချာကြည့်မမောင်းလို့ဖြစ်ရတာ''

''အခုမှ မောင်အုန်းကို အပြစ်တင်မနေပါနဲ့တော့ ညီမရယ်၊





သူလည်း ဒီလိုဘယ်ဖြစ်ချင်ပါ့မလဲ၊ မောင်းလာတာလည်း ကြာပြီ၊ ဒီလို တစ်ခါမှ မဖြစ်ဘူးတာ''

ဟုတ်နေတာမို့ ဒေါ်သိမ့်သိမ့်မြိုင် ဘာမှမပြောဖြစ်တော့။ ပြောနေလို့လည်း ဒီအဖြစ်က ပြောင်းလဲသွားတော့မှာမှ မဟုတ်တာ။ ကလေးအရွယ်လေးမှ အတိတ်မေ့ရသေးသတဲ့။

ဒီလောက်အရွယ်လေး ဘာအတိတ်တွေ ကြီးကြီးမားမားရှိဦးမှာလဲ။ ပြီးတော့ တောင်းစားရသည့် ကလေး။

သေချာလား မသိပေမယ့် ခွက်နှင့်ပိုက်ဆံတွေတွေ့ခဲ့သည်ဆိုတော့ သေချာသလောက်လည်း ဖြစ်နေခဲ့သည်။

ကံကြမ္မာဆိုးသည့် ကလေး။ သနားစရာကောင်းလိုက်တာ။

■ ■ ■

## အခန်း (၇)

"မောင်အုန်း ဘာစုံစမ်းလို့ရခဲ့လဲ"

"ဖြစ်တဲ့နေရာမှာတော့ ဘာမှပြောသံမကြားဘူး။ ကိုယ်ကလည်း ဒီနေရာမှာ ကားအက်ဆီးဒင့်ဖြစ်သွားလား။ ကောင်မလေးတစ်ယောက်ကို ကားတိုက်သွားလား ဘာညာ ဘယ်လိုမေးရမှန်းမသိဘူးဖြစ်နေတာ တကယ်ကို ကိုယ်ကမေးလိုက်တာကို တိုက်သွားတာ မင်းတို့လားကွ ဘာညာပြဿနာရှာတိုးကြိတ်လွှတ်မှာကလည်း ကြောက်ရသေးတယ်"

"နင်ကလည်းဟယ် အဲဒီနားက ကားမှတ်တိုင်တွေမှာပါ စုံစမ်းကြည့်မှပေါ့၊ ရက်တောင် ကြာနေပြီ၊ ကလေးမိဘတွေ ဆွေမျိုးတွေ ဘယ်လောက်တောင် စိတ်ပူနေကြမလဲ"

"ဟုတ်သားပဲ မောင်အုန်း၊ ဒါ မင်းအပြစ်နော်၊ ဒါပေမဲ့ မင်း မခံရအောင် ငါတို့က ကလေးမိဘကို နစ်နာကြေးလျော်ကြေးပေးပြီး ညှိနှိုင်းမှာပါ၊ မင်းအဲလို သေချာမစုံစမ်းလို့ ရက်ပိုကြာတာက ပိုပြီး အပြစ်ကြီးတယ်"





"ဟုတ်ကဲ့"

မောင်အုန်း ငြိမ်ကျသွားသည်။ ဒီလိုမပြောလို့လည်း မဖြစ်တော့၊ ကလေးတောင် ဆေးရုံကဆင်းလို့ အိမ်ပြန်ရောက်နေပြီ။

ကလေးမိဘတွေကို အကြောင်းမကြားရသေးဘူးဆိုတာ လွန်နေပြီမဟုတ်လား။

"မောင်အုန်း နင် သေချာစုံစမ်းလာခဲ့ပါ၊ ကြာလေ အပြစ်ကြီးလေ ဖြစ်လိမ့်မယ်"

"ဟုတ်ကဲ့ မမသိမ့်၊ ကျွန်တော် အဲဒီနားပတ်ဝန်းကျင်တဝိုက် အပြင် တခြားနေရာတွေပါ သေချာစုံစမ်းခဲ့ပါမယ်"

"အေး နင့်မိန်းမ မဝေကို ထမင်းပွဲပြင်ခိုင်းလိုက်တော့၊ ကလေးကို ဆေးတိုက်ဖို့ ထမင်းကျွေးရမယ်"

"ဟုတ်ကဲ့"

မောင်အုန်း ထွက်သွားတော့ ဒေါ်သိမ့်သိမ့်မြိုင်တို့အနားကို ကောင်မလေး ရောက်လာသည်။ သူ့နာမည်သူ မသိတာမို့ ဘယ်လိုခေါ်ရမှန်းလည်း မသိပါ။

"လာ သမီးလေး၊ အန်တီ့နားလာထိုင်"

"ဟုတ်ကဲ့"

"သမီးလေး နေကောင်းလား၊ ဘယ်လိုနေသေးလဲ"

"နေကောင်းပါတယ် အန်တီ"

"ဘယ်နေရာက နာတာရှိသေးလဲ"

"ဘယ်နေရာကမှ မနာတော့ပါဘူး ဦးဦး"

ကောင်မလေးက စကားပြောတာ ရည်ရည်မွန်မွန်လေးနှင့် ချစ်

ရောကောင်းလှသည်။ အဝတ်အစားအသစ်လေးတွေ ဝယ်ပြီး ဆင်ပေးထားတာမို့ ကောင်မလေးက သန့်ပြန့်ပြီး လှပနေ၏။

"သမီးလေး"

"ရှင်"

"သမီးမှာ မိဘတွေ အစ်ကိုတွေ အစ်မတွေ ရှိတာ လုံးဝမမှတ်မိဘူးလားဟင်"

"ဟုတ် ဟုတ်ကဲ့ သမီးမမှတ်မိဘူး အန်တီ၊ သမီးမှာ မိဘတွေ အစ်ကိုတွေ အစ်မတွေ ရှိလို့လားဟင်"

"အန်တီတို့လည်း မသိဘူး၊ စုံစမ်းနေတုန်းပါ၊ ရှိတယ်ဆိုရင် သမီးတွေ့ရမှာပေါ့နော် သမီးလေး"

"ဟုတ် ဟုတ်ကဲ့ပါ"

ကောင်မလေးက မျက်လုံးဝိုင်းဝိုင်းလေးဖြင့် တကယ်ကို သနားစရာလေးပင်။ ဦးရွှေဖုန်းမောင်လည်း စိတ်မကောင်းဖြစ်နေကာ

"အင်း သားသမီးချင်းကိုယ်ချင်းစာမိတယ် ညီမလေးရယ်၊ ကိုယ့်သားသမီးသာ အဲလိုဖြစ်ရင်တော့ ရင်ကျိုးရမှာပဲ"

"မိဘတွေစုံစမ်းလို့ရရင်တော့ နစ်နာကြေး ထိုက်ထိုက်တန်တန်ပေးလိုက်မှာပါ၊ တောင်းစားရတယ်ဆိုတော့ တော်တော်ဆင်းရဲကြလို့ဖြစ် မယ်"

"ဟုတ်မှာပေါ့လေ"

ကောင်မလေးက ဒေါ်သိမ့်သိမ့်မြင့်တို့ ပြောတာကို နားမလည်။ တောင်းစားတယ်ဆိုတာကို သူမကို ပြောမှန်းပင်မသိ။

"ညီမလေး အဲဒါကိုတော့ သူ့ရှေ့မှာမပြောပါနဲ့ အားငယ်သွား





မှာစိုးလို့ပါ၊ မောင်အုန်း စုံစမ်းလို့ရမှပဲ ကြည့်စီစဉ်ကြတာပေါ့၊ အခုတော့ ကလေးကိုပဲ ကောင်းကောင်းစောင့်ရှောက်ထားပါ"

"ဟုတ်ကဲ့ပါ ကိုဖုန်း"

ကောင်မလေးကို ရင်ခွင်မှာပွေ့ဖက်ထားမိသည်။ ကိုယ်က လင်မရှိ သားသမီးမရှိသော်လည်း ကလေးချစ်တတ်သူမို့ မောင်တွေကိုတောင် နိုင်ငံခြားမှာ အပင်ပန်းခံပြီး ကျောင်းထားခဲ့တာပါ။ ကိုကြီးရွှေဖုန်းမောင် မွေးထားသော တူတွေ တူမတွေကိုလည်း လစဉ် မုန့်ဖိုးအဝတ်အစားဖိုး ထောက်ပံ့ပေးသည်။

ကိုယ်လည်း ငွေရှာနိုင်သည့်အင်အား ရှိနေခဲ့သည်မဟုတ်လား။ ဒီကလေးမလေးအတွက်လည်း ...။

■ ■ ■

## အခန်း (၈)

"ကောင်မလေးက ပျောက်ချင်းမလှ ပျောက်သွားတာ၊ ဘာဖြစ်သွားမှန်းကိုမသိဘူး"

"နေ့လယ်ပိုင်းက မြင်မိသလိုရှိသေးတယ်၊ ညပိုင်း သူ့အစ်ကို လာမခေါ်ခင်လေးတင် ပျောက်သွားတာ"

"သူ့အစ်ကိုလည်း သနားပါတယ်၊ အိမ်လခမပေးနိုင်လို့တဲ့ အိမ်ရှင်က နှင်ချလိုက်တာ ဘယ်ရောက်သွားမှန်းတောင် မသိဘူး"

"သူညီမ ပျောက်သွားတဲ့နေ့က ကောင်လေးခမျာ ငိုလိုက်တာများ လူးလှိမ့်နေတာပဲ၊ အဖေအမေက သေသွားပြီဆိုတော့ မောင်နှမ နှစ်ယောက်တည်းရှိတာ"

"ချစ်ကြတာတော့ မပြောနဲ့ အစ်ကိုက သူ့ညီမလေးကို အရမ်းကိုချစ်ပြီး ဂရုစိုက်ရှာတာ၊ မတတ်သာလို့သာ နေရာခွဲပြီး တောင်းနိုင်ရတာ၊ သူ့ညီမလေးကို စိတ်ချတာ မဟုတ်ဘူး။ အဖေအမေမရှိလို့သာ





တောင်းစားရတာပါဟယ်၊ သူတောင်းစားမျိုးရိုးမဟုတ်တော့ သနားစရာပါ"

ကြားရတာတော့ သတင်းစုံသလောက်တော့ ရှိသည်။ ကိုယ်က မေးရင်သာ ကိုယ့်အတွက် ပြဿနာရှိလာနိုင်သည်။ ကားမှတ်တိုင်မှာ မနက်စောတည်းက ယောင်လည်လည်နှင့်ရောက်နေခဲ့တာပါ။

တစ်ယောက်ပြော နှစ်ယောက်ပြောနှင့် ကားရှင်းသွားသည့် အခါမှာ အားလုံးစုပြောနေကြခြင်းဖြစ်သည်။ မျက်မမြင် အဒေါ်ကြီးက ကိုယ့်အနားအလျှုလာခံပြီးမှ စိတ်မကောင်းသည့်လေသံဖြင့်

"ငါက ဒီနားမှာ ငါ့နေရာလာလုလို့ ဟိုတက်သွားလို့ နှင်ထုတ်လိုက်တာ၊ အဲဒါကိုများ ဝေးဝေးရောက်သွားလို့ ပြန်မလာတတ်တော့တာလားမသိဘူး။ စိတ်မကောင်းပါဘူးဟယ်"

"ဒေါ်ကြီးကလည်း လွန်ပါတယ်ဗျာ၊ ကလေးမလေးက ငယ်ငယ်လေးရှိပါတယ်၊ အဒေါ်ကြီးက ဒီနေရာကနေ နှင်ထုတ်ပစ်လိုက်တယ်၊ ကလေးမလေးခမျာ သူ့အစ်ကိုလာခေါ်ခါနီးမှ ဒီနေရာကို ပြန်လာရဲတာ"

"အေးပါ ငါလည်းစိတ်မကောင်းပါဘူးလို့ ပြောနေသားပဲ၊ ငါ့မှာလည်း သားသမီးတွေ မြေးတွေကို လုပ်ကျွေးနေရတာလေ၊ ငါ ပိုက်ဆံမပေးနိုင်ရင် ငါ့သားက ငါ့ကိုအိမ်ပေါ်ကနှင်ချမှာပေါ့"

"ဖြစ်ရလေ ဒေါ်ကြီးရယ်၊ ငယ်ငယ်တည်းက လုပ်ကျွေးခဲ့ရတဲ့ သားဆီမှာ ပြန်မှီခိုလို့တောင် မရဘူးလား၊ သူတောင်းစားလုပ်ပြီးတောင် တောင်းကျွေးနိုင်းရက်တာ အံ့သြပါရဲ့"

"ဩော် သူလည်း မိသားစုများတော့ အဆင်မပြေတာကွယ်၊ ငါသာ အဲလိုရှာဖွေမပေးရင် ငါ့မြေးလေးတွေ ငတ်ကုန်မှာပေါ့ဟယ်"

"ဩော် ဖြစ်မှဖြစ်ရလေ"

မိဘမေတ္တာများ အုံ့ညြိုစရာ။ သားသမီးတင်မဟုတ်တဲ့ မြေးမြစ် အထိပါ ဝဋ်ကြွေးခုက္ခတွေ ကြီးမားလှပေသည်။ မောင်အုန်းအကြောင်းစုံ သိရပြီမို့ ထိုနေရာကလှည့်ကာ ပြန်လာခဲ့သည်။ ဒေါ်သိမ့်သိမ့်မြိုင်က သတင်းကြားချင်တာကြောင့် အိမ်ကနေ အဆင်သင့်စောင့်နေပေလိမ့်မည်။

သူဈေးတွေမပါတာမို့ တက္ကစီငှား၍ အိမ်ပြန်လာခဲ့သည်။

"မမသိမ့်"

"မောင်အုန်း ဘာထူးလဲ"

"ဟုတ်ကဲ့ ထူးတယ် မမသိမ့်၊ ကောင်မလေးရော"

"အေး မဝေ ထမင်းချက်နေတာကို ကူပေးနေတယ်၊ မလုပ်ပါနဲ့ ပြောတာကို မရဘူး၊ အသီးအရွက်ကူနွှာပေးမယ်ဆိုပြီး လုပ်နေတာ"

"တော်တော်နေကောင်းသွားပြီပဲ"

"ဟုတ်တယ် အတိတ်မေ့နေတာကလွဲရင် ကျန်တာ လူကောင်း လိုဖြစ်သွားပါပြီ၊ ပတ်တီးလည်း ဖြည်ပြီးသွားပြီဆိုတော့ အဝတ်အစား သစ်လေးတွေနဲ့ တကယ်ကိုချစ်စရာကောင်းတယ်"

"ချစ်စရာကောင်းရင်လည်း မမသိမ့်သာ မွေးစားလိုက်တော့"

"ဘာ ငါက ဘာလို့မွေးစားရမှာလဲ"

"ကောင်မလေးမှာ မိဘတွေမရှိဘူး"

"ဟင်"

"အစ်ကိုတစ်ယောက်တော့ ရှိတယ်၊ အိမ်လာစာမပေးနိုင်လို့ အိမ်ရှင်က နှင်ချလိုက်တာ ဘယ်ရောက်သွားမှန်းမသိဘူးတဲ့"

"ဟဲ့ ဟုတ်ရဲ့လား။ နင် ပြဿနာရှာခံရမှာစိုးလို့ လျှောက်ပြော



နေတာလား"

"မဟုတ်ပါဘူး မမသိမ့်ရယ်၊ ပြဿနာဖြစ်တောင် မမသိမ့်တို့ ဖြေရှင်းပေးမှာပဲဟာ၊ ကျွန်တော်က ဘာကြောက်စရာလိုလို့လဲ"

အင်း အဲဒါလည်းဟုတ်တာပဲဟု တွေးလိုက်မိသည်။ ဒါဆို မောင်အုန်းပြောနေတာတွေက အမှန်တွေပေါ့။

"မောင်အုန်း မင်း သေချာပြန်ပြောစမ်း"

"မိဘတွေမရှိကြလို့ သူတို့မောင်နှမနှစ်ယောက် အားကိုးရာမရှိ တောင်းစားရတဲ့ဘဝ ရောက်သွားတာပါ။ သူတို့က သူတောင်းစားမျိုးရိုး တော့ မဟုတ်ဘူးတဲ့ မမသိမ့်"

"ဟုတ်လား"

"မိဘတွေသေသွားတော့ ရတဲ့လျော်ကြေးကို လူကြီးတစ် ယောက်က လိမ်သွားတယ်၊ နှစ်နှစ်နီးပါးအကြာမှာ သူတို့ပညာလည်း ဆက်မသင်နိုင်ဘဲ ဒီလိုဘဝရောက်သွားတာပဲ"

"ဩော် သနားစရာလေးတွေပါလား။ ဒါနဲ့ သူ့အစ်ကိုကိစ္စ သေချာရော စုံစမ်းခဲ့ရဲ့လား မောင်အုန်း"

"စုံစမ်းခဲ့ပါတယ် မမသိမ့်ရယ်၊ အဲဒီဝန်းကျင်မှာ လုံးဝကို မရှိတော့တာ"

"သူတို့နေခဲ့တဲ့ရပ်ကွက်ထဲမှာရော စုံစမ်းမကြည့်ဘူးလား"

"ရောက်ခဲ့ပါတယ်၊ သူတို့စားနေကျ ထမင်းဆိုင်ဆိုလည်း မေး ခဲ့တယ်၊ အဲဒီအဒေါ်ကြီးကလည်း ခုန ကျွန်တော်သိသလောက်ပဲ သိတယ်၊ အခြေအနေမှဲ့တွေအကြောင်းဆိုတော့ လူတိုင်းရေးကြီးခွင်ကျယ် လုပ်မနေ ကြတဲ့သဘောပဲ၊ သနားတော့ သနားကြမှာပေါ့လေ ဒီလောက်ပဲပေါ့"

"အေး နောက်ထပ် ဘာသတင်းကြားရနိုင်လဲ စုံစမ်းကြည့်ပါ ဦး မောင်အုန်း။ သူ့အစ်ကိုက သူ့ညီမသတင်းကို အဲဒီနေရာမှာပဲ လာ စုံစမ်းမှာပဲလေ"

"ဟုတ်ကဲ့ပါ မမသိမ့် ကျွန်တော်စုံစမ်းပါ့မယ်၊ မမသိမ့် ဒီကလေး ကိုတော့ မွေးစားဖြစ်မယ် မဟုတ်လား"

"အေး ငါ ကိုဖုန်းနဲ့တိုင်ပင်ဦးမယ်"

ဒေါ်သိမ့်သိမ့်မြိုင် အလျင်လိုစွာပင် ဦးရွှေဖုန်းမောင်ဆီ ဖုန်း ဆက်လိုက်သည်။ ဦးရွှေဖုန်းမောင်ကလည်း ချက်ချင်းပင် ဖုန်းကိုင်၏။

"ဟယ်လို ပြော ညီမလေး"

"ပြောစရာရှိလို့ ကိုဖုန်း၊ ဂျူတီမရှိဘူးမဟုတ်လား၊ အိမ်ကိုမြန် မြန်လာခဲ့ပါဦး တိုင်ပင်စရာရှိလို့"

"အင်း ညီမလေး လာခဲ့မယ်လေ"

ဆယ့်ငါးမိနစ်လောက်အကြာမှာတော့ ဦးရွှေဖုန်းမောင် ရောက် လာခဲ့သည်။ ရောက်ရောက်ချင်း မဝေက ကော်ဖီတစ်ခွက်လာချပေးသွား ၏။

"ဘာလဲ ဘာဖြစ်လို့လဲ ညီမလေး"

"ကော်ဖီ အရင်သောက်ပါဦး"

"ကော်ဖီက အရေးမကြီးပါဘူး၊ ညီမလေး နင်တစ်ခုခုဖြစ်ပြန် ပြီလားလို့ ငါစိတ်ပူပြီးလာတာ၊ နင့်ကိစ္စကိုပဲ အရင်ပြော"

"ကောင်မလေးက မိဘတွေ မရှိတော့ဘူးတဲ့"

"ဟင်"

"အစ်ကိုတစ်ယောက်ရှိတယ်၊ အိမ်လစာမပေးနိုင်လို့ အိမ်ရှင်က



နှင်ချလိုက်တာ ဘယ်ရောက်သွားမှန်းမသိတော့ဘူး"

"ဟာ ဒုက္ခပဲ"

"ဒီကလေးမလေးက ခိုကိုးရာမဲ့သွားပြီ ကိုဖုန်း"

ဦးရွှေဖုန်းမောင် အသက်ရှူပင် ကျပ်သွားလေသည်။ ဒီလောက် ကံဆိုးသည့်ကလေးတွေ ရှိသေးသလား။

"နင်ဘယ်လိုလုပ်မယ် စိတ်ကူးထားလဲ"

"ဘာလုပ်ရမလဲ ကလေးကို မွေးစားရုံပဲရှိတော့တာပေါ့"

"ဟင် တောင်းစားတဲ့ကလေးကို မွေးစားမယ်၊ ကလေးကို သနားတာတော့ သနားတာပေါ့၊ ဒါပေမဲ့ ဘယ်လိုစိတ်ကူးလိုက်တာလဲ ညီမလေးရယ်၊ သူတောင်းစားကလေးကို မွေးစားဖို့တော့ မဖြစ်ဘူး မဟုတ် လား။ ကိုယ့်ဂုဏ်သိက္ခာလည်း ရှိသေးတယ်"

"သူတောင်းစားဆိုပေမယ့် မျိုးရိုးကြောင့်မဟုတ်ပါဘူး၊ မိဘတွေ ဆုံးသွားလို့ ကူကယ်ရာမဲ့ပြီး တောင်းစားနေကြတာပါ၊ မောင်နှမနှစ် ယောက်လုံး အရမ်းသနားစရာကောင်းတယ်တဲ့ ကိုဖုန်း။ အခု သူ့အစ်ကို လည်းမရှိတော့ဘူး။ သိမ့်တို့ ဒီကလေးကို စွန့်ပစ်လိုက်ကြမှာလား"

"အင်း"

ဦးရွှေဖုန်းမောင် ဘာမှ မပြောတတ်အောင်ဖြစ်သွားသည်။ ကိုယ် လည်း ပစ်စလက်ခတ် လုပ်ရမှာမျိုးတော့ မဖြစ်စေချင်ပါ။ ကူကယ်ရာမဲ့ သော ကလေးတွေဘဝက သနားစရာကောင်းလှသည် မဟုတ်လား။

မိမဲ့ဖမဲ့ အစ်ကိုဆိုတာကလည်း ဘယ်ရောက်နေမှန်းမသိဘူးတဲ့ လား။

"ကိုဖုန်း"

''အင်း ညီမလေး ပြော''

''သိမ့်မှာ အစ်ကိုတွေ မောင်တွေ တူ တူမတွေရှိနေပေမယ့် အနားမှာတော့ ဘယ်သူမှမရှိပါဘူး၊ သူ့ကိုမွေးစားဖြစ်ရင်တော့ သူက သိမ့်အနားမှာ ရှိမယ့်တစ်ယောက်သောသူပဲ''

''ညီမလေး''

''မောင်လေးနှစ်ယောက်လုံး မြန်မာပြည်ပြန်မလာတော့ဘူး ကျောင်းပြီးတာနဲ့ ဟိုမှာအလုပ်လုပ်မယ် အိမ်ထောင်ပြုမယ်ဆိုတာ ကိုဖုန်း လည်းသိနေတာပဲမဟုတ်လား။ သိမ့်ကသာ အပင်ပန်းခံ ငွေတွေရှာပြီး ပို့ပေးနေရတာ၊ သူတို့က တစ်ပတ်တစ်ခါတောင် ဖုန်းမှန်မှန်ဆက်ချင်တာ မဟုတ်ဘူး''

''ဟိုက ပညာရေးကိုမနည်းအမီလိုက်နေရလို့ပါကွယ်၊ ညီမလေး သိတဲ့အတိုင်း ဟိုက ပညာရေးက မြင့်တယ်လေ၊ အဲဒါကြောင့် အဲလို နိုင်ငံတွေမှာ တကယ်ပညာတတ်တွေပေါ်တာပေါ့၊ ဒီမှာက ရိုးရိုးသာမန် ဘွဲ့တစ်ခုရဖို့ ဆယ်ရက်၊ ဆယ့်ငါးရက်စာကို နည်းနည်းပါးပါး ဂရုစိုက် လိုက်မယ်ဆိုရင်ပြီး ဟိုမှာ ဒါမျိုးမရဘူး တစ်နှစ်ပတ်လုံး ကြိုးစားရတာ''

ဦးရွှေဖုန်းမောင် စကားကြောင့် ဒေါ်သိမ့်သိမ့်မြိုင် နှာကျင်စွာ ပြုံးလေသည်။

''သိမ့်ကတော့ သူတို့အတွက် တစ်နှစ်ပတ်လုံး အလုပ်လုပ်ပြီး တစ်လကျော် နှစ်လ စာကျက် စာမေးပွဲဖြေနဲ့ အဲဒီလိုဘွဲ့ပဲ ယူခဲ့ရတာပါ၊ ဒါတောင်မှ ဒီကျေးဇူးတရားကို အသိအမှတ်ပြုမခံရဘူး၊ ကျောင်းပြီးတာနဲ့ သူတို့အလုပ်ဝင် အိမ်ထောင်ပြုမယ်တဲ့၊ သိမ့်အတွက် စဉ်းစားပေးတာ ဘာတစ်ခုမှ မရှိဘူး''





ဒါက မှန်နေတာမို့ ညီမလေးအတွက် ဦးရွှေဖုန်းမောင် စိတ် မကောင်းဖြစ်ရသည်။ ညီတွေက မသိတတ်ပါ။ ဒါကြောင့်ဆိုပြီး ကိုယ်က ရော ညီမလေးကို ကိုယ်ဖိရင်ဖိ စောင့်ရှောက်နိုင်လို့လား။

ကိုယ့်အလုပ်ကိုယ့်တာဝန်တွေနှင့် မိသားစုအရေးကိစ္စတွေ ကြောင့် အရေးအကြောင်းရှိလို့လာရရင်တောင် ဖုတ်ပူမီးတိုက်ပါ။ ဒီ ကောင်မလေးကို မွေးစားလိုက်လျှင်တော့ ညီမလေးအတွက် အဖော်ရဦး မှာပေါ့။

ဒါပေမဲ့လည်း ဒီကိစ္စကတော့

''ပတ်ဝန်းကျင်ရှိသေးတယ် ညီမလေး၊ ဒီလိုကလေးမျိုးကို မွေးစားလိုက်ရင် ဝေဖန်ပုတ်ခတ်မှုတွေ ရှိလာနိုင်တယ်၊ သူ့အတွက်လည်း မကောင်းဘူး။ ကိုယ့်အတွက်လည်း မကောင်းဘူး''

''ဒီကလေး ဘယ်လိုအတန်းအစားဆိုတာ ကိုဖုန်း မိသားစုနဲ့ သိမ့်အိမ်ကပဲ သိတာပါ၊ တခြားဘယ်သူ့ကိုလျှောက်ပြောလို့ ဘယ်သူက သိမှာလဲ၊ ရွှေပင်နားရင် ရွှေကျေးဖြစ်သွားတာပဲ ကိုဖုန်း မဟုတ်ဘူးလား''

''အေးလေ ညီမလေး ဆန္ဒသိပ်ပြင်းနေရင်လည်း လုပ်ပါ၊ ကလေးက ဒီအရွယ်ဆိုတော့ သိလည်းသိတတ်နေပါပြီ၊ လူတစ်ယောက် ဘဝကို ကယ်ရတယ်ဆိုတာလည်း ကုသိုလ်ရပါတယ်၊ ကိုဖုန်းလည်း ဆရာဝန်ဆိုတော့ လူတန်းစားမရွေး လူတွေရဲ့အသက်ကိုကယ်နေရတာပဲ''

''သိမ့်လည်း အဲလိုပဲ အောက်မေ့တယ်၊ သိမ့်တို့ဥပါဒါန်ကြောင့် ဒီကလေးက ဒီလိုဖြစ်သွားတာ မဟုတ်ရင် မပြည့်စုံဘူးဆိုတောင် သူ့ အစ်ကိုနဲ့တော့ အတူနေရမှာပဲ၊ အခု သူတစ်ယောက်တည်းဖြစ်နေတယ်၊ သိမ့်တို့ကြောင့် အတိတ်မေ့နေတယ်၊ သူ့ဘဝသူပြန်မမှတ်မိတော့ဘူး၊

အဲလိုကလေးကိုတော့ ပစ်စလက်ခတ် မလုပ်ရက်ဘူးကိုဖုန်း''

ဆုံးဖြတ်ချက်ချထားပြီးသလို ညီမလေးရဲ့စကားတွေကို ဦးရွှေဖုန်းမောင် ဘာမှတေဒက မတက်ချင်တော့။ ညီမလေးအတွက် အနီးကပ်အဖော်ဆိုတာ လိုနေတာပဲမဟုတ်လား။

ဒီကလေးက ကျေးဇူးကန်းတတ်သော ကလေးမဖြစ်ဖို့သာ အရေးကြီးသည်။ ရုပ်ရည်လေးကသန့်ပြန့်ပြီး စကားပြောလေးက မွန်ရည်တာမို့ ထိုကလေးမျိုးတော့မဖြစ်နိုင်ဘူး ထင်ပါသည်။

ဒါပေမဲ့ ကိုယ်မွေးထားသော ညီမလေးရဲ့တူနဲ့တူမက သူတို့အပေါ် ထိုကလေးမျိုးကို မွေးစားတာ ကြည်ဖြူပါ့မလား။

ဒါလည်း သိပ်တော့မဆိုင်ပါဘူးလေ။ ညီမလေးက သူ ဆုံးဖြတ်ပြီးသားကို ပြင်မှာမှ မဟုတ်တာ။ တကယ်ဆို ညီမလေးနှင့်အတူနေပေးနိုင်ကြတော့မှာ မဟုတ်တာပဲ။ ညီမလေး သဘောအတိုင်းပဲပေါ့။

■ ■ ■

## အခန်း (၉)

''တီတီလေးက ဟိုသူတောင်းစားမလေးကို မွေးစားမလို့ဆို''

''အို ယသော်လေး အဲလိုကြီး မပြောရဘူးလေ၊ သူက သူတောင်းစားမဟုတ်ပါဘူး၊ ငရဲကြီးတတ်တယ် မပြောရဘူးနော်''

''အင် ဘာမဟုတ်ပါဘူးလဲ၊ တောင်းစားတဲ့သူက သူတောင်းစားပဲပေါ့''

''ယသော်ရယ် တီတီလေး ပြောမယ် လာ''

ကောင်မလေး မျက်နှာညှိုးနွမ်းသေးငယ်သွားတာမို့ ယသော့်လက်ကိုဆွဲကာ ထမင်းစားခန်းထဲက ထွက်ပြီး ဧည့်ခန်းဘက်ခေါ်လာခဲ့ရသည်။ ကောင်မလေးထက် နှစ်နှစ်လောက်ငယ်သော မိုးယသော်လေးရဲ့မျက်နှာ ဂျစ်ကန်ကန်မှုန်တေတေလေးပါ။

''တီတီလေး ဘာလို့ သူ့ကိုမွေးစားတာလဲ''

''သူ့ဘဝလေးက သနားစရာကောင်းလို့ပေါ့ကွယ်၊ သူ့မှာ မိဘ

ငွေမရှိတော့ဘူး။ အစ်ကိုကလည်း ဘယ်ရောက်သွားမှန်းမသိဘူး။ ဘယ်လောက်သနားစရာကောင်းလဲ''

''ဟင့်အင်း မသနားပါဘူး။ တီတီလေးက သူ့ကိုပိုချစ်သွားမှာ''

''ယသော်လေးထက်တော့ ပိုချစ်မလားကွယ်၊ ယသော်လေးက တီတီလေးရဲ့တူမအရင်းပဲဥစ္စာ''

''တီတီလေး ညာတယ်၊ သူ့ကိုထောက်ပံ့ပေးနေတာနဲ့ ယသော်တို့ကို မုန့်ဖိုးလျှော့ပေးတော့မှာပေါ့''

''ဘယ်ဟုတ်ပါ့မလဲ ပေးမှာပေါ့ကွယ်၊ ယသော်လေးလိုသလောက်သာပြော တီတီလေး ပေးမယ် ဟုတ်ပြီလား''

ကလေးဆိုးလေး ယသော်က ဒီလိုပြောလည်း ကျေနပ်သေးပုံမပေါ်ပါ။ နှုတ်ခမ်းကို စူထားပြီး

''တီတီလေး သူ့ကိုမမွေးစားပါနဲ့''

''ဘာဖြစ်လို့လဲကွယ်''

''သူက မျိုးရိုးလည်းကောင်းတာမဟုတ်ဘူး။ ယသော်တို့ကို သူများတွေက ကဲ့ရဲ့ကြမှာပေါ့''

''ယသော်မပြောရင် ဘယ်သူက သိမှာမို့လဲ၊ သူက ဘယ်ကလာတယ် ဘယ်သူဆိုတာ ယသော်မပြောဘဲ ဘယ်သူမှမသိကြပါဘူး။ အဲဒါကြောင့် ယသော်လေးက ငြိမ်ငြိမ်လေးသာနေလိုက် ဟုတ်ပြီလား''

''ဟင့်အင်း ဟင့်အင်း တီတီလေးကို မချစ်တော့ဘူး''

''ဩော် ယသော်လေးရယ် တီတီလေးကိုစိတ်ညစ်အောင်မလုပ်ပါနဲ့ကွယ်၊ တီတီလေးက ယသော့်ကိုပဲ ပိုချစ်မှာပါ၊ သူ့ကိုတော့ သနားစရာကောင်းလို့ မွေးစားလိုက်တာ''





''တကယ်နော် တီတီလေး''

''အင်း တကယ်ပေါ့''

''ဒါဆို ယသော့်ကို မုန့်ဖိုးပေး ယသော် ပြန်တော့မယ်၊ သူ့မျက်နှာကို မကြည့်ချင်လို့ တီတီလေးအိမ်မှာမနေချင်တော့ဘူး''

''အဟင်း လူလည်မလေး''

အစတည်းက စက်ရုံပိတ်ရက်မို့ မုန့်ဖိုးတောင်းရုံရောက်လာတာ မသိဘဲနေပါ့မလား။ အမြဲတမ်း ယူစရာရှိယူ တောင်းစရာရှိတောင်းပြီး သည်နှင့် မိမိအနားမှာ ကြာကြာမနေကြပါ။

အခုလည်း မုန့်ဖိုးရတာ လျှော့သွားမှာစိုး၍ ကြေးတန်းနှိုင်းကာ မနာလိုဖြစ်နေခြင်းဖြစ်သည်။ အဒေါ်ဖြစ်သူကို ချစ်လွန်းလို့ သဝန်တိုနေခြင်းတော့ မဟုတ်ပါ။ တကယ်ချစ်လို့ဆိုလျှင် တစ်ယောက်တည်းရှိသော ဒီအဒေါ်က အတူလာနေဖို့ အရင်တည်းက ခေါ်ထားတာကို လာနေမှာပေါ့။ တူဖြစ်သူ မိုးဒေဝါဆိုလျှင် ပိုဆိုးသည်။

လူမလာဘဲ ငွေလိုလျှင် ဖုန်းဆက်၍ လှမ်းတောင်းတတ်သည်။ ဒါတောင် စက်ရုံက ဒရိုင်ဘာဖြစ်ဖြစ် မိမိဒရိုင်ဘာဖြစ်ဖြစ် သွားပေးနိုင်းရတာမျိုးပါ။

''သမီးလေး''

မောင်အုန်းကို ကားနှင့်မိုးယသော် ပြန်တာကို လိုက်ပို့ပေးခိုင်းလိုက်ပြီး မဝါကို ကြက်သွန်ဖြူ ကူသင်ပေးနေသော ကောင်မလေးဆီလာခဲ့သည်။ ထမင်းစားပွဲဝိုင်းက ထိုင်ခုံကို ဆွဲယူထိုင်ကာ

''ဒီမှာ လာထိုင် သမီးလေး၊ အန်တီ ပြောစရာရှိလို့''

''ဟုတ်ကဲ့''

"သမီးကို အန်တီ မွေးစားလိုက်ပြီဆိုတော့ သမီးကို အရင်ဆုံး နာမည်ပေးရမယ်"

"ဘယ်လို နာမည်ပေးမှာလဲဟင်"

"သမီးလေးက လှတယ်လေ၊ အဲဒီတော့ နာမည်လှလှလေး ပေးရမှာပေါ့"

"မမသိမ့် ရွေးပြီးပြီလားဟင်"

မဝေက ဟင်းအိုးတည်ရင်းနှင့် လှမ်းမေးသည်။ ဒေါ်သိမ့်သိမ့် မြိုင် ပြုံးလိုက်ပြီး

"အင်း ရွေးထားပြီးပြီ ဘာနေ့သမီးဆိုတာလည်း မသိတော့ ကိုယ့်တာသာပဲ ကောင်းမယ်လှမယ်ထင်တာလေး ရွေးထားလိုက်တယ်"

"ဘာတဲ့လဲ မမသိမ့်"

"ရွှေကညာ"

"ဟင် ရွှေကညာ နာမည်လေးက လှတာထက် ချစ်စရာကောင်း လိုက်တာ"

"ရွှေကညာ ရွှေကညာ"

မဝေက ဝမ်းသာအားရပြောလိုက်ပြီး ကောင်မလေးကတော့ သူမကို ပေးလိုက်သောနာမည်လေးကို ပြုံးစိစိလေးဖြင့် ရေရွတ်ကြည့်နေ သည်။

"ကြိုက်လား သမီးလေး"

"ရွှေကညာ ကြိုက် ကြိုက်တယ် အန်တီ၊ နာမည်လေးက ချစ်စရာလေးပါ"

"အင်း အန်တီက ရွေးသာ ရွေးထားတာ သမီးကြိုက်ပါ့မလား





လို့ စိုးရိမ်နေတာ"

"ကြိုက်တယ် ကြိုက်ပါတယ် အန်တီ"

"ဟုတ်ပြီ အန်တီတစ်ခုပြောထားဦးမယ်၊ သမီးကို အန်တီက မွေးစားလိုက်တယ်ဆိုပြီး သမီးအားငယ်စရာမလိုဘူးနော်၊ တခြားသူတွေက ဘာပြောပြောလည်း သိမ်ငယ်စရာမလိုဘူး။ လူဆိုတာတော့ ဟိုလိုပြော ဒီလိုပြော ပြောကြမှာပဲ"

"ဟုတ်ကဲ့"

ရွှေကညာ လက်ကလေးကိုဆုပ်ကိုင်ပြီး မဝေဘက်လှည့်ကာ

"မဝေတို့ကိုလည်း ပြောထားဦးမယ်၊ ဒီကလေးကို အားငယ် အောင် အတိတ်ကို မတူးဆွပါနဲ့၊ ရွှေကညာရဲ့ရှေ့အနာဂတ်မှာ သိမ့်သိမ့် မြိုင်ရဲ့မွေးစားသမီးပဲ ဟုတ်ပြီနော်"

"ဟုတ်ကဲ့ပါ မမသိမ့်၊ ကျွန်မတို့လင်မယားအတွက်လည်း ရွှေ ကညာလေးက မိဘတွေဆီမှာအပ်ထားရတဲ့ သားတွေသမီးတွေရဲ့အလွမ်း ပြေလေးပါပဲ"

မဝေ အမှန်တကယ် ရင်ထဲရှိတာ ပြောလိုက်ခြင်းဖြစ်သည်။ သားသမီးသုံးယောက် မွေးထားပြီး သူတို့ကျောင်းစရိတ်စားစရိတ်အတွက် ဒီမှာလာပြီး လင်မယားနှစ်ယောက်လုံး အလုပ်လုပ်နေရတာမဟုတ် ပါလား။

ကိုအုန်းက မမသိမ့်ဆီမှာ အလုပ်လုပ်တာ ရှစ်နှစ်လောက်ရှိ နေပြီဆိုသော်လည်း မိမိကတော့ ကလေးတွေအတွက် မလုံလောက်တာ ကြောင့် အလုပ်လာလုပ်တာ သုံးနှစ်နီးပါးမျှသာ ရှိသေးသည်။

မမသိမ့်က လစာအပြင် ကလေးတွေအတွက် ကူညီလိုက်ရအောင်

အပိုစရိတ်ထောက်ပံ့ပေးရှာပါသည်။ စုသင့်တာစုဖို့အတွက်လည်း ဘဏ်မှာ ငွေစုစာအုပ်လေး လုပ်ပေးထား၏။

ရှေ့လျှောက်ကလေးတွေ ကျောင်းစရိတ်က မြင့်မားလာမှာဖြစ်ပြီး အနာဂတ်အတွက်လည်း ငွေစုထားမှဖြစ်မည်တဲ့။ ဒီကျေးဇူးတရားတွေရှိနေတာမို့ မမသိမ့်ဆန္ဒကို မလိုက်လျောနိုင်ဘဲနေပါ့မလား။ မမသိမ့်က ကျေနပ်စွာပြုံးပြီး

"အေး ရွှေကညာလေးကို ကိုယ့်သမီးလေးကို သဘောထားပြီး စောင့်ရှောက်ပေးပါကွယ်၊ သူ့ကိုကျောင်းထားနိုင်ဖို့ကိစ္စ စုံစမ်းရမယ်၊ အကောင်းဆုံး ကိုယ်ပိုင်ပုဂ္ဂလိကကျောင်းမှာ ထားမယ်၊ သူ့ဉာဏ်ရည်နဲ့ ကျောင်းဘယ်နှစ်တန်းထိနေခဲ့ရတယ်ဆိုတာ သိမှာပဲ၊ အဲဒီတော့ မမသိမ့်က စက်ရုံအလုပ်ကိစ္စတွေနဲ့ ရွှေကညာကို ကိုယ်တိုင်ဂရုစိုက်နိုင်ချင်မှစိုက်နိုင်မှာ၊ မဝေတို့ကိုပဲ အားကိုးရမှာနော်"

"စိတ်ချပါ မမသိမ့်ရယ်၊ ရွှေကညာလေးကို မဝေတို့ ဂရုစိုက်ပါမယ်"

"ကဲ ရွှေကညာကရော ပြောပါဦး၊ သမီးက ကြီးလာရင် ဘာလုပ်ချင်တာလဲ"

"ရှင်"

"ဆရာဝန်မကြီးဖြစ်ချင်လား။ အင်ဂျင်နီယာမကြီးဖြစ်ချင်လား။ စီးပွားရေးလုပ်ငန်းရှင်ကြီး ဖြစ်ချင်လား။ ဒါမှမဟုတ် ကျောင်းဆရာမကြီးလုပ်မလား"

"ဦး ဦးဦးလိုပဲ ဆေးကုတဲ့ ဆရာဝန်ဖြစ်ချင်တယ်"

"ဟယ် ကောင်းသားပဲ ဆရာဝန်ဖြစ်ချင်တာ၊ ဒါဆို စာကြိုးစား





ရမယ်နော် သမီး၊ ဆရာဝန်ဆိုတာ လွယ်လွယ်နဲ့ဖြစ်တာမဟုတ်ဘူး။ တတွေအများကြီး ကျက်ရမှတ်ရ လေ့လာရတယ်၊ ကျောင်းပညာတစ်ခုကိုပဲ အာရုံစိုက်ရတယ်၊ တခြားဘယ်အရာကို စိတ်မဝင်စားရဘူး။ အဲဒါကို နားလည်ရဲ့လား"

"ဟုတ်ကဲ့ ဟုတ်ကဲ့ သမီး အဲလို လုပ်ပါမယ်"

နာခံတတ်မှုလေးက ချစ်စရာကောင်းလှသည်။ မျက်လုံးဝိုင်းလေးက အပြစ်ကင်း ဖြူစင်ကြောင်း သက်သေပြနေသလိုပင်။ မြတ်နိုးချစ်ခင်စွာပင် ထွေးဖက်မိလိုက်ပြီး

"သမီးလေး မျက်လုံးထဲမှာ မြင်ယောင်ကြည့်စမ်းကွယ်၊ ဟိုးနောက်ဆယ့်နှစ်နှစ် ဆယ့်သုံးနှစ်ကျော်ကာလ သမီးလေးက ဆရာဝန်မကြီး ဖြစ်ဖို့ ဟောက်(စ်)ဆင်းနေတဲ့ ဂျူတီကုတ်အဖြူလေးနဲ့ နားကြပ်လေး လည်ပင်းမှာချိတ်လို့"

"ဟင် အန်တီ"

"အန်တီက အဲလိုဖြစ်အောင် လုပ်ပေးမှာလေ၊ မြင်အောင်မြင်ကြည့်စမ်းပါ၊ ဒီဘဝနဲ့အရမ်းခြားနားပြီး အရမ်းကို ကျက်သရေရှိ တင့်တယ်နေမှာ ဒေါက်တာ ရွှေကညာ၊ ဆရာဝန်မလောင်းလေး ရွှေကညာ၊ အဲဒီအချိန်ကို မြန်မြန်ရောက်အောင်သွားရမယ် သမီးလေး ရွှေကညာ သိလား"

အချိန်နာရီတွေဆိုတာ ဒီအတိုင်းသွားလာလှုပ်ရှားလည်ပတ်ရင်း ကုန်ဆုံးသွားတတ်တယ်ဆိုတာ . . .။

■ ■ ■

# အခန်း (၁၀)

"ကိုနိုး"

"ကျွီ"

ကားက တစ်ခုခုကို တိုက်မိပြီးမှ ဘရိတ်အုပ်လိုက်မိသည်။ သွားပြီဟုသောအသိက ရင်ကို ဒိန်းခနဲ ပြည့်ဟီးသွားသည်။ သူမရဲ့ကားမီးလုံးလေး ကွဲသွားပြီလား ကြေသွားပြီလား။

"မင်း ဘယ်လိုလုပ်လိုက်တာလဲကွ၊ ကားပါကင်မထိုးတတ်ဘဲ ကားမောင်းလာရသလား။ ငါ့ကားမီးလုံး ထိသွားပြီ မင်းဘယ်လိုလုပ်မှာလဲ ဘယ်လို ဖြေရှင်းမှာလဲ"

"ဟင်"

ကားပေါ်ကအဆင်းမှာပင် ယောကျ်ားတစ်ယောက်ရဲ့ခပ်စူးစူး ရန်တွေ့ခံလိုက်ရတာကြောင့် သူမ အံ့ဩသွားရလေသည်။ အရပ်ကမြင့် ဝင်းဝါစိုပြည်သောအသားအရည်နှင့် ဧပတ်ကျသော ယောကျ်ားလေး ကလည်း ဒီလိုရန်တွေ့တတ်တာပဲလား။





သူမ မျက်မှန်ကိုမချွတ်ဘဲ မာန်ပါပါပင် ရပ်နေလိုက်သည်။ ထိုလူ့မျက်နှာကို အမည်းရောင်မျက်မှန်ထဲကနေ ခပ်စူးစူးကြည့်ပစ်လိုက်လျက်

"ရှင့်မီးလုံးမှ ကွဲသွားတာလား။ ကျွန်မ မီးလုံးလည်း ဘာဖြစ်သွားလဲ ကြည့်ရဦးမယ်"

"ဘာကွ"

"ကျွန်မတစ်ယောက်တည်းပဲ မှားတယ်လို့ ထင်တာလား။ ရှင်ကရော ကားဘက်(ခ်)ထုတ်နေတာ သတိမထားဘဲ ဘာလို့ကားကို ဖွတ် ထွက်လာတာလဲ"

"ဟား"

သူ့အပြစ်က ကိုယ့်အပြစ်ဖြစ်အောင် ပြန်ပြောနေသော ကောင်မလေးကို ရတုစ် အတော်ကို အသည်းယားသွားရလေသည်။ မျက်မှန်အမည်းကြီးက မျက်နှာတစ်ဝက်ဖုံးနေတာမို့ မျက်နှာအလှကိုတော့ သေချာမမြင်ရပါ။ ဒါပေမဲ့ ဝင်းဝါနေသော အသားအရေကြောင့် ချွဲအောင်မှုန်သော အလှကိုတော့ ခံစားလို့ရနေသည်။ ချူတီကုတ်အဖြူရောင်လေးကို ဝတ်ဆင်ထားတာကြောင့် ဆရာဝန်တစ်ယောက်လား။ ဟောက်(စ်)ဆင်း နေသည့်ဆရာဝန်မလောင်းလျာဆိုတာတော့ မခွဲခြားနိုင်။

သူလည်း ဒီနေ့မှ ဟောက်(စ်)ဆင်းတာမို့ ဘယ်သူ့ကိုမှ မသိသေးတာလည်း ဖြစ်နိုင်သည်။

ဒါပေမဲ့ သူက ဆေးရုံထဲ ချူတီဝင်ပြီဆိုမှ ချူတီကုတ်အဖြူ ဝတ်ဖို့ စဉ်းစားထားတာပါ။ တခြားသူတွေ ကြားသည်ထင်မှာစိုး၍ ဆေးရုံ ပြင်ပဆို ဘယ်သူမှ မဝတ်ကြပေ။

"ဒီမှာ"

"ဟင်"

"ခြေထုံး ခေါင်းဆုံးကြည့်ပြီး ဘာတွေရှိနေတာလဲ ဒီကို့ ဘယ်လိုရှင်းမှာလဲ ပြော"

"ဒါက ဘာရှင်းရမှာလဲ မင်းရောပါရော မှားတယ်ဆိုရင် ကိုယ့်အမှားကိုယ် တာဝန်ယူကြရပေါ့"

"ဘာ"

"ဘာလဲ မင်းအမှားကိုပါ တာဝန်ယူစေချင်တာလား"

"ကျွန်မ ဒီနေ့မှ ပေါက်(စ)စဆင်းတာ ကားလေညီး ဒီနေ့ အသစ်စက်စက်ကို ထုတ်မောင်းလာတာ၊ ရှင် အဲလို တာဝန်မဲ့စကားမပြော နဲ့"

"ဒါဆို ဆေးရုံကားပေါ်ကမှာ စီစီတီဗွီရှိတယ် ဖြန့်စစ်ဆေးနိုင်ကြည့်မလား၊ ဘယ်သူမှားလဲ ဘယ်သူမှန်လဲ ဒါမှမဟုတ် ဘယ်သူက အမှားဆိုလဲဆိုတာ သိရအောင်"

"ရှင်"

ခေါသမြစ်ကာ မျက်မှန်ကို ဆတ်ခနဲ ချွတ်ပြီး ထိုလူကို စူးစူးရှ ကြည့်ပစ်လိုက်သည်။

"ဟင်"

မျက်မှန်ကို နှုတ်ပေါ်ဟန်ပါပါ တင်ထားသော မေတ်ကျကြည့်ကောင်းနေလို့ပါလား။ ထိုလူ မြှုတ်ကြည့်ပြီး ပြုံးသွားလိုက်တာ အမြင်ကတ်စရာပင် ကောင်းနေသေးတော့သည်။

ထိုသူက ရှေ့ခြေတစ်လှမ်း တိုးလာလျက်



"မင်း ဒေါ်သိမ့်သိမ့်မြင့်ရဲ့တူမလား။ ဟို မွေးစားထားတဲ့"

"ရှင်က ဘယ်လိုလုပ်သိတာလဲ"

"ဧည့်ခံပွဲတစ်ခုမှာ အန်တီသိမ့်ခေါ်လာတာတွေ့လိုက်တာ"

"စကားရော ဖောရောလာမလုပ်နဲ့ ဘယ်သူက မှားလဲဆိုတာ စီစီတီဗွီကြည့်ရဦးမှာ"

"ဟုတ်ပြီ ငါက မှားတယ်ပဲထား။ ဘာလုပ်ပေးရမလဲဆိုတာ နောက်မှပြော၊ အခု ငါမေးတာဖြေပါ။ အန်တီသိမ့်တူမ ဟုတ်သလားလို့"

သူမ ခေါင်းမညိတ်ချင် ညိတ်ချင်နှင့် ညိတ်ပြလိုက်ရသည်။ အန်တီသိမ့်နှင့်ပတ်သက်ရင်းနှီးသည့် မိတ်ဆွေရဲ့သားဆိုလျှင် မျက်နှာပျက်စရာတွေ ဖြစ်ရမှာစိုးလို့ပါ။

ထိုလူ့မျက်လုံးများက တောက်ပရွှန်းလက်သွားလျက်

"ကျွန်တော်က အန်တီသိမ့်မိတ်ဆွေရဲ့သားပါ။ အန်တီသိမ့်က ဖိနပ်စက်ရုံလုပ်တယ်၊ ကျွန်တော့်မိဘတွေက အထည်ချုပ်စက်ရုံလုပ်ပါတယ်၊ ကျွန်တော့်နာမည် ရတုစံပါ"

"ဪ အင်း"

လေသံနှင့် အချိုပါ ပြောင်းသွားသော သူ့ကို မချိုသွားပြုံးသာ ပြုံးပြလိုက်သည်။ ခုနကတော့ လူကို စားတော့ဝါးတော့မည့်ပုံစံမျိုး မဟုတ်ပါလား။

"ဒီကနာမည်က"

"ရွှေကညာ"

"ဟုတ်တယ် နာမည်လေးက ဆန်းလို့၊ အဲဒီတစ်ခါတည်းက ကျွန်တော် သတိထားမိနေတာ အန်တီသိမ့်ရဲ့ တကယ့်သားအမိတော်ပိုင်းပဲ

အနံ့တီသိမ့်ကလည်း ချောတယ်၊ ခင်ဗျားကလည်းချော"

သူ့စကားလွန်သွားမလားလို့ အမှိန့်မှိန်နဲ့လေး ဘနိုက်အမြန်ရပ်လိုက်ရသည်။ တစ်ခါတည်းမြင်ဖူးရုံနှင့် ရင်ထဲမှတ်မှတ်ထင်ထင် ရှိသွားခဲ့တာ၊ အခု တစ်ခါတည်းပြောလို့မဖြစ်သေး။ သူ့ကို ပေါ်ကြီးထင်သွားမှာ စိုးလို့ပါ။ ဒါကြောင့် သူမနာမည်လေးနဲ့လိုက်တာ မြင်ဖြစ်အောင် မြင်လိုက်ရသည်။

"ရှင်က အနံ့တီသိမ့်နဲ့ရော သိလို့လား"

"ခဏ ခဏ မဆုံပေမယ့် သိတော့ သိပါတယ်၊ မိဘတွေရဲ့ ရင်းနှီးတော့လေ ဘာဖြစ်လို့ မေးတာလဲ"

"ရှင့်ဘက်က ပိုမှားတယ်ဆိုရင် ရှင်လျှော်ကြေးပေးရမှာနော့ စောနေသလားလို့ပါ"

"ဟာဗျာ"

ရှက်သလိုရယ်လိုက်တာက သွားလေးတွေ စီတန်းနေတာနဲ့ သူမ ပေးနေတောင် ဖြစ်လို့သွားသည်။ ယောက်ျားဖြစ်ပြီး ဒီလောက်ပဲ ချောရသလဲ့လား။ ဝှိုက်(စ်)ရှပ်အဖြူဝင်းလေးနှင့် ဘောင်းဘီလေးက သူနှင့်လိုက်ဖက်လျက် တန်ဖိုးကြီးရှူးဖိနပ်ကို စီးထားတာနဲ့ သူ့အရပ် အမောင်းနှင့် ကြည့်မဝကျေနပ်ဖွယ်ရှိသည်။

"ဟို ဒီမှာ"

"ရတုစံပါ၊ ရတုလို့ခေါ်တာ အဆင်ပြေမလား မသိဘူး"

"ထားပါတော့ ရတု ရတုနော်၊ အင်း ရှင်က ဒီမှာ ဘာလာ လုပ်တာလဲ၊ ရှုံးဖိနပ်က တစ်ယောက်ယောက် စောင့်နေတာလို့ လာတာလား၊ အိမ်ပြန်ရင် အနံ့တီသိမ့်ကို ပြောလိုက်မယ်လေ"



"ခင်ဗျားကမှ မေမြို့နိုင်မှ ပြောပါတော့လား။ ကျွန်တော့်အဖိ ကလူတွေက ဘာလို့စောင့်နေတာက်ရမှာလဲ၊ ကျွန်တော် ဆရာဝန်လောင်း ဒီနေ့မှ ဟောက်(စ်)ဆင်းတာ ခင်ဗျားနဲ့အတူတူပဲ"

"ဪ ဆောရီး"

တောင်းပန်စော်ရသေးတာပဲ တော်သေးသည်ဟု ပြောရမည်။ စကားပြောရ ကတ်သတ်ခက်ခဲသည့်အထဲမှာ မပါတာတော့ သတိထား မိလိုက်သည်။

"ကဲ မိတ်ဆွေဖြစ်သွားပြီလို့ပဲ သဘောထားပါ၊ ကားကိစ္စက တော့ ပါကင်ထိုးပြီးမှ နေရာမကျလို့ ပြန်ပြီးခေါင်းတည့်မိတာ ကျွန်တော် လည်းမှားပါတယ်၊ ကျွန်တော်အဆင်ပြေအောင် လုပ်ပေးမှာပါ စိတ်မပူ ပါနဲ့"

"ကျွန်မက အနံ့တီသိမ့် ဆီမှာနိုးလို့ပါ၊ အရင်က အနံ့တီသိမ့် ကားကိုပဲ တစ်ခါတလေ မောင်းရတာ၊ ဒီနေ့မှ အနံ့တီသိမ့်က ကျွန်မ ဟောက်(စ်)ဆင်းရမယ်ဆိုပြီး ဒီကားကို ဝယ်ပေးထားတော့ နမြူသည်၊ နမြူခါစီတယ်"

"ကဲပါ ကားက ဘာမှမဖြစ်ပါဘူး၊ ဖြစ်လည်း ကျွန်တော်အော် ရဂျင်နယ်အတိုင်းဖြစ်အောင် ပြန်လုပ်ပေးပါမယ်၊ လိုအပ်ရင် အနံ့တီသိမ့် ကိုလည်း ပြောပေးပါမယ် ဟုတ်ပြီလား"

"အဲလောက်ထိ မလိုပါဘူး"

ဒီလောက်ထိ ပျော့ပျောင်းလိုက်လျောပေးလာတော့လည်း သူမ စကားပြောရည်မွန်လာပြီး အစကလိုလည်း မရှာ အားနာသိပြန်သည်၊ စကားပြောရည်မွန်လာပြီး တော့လို့ပါ။

သူမကလည်း ကားအသစ်လေးကြောင့် မှုန်ထူပြီးသာ ရန်တွေ့နေတာ။ သိပ်စွာရဲ့ စွာတတ်တာတော့ မဟုတ်ပေ။

စစချင်းနေ့မှာ ဘယ်လိုကံဆိုးမှုနှင့်များ ဒီလူနှင့်ဆုံရတာလဲ၊ တကယ်ဆို ကောင်းကောင်းမွန်မွန် အေးအေးဆေးဆေးလေး ဆုံပါတော့လား။ ဒီလူနှင့်စကားပြောရတာ ရင်ထဲအေးသလိုလိုရှိလာတာကြောင့်...။

■ ■ ■

## အခန်း (၁၁)

''ဟင် မတော်တဆ အက်ဆီးဒင့်ဖြစ်လာတယ် ဟုတ်လား သမီး။ ဘာဖြစ်သွားသေးလဲ ကညာ ဘယ်နေရာထိသွားလဲ''

အန်တီသိမ့်က ကားဘာဖြစ်သွားလဲ အရင်မမေး။ လူကိုသာ စိုးရိမ်လျက် ဟိုဒီလှည့်ပတ်ကြည့်ကာ မေးသည်။

သူမက ပြုံးပြုံးလေးနှင့် မျက်နှာလေးမော့ကာ

''လူဘာမှမဖြစ်ပါဘူး အန်တီသိမ့်ရဲ့ မစိုးရိမ်ပါနဲ့၊ ဖြစ်တာက မနက်ပိုင်း ဈေးရုံအရောက် ကားပါကင်မှာပါ၊ ဟိုတက်ဒီဘက်ပါကွင်ထိုးရင်း အဆင်မပြေတာနဲ့ သူရောကိုယ်ရော မီးလုံးနည်းနည်းပါးပါး ထိသွားတာ''

''ဟင် ဟိုဘက်လည်း ထိသွားသေးတယ်လား၊ ဒါဆို လျော်ကြေးတွေ ဘာတွေပေးရမှာပေါ့''

''မပေးရပါဘူး။ သူလည်းမှား ကိုယ်လည်းမှားတာကို သူက ပေးမယ်လုပ်နေတာ၊ ဒီနေ့သာ အိမ်အပြန်ကားမပါမှာစိုးလို့ နောက်နေ့ကျ

မီးလုံးလဲဖို့အတွက် ဆိုင်မှာကားအပ်ရမယ်၊ ခဏပါပဲ၊ ညနေ ဆေးရုံအပြန် ဝင်ယူလို့ရတယ်၊ ပစ္စည်းရှိ မရှိလည်း သူပဲမေးပေးတာ''

''ဪ တော်သေးတာပေါ့၊ အဲဒီလူက သဘောကောင်းလှချည်လား၊ ဆေးရုံမှာတွေ့တာဆိုတော့ ဆရာဝန်ပေါ့''

''မဟုတ်ဘူး သူက အန်တီသိမ့်ကိုသိတယ်၊ သူ့နာမည် ရတုံ တဲ့''

အန်တီသိမ့် မျက်ခုံးလေးပင့်သွား၏။ ပြီးမှ စဉ်းစားလို့ရသလို မျက်နှာလေး ပြုံးယောင်သမ်းသွားကာ

''ဦးဖြိုးစံကျော်နဲ့ ဒေါ်မိမိတင်တို့ရဲ့သားလေးပေါ့၊ ဆေးကျောင်း တက်နေတယ်လူတော့ ကြားသား၊ ငယ်ငယ်ကတော့ ခဏခဏ တွေ့ရ တယ်၊ သူ့မိဘတွေက ညည့်ခံပွဲတွေခေါ်ခေါ်လာတတ်လို့လေ၊ နောက်ပိုင်း ကျောင်းစာတွေများလာလို့လားမသိဘူး၊ လူပျိုကြီးဖြစ်မှ တစ်ခါနှစ်ခါပဲ ဆုံရတယ်၊ ဒီကလေး လိမ္မာရေးခြားရှိတယ်လို့ ကြားတယ်၊ အခု ကညာနဲ့ တွေ့တာ ရည်ရည်မွန်မွန်ပဲလား''

အန်တီသိမ့်မေးတော့ ရွှေကညာ ပြုံးမိသွားကာ

''အစက အန်တီသိမ့်မွေးစားသမီးမှန်းမသိတော့ ယောကျ်ား လေးတန်မဲ့ အရမ်းစွာတာ အန်တီသိမ့်ရဲ့ ရန်တွေ့လိုက်တာ ပြောမနေ နဲ့၊ သူက ကညာကို အန်တီသိမ့်သမီးမှန်း မြင်ဖူးထားတော့ သိတော့ သိတယ်၊ ကညာက မျက်မှန်တပ်ထားတော့ အမှတ်တမဲ့ သူ မမှတ်မိ ဖြစ်ပြီး စွတ်ကောနေတာလေ''

''နောက်တော့မှ မှတ်မိသွားတယ်ဆိုပါတော့''

''ကညာ မျက်မှန်ချွတ်လိုက်တော့မှ သူ အံ့ဩသွားပြီး အန်တီ



သိမ့် မွေးစားသမီး အန်တီသိမ့်တူမ မဟုတ်လားတဲ့၊ အဲဒီကတည်းက အချိုးပြောင်းသွားတော့တာ၊ အန်တီသိမ့်ပါဝါက တော်တော်ကြီးတာပဲ''

''ဪ သူ့မိဘတွေနဲ့က မိတ်ဆွေတွေမို့ပါ၊ သူ့အဖေကတော့ ပြီးခဲ့တဲ့နှစ်နှစ်လောက်က ဆုံးသွားတယ်လေ၊ စက်ရုံချင်းက နီးတယ်ဆို ပါတော့၊ သူ့ယောကျ်ားဆုံးပြီး သိပ်နားမလည်ဘဲ စက်ရုံကို ဦးစီးနေရ တော့ သိပ်အဆင်မပြေလှဘူး၊ အဲဒါ ဒေါ်မိမိတင်က ဘာဖြစ်ဖြစ် အန်တီ သိမ့်ကို တိုင်ပင်တာလေးတွေ ရှိတယ်''

''ဪ''

''အန်တီသိမ့်က မိန်းမသားဖြစ်ပြီး စက်ရုံကို အခုချိန်ထိ ထိန်း ထားနိုင်တယ်လေ၊ သူကတော့အိမ်မှာပဲနေတဲ့သူ၊ ယောကျ်ားသေပြီးမှ နားမလည်တဲ့လုပ်ငန်းကို ဝင်လုပ်ပြီး အဆင်မပြေဖြစ်သွားတာ၊ ဒါပေမဲ့ ဒီဘက်ခေတ်က အပြိုင်အဆိုင်ကလည်းများလို့ပါ၊ နိုင်ငံတကာကလည်း ဝင်လုပ်လာပြီဆိုတော့ ဝန်ထမ်းကောင်းရတဲ့သူဌေးတွေပဲ အဆင်ပြေနိုင် တော့တယ်''

''ရတုံကလည်း ဆရာဝန်ဖြစ်နေတော့ အဲဒါတွေ နားလည်မှာ မဟုတ်ဘူးနော်''

''ဒါပေါ့ မိဘတွေ ဒီလိုဖြစ်သွားတယ်ဆိုပြီး အခုမှ ဆရာဝန် ဂုဏ်ကို စွန့်လွှတ်ရမှာလည်း နှမြောစရာကြီး၊ ဆရာဝန်တစ်ယောက်ဖြစ် ဖို့ကလည်း လွယ်တာမှမဟုတ်တာ၊ မနည်းကြိုးစားခဲ့ရတာ''

အန်တီသိမ့် ပြောပြမှ ရတုံတို့မိသားစုအကြောင်း နားလည် စွာ သိလာရသည်။ ဒါဆို အန်တီသိမ့်နှင့်ခင်တယ်ဆိုတာ ဒီလူညာတာ မဟုတ်ဘူးဘဲ။

"ကညာက ဘာပြုံးတာလဲ"

"ဩော် ရတုစံက အန်တီသိမ့်နဲ့ခင်တယ်ဆိုတာကို သူ့အမှားကို ဖုံးကွယ်ချင်လို့ ဖောရှောလုပ်တယ်ထင်တာ၊ အခုတော့ မီးလုံးလဲပေးမယ်ဆိုတာတောင် မယူရက်တော့ပါဘူး၊ ကညာ စုထားတဲ့မုန့်ဖိုးနဲ့ပဲ လုပ်လိုက်ပါတော့မယ်"

"ဆင်ပိန်ရင် ကျွဲလောက်တော့ ကျန်ပါတယ်ကွယ်၊ ဒီလောက်ကြီး စီးပွားရေးကျသွားတာမျိုးတော့ မဟုတ်ပါဘူး၊ သူ့ဟာနဲ့သူတော့ အဆင်ပြေနေပါသေးတယ်၊ လုပ်ငန်းဆိုတာ ကျွမ်းကျင်နားလည်မှုရှိမှ တိုးတက်တာလေ၊ အခုက လုပ်ငန်းလည်ပတ်ဖို့ ရုန်းကန်နေရတာပေါ့"

"ဩော် နည်းနည်းတော့ စိတ်ပင်ပန်းရမှာပေါ့"

"အင်း လုပ်ငန်းလုပ်တဲ့သူကတော့ အဲလိုကတော့ ရှိမှာပဲလေ၊ ဒါနဲ့ ရတုစံအကြောင်းပဲ ပြောပြီး စကားကောင်းနေလိုက်တာ၊ ဆေးရုံမှာ ဟောက်(စ်)ဆင်းတာရော အဆင်ပြေလား ကညာ"

"ဟုတ်ကဲ့ အဆင်ပြေပါတယ်၊ ကညာတို့အဖွဲ့က ရှစ်ယောက်လောက်ရှိတယ်၊ တစ်နှစ်ပတ်လုံးကို ဆေးရုံ သုံးလေးရုံလောက်လှည့်ပြီး ဟောက်(စ်)ဆင်းရမှာ၊ တစ်ရုံစီမှာ အတွေ့အကြုံတစ်မျိုးစီရအောင်လို့လေ၊ ပျော်တော့ပျော်စရာကောင်းတယ် အန်တီသိမ့်ရဲ့၊ လူနာတစ်ယောက်ရောက်လာရင် ဘာရောဂါလဲ ဘယ်လိုလူနာလဲနဲ့ ဝိုင်းပြီး စမ်းသပ်ကြ ဆရာဝန်ကြီးတွေ ညွှန်ကြားချက်နဲ့ကုသကြ၊ တစ်ယောက်နဲ့တစ်ယောက် တိုင်ပင်လိုက်ကြနဲ့ မောလို့မောမှန်း ပင်ပန်းလို့ ပင်ပန်းမှန်းမသိကြဘူး"

သူမ ပြောပြတာတွေ နားထောင်ပြီး အန်တီသိမ့် ပီတိနှင့်ပြုံးနေသည်။ အန်တီသိမ့်က သူမအတွက်တော့ မိခင်သဖွယ်ပါပဲ။ အစစ





အရာရာ လိုလေသေးမရှိ ပြုစုစောင့်ရှောက်ခဲ့သည်။ အလုပ်တွေ မအားသည့်ကြားက ပညာရေးဘက်ကိုလည်း ဦးစားပေးကာ ဂရုစိုက်ပေးခဲ့။

ဒါကြောင့်လည်း သူမ ဒီအခြေအနေမျိုး ဆရာဝန်လောင်းတစ်ယောက်အထိ ဖြစ်လာခဲ့တာပါ။

အန်တီသိမ့်ရဲ့ကျေးဇူးတရားတွေကို တစ်သက်လုံး ပြန်ပေးဆပ်လျှင်တောင် ကျေမည်မထင်။ အန်တီသိမ့်က သူမပခုံးလေးကို ဖက်ပြီး

"အန်တီသိမ့် မျှော်လင့်ထားသလိုမျိုး ဖြစ်လာတဲ့အတွက် အန်တီသိမ့် အရမ်းကိုဝမ်းသာတယ်ကွယ်၊ အန်တီသိမ့်က မြေတောင်မြှောက်ပေးလည်း ကညာလေးက လိုလိုချင်ချင် လိမ်လိမ်မာမာနဲ့ ကြိုးစားမှဖြစ်မှာလေ၊ ပတ်ဝန်းကျင်ကလည်း ပြောကြတယ်၊ ကညာလေးက အရမ်းသိတတ်ပြီး လိမ္မာတတ်တဲ့ မွေးရကျိုးနပ်လို့ အန်တီသိမ့် ပီတိဖြစ်ရတာပေါ့"

"အန်တီသိမ့် ကျေးဇူးတရားတွေ ကြီးမားလွန်းလို့ ကညာဘယ်လိုပြန်ဆပ်ရမှန်းတောင် မသိတော့ပါဘူး"

"အန်တီသိမ့်လေ ကညာဆီက ဘာမှပြန်ပြီး မျှော်လင့်မထားဘူးနော်၊ ကညာလေး တင့်တောင်းတင့်တယ် ဘဝလေးနဲ့ သာသာယာယာလေးဖြစ်နေရင် အန်တီသိမ့်ကျေနပ်တယ်၊ အခုလို ဒီအရွယ်ထိ ချစ်သူရည်းစားမထား ဟော့ဟော့ရမ်းရမ်းမနေဘဲ လိမ္မာသိတတ်ပြီး ပညာရေးတစ်ခုကို အာရုံစိုက်ဦးစားပေးနေတာ၊ အန်တီသိမ့်ကို ကျေးဇူးဆပ်နေတာနဲ့ အတူတူပါပဲ"

"အန်တီသိမ့်ရယ် အန်တို့မေတ္တာတရားက ကြီးမားလွန်းပါတယ်၊ ကညာမှာ မိဘတွေရှိခဲ့ရင်တောင် အန်တီသိမ့်လောက် မေတ္တာ

တွေ ပေးနိုင်ပါ့မလား မသိဘူး"

"မိဘဆိုတာကတော့ မပြည့်စုံရင်သာ ရှိမယ်၊ မေတ္တာကတော့ ပေးနိုင်မှာပေါ့ကွယ်"

"ကညာမိဘတွေက တကယ်သေသွားခဲ့တာတဲ့လားဟင်"

"မောင်အုန်း စုံစမ်းလို့ရသလောက်ကတော့ တကယ်ကို မိဘတွေမရှိကြတော့တာပါ၊ မောင်နှမနှစ်ယောက် ကျန်ခဲ့တယ်၊ အဲဒီအစ်ကို ဆိုတာကလည်း အခုချိန်ထိကို စုံစမ်းလို့မရဘူး။ သေသလား ရှင်သလား မသိရဘူး၊ ရှိနေတယ်ဆိုရင်တော့ ကညာ အခုလိုဘဝမျိုးရောက်နေတာကို ဝမ်းသာနေမှာပါ"

ရွှေကညာ မျက်ရည်တွေလည်လာမိသည်။ သူမဘဝ ဘယ်လို အတိတ်မျိုးရှိခဲ့သည်၊ ဘယ်လိုနေထိုင်ခဲ့ရသည်ဆိုတာ လုံးဝ မမှတ်မိပါ။

အန်တီသိမ့်ကတော့ ကားတိုက်မိသည့်အချိန်ကစ၍ အခြေအနေအားလုံးကို ပြောပြခဲ့ပါသည်။ ဒါပေမဲ့ ပြန်တမ်းတလို့ကောင်းသည့် အတိတ်မဟုတ်တာမို့ ခဏခဏ အောက်မေ့မိတာမျိုးတော့ မဖြစ်ပါစေနဲ့တဲ့။ ပြန်မတွေးနိုင်းခဲ့တာကြောင့် ဘာမှမမှတ်မိတော့ဘဲ ဒီဘဝမှာပဲ ပျော်အောင်နေနိုင်ခဲ့တာလည်း ဖြစ်လိမ့်မည်။

ဒါပေမဲ့ သူမရဲ့အစ်ကိုဆိုတာကိုတော့ သက်ရှိထင်ရှား ရှိနေစေချင်သေးသည်။ ဘယ်လိုဘဝရောက်နေလဲဆိုတာလဲ သိချင်မိ၏။ ဒီသံသရာထဲမှာ ပြန်ဆုံချင်သေးသည့်ဆန္ဒတွေကတော့ ဘယ်တော့မှ ပျောက်မသွားသေးပါ။

"ကညာ"

"ရှင် ရှင် အန်တီသိမ့်"





"မျက်ရည်ဝဲနေပြန်ပြီလား၊ အဲဒါကြောင့် ကညာ အတိတ်အကြောင်းကို မပြောစေချင်တာ၊ ပြန်မမှတ်မိရတဲ့အထဲမှာ မေ့ထားလိုက်ပါလို့ ပြောရတာတော့ မကောင်းပါဘူး၊ ဒါပေမဲ့"

"ပြန်မှတ်မိလာရင်တောင် မေ့ပျောက်ထားသင့်တဲ့ သတိရသင့်တဲ့အတိတ်မဟုတ်ဘူးဆိုတာ ကညာ သိပါတယ်၊ ဒါပေမဲ့ အစ်ကိုဆိုတာကိုတော့ ကညာ တွေ့ဖူးချင်သေးတယ်၊ ဘယ်လိုလူမျိုးလဲဆိုတာ သိချင်သေးတယ် အန်တီသိမ့်"

"တောင်းစားရတဲ့ဘဝကနေ ပညာမတတ်တော့ နိုးဆိုးလုယက်စားပြီး ထောင်တွေဘာတွေလည်း ကျနိုင်တယ်၊ လူမိုက်ဖြစ်ပြီး သူများ သတ်လို့လည်း သေချင်သေနိုင်တယ်လို့ ပြောလို့ရတာပဲလေ၊ စိတ်ထဲမှာ မထားပါနဲ့တော့ ကညာ"

"ဟုတ် ဟုတ်ကဲ့ပါ အန်တီသိမ့်"

အန်တီ ပြောသလိုလည်း ဖြစ်နိုင်တာမို့ အန်တီသိမ့် စိတ်မကောင်းအောင် မျက်ရည်ကျမနေချင်တော့ပါ။

ဒီဘဝမှာ အန်တီသိမ့်ပျော်အောင် ထားနေတာပဲ။ ထိုကျေးဇူးတွေကို အောက်မေ့ပြီးတော့ပဲ . . . ။

■ ■ ■

## အခန်း (၁၂)

"သားရယ် ဝန်ထမ်းတွေလစာထုတ်ပေးရမယ့်ရက်မှ ကားက ဖြစ်လာရသလား။ ဘယ်လောက်တောင် ထိခိုက်သွားလဲ သား"

"နည်းနည်းပါပဲ မီးလုံးလေးတင်ပါ မေမေရဲ့"

"ဟိုဘက်ကိုလည်း လျော်ရဦးမှာလား သား"

"သားဘက်က နည်းနည်းမှားသွားတာဆိုတော့ တာဝန်ယူပါ့မယ်လို့တော့ ပြောထားခဲ့ရတာပေါ့ မေမေ၊ ဒါပေမဲ့ အဲဒီဘက်လည်း သိပ်တော့ မများပါဘူး"

"ကားက အကောင်းစားဆိုရင် မီးလုံးတန်ဖိုးကလည်း နည်းမှာမဟုတ်ဘူး။ အမှုတွေဘာတွေ ဖြစ်ဦးမှာလား"

"တခြားလူနဲ့ဆိုရင်တော့ အဲဒီကိစ္စ ရှင်းချင်ရှင်းရနိုင်တယ်၊ အခုက အန်တီသိမ့်မွေးစားသမီးမောင်းတဲ့ကားမို့ တော်သေးတာပေါ့"

"ဟင် သိမ့် မွေးစားသမီးဆိုတော့ ရွှေကညာဆိုတဲ့ ကောင်မလေးလား"





"ဟုတ်ကဲ့ မေမေ"

"တော်သေးတာပဲ"

ဒေါ်မိမိတင် အခုမှ သက်ပြင်းချနိုင်သည်။ အမှုတွေ ဘာတွေ ဖြစ်လျှင် ငွေနှင့်လိုက်လို့ဆုံးမှာ မဟုတ်တော့ပေ။ သိမ့်သမီးနှင့်ဆိုတော့ ပြဿနာကြီးကြီးမားမား ဖြစ်သွားတောင် ကိုယ့်အချင်းချင်းနားလည်မှုနှင့်ရှင်းနိုင်သေး၏။

"သိမ့်သမီးကလည်း သားဟောက်(စ်)ဆင်းတဲ့ဆေးရုံမှာပဲလား"

"ဟုတ်တယ် ဂျူတီချိန်လည်း အတူတူပဲ မေမေ"

"အဲဒီကောင်မလေး လိမ္မာတယ်လို့တော့ သိမ့်က တဖွဖွပြောသား။ အခုတော့ ဆရာဝန်ဖြစ်ဖို့ ဟောက်(စ်)တောင်ဆင်းနေပြီတဲ့လား။ သိမ့်တို့များ သွေးမတော်သားမစပ်တဲ့ကလေးကို မွေးစားပြီး ဒီအထိအောင် မြေတောင်မြှောက်ပေးနိုင်တာ တော်လိုက်တာ၊ မိန်းမသားဖြစ်ပြီး စီးပွားရေးလုပ်နိုင်တယ်၊ ငွေရှာကောင်းတယ်၊ နိုင်ငံခြားမှာကျောင်းသွားတက်တဲ့ မောင်တွေတာဝန်ပြီးသွားပြန်တော့ သူ့အစ်ကိုမွေးတဲ့တူနဲ့တူမကိုလည်း ထောက်ပံ့နိုင်သေးတယ်"

"မိုးဒေဝါနဲ့ မိုးယသော်ကို ပြောတာလား မေမေ"

"အေးလေ ဦးရွှေဖုန်းမောင် မွေးတဲ့နှစ်ယောက်လေ၊ သူတို့အတွက်ပြောတာပေါ့၊ လတိုင်း သိမ့်ဆီက မုန့်ဖိုးလှမ်းတောင်းတယ်"

"ဪ"

မိုးယသော်ကိုတော့ ရတုစံ ကောင်းကောင်းသိပါသည်။ မိန်းကလေးဖြစ်ပြီး ကလက်တက်တက် ပေါ့ပျက်ပျက်လို့ ထင်မိသည်။ အမြဲတမ်း အင်တာနက်နှင့်လျှောက်မွှေးနေတာ။

နှင်းခြံခြားကနေတောင် သူ့ဆီကို မက်ဆေ့ချ်တွေပို့ ဖုန်းတွေဆက် ဖြင့် ကျူနေသည့် မိန်းကလေးပါ။ မိဘချင်းရင်းနှီးတာကြောင့် အလိုက် အထိုက် ဆက်ဆံနေဖြစ်သော်လည်း ဒီလိုမိန်းကလေးမျိုးကိုတော့ အထင် မကြီးမိပေ။ ယောက်ျားလေးတွေနှင့် ရင်းနှီးပတ်သက်ဖို့ မကြောက်မရွံ့ ရဲတင်းလွန်းသူ မဟုတ်လား။

"သား"

"ဗျာ"

"အဲဒီ မိုးယသော်က သားဆီကို ဖုန်းတွေဘာတွေ ခဏခဏ ဆက်တယ် မဟုတ်လား"

"ဟုတ်ကဲ့ မေမေ"

"ငယ်ငယ်က ရင်းနှီးခဲ့တော့ သားကိုခင်တွယ်လို့နေမှာ"

"သားကတော့ အဲဒီလို မိန်းကလေးမျိုးနဲ့ မပတ်သက်ချင်ဘူး မေမေ"

"ဘာဖြစ်လို့လဲ သားရဲ့"

"ရဲတင်းလွန်းရင် ကလက်တာပဲ မေမေ၊ ကလက်လွန်းရင် ပေါ့ပျက်ပျက်ဖြစ်တယ်၊ ပေါ့ပျက်လွန်းရင်တော့ အဲဒီမိန်းကလေးက ဘာ တန်ဖိုးမှ မရှိတော့ဘူး"

"အင်း ဟုတ်တော့လည်း ဟုတ်တာပဲ၊ အခုခေတ် မိန်းကလေး တွေကိုက အဲဒီလိုဖြစ်နေကြတာလား မသိပါဘူးကွယ်၊ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားတတ်တဲ့ မိန်းကလေးကတော့ တော်တော်ရှားသွားပါပြီ"

ရွှေကညာကတော့ တန်ဖိုးရှိတဲ့မိန်းကလေး ဖြစ်လိမ့်မယ် မေမေ လို့ ပြောလိုက်မိလျှင် မေမေ ဘယ်လိုမေးခွန်းပြန်ထုတ်မည် မသိပေ။



ဟိုအရင်တည်းက သူ ရွှေကညာကို သတိထားမိခဲ့တာပါ။ မရိုးမယဉ် ခေတ်ရေစီးမပြေးသော သူမရဲ့အလှကြောင့်လည်း ဖြစ်ပေလိမ့်မည်။ ဆယ် တန်းမှာ ဘာသာစုံဂုဏ်ထူးနှင့်အောင်တော့ သူ့အိမ်မှာ ညစာစားပွဲလုပ်ခဲ့ သည်။ အဲဒီအချိန်က အန်တီသိမ့်နှင့်ပါလာသော သူမက သူ့ကိုခေါင်းပင် မော့မကြည့်ခဲ့ပါ။ အန်တီသိမ့်က စကားတွေပြောပြီး သူမကတော့ အစား အသောက်ကို ခေါင်းကြီးငုံ့၍ ဖြည်းညင်းစွာ စားနေခဲ့သည်။ ထိုအချိန် တည်းက သူ့စိတ်ထဲ ထူးထူးဆန်းဆန်း ဖြစ်နေခဲ့တာ။ သူ့ညစာစားပွဲကို လာတာ သူ့ကိုတောင် နှုတ်ဆက်ဖော်မရဘူးဆိုတော့ ရိုင်းများနေသလား လို့ပါ။

နောက်သူများရဲ့ ညစာစားပွဲတစ်ခုမှာ မြင်လိုက်ရတော့လည်း ထို အတိုင်းပင်။ ပတ်ဝန်းကျင်ကို သူမ စိတ်မဝင်စားသလို ရှိနေခဲ့သည်။ အခုလည်း ဘာထူးလဲ။ သူ့ကိုရန်တွေ့လိုက်တာများ ကက်ကက်ကိုလန် လို့။ သူသာ အလျှော့မပေးလျှင် အထောင်းသက်သာမည်မဟုတ်။ အန်တီသိမ့်နှင့် ပတ်သက်နေလို့သာပေါ့။

"ဟိုလေ မေမေ၊ အန်တီသိမ့်က ရွှေကညာကို ဘာလို့ မွေးစား ခဲ့တာလဲဟင်"

"မိဘတွေမရှိတော့လို့တော့ ပြောတာပဲ၊ သိမ့်မှာကလည်း အဖော်လိုတယ်လေ၊ အနီးကပ် မိန်းကလေးအဖော်ပေါ့၊ မောင်တွေက လည်း အနားမှာမရှိ ဟိုမှာကျောင်းသွားတက်ရင်းက ဟိုမှာအလုပ်လုပ် ဟိုမှာမိန်းမရနဲ့ တစ်နဲ့တစ်မလည်း ကြည့်ဦး သူတို့ဦးလေးတွေ ဟိုမှာရှိလို့ ဆိုပြီး ဟိုမှာကျောင်းသွားတက်ကြတယ်၊ တကယ်တော့ သိမ့်က ပုံပိုးနေ ရတာပဲရှိတယ်၊ သူ့အတွက်တော့ အဖော်လုပ်ပေးမယ့်သူတောင် မရှိဘူး"

"ရွှေကညာနိုင့် တော်သေးတာပေါ့"

"အင်း အဲဒါကြောင့် သိန့်က မိန်းကလေးအဖော် အနီးကပ်ရှိအောင် ရွေးစားခဲ့တယ်ပြောတာပဲ၊ ရွှေကညာကလည်း၊ တော်ရှာတယ် ပြောရမယ်၊ ကျေးဇူးတရား နားလည်တယ်၊ ခြေဆုပ်လက်နယ်ရှိတယ်တဲ့ အိမ်အလုပ်လည်း၊ နောက်လှည့်မကြည့်ရ၊ သိန့်ကျန်းမာရေးကိုလည်း ဂရုစိုက်တယ်၊ ကျောင်းတက်နေတဲ့တစ်လျှောက်လုံး ချစ်သူရည်းစားလုံးဝမထားဘူး၊ သိန့် စိတ်မပူရအောင်လို့တဲ့လေ"

ထိုအချက်ကိုတော့ သူ သဘောအကျဆုံး ဖြစ်သွားသည်။ ဒီအချိန်ထိ ချစ်သူရည်းစားမရှိသေးတာ သူ့အတွက် အခွင့်အရေးပဲ ဖြစ်၏။ ဒီလို မိန်းကလေးမျိုးကမှ တကယ် တန်ဖိုးရှိတာမဟုတ်ပါလား။ ရွှေကညာဆိုသော မိန်းကလေးကို ရင်ထဲမှာ မှတ်မှတ်ထင်ထင် ရှိနေလျက် . . . ။

■ ■ ■

## အခန်း (၁၃)

"ဘာပြောလိုက်တာလဲ"

"လူနာရောက်လာတယ်၊ ဆရာဝန်ကြီးက အမြန်ခေါ်ခိုင်းလာပါတယ်"

"ဟုတ်"

သူမတို့ဟောက်(စ်)ဆင်းသည့်တစ်နှစ်လုံး များစွာခေတ်သွားကြသည်။ ဘယ်လိုလူနာပဲဖြစ်ဖြစ် သူမတို့အတွက် အတွေ့အကြုံပညာတွေ ရမှာမဟုတ်ပါလား။ ဆေးကျောင်းသားဘဝမှာ ဒါက လက်တွေ့အကျဆုံးနှင့် အရေးကြီးဆုံးအချိန်တွေပင်။

"အမယ်လေး"

"ရွှေကညာ"

ကားအက်ဆီးဒင့်ဖြစ်လာသော လူနာက တစ်ကိုယ်လုံးကျိုးကြေကာ သွေးအလိမ်းလိမ်းနှင့် သူမ လန့်ဖျပ်သွားပါသည်။ ရတုစ်က သူမလက်မောင်းလေးကို ဖျတ်ခနဲ လာဆုပ်ကိုင်လျက်

"ကညာ မကြည့်ရဲရင် အပြင်ထွက်နေလေ"

"ရ ရပါတယ် ဆရာဝန်ကြီးအဆိုခံရမှာပေါ့"

"ဒါဆိုလည်း မျက်လုံးလေးမှိတ်ထား။ အရမ်းလန့်သွားရင် နှလုံးခုန်မမှန်ဖြစ်လိမ့်မယ်၊ ဆေးသောက်ထားလိုက်ပါလား"

ဆရာဝန်ကို စိတ်ပူနေတာ သူတစ်ယောက်ပဲ ရှိလိမ့်မည်ထင်သည်။ တကယ်တော့လည်း ဆရာဝန်ဖြစ်ဖြစ် ဘာဖြစ်ဖြစ် ဒီလိုကိစ္စမျိုးကိုတော့ မိန်းကလေးတွေက အသည်းငယ်တတ်တာ အမှန်ပင်။ သေလုမြောပါး သွေးထွက်သံယို လူနာကိုတော့ မကြည့်ရဲကြ။

ယောကျ်ားလေးတွေက ဆရာဝန်ကြီးနှင့်လုပ်သက်ရင့် သူနာပြုဆရာဝန်တွေနိုင်းသည့်အတိုင်း လက်ရဲဇက်ရဲ လုပ်ကိုင်နေကြသည်။

"ကညာလာ"

အားလုံးပြီးလို့ ဆရာဝန်ကြီး ခွဲစိတ်ခန်းဝင်သွားသည့်အခါမှာ ရတုစံက သူမလက်ကိုဆွဲ၍ အပြင်ကို ခေါ်ထုတ်လာခဲ့သည်။

"အရမ်းကြောက်နေလား ကညာ"

"ကြောက်တာထက် မကြည့်ရဲတာ မကြည့်ရက်တာပါ၊ ဒီလောက်ပဲ ရုပ်ပျက်ဆင်းပျက် အဖြစ်ဆိုးရတယ်လို့"

"အဲဒါ အရက်အမူးလွန်ပြီး ကားကိုမဆင်မခြင်မောင်းလို့ ဖြစ်ရတာလေ၊ သူ့ဘာသာမောင်း သူ့တစ်ယောက်တည်းဖြစ်လို့ တော်သေးတာပေ့ါ။ အပြစ်မရှိတဲ့ တခြားသူတွေပါလာရင် ပိုပြီးသနားစရာကောင်းမှာ"

"ဘာလို့များ ကိုယ့်ကိုယ်ကိုယ် အန္တရာယ်ဖြစ်အောင် အရက်ကို သောက်ကြတာလဲမသိဘူး။ ကိုယ့်အသက်ကိုမှ မနှမြောကြတယ်"

"ဒီလိုပဲပေါ့ လူ့ဘဝနေရတဲ့အချိန်တိုတိုလေးမှာ ကိုယ့်ကိုယ်ကိုယ် ဖျက်စီးနေတဲ့သူတွေလည်း ရှိတာပဲ"



"အသက်မှ ရှင်ပါဦးမလား မသိဘူးနော်"

"တတ်နိုင်သလောက်တော့ ဆရာဝန်ကြီးတွေလည်း လုပ်တာပဲ၊ အသက်ရှင်တောင် လူကောင်းပကတိတော့ မဖြစ်နိုင်တော့ဘူး။ ခြေကျိုးလက်ကျိုး အာရုံကြောလည်း ထိသွားတယ်"

"အမယ်လေး ဒုက္ခပါပဲ"

"ကဲ သူများအတွက် ပူမနေနဲ့၊ နားနေခန်းထဲမှာ ဆေးလေးဖြစ်ဖြစ်သောက်လိုက်ဦး၊ နောက်ထပ်လူနာတွေလာရင် မကြည့်နိုင်ဘဲဖြစ်နေဦးမယ်"

ရတုစံက သူမလက်လေးကို ထပ်ဆွဲပြီး နားနေခန်းထဲ ခေါ်သွားပြန်သည်။ သူ အခွင့်အရေးယူပြီး လက်ကိုင်နေတာလားဟု စိတ်ဆိုးချင်ပေမယ့် သူ့ရဲ့ဂရုစိုက်မှုများကြောင့် စိတ်ဆိုးဖို့တောင် မေ့လျော့နေခဲ့သည်။

"ရော့ ဆေးသောက်လိုက်ဦး၊ နောက်ဆို အဲလို အက်ဆီးဒင့်ကိစ္စတွေဆို မကြည့်နဲ့"

"အမှတ်ပြည့်မရဘဲနေမှာပေါ့"

"ကျွန်တော်ရှိနေတာပဲ၊ ဆရာဝန်ကြီးတွေ မေးတဲ့အချိန် ဖြေနိုင်အောင် ကျွန်တော် ပြောပြမှာပေါ့"

"အင်း အဲလိုဆိုရင် တော်သေးတယ်"

သူမစိတ်ထဲ တော်တော်လေးပေါ့သွားသည်။ တခြားလူနာတွေကို ဆေးကုပေးရတာ စိတ်ပျော်ရွှင်မှုရှိပေမယ့် ဒီလို မကြည့်ရက်စရာလူနာအတွက်တော့ နှလုံးတွေမကောင်းလောက်အောင် စိတ်ထိခိုက်မိသည်။

"ကျေးဇူးပဲ ရတု"

"ရပါတယ် ဟိုလေ ကျွန်တော်တစ်ခုလောက် မေးလို့ရမလား"

"အင်း မေးလေ"

"ကညာ မွေးနေ့ကို သိလိုက်ရတာ ကျွန်တော့်ထက်နှစ်နှစ်လောက်ကြီးသလိုပဲ၊ ဒီကြားထဲမှာ စာမေးပွဲကျသေးလို့လားဟင်"

"ဟင့်အင်း ကျောင်းတက်တဲ့အတောအတွင်းမှာတော့ စာမေးပွဲကျတယ်ဆိုတာ တစ်ခါမှမရှိပါဘူး။ အန်တီသိမ့်မမွေးစားခင်က ကျောင်းထားနောက်ကျတာလား၊ ကျောင်းမတက်နိုင်လို့လားမသိဘူး နှစ်နှစ်လောက် နောက်ကျခဲ့တာ"

"ဪ ဒါဆို ကျွန်တော့်ထက် နှစ်နှစ်ကြီးတယ်နော်၊ အစ်မလို့ခေါ်ရမလား"

"အစ်မ ဟွန်း အသက်ကြီးတဲ့မိန်းမကြီးလို ဖြစ်သွားမှာပေါ့၊ မခေါ်ပါနဲ့၊ ကညာလို့ပဲခေါ်ပါ၊ အဲဒါမှ ရွယ်တူလို့ထင်ကြမှာ၊ ဒီကရုပ်က သူ့ထက်နှစ်နှစ်ကြီးတယ်လို့မထင်ရဘဲ နုပျိုလှပနေတဲ့ဟာကို"

ရွှေကညာ စကားကြောင့် ရတုစံ သဘောကျစွာ ရယ်လိုက်မိလေသည်။ တကယ်လည်း ရွှေကညာ ပြောသလိုပါပဲ။

ရွှေကညာနှင့်သူက အသက်နှစ်နှစ်လောက်ကွာသည်လို့ မထင်ရ။ သူကပဲ ရုပ်ရင့်လို့လား၊ ရွှေကညာက မျက်စောင်းနနလေး လှပစွာ ဝင့်လျက်

"ရတုက ဘာရယ်တာလဲ၊ လူကိုလှောင်တာပေါ့လေ"

"မဟုတ်ပါဘူး၊ ကညာပြောပုံလေးက ချစ်စရာကောင်းလို့ပါ"

"ဘာ"

"အာ ဟို ဆောရီး ကညာ၊ ကျွန်တော်က သဘောရိုးနဲ့ပြောတာ



ပြီ အဲ မဟုတ်ဘူး"

အမှန်အတိုင်း ပြောတာပါလို့ ပြောဖို့တော့ စောသေးသည်ထင်သည်။ သူ့ရဲ့စိတ်ကို သူမ နားလည်ဖို့ အချိန်လေးတော့ စောင့်ဖို့လိုသေးသည်ထင်၏။ ဒါပေမဲ့ နေ့စဉ်မြင်တွေ့ပြီး တပူးတွဲတွဲ အလုပ်အတူတူလုပ်နေရသည့်အတွက် သူ့နှလုံးသားတွေကတော့ ဟန်ဆောင်ထိန်းချုပ်၍ ခက်ခဲလာခဲ့သည်။

ရွှေကညာက မျက်နှာလေးတစ်ဖက် လှည့်သွားပြီး

"ဘာမှန်းမသိဘူး ပေါက်ကရတွေ လျှောက်ပြောနေတယ်"

"ဟိတ်ကောင် မင်းဘာတွေပြောနေတာလဲကွ"

စိုးဝေက အာကျယ်ပါကျယ် အော်မေးရင်းနှင့် နားနေခန်းထဲဝင်လာသည်။ ဆေးရုံမှာ အဖွဲ့ခွဲပြီး ဂျူတီချိန်းလိုက်တာ သူတို့သုံးယောက်သာ ကျန်ခဲ့သည်။ အလိုက်ကန်းဆိုးမသိသော စိုးဝေ လက်ကို သူ လှမ်းရိုက်ပစ်လိုက်ကာ

"မင်းက ဘာကြားပြီး ဘာတွေအော်နေတာလဲ"

"ရွှေကညာက ပြောနေတယ်လေ၊ ဘာမှန်းမသိဘူး ပေါက်ကရတွေလျှောက်ပြောနေတယ်တဲ့၊ မျက်နှာအနေအထားနဲ့ လေသံကိုကြည့်လိုက်ရင် မင်း မရိုးမသားတွေပြောလို့ဆိုတာ သေချာတယ်"

"အာ မဟုတ်ပါဘူး ကညာ ကျွန်တော် ကညာကို ဘာပြောလို့လဲ ဘာမှမပြောဘူးနော်"

"မသိဘူး"

"ကဲ ကြည့် အဲဒီမသိဘူးဆိုတာကိုက သိတဲ့သဘောပဲ၊ မင်း မဟုတ်မဟပ်တွေပြောလိုက်တာ သေချာပြီ ဟိတ်ကောင်"

"တကယ်ပါကွာ မပြောရသေးပါဘူးဆို"

"ဒါဆို ပြောတော့ ပြောချင်နေတယ်ပေါ့"

ရွှေကညာ မမြင်နိုင်တာမို့ စိုးဝေကို မျက်လုံးမှိတ်၍ ခေါင်း ညိတ်ပြလိုက်သည်။ စိုးဝေကလည်း သဘောပေါက်သည့်ဟန်ဖြင့် မျက်စိ တစ်ဖက်မှိတ်ပြ၏။

စိုးဝေက ဆေးကျောင်းတက်စဉ်တည်းက စိတ်တူကိုယ်တူ ပေါင်းသင်းခဲ့သည့် သူငယ်ချင်းပါ။ နှစ်ယောက်လုံး ချစ်သူရည်းစား မထားဘဲ စာကိုပဲ ကြိုးစားခဲ့ကြသည်။ စိုးဝေမိဘတွေကလည်း အစိုးရ အမှုထမ်းအရာထမ်းအဆင့်အတန်းရှိသည့် သူတွေပင်။ မေမေက တခြား အပေါင်းအသင်းများမှာစိုးသော်လည်း ဂုဏ်ဒြပ်ရှိသော အသိုင်းအဝန်း ကဖြစ်သည့် စိုးဝေကိုတော့ လိုလိုလားလားပင် ပေါင်းသင်းနိုင်ခဲ့သည်။

"စိုးဝေ လာဦး"

စိုးဝေလက်ကိုဆွဲ၍ နားနေခန်းထဲက ထွက်လာခဲ့သည်။ ရွှေ ကညာရှေ့မှာ အလွန်အကျွံတွေ ဖြစ်လို့မရသေးပါ။ စိုးဝေက လက်ကို ခါထုတ်ပြီး

"ဘာလဲဟ"

"ကညာရှေ့မှာ ပေါ်တင်ကြီးတော့ မလုပ်နဲ့ဦးလေကွာ၊ အချိန် က နည်းနည်းတိုသေးသလားလို့"

"လက်နေးသွားရင် ကိုယ့်ထက်စီနီယာကျတဲ့ဆရာဝန်ချောချော လေးတွေနဲ့ ငြိသွားမယ်နော်၊ ရွှေကညာက ဆွဲဆောင်မှုလည်းရှိတယ်၊ ချောလည်းချောတယ်၊ ကိုယ် လက်မသွက်ရင်သူများစာ ဖြစ်သွားမှာ"

"ဟုတ်တယ်နော် ငါ အဲလိုတော့ အဖြစ်မခံနိုင်ဘူး။ ကညာ့ကို



ချစ်တယ်ကွာ၊ တကယ်ပြောတာပါ၊ ပိုင်လည်း ပိုင်ဆိုင်ချင်တယ်၊ ငါ ဘယ်လိုလုပ်ရမလဲ"

"ချစ်သူရည်းစားထားဖို့ အတွေ့အကြုံမရှာခဲ့တော့ မင်း ယောင် ဝါးဝါး ဖြစ်နေတာပေါ့"

"အောင်မာ မင်းကရော ထားခဲ့လို့လား၊ အရှူးချင်း တမူး ပိုရှူနေချင်သေးတယ်"

"ဟ ငါက နည်းနည်းတော့ လေ့လာထားပါတယ်ကွ၊ မင်းကို ငါအကြံပေးဘဲ ထားလိုက်မယ်နော်"

"ဟဲ ဟဲ သူငယ်ချင်းကလည်း ငါ ရှေ့လျှောက် မင်းကိုပဲ အားကိုးမယ်နော်၊ ဒီနေ့လို မြှောက်ထိုးပင့်ကော်လေး လုပ်ပေးဖို့ မမေ့ ပါနဲ့"

"အားကိုးတယ်ပေါ့"

"ဂျိုကိုင်ပြီး ကျေးဇူးဆပ်ပါ့မယ်ကွာ"

"ခွေးကောင်"

နှစ်ယောက်သား ပေါ့ပါးစွာ ရယ်ဖြစ်ကြသည်။ နေ့စဉ်မြင်တွေ့ နေရသည့် ရွှေကညာရဲ့မျက်နှာလေးက သူ့အတွက် အဓိပ္ပာယ်တွေနှင့် လှပနေခဲ့လို့ပါ။ ထိုခံစားမှုမျိုးက အခုမှ ခံစားဖူးတာ။

အချစ်ဆိုတာ အဲလို ပျော်ရွှင်မှုတွေ စိတ်ချမ်းမြေ့မှုတွေ ပေးစွမ်း နိုင်သည့် တန်ခိုးရှင်ပါလား။ သူက ထိုတန်ခိုးရှင်ကိုကိုးကွယ်ဖို့ ဆုံးဖြတ် ချက်တွေနှင့် . . .။

■ ■ ■

## အခန်း (၁၄)

"ကညာ ရွှေကညာ ကျွန်တော်တို့ဆီမှာ"

ထမင်းစားတာကတော့ ဖြစ်သလိုပင် ဆေးရုံနားက ထမင်းဆိုင်မှာပင် စားဖြစ်ကြသည်။ ဆိုင်လေးက သပ်သပ်ရပ်ရပ်လေးနှင့် မြန်မာထမင်းဟင်း တရုတ်အစားအစာ၊ စားချင်တာတော့ အကုန်ရပါသည်။ ညဂျူတီဆိုလည်း မိုးလင်းပေါက်ဖွင့်သည့်ဆိုင်ပင်။

ဆေးရုံဝန်ထမ်းတွေနှင့် ရင်းနှီးသည့်ဆိုင်လေးဖြစ်တာကြောင့် အစစ အရာရာ အဆင်ပြေသည်ဟု ပြောရမည်။ ရွှေကညာက သူတို့စားပွဲဝိုင်းမှာပင် ဝင်ထိုင်ပြီး

"ရတုတို့က အရင်ထွက်သွားတာပဲ"

"ဒီကောင်လေ ဗိုက်ဆာလို့တဲ့ ဖွတ်ဆွဲခေါ်လာတာ၊ ကညာကိုခေါ်ဦးမယ်ဆိုတော့ တာဝန်ခံဆရာက တစ်ယောက်ယောက်မရှိရင် မြော်နေလိမ့်မယ်တဲ့၊ ဒီကောင့်မှာ အပြစ်ရှိတာ ကညာ"



"ဟုတ်ကဲ့ပါ ကျွန်တော်မျိုးကြီးအပြစ်ရှိပါတယ်၊ အဲဒါကြောင့်ားလည်းပြီးနေပြီဆိုတော့ တာဝန်ခံဆရာကျော် မငြိုငြင်အောင် ငါသွားတိုက်တော့မယ်၊ မင်းတို့အေးအေးဆေးဆေး စားသောက်ပြီးမှသာ လာခဲ့ကြ ဟုတ်ပြီလား"

"ကြွကြွ ကျေးဇူးရှင်"

စိုးဝေ ရှောင်ပေးသွားမှန်းသိတာကြောင့် သူ တမင်ပြောလိုက်ခြင်းဖြစ်သည်။ စိုးဝေက မျက်စိတစ်ဖက်မှိတ်ကာ တိုက်တွန်းသွားသေး၏။ သူက ရွှေကညာရိပ်မိသွားမှာစိုး၍ အသာပင် ငြိမ်နေလိုက်ရကာ

"ကညာ ဘာစားမှာလဲ ကျွန်တော် မှာပေးမယ်"

"ထမင်းပဲ ဝက်သားနဲ့"

စားပွဲထိုးလေးကို သူမဘာသာခေါ်ပြီး ပြောလို့ရပါလျက်နဲ့ သူ့ရဲ့ဂရုစိုက်မှုကိုခံချင်တာကြောင့် သူ့ကိုပဲပြောလိုက်သည်။ ရတုစံက သူမစားမည့်ဟင်းခက်ရင်းကအစ တစ်ရှူးလေးနှင့် သေချာသုတ်ပေးတာပါ။ ရေနွေးငှဲ့ပေး၊ ဟင်းခပ်ထည့်ပေးဖြင့် တစ်နေ့တစ်နေ့ သူမစိတ်တွေ ညွတ်နူးလာအောင် ဆွဲဆောင်နိုင်လေသည်။

"ကညာ စားလေ၊ ဗိုက်အရမ်းဆာနေတော့မှာပဲ၊ နောက်နေ့ကျကညာနဲ့အတူတူ လာတော့မယ်၊ ဒီကောင်နဲ့ လုံးဝ မသွားဘူး"

"အဲလိုမလုပ်ပါနဲ့ သူက ရတု သူငယ်ချင်းမဟုတ်လား။ တော်ကြာ ကညာနဲ့ရတုကို တစ်မျိုးထင်သွားဦးမယ်"

"တစ်မျိုးထင်တော့လည်း ဂရုစိုက်စရာလား။ ထင်ထင်ပေါ့"

"အံမယ် ရတု နစ်နာသွားပါဦးမယ်"

"နာပါစေ ကညာအတွက်ဆို ကျွန်တော့်ဘဝ ပျက်ချင်ပျက်ပါ

စေ ကျွန်တော် အနစ်နာခံနိုင်ပါတယ်''

သူက တကယ်ပြောလိုက်တာဆိုသော်လည်း ရွှေကညာက ေ နောက်သည်ထင်၍ မျက်စောင်းလေးလွှင့်လာသည်။ သူက ထိုမျက်စောင်း လေးကိုပဲ ပိုတိုး၍ ချစ်မိကာ

''ကညာက ဘယ်လိုနေနေ အရမ်းချစ်စရာကောင်းတာပဲ''

''ဘာ အဟွတ် ဟွတ်''

''ဟာ ကညာ ထမင်းသီးသွားပြီ ရော့ ရော့ ကျွန်တော် ရေနွေး အေးပေးထားတယ် သောက်လိုက်''

သူမ ဟန်မဆောင်နိုင်ဘဲ သူပေးသော ရေနွေးခွက်ကို ယူ၍ သောက်လိုက်ရသည်။ သူ ဘာပြောပြော အသက်ရှူမှားလောက်အောင် ရင်ခုန်နေခဲ့လို့ပါ။

''ဟင်''

တစ်ရှူးလေးနှင့် သူမပါးစပ်မှာပေနေတာကို လာသုတ်ပေးတာ မို့ သူမ ရင်တွေအဆမတန် ခုန်သွားရသည်။ သူ့ရဲ့ကြင်နာဂရုစိုက်မှုတွေ က တွေ့ထိမှုခံစားမှုအသစ်တွေ ဖြစ်နေခဲ့သည်။

''ဖယ်ပါ''

သူမ ရှက်ရှက်နှင့် သူ့လက်ထဲက တစ်ရှူးကိုယူ၍ ကိုယ့်ဘာသာ ပဲ သုတ်လိုက်ရသည်။ ရတုစံက သူမမျက်နှာလေးကို ညှို့ရီဆွဲဆောင် သော မျက်ဝန်းများဖြင့် စူးငေးစွာကြည့်နေခဲ့သည်။

သူမမှာမနေတတ်လွန်း၍ မျက်နှာကိုဟိုလွှဲဒီလွှဲ ဘယ်လိုနေရ မှန်းပင် မသိပါ။

''ကညာ''





''ဘာ ဘာလဲ''

''ကျ ကျွန်တော် ကညာကို ချစ်တယ်''

''အဟွတ်''

သူမ ထမင်းမသီးအောင် မနည်းပင်ထိန်းလိုက်ရပြီး ခွန်းခက် ရင်းကိုချ၍ လက်ကျန်ရေနွေးကို မော့သောက်လိုက်ရသည်။ တော်တော် အလိုက်ကန်းဆိုးမသိသည့် ရတုစံပါ။

ထမင်းစားတုန်း ချစ်စကားကြိုက်စကား ပြောရသတဲ့လား။ ယောင်ယမ်းကာ ဝက်သားအတုံးလိုက်မျိုချမိတော့ လည်နုတ်မသွားနိုင်ဘူး လား။

''ကညာ''

''ခဏ ခဏခေါ်မနေနဲ့၊ ဒီမှာ ထမင်းစားနေတာကို''

''ဆောရီး အဲဒါဆို စားတာပဲ ထိုင်ကြည့်နေတော့မယ်''

ရတုစံကတော့ တကယ်ကို မနေတတ် မထိုင်တတ်အောင်လုပ် သည့်သူပင်။ သူ ထိုင်ကြည့်နေတာ သူမ ဘယ်လိုလုပ်စားလို့ဝင်မှာလဲ။ သူမ ထမင်းစားခြင်းကို လက်စသတ်၍ ပန်းကန်တွေကို တစ်ဖက်တိုး ရွှေ့လိုက်သည်။

''ကော်ဖီသောက်မယ် မဟုတ်လား။ ကျွန်တော် ကော်ဖီမှာထား တယ်''

ဒီလို အလိုက်သိမှုကလည်း သူမကိုအနေခက်စေတာပင်။ ဒါပေမဲ့ ကော်ဖီခွက်ကို ယူကာ သောက်လိုက်သည်။

''စကားပြောလို့ရပြီလား ကညာ''

''ခုနစကားဆို မပြောနဲ့''

"ဘာဖြစ်လို့လဲ"

"အန်တီသိမ့်ကို ချစ်သူရည်းစားမထားပါဘူးလို့ ကတိပေးထားတယ်"

"တစ်သက်လုံး အပျိုကြီးလုပ်မှာလား"

"အင်း အန်တီသိမ့်လိုပဲ အပျိုကြီးလုပ်မှာ"

"ဒါတော့ ကညာ မတရားဘူး"

"အဲမယ် ဘာဖြစ်လို့လဲ"

"ကျွန်တော်ကျတော့ ဘယ်လိုလုပ်မလဲ ကျွန်တော်က ကညာကို ချစ်နေတာ၊ ကညာကို လက်ထပ်ချင်တယ်၊ ကညာနဲ့မိသားစုဘဝတည် ဆောက်ချင်တယ်၊ ကလေးတွေအများကြီး မွေးချင်တယ်"

"ရတု ရှင်"

သူမ အရှက်သည်းစွာ မျက်နှာလေး နီရဲသွားသည်။ ရတုစံ မျက်နှာက ပြုံးစိစိနှင့်ပါ။

"ကျွန်တော် တကယ်ပြောတာ ကညာ၊ ကျွန်တော်လည်း ချစ်သူ ရည်းစားတစ်ယောက်မှ မထားခဲ့ဖူးပါဘူး။ ပညာရေးတစ်ခုကိုပဲ အာရုံ စိုက်လာခဲ့တာ၊ ဒါပေမဲ့ ကညာကိုတွေ့တဲ့အချိန်မှာ အချစ်တွေဖြစ်ပေါ် လာခဲ့တယ်၊ ကညာနဲ့တွေ့မှ ကျွန်တော့်ဘဝအတွက် ပထမဆုံးအချစ်ကို တွေ့ရှိခြင်းပါ၊ ကျွန်တော့်ကို ငဲ့ညှာသောအားဖြင့် နည်းနည်းလောက် စဉ်းစားပေးပါလား ကညာ"

"ဟို အဲ အဲဒါက အန်တီသိမ့်နဲ့တိုင်ပင်ဦးမယ်"

"ကညာရယ် ကျွန်တော့်ကိုချစ်မှာ အန်တီသိမ့်နဲ့တိုင်ပင်နေရဦးမှာလား"



"အန်တီသိမ့်က ကညာရဲ့ကျေးဇူးရှင်ပါ၊ မိဘအုပ်ထိန်းသူဆိုလည်း ဟုတ်ပါတယ်၊ အန်တီသိမ့်မသိဘဲ အန်တီသိမ့်ကို မတိုင်ပင်ဘဲ ဘာမှမလုပ်ချင်ဘူး"

"အချစ်ရေးကိုတော့ အန်တီသိမ့် ပိတ်ပင်တားဆီးမယ် မထင်ပါဘူး ကညာရယ်၊ ကျွန်တော်နဲ့ဆိုလည်း သဘောတူမှာပါ"

"ဘယ်လိုပြောရမလဲ အန်တီသိမ့်က ဘယ်သူ့ကိုချစ် ဘယ်သူ့ကို မချစ်ပါနဲ့လို့ အမိန့်ပေးတားဆီးတာမျိုး ချုပ်ကိုင်ထားတာမျိုးတော့ မရှိပါဘူး။ ဒီလိုဖြစ်ချင် ဒီလိုလုပ်သင့်တယ်လို့ ဆုံးမသွန်သင်တာမျိုးပဲလုပ်တာပါ၊ အဲဒါကြောင့်လည်း ကျောင်းတက်နေစဉ်ကာလတစ်လျှောက်လုံး ဘယ်ယောကျ်ားလေးကိုမှ မကြည့်မိအောင် စိတ်မဝင်စားမိအောင် မချစ်မိအောင် နေခဲ့တယ်"

"ဩော်"

သူမနှင့်ဆုံခဲ့သည့်အခါတိုင်း ဒါကြောင့်မို့ ဒီလိုနေခဲ့တာပါလား လို့ သဘောပေါက်သွားခဲ့သည်။ သူမကိုလည်း ပိုပြီးတန်ဖိုးထား လေးစားမိသွား၏။ ဒီလိုတန်ဖိုးရှိသည့် မိန်းကလေးရဲ့အချစ်ကိုရဖို့ ခက်ခဲမှာပဲ မဟုတ်လား။

"ဒါဆိုလည်း အန်တီသိမ့်ကို တိုင်ပင်ကြည့်ပါ ကညာ၊ ကျွန်တော့်အချစ်ကို လက်ခံသင့်လား။ လက်မခံသင့်လားဆိုတာ ကျွန်တော် မိကောင်းဖခင်သားတစ်ယောက်ပါ၊ ကညာ မကြိုက်တာတွေရှိရင်လည်း ပြင်နိုင်ပါတယ်"

"ကညာက အဆင့်အတန်းတွေ ဂုဏ်ဒြပ်တွေကြည့်တတ်တဲ့ မိန်းကလေးမဟုတ်ပါဘူး။ ရိုးသားအေးချမ်းတဲ့ဘဝတစ်ခုကိုပဲ ရရင် တော်

ပါပြီ''

''ကျွန်တော့်ကိုယ်ကျွန်တော် ကညာကို အဲလိုတဝမျိုးပေးနိုင်တဲ့သူဖြစ်မယ်လို့ ယုံကြည်တယ်၊ အာမလည်း ခံပါတယ်''

''အန်တီသိမ့်နဲ့ အရင်ဆုံးတိုင်ပင်ကြည့်ပါဦးမယ် ရှင့်''

''ဟင် ဒါက''

ဝင်းဝါသော သူမရဲ့လက်မောင်းသားလေးမှာ အနာရွတ်ကြီးကြီးလေးကို မြင်လိုက်ရတာမို့ သူ အံ့အားသင့်သွားခြင်းဖြစ်သည်။ ဆေးရုံမှာဆို ရွှေကညာက အဖြူရောင်ဂျူတီကုတ်လေးကို အမြဲတမ်းမချွတ်တတ်ပါ။ စမ်းသပ်သည့် နားကြပ်လေးကို ပခုံးလေးမှာချိတ်ပြီး ဝံ့ဝံ့ကြွားကြွားလေး နေတတ်တာ။

ထမင်းဆိုင်ရောက်လာလို့ စိတ်အိုက်ပြီးချွတ်လိုက်ချိန်မှာ ပန်းရောင်လက်ပြတ်လေး ဝတ်လာသော ကညာရဲ့လက်မောင်းသားလေးက ဝင်းဝါလှပကြော့ရှင်းနေခဲ့သည်။

''အနာရွတ်က ကြီးလိုက်တာ အဲဒါ ကာကွယ်ဆေးထိုးတာကနေ အနာရင်းတာ မဟုတ်လား''

''ဟုတ်တယ် ထင်တယ် ကညာ သိပ်မမှတ်မိဘူး၊ တချို့တွေလည်း ငယ်ငယ်က အနာရင်းတာ အဖုအနာရွတ်ကြီးကြီး ကျန်ခဲ့တတ်ကြတာပဲ''

''အနည်းအပါးပါ၊ ညှော်နံ့တာကြောင့်သာ ဖြစ်ကြတာ၊ မိဘတွေ သိပ်ဂရုမစိုက်နိုင်ခဲ့လို့လေ''

''လက်မောင်းမှာ ဒဏ်ရာကြီးနဲ့ဆိုတော့ ကြည့်မကောင်းဘူး ထင်တယ်''





''ဟင့်အင်း ကညာက လက်မောင်းသားလှတော့ လက်ပြတ်လေးတွေနဲ့လိုက်တယ်၊ နောက်လည်း အမြဲဝတ်ပါ ကညာ''

''အိမ်မှာဆိုရင်တော့ ပေါ့ပေါ့ပါးပါး နေချင်လို့ အမြဲတမ်း ဝတ်ဖြစ်ပါတယ်၊ ဆေးရုံမှာတော့ မဖြစ်ဘူးလေ''

''အင်း ဟုတ်တယ် ကျွန်တော်နဲ့အပြင်မှာတွေ့တဲ့အခါမျိုးကျရင်ဝတ်ပေါ့''

''အံမယ် ဖြစ်ရမယ်၊ ဘယ်သူက တွေ့မယ်ပြောလို့လဲ''

မှုန်ခွဲ့ခွဲ့မျက်စောင်းလေးက သူ့ရင်ကို အေးမြသွားစေသည်။ ဒီမိန်းကလေးကိုချစ်မိသည့်အတွက် သူတစ်သက်လုံး နောင်တရတော့မည်မဟုတ်။ နှလုံးသားနှင့်ရင်းကာ ချစ်မိနေသည်မဟုတ်လား။

ဘဝတစ်သက်တာအတွက်ပါ ရွှေကညာ။ မဆုံးတဲ့အချစ်တွေနဲ့ချစ်မိနေခဲ့လို့ပါ။ သူမရဲ့အေးချမ်းသောအလှကို ကြည့်နေရသည်မှာ သူ့ရင်တစ်ခုလုံးလည်း အေးချမ်းပျော်ဝင်နေခဲ့သည်။

သူမအချစ်ကိုသာ ပိုင်ဆိုင်ရလျှင် သူ ဘယ်လောက်တောင်ပျော်ရွှင်သွားမလဲ။

ဒီအကြောင်းကို မေမေ့ကိုလည်း အသိပေးမှဖြစ်မှာပါ။ သူမအချစ်ကိုရမှ ကန့်ကွက်တာမျိုး မလိုချင်။

အချစ်က ခွန်အားတွေပေးနေပြီမို့ ...။

■ ■ ■

## အခန်း (၁၉)

"ဘာပြောတယ် သား။ ရွှေကညာကို ချစ်နေတယ်"

"ဟုတ်ကဲ့ မေမေ၊ သား သူ့ကို ပရိုပို့(စ်) လုပ်ထားပါတယ်၊ သူ့ဆီကတော့ အဖြေပြန်မရသေးပါဘူး"

"သိမ့်မွေးစားသမီးဆိုပေမယ့် ရွှေကညာ ဘယ်လိုအတန်းအစားအမျိုးအနွယ်က ပေါက်ဖွားလာတယ်ဆိုတာ မသိရသေးဘူး သား။ မေမေက ဓာတ်သိအကြောင်းသိဖြစ်တဲ့ သိမ့်အစ်ကို ဆရာဝန်ကြီး ဦးရွှေဖုန်းမောင်ရဲ့သမီးနဲ့ လက်ထပ်ပေးဖို့ရည်ရွယ်ထားတာ"

"ဗျာ"

"မိုးယသော်က ဘယ်လိုမျိုးရိုးက ဆင်းသက်လာတယ်ဆိုတာ သိပြီးသားလေ၊ ဘယ်သူ့သမီး ဘယ်သူ့တူမအရင်းပါဆိုတဲ့ ဂုဏ်ဖြစ်ကလည်း သိသာထင်ရှားတယ်"

သူ မေမေ့စကားကို ခေါင်းရမ်း၍ ဖယ်ရှားလိုက်သည်။ အိမ်





ထောင်တစ်ခုမှာ အချစ်မပါဘဲ ဂုဏ်ဖြစ်က ဘာအရေးကြီးမှာလဲ။ မေမေက သူ့ကိုကြည့်ပြီး

"သားက ဘာကိုခေါင်းရမ်းတာလဲ"

"ဂုဏ်ဖြစ်ထက် လူတစ်ယောက်ရဲ့တန်ဖိုး၊ ကာရိုက်တာက ပိုအရေးကြီးပါတယ် မေမေ၊ မိုးယသော်အသိုက်အဝန်း ဘယ်လောက်ကောင်းကောင်း သူ ကာရိုက်တာကို သား မကြိုက်ဘူး။ ယောကျ်ားလေးတစ်ယောက်နဲ့ရောနှောပတ်သက်ဖို့ ခဲတင်းတဲ့မိန်းကလေးတစ်ယောက်ဆီမှာ မိန်းမတစ်ယောက်ရဲ့တန်ဖိုး ဘယ်လိုသွားရှာမလဲ"

"ဒါက အိမ်ထောင်ကျသွားရင် သူ့အလိုလို ပြုပြင်သွားမယ့်ကိစ္စတွေပဲ သား"

"အချစ်ကရော မေမေ၊ မချစ်ဘဲနဲ့ လူနှစ်ယောက် တစ်သက်လုံး အတူနေပေါင်းသင်းဆက်ဆံလို့ ရပါ့မလား။ သား လုံးဝ မိုးယသော်နဲ့ကိစ္စ လက်မခံနိုင်ပါဘူး မေမေ"

"ရွှေကညာကို သားတကယ် နှစ်နှစ်ကာကာ ချစ်နေပြီလား"

"ဟုတ်ကဲ့ ဘဝတစ်သက်စာကို ရည်ရွယ်ပြီးချစ်တာပါ"

သားရဲ့အဖြေစကားကြားတော့ ဒေါ်မိမိတင် သက်ပြင်းချမိလေသည်။ မိုးယသော်နှင့်ကိစ္စ စကားမကျွံရသေးလို့ တော်ပါသေးသည်။ မဟုတ်လျှင် မျက်နှာပျက်စရာတွေ ဖြစ်ရမှာ။ ဦးရွှေဖုန်းမောင်နှင့်သိမ့်သိမ့်မြိုင်တို့ကမိတ်ဆွေရင်းတွေလို ဖြစ်နေတာ မဟုတ်ပါလား။

"ရွှေကညာဆီက သားကိုချစ်တယ်ဆိုတဲ့အဖြေရမယ်လို့ မျှော်လင့်ထားသလား"

"သူလည်း သားကိုတော့ စိတ်ဝင်စားပုံတော့ ပေါ်ပါတယ်၊

ဒါပေမဲ့ အန်တီသိမ့်ဆန္ဒမရှိရင် သူ လွန်ဆန်မှာမဟုတ်ဘူး။ အဲဒါကြောင့် မေမေက အန်တီသိမ့်ကို စကားကြောင်းလမ်းပြီး ပြောပေးဖို့ပါ''

''အဖြေတောင် သေချာရသေးတာမဟုတ်တဲ့ သားရယ်၊ သိမ့်ကို မေမေက ဘယ်လိုသွားပြောရမှာလဲ၊ အစက မိုးယသော်ကိုစွက်သာ သိမ့်ကိုပြောကြည့်ဖို့ ရည်ရွယ်ထားတာ၊ သားလိုလူကောင်းလူတော်လေးနဲ့ဆို သူ့တူမနဲ့သိမ့် သဘောမတူစရာမရှိဘူးလေ၊ သူ့တူမကို သားက ထိန်းချုပ်နိုင်မယ်လို့ပဲ ထင်မှာ၊ ဦးရွှေဖုန်းမောင်ကလည်း သူ့လို ဆရာဝန်သမက်လောင်းကိုရမှာ ငြင်းမတဲ့လား။ မိုးယသော်ကလည်း သားကို စိတ်ဝင်စားမှုရှိတယ်ထင်လို့ မေမေက''

''တော်ပါ မေမေရာ၊ မိုးယသော်ကို သား လုံးဝကို စိတ်မဝင်စားတာ''

''အေးပါ ဟုတ်ပါပြီ၊ ရွှေကညာနဲ့သိမ့်ကို မေမေ ပြောကြည့်ပါမယ်၊ ဒါပေမဲ့ ရွှေကညာဆီက သားအဖြေရပြီးမှဆို မေမေ ပြောရကြောင်းလမ်းရတာ ပိုကောင်းတယ် သား''

''သူ့ဆီက အဖြေကတော့ အနေးနဲ့အမြန် ရမယ်ထင်ပါတယ် သူလည်း ကျောင်းတက်နေစဉ်ကာလတစ်လျှောက်လုံး ချစ်သူရည်းစားမထားဘဲ စာကိုပဲ အာရုံဝင်စားခဲ့တာ၊ သားနဲ့တွေ့တဲ့အချိန်မှာ သူ စိတ်လှုပ်ရှားတာ သား သတိထားမိတယ်၊ သားလည်း သူ့ကိုပဲ ပထမဦးဆုံးချစ်မိသွားတာပါ မေမေ''

''အင်း ချစ်မယ့်ချစ်တော့လည်း အသည်းအသန်ပါပဲလား သားရယ်၊ ဟောက်(စ်)ဆင်းလို့တောင် မပြီးသေးဘဲ လက်ထပ်ချင်နေပြီလား။ မေမေကတော့ မေမေ့သားလေး တော်လှတော်လှနဲ့ထင်နေတာ''





မေမေ ပြောတော့ သူ ရှက်ရယ်ရယ်လိုက်မိကာ

''မဟုတ်ပါဘူး မေမေကလည်း တကယ်လို့ ဖြစ်သွားရင်တောင် သားက ဟောက်(စ်)ပြီးမှ လက်ထပ်မှာပါ၊ ဆေးခန်းအရင်ဖွင့်မယ် နောက်မှ အထူးကုသမားတော်ဖြစ်အောင် နှစ်ယောက်လုံး ကျောင်းပြန်တက်မယ်''

''အင်း သားရည်ရွယ်ချက်က ကောင်းပေမယ့် မေမေ ဖြည့်ဆည်းပေးနိုင်ပါ့မလားပဲ''

''ဟင် ဘာဖြစ်လို့လဲ မေမေ''

''သားတို့တွဲ့ရတာနဲ့ ဆေးခန်းဖွင့်မယ်ဆိုရင် မေမေတို့အိမ်နေရာက မဖြစ်နိုင်ဘူးလေ၊ လမ်းထဲမှာ အထူးကုဆေးခန်းတွေက မှိုလိုပေါက်နေတာ၊ တခြားနေရာကောင်းမှာဖွင့်ဖို့ဆိုတာလည်း ငွေကုန်ကြေးကျတအားများမယ်၊ မေမေ့မှာ စက်ရုံလည်ပတ်ဖို့ကို မနည်းကြိုးစားနေရတယ် သား''

''ဘယ်လောက်တောင် ဆိုးဝါးနေပြီလဲ မေမေ၊ မေမေ့ရှိတုန်းက ဒီလိုတွေမဟုတ်ပါဘူး''

''မိန်းမသားအုပ်ချုပ်တာ ပြီးတော့ နားလည်ကျွမ်းကျင်မှုမရှိတာကြောင့် ဝန်ထမ်းတွေကောက်ကျစ်တာပေါ့ သားရယ်၊ မန်နေဂျာက အစ အဝတ်အထည်တွေ ခိုးထုတ်ရောင်းတယ်''

''ဟင် အဲဒီမန်နေဂျာကို အလုပ်ထုတ်မပစ်ဘူးလား''

''အလုပ်ထုတ်ပြီး ရုံးခန်းရောက်သွားတော့လည်း မေမေတို့ပိုင်ဆိုင်မှုသုံးပုံတစ်ပုံလောက်က ဆုံးရှုံးပြီးနေပြီလေ၊ အခုစက်ရုံတွေက အပြိုင်အဆိုင်ဆိုတော့ လစာပိုရတဲ့စက်ရုံမှာ အရည်အချင်းရှိတဲ့ဝန်ထမ်း

တွေက သွားလုပ်ကြတယ်၊ အခုစက်ရုံက ဝန်ထမ်းကောင်းမရှိ ပစ္စည်းက မပြည့်မစုံနဲ့လည်ပတ်နေရတာ''

''ဒါဆို သားစက်ရုံမှာလုပ်ရမလား မေမေ''

ဒါကျတော့ ဒေါ်မိမိတင် သွက်သွက်ခါအောင်ပင် ခေါင်းရမ်းသည်။

''ဒါတော့မဖြစ်ပါဘူး သား၊ ဆရာဝန်ဖြစ်ဖို့ ခုနှစ်နှစ်တောင် ငွေတွေအချိန်တွေ ရင်းလာခဲ့ရတာ၊ နည်းတဲ့ငွေတွေလား။ နည်းတဲ့အချိန်တွေလား။ စက်ရုံကိစ္စကတော့ မေမေပဲကြည့်လုပ်ပါမယ်''

''ဒီလောက်အခက်အခဲဖြစ်နေတာ ဖြစ်ပါ့မလား မေမေ''

''ဒီလိုအပြိုင်အဆိုင်ခေတ်မှာ မေမေတစ်ယောက်တည်း ဒီလိုဖြစ်တာမဟုတ်ပါဘူးကွယ်၊ ဣန္ဒြေမပျက် အရှက်မပြေ ဒီအတိုင်း ရပ်တည်နေကြတဲ့သူတွေရှိသလို လုပ်ငန်းလည်ပတ်ဖို့ ရုန်းကန်တောင့်ခံနေရတဲ့သူတွေလည်းရှိတယ်၊ သူဌေးအပြောင်းအလဲနဲ့အခြေအနေပြောင်းကြည့်ပြီး ဒီဘက်တိုးတက်တဲ့အခွင့်အလမ်းရသွားတဲ့သူတွေ ရှိပါတယ်၊ မေမေလည်း နားလည်တဲ့သူတွေနဲ့တိုင်ပင်နေလို့ အဆင်တော့ ပြေသွားမှာပါသား။ စိတ်မပူပါနဲ့''

မေမေက စိတ်မပူပါနဲ့ဆိုသော်လည်း သူကတော့ စိတ်ပူနေမိသည်။ ဖေဖေရှိတုန်းက ဒီလိုမှမဖြစ်တာ။

လုပ်ငန်းအသေးလေးကနေ စက်ရုံကြီးတစ်ရုံ တည်ထောင်နိုင်သည်အထိ အောင်မြင်အောင်ကြိုးစားနိုင်ခဲ့သည်။ ဒီဘက်ခေတ်မှာ အပြိုင်အဆိုင်တွေများသည်ဆိုလည်း ဖေဖေဆိုလျှင် မကျုံ့အောင်တော့ တောင့်ခံနိုင်မှာပါ။



မေမေ့အတွက် စိတ်မချမ်းမသာတောင် ဖြစ်ရသည်။

''မေမေ အဆင်မပြေတာရှိရင် သားကိုပြောပါ၊ ဒီလိုပဲ သားတို့ ကြည့်လုပ်ကြတာပေါ့၊ အထူးကုသမားတော်မဖြစ်လည်း ဒီအတိုင်း ဆရာဝန်ဆိုလည်း ရပါပြီ မေမေ''

''အေးပါ သားရယ် မေမေ ကြည့်လုပ်ပါမယ်၊ သားက ဒီဘက်ကိစ္စကို စိတ်ထဲမှာ မထားနဲ့ ကြားလား သား''

မေမေ ပြောတာကို သူ ခေါင်းညိတ်ပြရသည်။ သူ့အတွက်နှင့် မေမေ့ကို စိတ်အနှောင့်အယှက်မဖြစ်စေချင်ပါ။

သူ သက်ပြင်းတွေနှင့် ဘာကြောင့်မောသွားမှန်းမသိပေ။

■ ■ ■

## အခန်း (၁၆)

"ဘာပြောတယ် ကညာ၊ ရတုစံက သမီးကို ပရိုပို့(စ်)လုပ်တယ် ဟုတ်လား"

"ဟုတ် ဟုတ်ကဲ့ အန်တီသိမ့်"

အသိပေးခြင်းဟာ ကြောက်ရွံ့သည့်ဟန်မဟုတ်ပေမယ့် ရှက်ရွံ့သည့်ဟန်ဖြစ်နေတာကတော့ အထင်အရှားပင်။ ဒါသည်ပင် လက်ခံချင်လို့ တိုင်ပင်ကြည့်သည့်သဘောလား။

ရွှေကညာ မျက်နှာလေးကို စူးစမ်းသလိုပင် အကဲခတ်မိကာ

"ကညာကရော ဘယ်လိုသဘောရလဲ"

"ရှင်"

"လက်ခံဖို့ စဉ်းစားထားတာလားလို့မေးတာ"

"ဟို ဘာ ဘာမှစဉ်းစားမထားရသေးပါဘူး။ အန်တီသိမ့်ကို တိုင်ပင်ကြည့်တာပါ"

"ရတုကို စိတ်မဝင်စားဘဲ ဒီကိစ္စ အန်တီသိမ့်ကို တိုင်ပင်ပါ့



မလား"

"ရှင် အဲဒါက"

"အန်တီသိမ့် နားလည်ပါတယ် ကညာ၊ ကျောင်းတက်နေစဉ် တစ်လျှောက်လုံး ဘယ်ယောကျ်ားလေးကိုမှ စိတ်ဝင်တစားမနေခဲ့တာဘဲ အန်တီသိမ့် ကျေနပ်နေပါပြီ၊ ရတုနဲ့ပတ်သက်ပြီး ကညာ ဘာကြောင့် တိုင်ပင်တယ်ဆိုတာလည်း အန်တီသိမ့် သဘောပေါက်ပါတယ်"

"ဟို ကညာကလေ"

ရှက်ကိုးရှက်ကန်းဖြစ်သွားသော ရွှေကညာကိုကြည့်ကာ ဒေါ်သိမ့်သိမ့်မြိုင် နားလည်စွာ ပြုံးလိုက်သည်။

"မရှက်ပါနဲ့ ကညာ၊ အန်တီသိမ့်ကို အားတုံ့အားနာလည်း မဖြစ်ပါနဲ့၊ ဒါ သဘာဝတရားပဲ၊ သီးချိန်တန်သီး ပွင့်ချိန်တန်ပွင့်၊ ချစ်သူထားချိန်တန်တော့လည်း ထားရမှာပေါ့၊ အန်တီသိမ့်က ကညာချစ်သူထားမှာကို မတားပါဘူးကွယ်"

"ဟို ရတုစံကို အန်တီသိမ့် သဘောကျမှ"

"ခြော် ခက်ရချည်ရဲ့၊ ရတုစံကို အန်တီသဘောကျရအောင် အန်တီ လက်ထပ်မှာမှမဟုတ်တာ၊ သူ့ကို ကညာ စိတ်ဝင်စားသလား ချစ်သလားဆိုတာပဲ ကညာဘာသာ စဉ်းစားပါ၊ ကညာက သူ့ကို ဘယ်လို ခံစားမိနေလို့လဲ"

"ဒီ ဒီလိုပါ အန်တီသိမ့်၊ ဘယ်လိုပြောရမလဲ၊ သူ့ရဲ့ဂရုစိုက်ကြင်နာမှုတွေကို ကညာ သာယာမိသလိုပါပဲ၊ နေ့စဉ်အလုပ်အတူတူလုပ် နေရတော့ သံယောဇဉ်လည်းဖြစ်မိသလိုပါပဲ"

"ဟုတ်ပြီ ဒါဆို ကညာလည်း သူ့ကိုစိတ်ဝင်စားနေတာပဲ

အမြဲတော့"

"မပေးရသေးပါဘူး။ ကညာချစ်နေလည်း အန်တီသိမ့် သဘော မတူရင် ကညာလက်မခံပါဘူး"

"သြော် ကညာလေးရယ်"

ရင်မှာကြည်နူးပီတိဖြစ်သွားမိတာကတော့ အမှန်ပင်။ မွေးရကျိုး နပ်သည်လို့ပဲ ပြောရမလား။ တူ တူမအရင်းတွေတောင် ဒီလိုကိစ္စမျိုးကို အဒေါ်သဘောတူမှ လက်ခံမည်ဆိုသောဆန္ဒမျိုး ရှိနေကြလိမ့်မည်မထင်၊

"ကညာ"

"ရှင်"

"အန်တီသိမ့် ကျေးဇူးတင်တယ် သိလား။ ဒီလိုမျိုးစိတ်လေး ရှိနေလို့ပါ၊ အန်တီသိမ့်ကို ဒီလောက်ထိတောင် အလေးအနက်ထားလိမ့် မယ် မထင်မိဘူး"

"အန်တီသိမ့်ရယ် အန်တီသိမ့်က ကညာရဲ့ကျေးဇူးရှင်ပါ။ အဲဒီ ကျေးဇူးတရားတွေ ကညာတစ်သက်လုံး မမေ့ပါဘူး"

"တချို့က ဒီလိုကိစ္စမျိုးနဲ့ပတ်သက်ရင် မိဘတွေကိုတောင် သိမ် ဂရုစိုက်ကြတာမဟုတ်ဘူးလေ၊ ကညာက ဒီလိုအလေးအနက်ထားတော့ အန်တီသိမ့် တကယ်ဝမ်းသာမိပါတယ်၊ ရတုစံ ဖြစ်နေတဲ့အတွက်လည်း အန်တီသိမ့် သဘောတူပါတယ် ကညာရယ်"

အန်တီသိမ့်ဆီက ထိုစကားကြားတော့ သူမလည်း ဝမ်းသာ မိလေသည်။ သူမအတွက် စိတ်ထိခိုက် စိတ်မကောင်းဖြစ်သွားမှာပဲ စိုး ရိမ်တာပါ။ အန်တီသိမ့်က သူမခေါင်းလေးကို ဖွဖွလေးပုတ်လာပြီး

"သြော် အန်တီသိမ့် သမီးလေးတောင် အတောင်အလက်စုံ





ပြီး အရွယ်ရောက်လာပြီပဲ"

"ကညာ ခြေစုံကန်ပြီး ထွက်မသွားပါဘူး အန်တီသိမ့်"

"အိမ်ထောင်ပြုမယ်ဆိုရင် ယောင်နောက် ဆံထုံးပါရစမြဲပဲလေ၊ ခြေစုံမကန်ဘူးလို့တွေးထားလည်း သူ့နောက်တော့ လိုက်သွားရတော့မှာပဲ မဟုတ်လား"

"က ကညာ သူ့ကိုလက်မခံဘဲနေလိုက်ရမလားဟင်"

"အဟင်း ဟင်း အန်တီသိမ့်ကို တစ်ယောက်တည်းမထားခဲ့ချင် လို့လား။ တစ်နေ့နေ့တော့ ထားခဲ့ရမယ့်သူတွေချည်းပဲကွယ်၊ အဲဒီလိုတော့ မဆုံးဖြတ်ပါနဲ့၊ အန်တီသိမ့်က ကညာ ပညာစုံပြီး အိမ်ထောင်ရက်သား ကျပြီးသွားရင် နောက်ဆံတင်းစရာမရှိတော့ဘူး။ ကိုယ့်အတွက်ကိုယ် စိတ်အေးအေးနဲ့လုပ်နိုင်ပြီပေါ့"

"ရှင်"

"အန်တီသိမ့်လည်း ဘဝတစ်လျှောက်လုံး ကိုယ့်အတွက်မဟုတ် ဘဲ သူများအတွက်တွေနဲ့ ပင်ပန်းခဲ့ပြီလေ၊ ကညာတစ်ယောက်တည်း အတွက်ပြောတာမဟုတ်ဘူးနော်၊ မောင်တွေအတွက်လည်း ပညာစုံအောင် ရုန်းကန်ခဲ့ရတယ်၊ တူတွေ တူမတွေအတွက်လည်း အခုထိ ရုန်းကန်နေ ရတုန်းပဲ၊ အန်တီသိမ့်အတွက် သူတို့ ဘာမှလုပ်ပေးကြမှာမဟုတ်ဘူး"

"က ကညာကတော့"

ဒေါ်သိမ့်သိမ့်မြိုင် ပြုံးပြီး ရွှေကညာ ပခုံးလေးကို ဖက်ကာ နှစ်သိမ့်သည်။

"အန်တီသိမ့် ပြောပြနေတာကို ကိုယ့်ကိုယ်ကိုယ် အပြစ်ရှိတယ် လို့ မခံယူပါနဲ့ ကညာ၊ အန်တီသိမ့်က ကညာကို အပြစ်တင်နေတာ

မဟုတ်ပါဘူး။ ဘယ်သူ့ကိုမှလည်း အပြစ်မတင်ဘူး။ ကိုယ်လုပ်နိုင်သ
လောက် လုပ်ပေးပြီးလို့ အန်တီသိမ့် ပင်ပန်းပြီလို့ပြောတာ၊ အဲဒီလိုပြော
တာကလည်း ကညာကို စိတ်ဖြောင့်ဖြောင့်နဲ့လုပ်ချင်တာလုပ်စေချင်လို့
ပြောတာပါ၊ အန်တီသိမ့်က ကိုယ့်အတွက်ကိုယ်လုပ်တော့မှာဆိုတော့
နောက်ဆံတင်းနေမှာစိုးလို့လေ''

''အန်တီသိမ့်ရယ် အန်တီသိမ့်နဲ့ သေအတူရှင်မကွာ နေချင်
ပါတယ်၊ ကညာက အိမ်ထောင်မပြုရလည်း ဘာမှမဖြစ်ပါဘူး''

''အဲဒါဆို အန်တီသိမ့်က ကိုယ့်အတွက်ကိုယ် ဘယ်လုပ်နိုင်
တော့မလဲ၊ ဒါဆို အန်တီသိမ့်ကို ကျေးဇူးဆပ်ရာ ဘယ်ရောက်တော့မလဲ၊
ဟုတ်တယ်နော် ကညာက အန်တီသိမ့်ကို နောက်ဆံမတင်းဘဲ ကိုယ့်
အတွက်ကိုယ် လုပ်ခွင့်ပေးဦးမှပေါ့''

အန်တီသိမ့် ဘာဖြစ်စေချင်တာလဲ သေချာမသိပါ။ ရတုစံနှင့်
သဘောတူပေးတာပဲ ကျေးဇူးတင်ရမည်လား။

ထားခဲ့ရက်ပို့မတွေးလည်း ထားခဲ့ခိုင်းနေတာက တမင်နောက်ဆံ
မတင်းစေချင်လို့ပဲလား။ ဘာကိုတွေးရမှန်းမသိဘဲ ...။

■ ■ ■



## အခန်း (၁၇)

''ဪ မမတင် လာလေ၊ အကြောင်းကိစ္စရှိလို့ ရောက်လာ
တာထင်တယ်၊ စက်ရုံပိတ်ရက်မို့ သိမ့်လည်း အားနေတာနဲ့အတော်ပဲ''

''ဟုတ်ပ၊ သိမ့်ရေ၊ မမတင်လည်း စက်ရုံပိတ်ရက်လေးမို့ သိမ့်
နဲ့တွေ့ရအောင် ထွက်လာခဲ့တာ''

ညည့်ခန်းမှာထိုင်ဖြစ်ကြရင်း အိမ်အကူမိန်းကလေး လာချပေး
သော ကော်ဖီကိုသောက်လိုက်ကြသည်။ တစ်ယောက် ဘာပြောမည်ဆို
တာလည်း တစ်ယောက်သိနေသလိုပါ။

''မမတင် လုပ်ငန်းတွေရော အဆင်ပြေရဲ့လား''

''မပြေပါဘူး သိမ့်ရယ်၊ လုပ်ငန်းမပျောက်အောင် ကြိုးစား
ထိန်းနေရတာပါ၊ ပစ္စည်းထုတ်နေလည်း လက်ခံမယ့်သူရှိမှ ဖြစ်မှာလေ၊
ဈေးကွက်ရှာဖွေတဲ့သူကလည်း ဟိုဘက်ယိမ်းချင် ဒီဘက်ယိမ်းချင်နဲ့
အလုပ်ကိုကောင်းကောင်းမလုပ်ဘူး၊ အကျိုးအမြတ်ကို ရာနိုင်နှုန်းနဲ့
လိုချင်နေတာလေ၊ လစာသဘောမျိုးမဟုတ်ပေမယ့် မမသိမ့်လည်း ပေး

သင့်သလောက်တော့ ပေးနေတာပါပဲကွယ်"

"ဒီလိုပါပဲ မမသိမ့်ရယ်၊ ဒီဘက်ခေတ်မှာ သစ္စာရှိတဲ့ လူယုံတော်ဆိုတာ တော်တော်ရှားသွားပါပြီ၊ ငွေမျက်နှာနောက်ပဲ လိုက်ချင်ကြတော့တာ၊ ဒါပေမဲ့ သူတို့ကိုလည်း အပြစ်မပြောသာပါဘူးလေ၊ တခြားစက်ရုံတွေကလည်း ငွေနဲ့မက်လုံးပေးခေါ်နေကြတော့တာ၊ ကိုယ့်ဘက်က အုပ်ချုပ်မှုကောင်းတဲ့ ဦးစီးဦးဆောင်ခေါင်းဆောင်ကောင်းတွေ ရှိထားရင်တော့ ဒီလိုမဖြစ်ဘူးပေါ့"

"ကိုယ့်မှာရှိတဲ့လူတွေတောင် ပြုတ်နေတာ၊ အဲလိုလူတွေ ဘယ်သွားရှာရမလဲ သိမ့်ရယ်၊ မမသိမ့်တော့ ဘာမှကို မလုပ်တတ်တော့ဘူး"

ဒေါ်မိမိတင် မျက်နှာမကောင်းဖြစ်နေတာတော့ တော်ရုံကိစ္စကြောင့် မဖြစ်နိုင်။ လုပ်ငန်းဆိုတာ ဒီလိုပါပဲ။ အဆင်မပြေမှုတွေလည်း ရှိနိုင်တာပဲလေ။

"ဟို မမတင် ကော်ဖီသုံးဆောင်ပါဦး"

"နောက်တော့ သောက်တာပေါ့ သိမ့်ရယ်၊ အဆင်မပြေတာတွေ ပြောနေမိတာနဲ့ လာရင်းကိစ္စတွေတောင် မေ့တော့မယ်"

"ဘာများလဲ ပြောပါဦး မမတင်"

"ဟိုလေ ကညာ၊ သိမ့်ရဲ့သမီး မွေးစားသမီး ရွှေကညာ"

"အင်း ရွှေကညာ ဘာဖြစ်လို့လဲ"

မသိချင်ယောင်ဆောင်ပြီးတော့ဘဲ မေးလိုက်သည်။ ကိုယ်က၊ သိထားသည်ဆိုလျှင် သမီးရှင်တစ်ယောက်အနေနှင့် ဘယ်ကောင်းပါ့မလဲ။

ဒေါ်မိမိတင်က အားနာသလိုနှင့်

"သိမ့်သမီးကို မမတင်သားရတုစ်က စိတ်ဝင်စားနေလို့တဲ့လေ"





"ဟင် ဟုတ်လား"

"ဟုတ်တယ် သိမ့်ရယ်၊ သူတို့ချင်း ဆေးရုံမှာတွေ့ကြတယ် ထင်ပါတယ် သိမ့်ရယ်၊ အဲဒါ သားက အရမ်းကိုစိတ်ဝင်စားပြီး ချစ်နေတယ်၊ ဒါပေမဲ့ ကညာဆီက အဖြေတော့ မရသေးဘူးလို့ပြောတယ်၊ ကညာက သိမ့်ကိုတိုင်ပင်ပြီးမှ အကြောင်းပြန်မှာတဲ့၊ ကညာက သိမ့်ကို ဘာမှမပြောသေးဘူးလား"

"အင်း မ မပြောသေးဘူး။ သိမ့်ကိုအသိပေးရမှာ ခက်နေသေးလို့ ထင်ပါတယ်"

"ဪ မမတင်ကတော့ ပြောပြလိုက်မိပြီ၊ သိမ့်သဘောက ပြောပါဦး။ သားနဲ့ကညာကို သဘောတူရဲ့လား။ တညာက ပြောလာရင် ကန့်ကွက်ဖို့စိတ်ကူးများရှိနေလား"

"သိမ့်ကတော့ ကညာကို ဘယ်သူနဲ့သဘောမတူဘူး တူတယ်ဆိုတာမျိုး မရှိပါဘူး။ ကညာ ဘယ်သူ့ကိုချစ်ချစ်ပါ၊ သူ့နှလုံးသားအလိုဆန္ဒအတိုင်းပါပဲ၊ ရတုစ်ကို ကညာလက်ခံချင်လည်း လက်ခံပေါ့"

"ဒီစကားကြားရတာ မမတင် ဝမ်းသာပါတယ် သိမ့်ရယ်၊ မမတင်က မမတင်တို့မှာ စီးပွားရေးကျနေတာဆိုတော့"

"သိမ့်မှာ အဲလိုစိတ်မျိုး မရှိပါဘူး မမတင်၊ သူတို့မင်္ဂလာဆောင်ဖြစ်တဲ့အခါ သိမ့်အစစအရာရာ တာဝန်ယူပါ့မယ်"

"ဟင် သိမ့် သိမ့် တကယ်ပြောတာလား"

"သိမ့်က မိခင်တစ်ယောက်ပဲလေ၊ မွေးစားထားတယ်ဆိုပေမယ့် နောက်ဆုံးအချိန်ထိ သိမ့် တာဝန်ကျေသွားမှာပါ၊ သူတို့အထူးကုသမားတော်တွဲယူမယ်ဆိုလည်း သိမ့်ပဲ နှစ်ယောက်လုံးအတွက် တာဝန်ယူလိုက်

ပါမယ်''

''သိမ့်ရယ် မမတင်အဆင်မပြေလို့ အခုလို တာဝန်ယူပေးတာ မမတင် ကျေးဇူးတင်ပါတယ်''

ဒေါ်မိမိတင် ပြောတာကို ဒေါ်သိမ့်သိမ့်မြိုင် ဖြည်းလေးစွာ ခေါင်းရမ်းလိုက်သည်။

''သိမ့် ဒီလိုလုပ်ပေးတာ မမတင်တို့အဆင်မပြေတာချည်း ကြောင့် မဟုတ်ပါဘူး၊ သမီးတစ်ယောက်အပေါ်တာဝန်ကျေချင်တဲ့ မိခင် တစ်ယောက်စိတ်နဲ့ပါ၊ သူ အိမ်ထောင်ရက်သားကျပြီး အဆင်ပြေပြေ ဖြစ်သွားမှ သိမ့် တာဝန်ကျေမယ်လို့ ထင်မိတယ်''

''ဒါဆို သားကပြောတယ်၊ ဆရာဝန်ဘွဲ့ရပြီး ဆေးခန်းဖွင့်ချင် တယ်တဲ့၊ ကညာနဲ့နှစ်ယောက်ဆိုရင် အဆင်ပြေနိုင်မယ်တဲ့လေ၊ အဲဒါ လေးရော''

အဆင်မပြေမှုကြောင့် လောဘတက်တာလို့ပဲ သိမ့် ယူဆလိုက် ပါသည်။ မိမိကလည်း ကြိုတင်စိတ်ကူးပြီးသားပါ။

''အဲဒါလည်း သိမ့် တာဝန်ထားပါ မမတင်၊ သူတို့အဆင်ပြေ သွားတဲ့အထိ လုပ်ပေးသွားမှာပါ''

ဒီလိုပြောလိုက်မှ ဒေါ်မိမိတင်မျက်နှာ ဝင်းပသွားသည်။ တာဝန် အကုန်ငြိမ်းသွားတာမို့ ရွှေကညာအကြောင်း မေးချင်တာတောင် မမေး ဖြစ်တော့ပါ။

''ဩော် ကညာ မရောက်သေးဘူးလား သိမ့်''

''ဒီနေ့က ဒေးဂျူတီပါဆက်ဝင်ရမယ်ပြောတယ်၊ မနက်ဖြန်မှ တစ်ရက်လုံး နားရမှာလေ''





''ဩော် ဒါဆို သားနဲ့အတူတူပဲ''

''အတူတူမို့ပဲ သူတို့ချင်း သံယောဇဉ်ဖြစ်သွားကြတာနေမှာပေါ့ မမတင်ရယ်၊ ကောင်းပါတယ် ရတုစုံနဲ့ဆိုရင်တော့ ကညာကို သိမ့်လည်း စိတ်ချပါတယ်''

''မမတင်က သားကို မိုးယသော်လေးနဲ့ပတ်သက်မယ်ထင်တာ၊ ဆယ်တန်း နိုင်ငံခြားမသွားခင်က အိမ်ကိုတောင် လာဖူးသေးတယ်လေ၊ ဆယ်တန်း မှာ သားက ဘာသာစုံဂုဏ်ထူးနဲ့ ဆရာဝန်လိုင်းရသွားမှ မိုးယသော် နိုင်ငံခြားထွက်သွားတာမဟုတ်လား။ အဲဒီတုန်းက သားက ပြောသေး တယ်၊ မိုးယသော်က သားနဲ့ကျောင်းအတူတူမတက်ရလို့ နိုင်ငံခြားသွား နေမှာဆိုပြီး ပြောသွားတာတဲ့၊ နှင်ဆရာဝန်ဖြစ်တဲ့အချိန် ငါပြန်လာမယ် လို့တောင် ပြောသွားသေးတယ်တဲ့လေ''

''အဟင်း ဟင်း ငယ်သံယောဇဉ်တော့ ရှိကြမှာပေါ့၊ ဆယ်တန်း အထိတော့ အတူတစ်ကျောင်းတည်း ကျောင်းတက်ခဲ့ကြတာမဟုတ်လား''

''နိုင်ငံခြားရောက်တော့လည်း သားနဲ့တော့ အဆက်အသွယ် ရှိတယ် ထင်ပါတယ်၊ ဖုန်းပြောတာ မက်ဆေ့ချ်ပို့တာ တွေ့တယ်၊ အခု မိုးယသော် ပြန်မလာသေးဘူးတဲ့လား''

''အဲဒါတော့ ကိုဖုန်းကို မေးကြည့်မှသိမှာ၊ သိမ့်ဆီကိုက မုန့်ဖိုး လိုမှ ငွေလိုမှ ဆက်သွယ်ကြတာလေ၊ ဒီကြားထဲတော့ သတိရတယ်ဆိုတဲ့ ဖုန်းလေးတောင် ဆက်ဖော်ရတာမဟုတ်ဘူး။ တော်တော် သောက်ပုံရကျိုး နပ်တဲ့တူမလေး''

ဒေါ်သိမ့်သိမ့်မြိုင် ဝိတ်နှင့်ရယ်ရင်း ပြောနေတာပါ။ ပေးဆပ် သင့်လို့ ပေးဆပ်ရတာ ဘယ်သူ့ကိုမှ အပြစ်မမြင်ချင်။

ရွှေကညာအပေါ်လည်း ပေးဆပ်သင့်တယ် ထင်လို့ပါ။ သူမ အစ်ကိုနှင့်ကွဲအောင် လုပ်မိခဲ့သလိုပဲ မဟုတ်ပါလား။ ပြီးတော့ မိမိတို့ကြောင့် အတိတ်ကို မေ့နေခဲ့သည့် မိန်းကလေး။

ရွှေကညာက ပစ္စုပ္ပန်မှာ ပျော်နေသေးတာပဲ တော်သေးတာပေါ့။

ရွှေကညာလေး လိမ္မာသေးလို့သာပဲ။

■ ■ ■

## အခန်း (၁၈)

"ဟင် အန်တီသိမ့်က အဲလိုပြောလိုက်တာတဲ့လား"

"ဟုတ်တယ် မေမေက အန်တီသိမ့်ကို သွားတွေ့တာတဲ့လေ၊ ရွှေကညာကို သွေးသားရင်းချာလိုကို ချစ်တာတဲ့၊ အားလုံးတာဝန်ယူမယ် ဆိုတော့ မေမေတောင် အားနာခဲ့ရတာတဲ့လေ"

ရွှေကညာ ဝမ်းမသာနိုင်။ သူမအပေါ် အန်တီသိမ့် ဒီလောက်ထိ ပေးဆပ်စရာမလိုပါ။ တစ်သက်လုံး စောင့်ရှောက်လာပြီး ပညာတွေသင်ပေးနေတာပဲ တာဝန်တွေကျေနေပါပြီ။

နောက်ပိုင်းကိစ္စတွေက တကယ်လို့ ဖြစ်ခဲ့ရင်တောင် ရတုစ်တို့ဘက်ကပဲ တာဝန်ယူသင့်တာပေါ့။

"ဒီကိစ္စတွေအားလုံး အန်တီသိမ့် တာဝန်ယူမယ်ဆိုတာ ရတုအမေက ကျေနပ်အားရလက်ခံခဲ့တာတဲ့လား"

"ဟို ဘယ်လိုပြောရမလဲ၊ အန်တီသိမ့်က ကညာကိုချစ်လို့ အားလုံးတာဝန်ယူချင်တယ်ပြောတာကို မေမေက ပြန်ပြောပြရုံပါပဲ၊

အန်တီသိမ့်နဲ့က မိသားစုလိုရင်းနှီးတာဆိုတော့ မေမေ့ရဲ့အဆင်မပြေမှုတွေကို သိလို့လည်း ဖြစ်မှာပေ့ါ၊ ကျွန်တော်ကတော့ အန်တီသိမ့်က ကျွန်တော်နဲ့ကညာကို သဘောတူတယ် လက်ခံတယ် အဲလိုဆန္ဒမျိုး ရှိတယ်ဆိုတာကို သိစေချင်ရုံပါပဲ"

"ကညာ ငြင်းတယ်"

"ဟင်"

"ရှင့်ကို လက်မခံနိုင်တော့ဘူး၊ မချစ်တော့ဘူးလို့ ပြောတာ"

"ဘာ ဘာဖြစ်လို့လဲ ကညာရယ်"

"အန်တီသိမ့် ကညာအပေါ် အဲလောက်ထိ ပေးဆပ်မှာကို အားနာတယ်"

"ဟာ ကညာရယ် ကျွန်တော့်ကို အန်တီသိမ့် သဘောတူမှ လက်ခံမယ်ဆိုလို့ ဝမ်းသာအားရ ပြောပြတာပါ၊ ဘယ်လောက်ထိတောင် သဘောတူတာသိပြီး ကညာလည်း ဝမ်းသာမယ်ထင်တာ"

ရွှေကညာ ခေါင်းရမ်းသည်။ သူမက အန်တီသိမ့်မေတ္တာတွေကို ဒီလောက်ထိ မခံယူထိုက်သည့် မိန်းကလေးပါ။

"ရှင်လည်း ကညာကို မချစ်ပါနဲ့တော့ ရတုု၊ ဒီနေရာလောက်မှာပဲ ရပ်တန်းက ရပ်လိုက်ပါ"

"ကျွန်တော့်အမေက ဘာမှမလုပ်ပေးနိုင်လို့လား ကညာ၊ အန်တီသိမ့် ပြောတာကိုပဲ ပြန်ပြောပြတာပါ၊ ကျွန်တော်တို့ ဒီလောက်ထိ မမွဲသေးပါဘူး။ ကညာကို တင့်တောင်းတင့်တယ် လက်ထပ်ယူနိုင်ပါတယ်"

"ဟင့်အင်း ကညာ ဂုဏ်ပကာသနတွေ ငွေကြေးချမ်းသာမှုတွေကို မမက်မောပါဘူး။ ရှင်တို့ဘာလုပ်ပေးနိုင်မှုဆိုတဲ့မျှော်လင့်ချက်မျိုး





လည်း မရှိပါဘူး"

"ဒါဆို ကညာ ကျွန်တော့်ကို မချစ်နိုင်လို့လား"

"ဟင်"

ဟင့်အင်းလို့ ငြင်းလိုက်ရမှာ အခက်တွေ့နေသည်။ ချစ်နေလျက်နှင့် မချစ်ဘူးလို့ ဖြေရမှာလား။ နှလုံးသားကို လိမ်ညာမိလျှင်တော့ အပြစ်ဒဏ်သင့်မှာပါ။

"ကညာ"

"ဘာ ဘာလဲ"

"ကျွန်တော် မေးတာကို ဖြေပေးပါ၊ ကျွန်တော့်ကို မချစ်နိုင်လို့လား"

"ချစ်ခဲ့ရင်တောင် လက်ထပ်ဖြစ်မှာမဟုတ်ဘူး ရတု"

"လက်ထပ်ဖို့ကိစ္စ နောက်မှထားပါ၊ ကျွန်တော့်ကိုချစ်သလားဆိုတာပဲ အရင်အဖြေပေးပါ ကညာ"

"ဟင့်အင်း ကညာ မဖြေချင်ဘူး"

"ကညာ"

အနာရွတ်ရှိသော လက်မောင်းသားလေးကို မချင့်မရဲဖြင့် ဖျစ်ညှစ်ပစ်လိုက်သည်။ ရွှေကညာ လန့်ဖျပ်သွားလျက် မျက်လုံးပြူးလေးဖြင့် မော့ကြည့်၏။

"ဘာလုပ်တာလဲ ဖယ်ပါ"

"ကျွန်တော် ကညာကိုချစ်တယ် ကညာ၊ ကညာလည်း ကျွန်တော့်ကိုချစ်နေလိမ့်မယ်လို့ ကျွန်တော် မျှော်လင့်ထားတယ်၊ အဲဒါကို ဘာလို့ မဖြေချင်တာလဲ ဘာလို့ မဖြေတာလဲ"

"ကညာ ဟင့်အင်း"

"ကညာ"

အနမ်းဦးပါ။ သူ ကညာ့နှုတ်ခမ်းလေးကို ရှိုက်ခနဲ နမ်းပစ်လိုက်သည်။ ဘဝမှာ ပထမဦးဆုံးအဖြစ် မိန်းကလေးတစ်ယောက်ကို ဦးခေါင်းကြည့်ဖိမြင်းပင်။ ရွှေကညာ ကိုယ်လေးလည်း ဆတ်ဆတ်တုန်သွားလျက် သူ့မျက်နှာကိုမကြည့်တဲ့ မျက်လုံးလေးမှိတ်ချထား၏။ သူမ အံ့အားသင့်ပြီး ရှက်ရွံ့တုန်လှုပ်သွားခဲ့တာ ဖြစ်မည်။ ပြီးမှ သတိရသွားသလို သူ့ကိုယ်ကြီးကို တွန်းဖယ်၏။

"ဘာမှန်းမသိဘူး ဖယ်ပါ"

လှုပ်ခတ်သော လေသံလေးနှင့်မို့ သူမ စိတ်မဆိုးဘဲ စိတ်လှုပ်ရှားသွားလို့ဆိုတာ သူ သဘောပေါက်လိုက်သည်။

"ဆောရီး ကညာ၊ ကျွန်တော် ညစ်ပတ်တဲ့စိတ်နဲ့မဟုတ်ပါဘူး။ ကညာကိုချစ်လို့ စိတ်မထိန်းနိုင်ဖြစ်သွားလို့ပါ၊ ကျွန်တော့်ကို ပြန်ချစ်ပေးပါ ကညာရယ်၊ ကျွန်တော် ဘယ်မိန်းကလေးကိုမှ မချစ်ဘူးလို့၊ အရူးအမူးဖြစ်သွားတာပါ"

"ရှင် အဲလိုဖြစ်တိုင်း ဒီလိုလုပ်ရသလား၊ ရှင်နဲ့ကညာ ဘာမှလည်းဆိုင်သေးတာ မဟုတ်ဘဲနဲ့"

"ဆိုင်ရအောင် ကျွန်တော့်ကိုချစ်တယ်လို့ အဖြေပေးလိုက်ပေါ့ ကညာရယ်နော်၊ နော် ကညာ"

လူနာအမဲခြောက်တောင်းသလို တကျီကျီနှင့်မို့ သူမ စိတ်ညစ်လာမိသည်။ အန်တီသိမ့်ကို ဒုက္ခပေးသလို မဖြစ်ချင်လို့ပါ။ အခုချိန်မှာတောင် ကျေးဇူးတွေဆပ်လို့မကုန်တာ။



ဒီလောက်ထိ ပေးဆပ်ဦးမည်ဆိုလျှင် သူမ ခြေစုံကန်ထွက်သွားရမှာ တရားပါ့မလား။

ရတုစံကိုလည်း မချစ်ဘဲမနေနိုင်ဖြင့် သူမစိတ်တွေ မွှန်းကျပ်၍ ပင်လာမိသည်။

"ကညာ စဉ်းစားဦးမယ် ရတု"

"တော်ပါတော့ ကညာရယ်၊ ကညာ ဘာလို့ ကျွန်တော့်ကိုအမျိုးမျိုး ဆင်ခြေပေးနေတာလဲ၊ အန်တီသိမ့်ကလည်း သဘောတူပါတယ်ဆို ဘာလိုသေးလို့လဲ ကညာ၊ အန်တီသိမ့် တာဝန်ယူမှာတွေမကြိုက်လို့ဆိုရင် ကျွန်တော် မေမေ့ကိုပြောလိုက်ပါမယ်"

"မ မပြောပါနဲ့ လူကြီးတွေချင်း တိုင်ပင်ထားတာဆိုရင် ကညာ အပြစ်မကင်းဖြစ်ဦးမယ်"

"ဒါဆို ကျွန်တော့်အချစ်ကို လက်ခံနော် ကညာ"

သူမ ခေါင်းညိတ်မိလိုက်သည်ထင်သည်။ သူမ ပခုံးလေးကို အပြုံးမျက်နှာနှင့်လာဖက်ပြီး နဖူးလေးကို ရှိုက်ခနဲနမ်းမွှေးပြန်၏။ တစ်ခါမှ မချစ်ဘူးလို့သာပဲ။ အတင့်ရဲလိုက်တာ မပြောပါနဲ့တော့။ ဒါပေမဲ့ သူမကရော ဘာကြောင့် ရှန်းမထွက်ချင်ရတာလဲ။ ဘာလို့သူ့ရဲ့အပြုအမူ အပြောအဆိုလေးတွေမှာ သာယာနေမိရတာလဲ။

အချစ်က အဲလောက်တောင် လူတစ်ယောက်ရဲ့စိတ်နှလုံးကို ဖွဲ့ညှို့နိုင်သတဲ့လား။

ကညာ ရှင့်ကိုချစ်ပါတယ် ရတု၊ နှလုံးသားတွေထဲက တော့်တမှုအပြည့်နဲ့ ဖွဲ့လမ်းမှုအပြည့်နဲ့ မခွဲနိုင်အောင် ချစ်မိနေပါတယ်။ ဒီအချစ်တွေကသာ မှန်ကန်ခဲ့မယ်ဆိုရင် ရတုနဲ့ကညာ ပေါင်းဖက်ရမယ်လို့ ယုံ

ကြည်ပါတယ်။

ဘဝတစ်ခုမှာ အချစ်တွေနဲ့ ပျော်မွေ့ချင်သေးတယ်လေ၊ ရှင်လည်း ကညာ့လိုပဲ ဆန္ဒရှိနေမယ်ဆိုတာ ...။

■ ■ ■

## အခန်း (၁၉)

"မင်းတို့က ချစ်သူတွေဖြစ်သွားပြီဆိုတော့ တတွဲတွဲလုပ်ပြီး ငါ့ကိုချန်ထားတာပေါ့လေ၊ မရဘူး ငါလည်း အတွဲရှာမယ်"

"ရှာပေါ့ကွ ငါတို့ကိုအားကျနေတာမဟုတ်လား။ နပ်စ်မလေးတွေလည်းရှိတယ်၊ ဆေးအရောင်းကုမ္ပဏီက မားကတ်တင်းဆင်းတဲ့ ကောင်မလေးတွေလည်းရှိတယ်၊ တစ်ယောက်ကိုချိတ်လိုက်ပေါ့"

"မင်းကကွာ ငါလည်း မင်းလိုမျိုး ဆရာဝန်မချောချောလေး လိုချင်တာပေါ့ကွ၊ ရွှေကညာက ရုပ်ချောသဘောကောင်း မနောလှ၊ မင်းကိုလည်း အရမ်းချစ်တတ်တဲ့မိန်းကလေး။ ပြီးတော့ အလိမ္မာ အိမ်ပါ ချွေးမလေးလည်းဖြစ်ဦးမှာ၊ အရမ်းအားကျတယ်ကွာ ရတုစံ"

စိုးဝေက တကယ်ကို အားရပါးရ ပြောနေခြင်းဖြစ်သည်။ သူနှင့်ကညာကလည်း အခုတလော တကယ်ကို တတွဲတွဲဖြစ်ပြီး စိတ်တူကိုယ်တူဖြင့် ဆေးပညာတွေ လေ့လာသင်ယူလိုက်၊ လူနာတွေကို စောနာ

ပါပါ စောင့်ရှောက်လိုက် ရှေ့သွားနောက်လိုက်ညီနေခဲ့သည်။ စိုးဝေမနာ လိုဖြစ်မည်ဆိုလည်း ဖြစ်ချင်စရာပဲပေါ့။ ရွှေကညာက ခပ်ပြုံးပြုံးဖြင့်

"ကညာလိုလူမျိုးကတော့ ရတုအတွက် တစ်ယောက်တည်းပဲရမယ်၊ စိုးဝေ ရှာချင်ရင်တော့ တခြားမိန်းကလေးပဲရမှာ"

"ဟုတ်ပါတယ် ရွှေကညာလို မိန်းကလေးမျိုး မတွေ့နိုင်တော့ဘူးဆိုတာ ကျွန်တော်လည်း သိပါတယ်၊ အဲဒါကြောင့် ရတုကို ကံကောင်းတယ်ဆိုပြီး အားကျနေတာလေ၊ ဒါနဲ့ ပောက်(စ်)ဆင်းဖို့က သိပ်မလိုတော့ဘူး။ မင်္ဂလာချက်ချင်းဆောင်မှာလား"

"လူကြီးတွေကတော့ အဲလို စီစဉ်နေကြတာပဲ၊ လူငယ်ချင်းလည်း ချစ်နေကြတာ၊ လူကြီးချင်းလည်း သဘောတူပြီးသားဆိုတော့ မြန်မြန်လက်ထပ် မြန်မြန်ပြီးသွားတာပေါ့တဲ့"

"အဲဒါလည်း ဟုတ်တာပဲလေ၊ ဘွဲ့လက်မှတ်ရတာနဲ့ ဆေးခန်းဖွင့်လိုက် ကွက်တိပဲ"

"ငါတို့နှစ်ယောက်လုံးက တိုင်ပင်ထားပြီးသားပါ၊ မင်းအကြံပေးစရာမလိုပါဘူး"

"ခွေးကောင် ငါက အကောင်းပြောတာကို မင်းက ကညာကိုရလို့ မာန်တက်နေတာပေါ့လေ"

"ဒါပေါ့ကွာ၊ ကညာလို မိန်းကလေးကို ရဖို့ လွယ်လို့လားကဲ ဂျူတီချိန်းမယ့်သူတွေလည်း ရောက်နေပြီ၊ မင်းမပြန်သေးရင်နေခဲ့ ငါတို့ တော့လစ်ပြီ လာ ကညာ"

ကညာ လက်ကိုဆွဲ၍ ထွက်လာခဲ့သည်။ ဂျူတီကုတ်တောင်မချွတ်ရသေးသော စိုးဝေက ဆဲဆိုကာ ကျန်ခဲ့သည်။ သူနှင့်ကညာက



တော့ ပြန်ရခါနီးကတည်းက အားလုံးအဆင်သင့်ဖြစ်နေခဲ့ပြီးသားပင်။

ဒီနေ့ကန်ပေါင်မှာ သွားထိုင်ဖို့ တိုင်ပင်ထားကြလို့ပါ။ တစ်နေ့ကုန် ပင်ပန်းထားကြတာမို့ မှန်းကျပ်မှုတွေ ဖြေဖျောက်ပြီး ချစ်သူဘဝရဲ့သာယာမှုလေးတွေ ခံစားချင်ကြလို့မဟုတ်ပါလား။

ကားက တစ်စီးစီမို့ကန်ပေါင်ရောက်မှ ဆုံဖြစ်ကြသည်။

"ဒီနေ့လေတဖြူးဖြူးတိုက်နေတယ်နော် ကညာ၊ အရမ်းအရသာရှိတာပဲ ကောင်းလိုက်တာ"

"အင်း ဆံပင်တွေတောင် လွင့်နေပြီ၊ စည်းထားဦးမှပဲ"

"ပေး ကျွန်တော် စည်းပေးမယ် ကညာ"

"ဟင် ရတုက စည်းတတ်လို့လား"

"နောက်ဆိုလည်း စည်းပေးရမှာပဲဥစ္စာ၊ အခုတည်းက သင်ထားမှာပေါ့ ကညာရဲ့"

"နောက်ဆို ကညာ့ဆံပင်တွေကို စည်းပေးမယ် ဟုတ်လား"

ကြည်နူးစွာ မေးလိုက်ခြင်းကို ရတုစံက ပြုံး၍ ခေါင်းညိတ်ပြ၏။

"အင်း ကညာဆံပင်တွေ ကျွန်တော်ပဲဖြီးပေးမယ် စည်းပေးမယ် ကညာ ခေါင်းလျှော်တဲ့အခါ ကျွန်တော် သုတ်ပေးမယ်"

ရတုစံ စကားကြောင့် ရင်ထဲမှာ သိမ့်သိမ့်လှုပ်ခတ်အောင် ကြည်နူးသွားမိသည်။ အဲလောက်တောင် ချစ်တတ်သည့်ယောကျ်ားကို ရတာ သူမ ဘယ်လောက်တောင် ကံကောင်းလိုက်ပါသလဲ။

သူမ ရင်ခုန်မပြေစွာနှင့်ပင် စလင်းဘက်ခ်အိတ်ထဲက ခေါင်းစည်းကြိုးနှင့်ဘီးကိုယူ၍ ရတုစံလက်ထဲ ထည့်လိုက်သည်။

"ရော့ ရတု လုပ်ပေး"

နံ့တိန်းလေးပေါ်မှာပင် သူမ ရတုကို ကျောပေး၍ ထိုင်လိုက်သည်။ ရတုက သူမဆံနွယ်တွေကို အရင်ဆုံး ဘီးနှင့်ဖြီးသင်ပေး၏။

"ဟင် ကညာ"

"ဘာလဲ ရတု"

"ကညာနားလေးရဲ့အောက်မှာ အမှတ်လေးရှိတယ်နော်၊ အရင်က ဆံပင်တွေနဲ့ဖုံးနေတော့ ကျွန်တော် မတွေ့မိဘူး"

"အင်း အဲဒါမွေးရာပါအမှတ်ထင်တယ်၊ ကညာလည်း မှန်နဲ့ကြည့်မှသိတာ"

"ကညာကတော့ အထူးအဆန်းပဲ လက်မောင်းမှာလည်း အနာရွတ်ရှိတယ်၊ လည်ဂုတ်အထက် နားအောက်မှာလည်း အမှတ်ရှိတယ်၊ ကညာ ပျောက်သွားရင် ကျွန်တော်ရှာလို့ လွယ်တာပေါ့"

"ပြောတော့မယ် ကညာက ဘာလို့ပျောက်ရမှာလဲ ရတုအနားမှာပဲ အမြဲတမ်းနေမှာ"

"ဩော် အကြောင်းအမျိုးမျိုးကြောင့် ပျောက်သွားခဲ့ရင် ရှာလို့လွယ်တယ်လို့ သဘောပြောတာပါ၊ ကျွန်တော်ကရော ကညာကိုအပျောက်ခံပုံမလား ကညာရယ်၊ ကညာကို ကျွန်တော့်မျက်စိအောက်မှာ ကျွန်တော့်ရင်ထဲမှာပဲ အမြဲထားမှာပါ"

"အဲဒီစကားက လက်ထပ်ပြီးလို့ အသက်တွေကြီးသွားတဲ့အထိ တည်မြဲနိုင်ပုံမလား"

"ကတိပေးပါတယ် ကညာ၊ ကျွန်တော့်အသက်နဲ့လောင်းကြေးထပ်ပြီးကို ကတိပေးပါတယ်၊ ကျွန်တော် ကညာကို ပေါ့ပေါ့တန်တန် ချစ်ခဲ့တာမဟုတ်ပါဘူး။ အလေးအနက်တန်ဖိုးထားပြီး ချစ်တာပါ၊ ကညာ





ယုံပုံမလားတော့ မသိဘူး"

"ယုံလို့ပဲ ရတုကို အဖြေပြန်ပေးခဲ့တာပေါ့ ရတုရယ်၊ ကညာကလည်း ယောကျ်ားတစ်ယောက်ကို လွယ်လွယ်မချစ်တတ်ပါဘူး။ ကိုယ့်ရင်ထဲမှာ ဆန္ဒတကယ်ရှိလို့ အလေးအနက် တစ်သက်စာရည်ရွယ်လို့ ပြန်ချစ်ခဲ့တာပါ"

"ကျွန်တော်တို့လက်ထပ်ကြမယ်နော်"

သူမ မျက်နှာလေးလှည့်ကာ ခေါင်းညိတ်ပြလိုက်သည်။ ရတုစံက သူမလက်ထဲကို ဘီးလေးပြန်ထည့်ပြီး

"ပြီးသွားပြီ ဆံပင်လေး စည်းထားတော့လည်း မျက်နှာလေးက ရှင်းပြီး ကညာက အရမ်းလှတာပဲ"

"မြှောက်ပြောမနေနဲ့၊ ဘာမှပေးစရာမရှိဘူး"

"ဒီမှာလေ ဒီမှာပေးလိုက်ရင် ဖြစ်တာပဲ"

"ဟွန်း"

သူ့ပါးလေးကိုပုတ်ပြတော့ ကညာ မျက်စောင်းထိုးပစ်လိုက်မိသည်။ ရတုစံက အရမ်းကိုလူလည်ကျတာပါ။ ဒါပေမဲ့ သူမ စိတ်မဆိုးရက်နိုင်။ ဒါလေးတွေကိုပဲ အချစ်ပိုနေမိကာ ဘာအကြောင်းနဲ့ဖြစ်ဖြစ် ခွဲနိုင်ပါတော့မလားလို့ ကိုယ့်ကိုယ်ကိုယ်ပင် အထိတ်တလန့်ဖြစ်မိသည်။ ဘာကြောင့်များ ရတုစံကို ဒီလောက်တောင်ချစ်မိသွားခဲ့တာလဲ။

မချစ်ဘူးခဲ့လို့ အရူးအမူး ဖြစ်သွားတာများလား။

ဘဝတစ်သက်စာပါ ရတုရယ်။

■ ■ ■

## အခန်း (၂၀)

ခြောက်လအကြာ ...။

နှစ်ဖက်အသိုက်အဝန်း တောင့်တင်းမှုကြောင့် ရွှေကညာနှင့် ရတုစံတို့ရဲ့မင်္ဂလာပွဲက ကြီးကျယ်ခမ်းနားစည်ကားသိုက်မြိုက်ခဲ့သည်၊ ရတုစံနှင့်ရွှေကညာတို့ ပြုံးပျော်ကြည်နူးပီတိဖြစ်နေကြသလို ဒေါ်သိမ့်သိမ့်မြိုင်လည်း ကျေနပ်အားရနေခဲ့သည်။

တာဝန်ကြီးတစ်ခု ကျေနိုင်လိုက်ပြီ မဟုတ်ပါလား။ မိခင်နေရာက တာဝန်ကျေခွင့်ရသည့်အတွက်လည်း ကိုယ့်ကိုယ်ကိုယ် ကျေနပ်မိတာပါ။ ရွှေကညာလေးအပေါ် သံယောဇဉ်ရှိသလို သမီးလေးတစ်ယောက်လိုလည်း ချစ်ခင်ခဲ့သည်။ တာဝန်ကျေခွင့်မရမှာကိုပဲ စိုးရိမ်ခဲ့တာ။ အခုတော့ ချောမောလှပလွန်းသော သတို့သမီးလေးကိုကြည့်၍ ပီတိတွေ လှိုင်လှိုင်ထနေခဲ့သည်။

မင်္ဂလာပွဲကြီး ပြီးဆုံးသွားချိန်မှာတော့ ရွှေကညာနှင့်ရတုစံကို အိမ်ကိုခေါ်လာခဲ့သည်။ ပေးစရာရှိသည်များ ပေးလိုက်ချင်သည့်အတွက် ပါ။



“အန်တီသိမ့်ကို ကညာတို့ ကန်တော့ပါတယ်”

ရတုစံရော နှစ်ယောက်လုံး ထိုင်ကန်တော့လာ၍ ဘယ်လိုဆုတောင်းစကားဆိုရမှန်းမသိဘဲ မျက်ရည်တွေကျလာမိသည်။

“မ မငိုပါနဲ့ အန်တီသိမ့်ရယ်၊ ရတုအိမ်ကို ကညာလိုက်သွားရမှာ စိတ်မကောင်းဖြစ်နေတာလားဟင်”

“အန်တီသိမ့် ကြည်နူးလို့ပါကွယ်၊ ယောင်နောက်ဆံထုံးပါရမယ်ဆိုတာ နားလည်နေတဲ့အတွက် အန်တီသိမ့် စိတ်မကောင်းမဖြစ်ပါဘူး။ ဒါပေမဲ့ အရင်လို တစ်ယောက်တည်း ပြန်ဖြစ်သွားတဲ့အတွက် ဝမ်းတော့နည်းမိတယ်”

“ဟို မေမေလည်း တစ်ယောက်တည်း ဖြစ်နေလို့ ကညာကို ခေါ်သွားရတာပါ၊ ကျွန်တော်တို့ ခဏခဏ အလည်လာဖြစ်မှာပါ အန်တီသိမ့်”

“ကိစ္စမရှိပါဘူး ရတု၊ အန်တီသိမ့် စိတ်မကောင်းဖြစ်ရလည်း ခဏပါပဲ၊ နောက်ပိုင်းဆို နေသားကျသွားမှာပါ၊ အန်တီသိမ့်က ကိုယ့်နောက်ကို သံသရာအထိပါမယ့်အလုပ်တွေပဲ လုပ်တော့မှာ၊ အခု ဒီလိုမျိုး ကညာအတွက် စိတ်ချသွားရလို့လေ၊ နောက်ဆံတင်းစရာမလိုတော့လို့ပေါ့”

“အန်တီသိမ့်”

“အင်း ကညာလေး ပြော”

အန်တီသိမ့်ပေါင်ပေါ် မျက်နှာလေးအပ်၍ ကညာ တစ်ချက်ရှိုက်လိုက်သည်။ အန်တီသိမ့်က သူမခေါင်းလေးကို ခပ်ဖွဖွပုတ်၍

“ဘာလို့ ငိုတာလဲကွယ်၊ အန်တီသိမ့် စိတ်မကောင်းအောင်”

"က ကညာ အန်တီသိမ့်နဲ့ မခွဲချင်ပါဘူး၊ အန်တီသိမ့်ရယ်"

"ဪ ကညာရယ်၊ ကညာက မခွဲလည်း အန်တီသိမ့်က ကညာကျောင်းပြီးတာနဲ့ ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်နိုင်ပြီဆိုရင် ဒီလို နေရာ ဆုံးဖြတ်ပြီးသားပါ၊ အန်တီသိမ့်တို့အရွယ်က တရားဘာဝနာလိုက်စားပြီးနောက်တောင်ကျနေပါပြီ၊ ကညာလေး အခုလိုဖြစ်သွားတော့ အန်တီသိမ့် စိတ်ပြောင်းရတာပေါ့ မဟုတ်ဘူးလား"

"အန်တီသိမ့် အဲလိုဆုံးဖြတ်ပြီးသားဆိုရင်တော့ ကိစ္စမရှိပါဘူး၊ ကညာ အခု အန်တီသိမ့်ကိုခွဲရမှာ တကယ်စိတ်မကောင်းဖြစ်နေတာပါ"

"အဟင်း ဟင်း ချစ်တဲ့သူနဲ့အတူနေရတော့မှာပဲကွယ်၊ ဘာမှ ပျော်ပျော်ရွှင်ရွှင် အဆင်ပြေပြေနေနိုင်ဖို့ ကြိုးစားကြပါ၊ ရတုကလည်း လင့်တစ်ဖျက်နှာ တစ်ရွာထင်ပြီး မင်းအိမ်ကို လိုက်လာရတဲ့ ကညာကို ဂရုစိုက်ပြီး ကြင်ကြင်နာနာ ဆက်ဆံစေချင်တယ်"

"ဟုတ်ကဲ့ စိတ်ချပါ အန်တီသိမ့်၊ ကညာကို ကျွန်တော် အလေး အနက် ဂရုစိုက်ပါမယ်"

"ကညာကလည်း လင်ယောက်ျားကိုရော ယောက္ခမဖြစ်သူကို ရော ရိုသေရမယ် လေးစားရမယ် နားလည်လား ကညာ"

"ဟုတ်ကဲ့ အန်တီသိမ့်စကားကို အမြဲမှတ်ထားပါမယ်"

"ဟုတ်ပြီ ဒီမှာ ကညာအတွက် စိန်တစ်ဆင်စာ လက်ဝတ် လက်စား လက်ဖွဲ့လိုက်မယ်"

"ရှင်"

ကညာ ထိတ်လန့်ကာ အံ့ဩသွားရသည်၊ အန်တီသိမ့် ကမ်း ပေးသော ရတနာဘူးလေးကို လက်မလှမ်းရဲဘဲ နောက်တွန့်သွားလျက်





"မ မလုပ်ပါနဲ့ အန်တီသိမ့်ရယ်၊ က ကညာမယူပါရစေနဲ့ အန်တီသိမ့်လုပ်ပေးတော့ ကညာအပေါ် ကျေးဇူးတော်တော်ကို များနေပါပြီ"

"အန်တီသိမ့်ကတော့ နည်းတယ်လို့တောင် ထင်နေသေးတာ"

"ရှင် အန်တီသိမ့်"

"ကညာကို ဒီထက်မကတောင် လုပ်ပေးချင်သေးတာပါ၊ ဖြီးဖြီး စိတ်ဖြာပေးဖို့က တွေတွေ တွေမတွေ့ရှိနေသေးလို့လေ"

"အန်တီသိမ့်ရယ် ဒါတွေလည်း သူတို့ကို ပေးလိုက်ပါ၊ ကညာ မယူချင်ပါဘူး၊ တကယ်ပြောတာပါ အန်တီသိမ့်"

"ကညာလေးက လောဘနည်းတယ်၊ အဲဒါကြောင့် များများ ရတယ်လို့ သဘောထားပါ၊ အန်တီသိမ့်အတွက်က ဘာမှမလိုတော့ဘူး လေ၊ လှူဖို့တန်းဖို့အတွက်ကလည်း အန်တီသိမ့်မှာ ပြည့်စုံပြီးသား၊ မေ့ဖို့ ကမ်းဖို့အတွက်လည်း ပိုပိုလျှံလျှံ ရှိတယ်ဆိုတော့ အန်တီသိမ့်တော်တယ် မဟုတ်လား"

အန်တီသိမ့်က ပေါ့ပေါ့ပါးပါး ဖြစ်ဖို့ ရယ်ရွှန်းပတ်ရွှန်း ပြော လိုက်တာဖြစ်သည်၊ ဒါပေမဲ့ ရတနာဘူးလေးကို အခုထိ လက်မလှမ်းရဲ သေး မယူရဲသေးပါ။

အားနာတာထက် ဒီလောက်ကြီးထိ မထိုက်တန်ဘူးဟု ထင်မိ သည်။

"ဒါ ဒါပေမဲ့ အန်တီသိမ့်ရယ် ကညာ နောက်မှပဲ ယူပါရစေ နော် အခုတော့"

"အန်တီသိမ့်ကို မိခင်တစ်ယောက်လို သဘောမထားနိုင်ဘူး လား ကညာ၊ မိခင်တစ်ယောက်က သမီးလေးမင်္ဂလာဆောင်လို့ လက်ဖွဲ့

တယ်လို့ အောက်မေ့ပြီး ယူပါကွယ်''

"မိခင်တစ်ယောက်ဆိုရင် ကိုယ်ရှိုင်ခွင့်ရှိတယ်ဆိုပြီး ဒီထက်မက ပေးမိလို့တောင် တောင်းမိမလား မသိပါဘူး၊ အခုက သွေးမတော်သားမစပ်တဲ့အန်တီသိမ့်က ပြုစုစောင့်ရှောက်ကျွေးမွေးခဲ့တယ်၊ ပညာတွေသင်ပေးခဲ့တယ်၊ အခု မင်္ဂလာလည်းဆောင်ပေးတယ်၊ လုပ်ပေးသင့်တာတွေလည်း လုပ်ပေးတယ်၊ ဝတ္ထုရားတွေရော တာဝန်တွေရော ကျေဇူးမက ကျေနေပါပြီ ဒါကို ဒီထက်ပိုပြီး''

''ကညာတို့ ရှေ့ဆက်လျှောက်ရမယ့်လမ်းက အဝေးကြီးကျန်သေးတယ်၊ ဒီကြားထဲမှာ ခက်ခဲမှု ကြမ်းတမ်းမှုဆိုတာ ရှိလာနိုင်တယ်၊ အန်တီသိမ့်က ကိုယ့်အတွက်ကိုယ် အတွက်ကြီးကြီးနဲ့လုပ်တော့မှာဖြစ်တဲ့အတွက် ကညာကိုလည်းကြည့်နိုင်တော့မှာ မဟုတ်တော့ဘူး၊ အဲဒါကြောင့် အန်တီသိမ့်ပေးတဲ့ အမွေအနှစ်တွေကို စိတ်သန့်သန့်နဲ့ ယူထားပါ ကညာ၊ ဒါမှလည်း အန်တီသိမ့် စိတ်ချမ်းသာနိုင်မှာနော် ကညာ''

"အန်တီသိမ့်''

မျက်ရည်တွေဖြင့် အငိုကြွေကြွေ ဦးချကန်တော့မိသည်။ အနှုတ်ကိုတီးဝင်ကျေးဇူးရှင်ပဲ မဟုတ်ပါလား။

ဘယ်တော့မှ ဒီကျေးဇူးတွေကို မမေ့ပါဘူး အန်တီသိမ့်ရယ်။ ဖြစ်လေရာဘဝတိုင်းမှာ ကျေးဇူးတင်နေဦးမှာပါ။

ဘယ်သောအခါမှ ဒီကျေးဇူးတရားတွေကို မမေ့ပါဘူး အန်တီသိမ့်။

■ ■ ■



## အခန်း (၂၁)

''သိမ့်က တော်လိုက်တာကွယ် ကိုယ့်မှာဝတ်ထားတဲ့ လက်ဝတ်လက်စားရော ကားရောအပြင် စိန်တစ်ဆင်စာပါ လက်ခွဲပေးသွားဆိုတော့ ကညာ့ကို တော်တော်ချစ်တာပဲ''

''အေးခန်းဖွင့်ပွဲ တိုက်ခန်းလည်း လက်ခွဲထားတာပဲလေ အထူးကုသမားတော်ဘွဲ့ယူပြီ ဘဝမှာ သိမ့်ဆေးခန်းဖွင့်ပေးထား တယ်၊ အန်တီသိမ့်က တော်တော်ငွေရှာနိုင်ခဲ့တာပဲ''

''အဲဒီလိုဆိုတော့ မေမေတောင် အိမ်ပေးမိတယ် သားရယ် သားတို့ကို မေမေ ဘာမှမလုပ်ပေးနိုင်ဘူးလေ၊ ကညာရယ် အန်တီ အရမ်းအားနာပါတယ်၊ ဒီဘက်မှာ အရမ်းကိုအခက်အခဲဖြစ်နေခဲ့လို့ပါ''

ဒေါ်မိမိတင်က ရွှေညာမျက်နှာလေးကိုကြည့်ပြီး ပြောသည်။ တောင်းပန်သည့်အနေအထားမျိုး ဒီလိုတော့လည်း ရွှေညာ မနေတတ်ပါ။

''ရပါတယ် အန်တီ ကညာအတွက် ဘာမှမဖြစ်ပါဘူး အန်တီ

သိန့်ဆီကလည်း ဒီလောက်အထိရှိ မျှော်လင့်မထားခဲ့ပါဘူး''

''ဟုတ်တယ် မေမေ၊ ကညာက အရမ်းကိုငြိမ်းသေးတာ အန်တီသိန့်က မရမက ပေးလို့သာ ယူလာခဲ့တာလေ၊ အန်တီသိန့်က အရမ်းကိုတာဝန်ကျေတယ်၊ မိခင်တစ်ယောက်လိုပဲလို့ ပြောရမယ်''

''မေမေကတော့ တာဝန်မကျေဘူးလို့ ပြောချင်တာလား သား''

''အာ မဟုတ်ပါဘူး မေမေရယ်၊ မေမေ အဆင်မပြေဖြစ်နေတာကို သားတို့လည်း သိနေတာပဲ၊ သားတို့ဆေးခန်းဖွင့်ပြီးရင် မေမေ့ကို ရွှေရှာပေးမှာပါ၊ စက်ရုံကိုသာ ဟန်မပျက် လည်ပတ်နိုင်အောင် ကြိုးစားပါ မေမေ''

''အင်း မေမေလည်း တတ်နိုင်သလောက်တော့ ကြိုးစားကြည့်နေတုန်းပဲ သား၊ အရင်းအနှီး ထပ်ထည့်နိုင်ရင်တော့ ရေရှည်ရပ်တည်ဖို့ တောင့်ခံနိုင်ဦးမယ် ထင်တယ်၊ မဟုတ်ရင်တော့ မလွယ်ပါဘူး သားရယ်''

မေမေ့ရဲ့ညည်းညူမှုကြောင့် ရတုစ် စိတ်မကောင်းဖြစ်မိသည်။ မင်္ဂလာဆောင်ပြီးသည့်နေ့မှ ရွှေကညာကို ဒီအကြောင်းတွေ သိစေရတာလည်း အားနာမိ၏။ ပို၍ဆိုးသည်က အန်တီသိန့်ရဲ့ပံ့ပိုးမှုတွေအားလုံး လက်ခံပြီး ယူထားရတာကြောင့်ပါ။

ရွှေကညာကို ဘာမှပင် တင်မတောင်းနိုင်ခဲ့၊ လေလာဘမရှိသည့် ရွှေကညာကတော့ သူ့အချစ်တွေရတာနဲ့ပင် ကျေနပ်ပါသည်ဟုတော့ ပြောရှာပါသည်။

''မေမေ သားတို့နားတော့မယ်၊ တစ်နေ့ကုန်ပင်ပန်းထားလို့''

''အေး သား၊ သိန့်ဆီဝင်ခဲ့ရတာဆိုတော့လည်း ပင်ပန်းမှာပဲ၊



ညစာရော''

''အန်တီသိန့်ဆီကပဲ စားလာခဲ့တယ်''

''ဪ ဒါဖြင့်လည်း နားကြတော့လေ၊ မေမေလည်း စောစောအိပ်ရာဝင်မှပဲ''

''ဟုတ်တယ် မေမေလည်း ပင်ပန်းနေမှာ နားလိုက်တော့လေ''

''အင်း သမီးရွှေကညာ ကိုယ့်အိမ်ကိုယ့်ယာလို သဘောထားပြီးနေပါကွယ်၊ အိမ်မှာကတော့ အလုပ်သမားနည်းတယ်၊ ပြောရရင်တော့ မရှိသလောက်ပါပဲ၊ သားအဖေရှိတုန်းက အန်တီအိမ်မှာနေနိုင်တဲ့အချိန်မှာ အလုပ်သမားတွေလည်း ခေါ်ထားတာပေါ့၊ သားအဖေက အိမ်ထမင်းအိမ်ဟင်းစားရတာပဲ နှစ်သက်တယ်၊ သူမရှိတော့ အန်တီက စက်ရုံမှာပဲ အချိန်ကုန်တယ်၊ သားကလည်း ကျောင်းမှာပဲဆိုတော့ အိမ်မှာလူမရှိလို့ အလုပ်သမားတွေရှည်းထားခဲ့လို့လည်း မဖြစ်ဘူးလေ''

''ဟုတ်တာပဲ အန်တီ''

''အဲဒါနဲ့ပဲ ထမင်းကိုချိန့်ချွဲပဲ မှာစားဖြစ်တယ်၊ အိမ်သန့်ရှင်းရေးနဲ့ အဝတ်လျှော် မီးပူတိုက်ကိစ္စကိုတော့ ခိုင်ဘာမိန်းမကိုပဲ တစ်ပတ်တစ်ခါ ခိုင်းတော့တယ်၊ အသိုက်အဝန်းက ချမ်းသာပြည့်စုံတဲ့လူရည်းပဲဆိုတော့ ဘယ်သူ့ကိုမှလည်း အိမ်မှာလာနေပေးပါလို့ ခေါ်ထားလို့လည်း မရဘူး၊ သူ့အလုပ်သူ့တာဝန်တွေနဲ့ သူမဟုတ်လား''

မေမေ့စကားတွေကြောင့် ရွှေကညာကို ရတုစ် မျက်နှာပူအားနာသလို ဖြစ်လာကာ

''မေမေ ပြောနေတာကို ကညာက သူ့ကိုခိုင်းချင်လို့လို့ ထင်သွားပါဦးမယ် မေမေရယ်၊ အလုပ်သမားမရှိဘူးဆိုတော့လေ''

"ဪ မေမေက မေမေ့ခြွေမကို အိမ်အလုပ်တွေခိုင်းခဲ့မှာ ကွယ်၊ အိမ်မှာနေနိုင်တဲ့သူသာရှိရင် မေမေက အလုပ်သမားခေါ်မှာပေါ့ ကွယ်"

"ဟုတ်ပါပြီ ကဲ သားတို့နားပြီ မေမေ"

"ကောင်းပါပြီ သား၊ ဂွတ်နိုက် ကညာ"

"ဂွတ်နိုက်ပါ အန်တီ"

ရတုစံက သူမလက်ကလေးဆွဲ၍ ခေါ်လာခဲ့သည်။ အခန်းတံခါး ဖွင့်လိုက်သည်နှင့် မင်္ဂလာအိပ်ရာအခင်းအနား ပြင်ဆင်ထားတာကိုမြင် လိုက်ရ၍ သူမ စိတ်တွေလှုပ်ရှားရင်ခုန်သွားရသည်။

"ကညာ"

ရတုစံက နောက်က ထွေးဖက်လိုက်၍ သူမကိုယ်လေး ဆတ်ခနဲ ပင် တုန်သွားရ၏။ သူ့ရဲ့အနမ်းနွေးနွေးကြောင့် သူမ နှလုံးသွေးတွေ ရူးဝေလှိုက်ခုန်လာသည်။

"ဟင့်အင်း ရတုရယ်"

နှုတ်ကျားက ရှက်ရွံ့စွာငြင်းခုန်နေသော်လည်း သူ့ရင်ခွင်တွင်း ကတော့ လွန်ရုန်းစွာပင် မရုန်းထယ်မိပေ။ အတွေ့မှုမှာ သူမ ရူးသွား မလားမင် ထင်မိသည်။

ဒါ မင်္ဂလာဦးညတဲ့လား။ သူမကို ရတုစံ ဘယ်ကမ္ဘာကို ဟန်း နီးမွန်းခေါ်သွားမည်မသိ။ သူ ခေါ်သွားသလောက် သူမ ကျေနပ်စွာ လိုက်ချင်ပါသည်။ ဘယ်ကမ္ဘာရောက်ရောက် ဘယ်နေရာရောက်ရောက် အချစ်တွေနဲ့ပဲ မွေ့လျော်စွာ ...။

■ ■ ■



## အခန်း (၂၂)

"ဘန်ကော့ခ်(စ်)ကို အိမ်မှာရှိတဲ့ လက်ဖက်ရည် ကော်ဖီနဲ့ မုန့်တွေနဲ့သာ စီစဉ်လိုက်တော့ကွယ်၊ အပြင်က တစ်ခုခုစားချင်ရင်တော့ မောင်မှကို ကားနဲ့အဝယ်ခိုင်းလိုက်မယ်"

"ဪ ရပါတယ် အန်တီ၊ ကညာအတွက်က ဖြစ်ပါတယ်၊ အန်တီနဲ့ရတုအတွက်ပဲ အဆင်မပြေမှာစိုးတာ"

"အန်တီတို့လည်း အကျင့်ပါနေပါပြီကွယ်၊ ကညာကိုသာ အားနာတာ၊ အန်တီနောက်တော့ အလုပ်သမားကောင်းကောင်း ရှာပေး မိမယ်၊ ဒါနဲ့ သားရော အိပ်ရာမနိုးသေးဘူးလား"

"သူ ရေချိုးနေပါတယ် အန်တီ ဆင်းလာတော့မှာပါ"

"ဪ"

သားဆင်းလာတော့မည်ဆိုရ၍ ပြောချင်သော စကားတွေကို မှိတ်တန့်ပစ်လိုက်ရသည်။ တောနေတော့ ထမင်းစားခန်းထဲ သား ဝင်လာ ၏။ သူ့မိန်းမပန်းကို မြတ်နိုးစွာနှင့်ဖက်ကာ

"အိမ်ရှင်မကြီး ဝင်လုပ်နေတာပေါ့လေ ကညာ"

"မဟုတ်ပါဘူး အန်တီလုပ်ထားတာပါ၊ အခုမှ ကညာက အား ဝင်ဖြူးမလို့"

"ဟင်း ဟင်း သားလည်းဝင်မဖြူးပါနဲ့ ကျွန်တော်တို့အပြင်မှာ ဘရိတ်ဖတ်(စ်)ထွက်စားမယ်လေ"

"ဟင် အိမ်မှာ အန်တီတစ်ယောက်တည်း ဖြစ်နေမှာပေါ့"

"ဒါထုံးစံပါ အရင်ကလည်း ကိုယ်က ကျောင်းသွားရင်နဲ့ အပြင်မှာစားတယ်၊ မေမေလည်း စက်ရုံသွားရင်းနဲ့ အပြင်မှာပဲစားတယ် ညစာလောက်ပဲ ချိန်ရွဲမှာစားဖြစ်တာ နော် မေမေ"

"အင်း သားတို့သွားချင်သွားကြလေ"

"ဒီမှာ ကော်ဖီတွေလည်း ဖျော်ပြီးနေပြီ မုန့်တွေလည်းရှိတယ် ကညာ ပေါင်မုန့်ကြော်ပေးမယ်လေ၊ နော် အိမ်မှာပဲ စားပါ"

ရဲတုံကို မေမျှားလေးကိုင်ကာ ရွှေလိုက်သည်။ တကယ်တော့ ကော်ဖီလည်း ဒေါ်ခိခိတင် ဖျော်ထားတာမဟုတ်ပါ။ သူမကို လုပ်စေချင်သည့်ဆန္ဒရှိသည်ထင်၍ သူမလုပ်ထားတာပါ။

ရဲဘက ထိုင်ခုံမှာဝင်ထိုင်ပြီး ကော်ဖီထည့်သောက်သည်။ ပြီးမှ ပေါင်မုန့်ကြော်နေသော ရွှေကညာကို လှမ်းကြည့်၍

"ကော်ဖီလက်ရာက မေမေ့လက်ရာမဟုတ်ဘူး။ ကညာ ဖျော်ထားတာမဟုတ်လား"

"ဩော် အင်း ဘယ်လိုလဲ ကညာလက်ရာ ဂွတ်တယ်မဟုတ်လား"

ရွှေကညာ ဘာမှမဖြစ်သလို လက်မလေးထောင်ပြီး မေးသည်။



ရဲတုံ မျက်နှာတော့မကောင်း။ ယောကျ်ားအိမ်မှာ ရွှေကညာ အိမ်မှုကိစ္စတွေလုပ်နေရတာမျိုး မဖြစ်စေချင်။

"ကောင်းပါတယ် ကျွန်တော် သောက်ဖူးတဲ့အထဲမှာတော့ အကောင်းဆုံးပဲ၊ ဒါပေမဲ့ နောက်နေ့တွေ အဲလိုမလုပ်ပါနဲ့ ကညာ၊ အန်တီ သိရင်က ရွှေကညာကို ရွှေပေါ်မြှတင်ထားခဲ့တာ ကျွန်တော် သိတယ်၊ ကျွန်တော်တို့အိမ်ရောက်မှ ဒီလိုတွေလုပ်နေရတယ်ဆိုတာ အန်တီသိမ် သိသွားလည်း မကောင်းပါဘူး"

"ဩော် သားရယ် ရွှေကညာက အိမ်ထောင်ကျရင် အိမ်မှုကိစ္စ လုပ်တာ သိမ်က ဘာပြောမှာလဲ"

"အဲဒါတော့ အဲဒါပေါ့ ဒါပေမဲ့ ကညာကို အန်တီသိမ် တန်ဖိုး ထားတာထက် သားတို့က ပိုပြီးတန်ဖိုးထားမှ ဖြစ်မှာပေါ့ မေမေ ဒါမှ ကညာလည်း သားတို့ဆီမှာနေရတာ ပျော်မှာပေါ့"

ဒေါ်ခိခိတင်နှင့်ရဲတုံတို့ သူတို့ဖြစ်စေချင်သည့်ဆန္ဒတွေဖြင့် လွန်ဆွဲနေကြခြင်းကြောင့် သူမ အနည်းငယ်မှန်ကျွမ်းလာမိသည်။ ယောကျ်ားလည်း ယောကျ်ားအတွေး၊ လင်ယောက်ျားကလည်း လင်ယောက်ျား အတွေးပေါ့။

ပေါင်မုန့်ကြော်ပန်းကန်ကို နှစ်ယောက်ရှေ့ချပြီး သူမ ဝင်ထိုင် လိုက်သည်။ မျက်နှာကို အချိုသာဆုံးပြုံး၍

"ကညာ ကြော်ထားတာလေ၊ မြည်းကြည့်ကြပါဦး၊ ကြိုက်မှ စားနော်၊ မကောင်းရင်တော့ ကညာကို မကဲ့ရဲ့နဲ့"

သူမ ရယ်ရွှန်းမတ်ရွှန်းပြောလိုက်၍ ရဲတုံရဲ့တင်းနေသော မျက်နှာ အနည်းငယ်တော့ ပျော့ပျောင်းသွားပါသည်။ ဒေါ်ခိခိတင် တစ်ရ

"ကညာက ကြော်တတ်သားပဲ၊ အန်တီကတော့ ဘာမှ မလုပ်တတ်လို့ အရံသင့်တွေပဲ စားတယ်၊ မိဘလက်ထဲမှာရော အိမ်ထောင်ကျပြီးတော့ရော အိမ်အကူတွေ အခြွေအရံတွေနဲ့ပဲ နေခဲ့ရတာလေ၊ ကိုယ်စားချင်တာ ကိုယ်ဖြစ်ချင်တာလုပ်ပေးမယ့်သူတွေက အဆင်သင့် သားအမေဘက်ကရော အန်တီ့ဘက်ကရော နှစ်ဖက်အသိုက်အဝန်းက မျိုးရိုးနဲ့ချမ်းသာတယ်ပဲ ပြောရမလား၊ အဆင့်အတန်းရှိရှိ နေလာခဲ့ကြတာဆိုတော့ အောက်ခြေသိမ်းအလုပ်တွေ မလုပ်တတ်တော့ဘူး ဖြစ်သွားတာ"

"ဪ အန်တီသိမ့်ကတော့ အဲလို မဟုတ်ဘူး၊ အန်တီသူတို့လည်း မျိုးရိုးနဲ့ချမ်းသာပြီး အခြွေအရံနဲ့တော့ နေရတယ်ထင်တယ် ဒါပေမဲ့ အန်တီသိမ့်က စက်ရုံပိတ်တဲ့နေ့တွေမှာ အိမ်မှုကိစ္စတွေလုပ်တယ် ကညာကိုလည်း သင်ပေးတယ်၊ အစားအသောက်တွေဆိုလည်း အိမ်မှာပဲ လုပ်စားတာများတယ်၊ ဦးဦးတို့အိမ်ကိုလည်း ချိုင့်ကြီးချိုင့်ငယ်နဲ့ပို့တာ မိုးဒေဝါနဲ့မိုးယံသော် နိုင်ငံခြားမသွားခင်က အန်တီသိမ့်ကိုပဲ အမြဲလုပ်ကျွေးနိုင်းတာ"

"အဲဒါက သိမ့်ကဝန်ခံကြွားပါလို့ပါကွယ်၊ ကိုယ့်တာသာနေနိုင်ရဲ့နဲ့ အပင်ပန်းခံတာ၊ ဒါပေမဲ့ ကောင်းပါတယ်၊ ကညာကို သင်ပေးထားတာဆိုတော့ ကညာလက်ရာ အန်တီတို့ စားရတာပေါ့၊ ကဲ မေမေ မေးပြီးမယ် သားတို့ဆေးခန်းက ဘယ်အချိန်ဖွင့်မှာလဲ"

"အန်တီသိမ့်ဝယ်ပေးထားတဲ့ဆိုင်ခန်းက ပြင်ဆင်လို့ပြီးတော့မှာပါ၊ ဒီလကုန်လောက် အထူးကုဆရာဝန်တစ်ယောက်ငှားပြီး စဖွင့်ဖြစ်



မယ်မေမေ၊ အဲဒီဆရာဆီက သားတို့လည်း ပညာရတာပေါ့၊ ဘွဲ့ထပ်ယူဖို့လည်း အထောက်အကူရမယ်"

"အင်း သားတို့အဆင်ပြေသလို ကြည့်လုပ်ကြပါ၊ မေမေက စက်ရုံကိစ္စတွေနဲ့ စိတ်ရှုပ်နေရလို့ သားတို့ကို အားမပေးနိုင်ဘူးဖြစ်နေတယ်"

"ရပါတယ် မေမေ၊ အန်တီသိမ့်က အစစအရာရာ အားနာစရာကောင်းလောက်အောင်ကို စီစဉ်ပေးထားတာပါ၊ ကညာကို လက်ထပ်မိတာ ကံကောင်းတယ်ပဲ ပြောရတော့မယ်"

"မေမေတို့ ရွှေမကောင်းလေး ရထားတာပေါ့၊ ရတနာအတုံးအခဲလေးဆိုတော့ ကျေနပ်တော့ပါတယ် ရွှေကညာ အန်တီတာဝန်မကျေနိုင်တာတော့ တောင်းပန်တယ်နော် ရွှေကညာ ဒါပေမဲ့ အန်တီလုပ်နေတာတွေ ပိုင်ဆိုင်သမျှတွေက သားနဲ့ကညာပဲ ပိုင်ရမှာပါ"

"ဟုတ်ကဲ့ပါ အန်တီ"

"ကဲ ဒါဆို မေမေ စက်ရုံသွားတော့မယ်"

"မေမေ ဒီနေ့ စက်ရုံသွားတာ အရမ်းနောက်ကျတယ်နော်၊ အရင်က သားမနိုးခင်တည်းက အစောကြီးထွက်သွားတတ်တာ"

ဒေါ်မိမိတင် ပြုံးပြီး ရွှေကညာပန်းလေးကို ပုတ်သည်။

"ရွှေမလေးလက်ရာ မေမေ စားကြည့်ချင်လို့ သားရယ်"

မေမေ ဒီလိုပြောသွားတာကို သူ မကြိုက်ပေ၊ ရွှေမကို နိုင်ရာအမြဲဖြိမ့်နေတာမျိုးဟာ သမီးတစ်ယောက်လို တန်ဖိုးမထားနိုင်တာ ဘဲမဟုတ်ပါလား။

"ကညာ"

"ဟင် ရတု"

"မေမေ့ဆောက်ဆဲရေနဲ့ပတ်သက်ပြီး စိတ်မကောင်းတော့ မဖြစ်ပါနဲ့ ကညာရယ်နော်"

"ကညာက ဘာဖြစ်ရမှာလဲ ဘာမှမဖြစ်ပါဘူး"

"ပြော် မေမေက ကညာကို ဟိုဟာဒီဟာလုပ်နိုင်းနေတော့"

"ရတုရယ် ဘာတွေများယပ်ပယ်ယန်းယန်း ခိုင်းနေလို့လဲ အိမ်မှာလည်း အန်တီသိမ့်နဲ့ကညာက ကိုယ်စားချင်တာ အဲလို လုပ်စားနေကျပါပဲ"

"အေးလေ ကညာ နားလည်ပေးနိုင်တော့ တော်ပါသေးတယ်"

"ရတုက ကြံဖန်စိတ်ပူနေတယ်၊ ကညာ ဘာမှမဖြစ်ပါဘူး တကယ်ပါ"

"ကျွန်တော်က မေမေ ဘာမှလုပ်မပေးနိုင်တာကိုလည်း အားနာနေတာ၊ အန်တီသိမ့်ကိုရော ကညာကိုရော"

"ပိုင်ဆိုင်မှုတွေက ရတုနဲ့ကညာပဲ ပိုင်ရမှာလို့ အန်တီပြောသွားတယ်လေ၊ သူလည်း ဘာမှလုပ်မပေးနိုင်လို့ စိတ်မကောင်းဖြစ်နေတာ ရတုက အဲလိုတွေမပြောပါနဲ့၊ ရတုအမေကို နားလည်ပေးလိုက်ပါ"

ကညာ ဖြေသိမ့်နေသော်လည်း ကိုယ့်ဘက်က တာဝန်ကျေမပေးနိုင်တာ အားနာနေမိတာအမှန်ပဲဖြစ်လေသည်။ ဒါပေမဲ့ မေမေ့ကိုလည်း အရမ်းကြီးတော့ ဒီအားမပေးရက်။ မေမေ မရှိတည်းက စက်ရုံကြီးတစ်ခုလုံးကို ဘာမှနားမလည်ဘဲ တာဝန်ယူခဲ့ရတာ မဟုတ်ပါလား။

မေမေရှိစဉ်က ဘာမှလုပ်မှုခဲ့ရတာမဟုတ်။ သူဌေးကတော်အနေဖြင့် ပွဲတက်ရုံတော်ကြွနေခဲ့ရတာ။





မေမေက မေမေ စိတ်ရောလူရော မပင်ပန်းရအောင် လုပ်ငန်းကိစ္စတွေ ဘာမှကို အသိမပေးခဲ့၍ မေမေ ဒီလိုတွေ ခုကျတော့ရောက်နေရတာပါ။ လူတွေက သစ္စာမဲ့ပြီ ဝန်မလေးသည့်ခေတ်ဖြစ်နေ၍ မေမေ အခုချိန်မှာ စက်ရုံကြီးမပြိုလဲအောင် အလူးအလဲကို တောင့်ခံနေရသည်။

တကယ်ဆို သားတစ်ယောက်ဖြစ်သည့် သူလည်း ဒီလုပ်ငန်းနှင့်ပတ်သက်ပြီး ဘာမှနားမလည်ပေ။ ဒါကြောင့် မေမေ့ကိုလည်း ဘာအကူအညီမှ မပေးနိုင်။

"ရတု"

"ဟင် ကညာ"

"တမေ့တမောကြီး ဘာတွေများတွေးနေတာလဲ ရတုရယ်၊ အနားမှာရှိနေတဲ့ ကညာကိုတောင် မေ့သွားပြီလားလို့"

"မဟုတ်ပါဘူး ကညာရယ် ကညာနဲ့ အန်တီသိမ့်ကို အားနာရောတွေပဲ တွေးမိနေလို့ပါ၊ ဒါပေမဲ့ မေမေ့ကို ဘာလို့ လုပ်မပေးတာလဲ လို့ ဒီအားမပေးရက်ပြန်ဘူး၊ နားမလည်တဲ့လုပ်ငန်းကို ဦးစီးပြီး အခက်မပြေမှုတွေဖြစ်နေလို့လေ"

"ဒီလိုပဲပေါ့ ရတုရယ်၊ အခက်အခဲရှိတယ်ဆိုရင်လည်း နားလည်ပေးရမှာပေါ့၊ ကညာကတော့ အန်တီသိမ့်ကို ဘယ်လိုကျေးဇူးပြန်ဆပ်ရမယ်ဆိုတာ မသိတော့ဘူး၊ အန်တီသိမ့်သာ လုပ်မပေးရင် ကညာ ဘယ်လိုမှ တင့်တောင်းတင့်တယ် ဖြစ်မှာမဟုတ်ဘူး"

ကိုနှင်းလာသွဲ့က ဘယ်လိုမှ တင့်တောင်းတင့်တယ် ဖြစ်မှာမဟုတ်ဘူး ကညာကိုချစ်လို့

"ဟုတ်တယ် ကညာရယ် ကျွန်တော်က ကညာကိုချစ်လို့ လက်ထပ်ချင်တာပဲရှိတယ်၊ ကညာအတွက် ဘာမှလုပ်မပေးနိုင်တဲ့ကောင်ဖြစ်နေခဲ့တယ်၊ အဲဒါကြောင့် ဒီတာဝန်မကျေမှုတွေကို တစ်သက်လုံး

မြန်မပေးဆပ်ရို့ ဆုံးဖြတ်ထားပါတယ်"

"ဟင် ရတုက ဘာလုပ်ပေးမလို့လဲ"

"ကျွန်တော့်အချစ်တွေနဲ့ ကညာကို တစ်သက်လုံး လိုဖြစ်မှုပေးမှာ စောင့်ရှောက်မှာပေါ့ ကညာရယ်၊ ကညာ့ဘဝလေး ဒီထက်မြင့်မားအောင် ကျွန်တော် အလုပ်တွေလည်း ကြိုးစားမယ်"

ရတုစ်စကားကြောင့် သူမ ကြက်သီးမွေးညင်းထလောက်အောင် ကြည်နူးသွားပါသည်။ မိန်းမသားတစ်ယောက်အတွက် လင်ယောကျ်ားတစ်ယောက်ရဲ့ ဒီလိုစကားက တန်ဖိုးအကြီးမြတ်ဆုံးပဲမဟုတ်ပါလား။

"ဒီစကားပြောပေးတဲ့အတွက် ကျေးဇူး ကျေးဇူးတင်ပါတယ် ရတု၊ ကညာအတွက် ရတုဆီက အချစ်တွေ နားလည်မှုတွေရရင်ပဲ ရုံလောက်နေပါပြီ တခြား ပကာသနတွေကြွယ်ဝချမ်းသာမှုတွေကို ကညာ မမက်မောပါဘူး"

"ကညာရယ်"

ရောင့်ရဲတင်းတိမ်မှုများနှင့် နားလည်မှုပေးတတ်သော ကညာ ကိုယ်လေးကို ရတုစ် မြတ်နိုးတန်ဖိုးထားစွာ ထွေးဖက်ပစ်လိုက်သည်။ ရွှေကညာကို သူ့ဘဝတစ်ခုလုံးဖြင့် ရင်းကာ ချစ်ရပါသည်။

ထိုအချစ်တွေနှင့်ပင် သူမဘဝလေးကို . . .။

■ ■ ■



အခန်း (၂၃)

"ကိုဖုန်း ဖုန်းမဆက် ဘာမဆက်နဲ့ရောက်လာပါလား ထိုင် ကိုဖုန်း မဒအးရေ ကော်ဖီလုပ်ခဲ့ပါဦးကွယ်"

ရွှေကညာ မရှိတော့၍ ထိမ်အကူမိန်းကလေးကိုပဲ ခိုင်းရသည်။ ရွှေကညာရှိလျှင်တော့ ရွှေကညာက မှာမှာသလဲ ဧည့်ခံပေးတတ်သူပါ။

"ရွှေကညာ မရှိတော့ ပျင်းနေပြီလား ဦးမလေး"

"ဒီလိုပါပဲ နောက်တော့ ကျင့်သားရသွားမှာ သူလည်း ဖုန်း ခဏခဏ ဆက်ရှာပါတယ်၊ အန်တီသိပ် နေကောင်းလား ပျင်းနေလားနဲ့ မြန်မြန်တရားအားထုတ်တော့မှ သူလည်း စိတ်ချမ်းသာ့တော့မှာ"

"အဲဒါ ကိုဖုန်းပြောချင်တာ ဦးမလေး၊ ဦးမလေးက တရား အားထုတ်မယ် တရားစခန်းဝင်မယ်ပဲ ပြောနေတယ်၊ ဘက်စုံက ဘယ်လို လုပ်မှာလဲ၊ ဘယ်သူ့ကိုလွှဲထားခဲ့မယ်လို့ စိတ်ကူးနေတာလဲ"

"တူမလေး နိုးယသော် ပြန်လာတော့မယ်ဆို"

"ဟုတ်တယ် ဒီလထဲ လာမယ်လို့ ပြောတယ် နိုဝင်ဘာတော့

ဟိုမှာနေခဲ့ပြီး သူ့ဦးလေးတွေနဲ့အလုပ်တွဲလုပ်မယ်တဲ့''

''အဲဒီတော့လည်း ပြန်လာတဲ့သူကိုပဲ ပေးသင့်တာပေးရုံပေါ့ ကိုဖုန်း''

''ညီမလေး''

''မိုးယသော်ကို စက်ရုံကိစ္စနားလည်အောင်သင်ပေးခဲ့မယ် ဒီကြားထဲ တရားစခန်းလေး ဘာလေး ဝင်မှာပေါ့၊ မိုးယသော် အားလုံးနားလည်သွားလို့ စိတ်ချရပြီဆိုရင်တော့ သိမ့် သီလရှင်ဝတ်ဖို့အထိ စဉ်းစားထားတယ်၊ သိမ့်ဘဝမှာ အနှောင်အဖွဲ့ အတွယ်အတာဆိုတာ မရှိဘူးလေ''

''ကိုဖုန်းတို့က မိသားစုတွေပဲဥစ္စာ ညီမလေးရယ်''

ဦးရွှေဖုန်းမောင် စိတ်မကောင်းသလို ပြောသည်။ တစ်အိမ်တည်းအတူမနေတာက ညီမဖြစ်သူကို ပစ်ထားခြင်းမဟုတ်ပါ။ ကိုယ့်အိမ်တွင်းရေးမိသားစုကိစ္စတွေကြောင့် တစ်လတစ်ခေါက်တောင် ပုံမှန်မတွေ့ဖြစ်ကြခြင်းပင်။ အခု ရွှေကညာ မရှိတော့သည့်အချိန်မှာ ညီမလေးပိုပြီး အထီးကျန်သွားခဲ့လို့ ဒီလိုဆုံးဖြတ်လိုက်ခြင်းများလား။

သိမ့်သိမ့်မြိုင်က ခေါင်းကို လေးပင်စွာ ယမ်းလျက်

''အတူနေမိသားစုလည်း ဒီလိုမျိုး ခွဲခွာကြတာတွေ ရှိပါတယ် သိမ့်က ကိုယ့်နောက်ပါမှာလုပ်ချင်လို့ပါ''

''ရွှေကညာ မရှိတော့လို့လား ညီမလေး''

''သူ့အတွက်လည်း အကောင်းဆုံးလုပ်ပေးသင့်တာတွေလုပ်ပေးလိုက်ပြီ၊ နောက်ဆံတင်းစရာ မလိုတော့ဘူး။ အခုချိန်မှာ သိမ့်ဘာပဲလုပ်ချင်လုပ်ချင် စိတ်ပေါ့ပါးတယ်၊ စိတ်ဖြောင့်တယ်၊ ကိုယ့်ကိုယ်



ကိုယ် လွှတ်သလိုလည်း ထင်မိတယ်လေ''

''သံသရာပါမယ့်ကုသိုလ်အလုပ်လုပ်တာကို ကိုဖုန်းလည်း တားချင်ပါဘူး။ မိုးယသော်ကို စက်ရုံပေးခဲ့မယ်ဆိုတဲ့အတွက်လည်း ဝမ်းသာပါတယ်၊ ဒီအိမ်ကိုရော ဘယ်လိုလုပ်မှာလဲ ညီမလေး''

''အိမ်ကတော့ မရောင်းချင်ဘူး ကိုဖုန်း။ မိဘအမွေအနှစ်ဆိုပြီး ကိုဖုန်းလည်း အိမ်ကိုရောင်းပြီး အမွေခွဲဖို့ မစဉ်းစားပါနဲ့ မိုးယသော်အိမ်ထောင်ကျပြီးတော့ပဲ လာနေနေ၊ မိုးဒေဝီ ပြန်လာလို့ပဲနေနေ နေကြပါစေ သူတို့အဘိုးအဘွားအမွေကို ဆက်ပြီးထိန်းကြပေါ့''

''ညီမလေးအတွေး ကောင်းပါတယ်၊ ဒါနဲ့ ရွှေကညာရော အဆင်ပြေရဲ့လား''

''အင်း အဆင်ပြေမှာပါ၊ ရတုစံကလည်း ဂရုစိုက်တယ်၊ သူကိုယ်တိုင်ကလည်း သည်းခံတတ် ပေါင်းသင်းတတ်တယ်ဆိုတော့ ယောက္ခမနဲ့လည်း အဆင်ပြေလောက်ပါတယ်၊ ဆေးခန်းဖွင့်ဖို့အဆင်သင့်ဖြစ်နေပြီ၊ ဆေးခန်းဖွင့်မယ်ကြားတယ်၊ အဲဒါကြောင့် ကိုယ့်အလုပ်နဲ့ကိုယ် ရှုပ်နေမှာမို့ ဖုန်းတောင် ခဏခဏ မဆက်နိုင်လို့ ပြောထားရတယ်''

''ဪ ဒါနဲ့ အဲဒီဆေးခန်းဖွင့်မယ့်တိုက်ခန်းရော ညီမလေးလက်ဖွဲ့လိုက်တာဆို၊ မင်္ဂလာလည်းဆောင်ပေးတယ်၊ ဘွဲ့လွန်တက်ဖို့လည်း ဘဏ်မှာငွေသွင်းပေးတယ်၊ မိဘတွေလက်ထက်ကတည်းက လုပ်ထားတဲ့ စိန်တစ်ဆင်စာလည်း ပေးလိုက်တယ်ဆိုတော့ သူစိမ်းတစ်ယောက်အနေနဲ့ ညီမလေး ပေးလိုက်တာ မများဘူးလား''

ဦးရွှေဖုန်းမောင် စကားကြောင့် ဒေါ်သိမ့်သိမ့်မြိုင် မျက်နှာခပ်တည်တည်တင်းတင်းလေး ဖြစ်သွားခဲ့သည်။

"သိမ့်တို့က သူ့ဘဝအတိတ်တစ်ခုလုံးကို သတ်ထားမိခဲ့တာပါ ကိုဖုန်း။ သိမ့်တို့ကြောင့် သူ အတိတ်မေ့ပြီး ခွေပြတ်မျိုးပြတ် ဖြစ်သွားခဲ့ရတာပါ"

"သူ့အတိတ်က ဘယ်လောက်များ တမ်းတစရာကောင်းလို့လဲ ညီမလေးရယ်၊ ညီမလေးနဲ့တွေ့ပြီး ဒီလိုအတိတ်မေ့ဖို့ကံ ပါမလာရင် ရွှေကညာ သူတောင်းစားဘဝမှာပဲ ရှိမှာပါ"

"ကိုဖုန်း"

ပေးတာတွေများလွန်း၍ ကိုဖုန်း လောဘတက်ကာ ဒီလိုပြောလိုက်မှန်းသိသည်။ ငွေးရင်းသားရင်းထက်တော့ သူစိမ်းကို ဘယ်ပိုပေးစေချင်ပါ့မလဲ။

"ဒါ သိမ့်ရှာထားတာတွေနဲ့ သိမ့်ဆန္ဒအတိုင်း လုပ်ပေးလိုက်တာပါ၊ ကိုဖုန်းသမီး မိုးယသော်ကိုလည်း သိမ့် ပေးသင့်တာ ပေးနေတာပဲ အတွင်းပစ္စည်းမှန်သမျှလည်းသူ့ပဲရမှာ၊ ရွှေကညာကိုတော့ မနာလိုမဖြစ်ပါနဲ့ ကိုဖုန်း"

"ကို ကိုဖုန်းက အဲလိုသဘောမျိုးပြောတာ မဟုတ်ပါဘူး။ ဒါပေမဲ့ ရွှေကညာအတွက် အရမ်းများနေသလားလို့ပါ၊ စိန်တစ်ဆင်စာက သိန်းနှစ်သောင်းကျော်တောင်တန်တာ၊ အဲဒါ မေမေတို့ ညီမလေးကို ပေးခဲ့တာ မဟုတ်လား"

"ကိုဖုန်းကိုလည်း မေမေတို့က သိန်းနှစ်ထောင်ကျော်တန် တိုက်နဲ့ကားကိုထားခဲ့တာမဟုတ်ဘူးလား။ ဒါက သိမ့်ပိုင်တာပါ၊ သိမ့် ပေးချင်တဲ့သူပေးမှာပေါ့၊ သူက သိမ့်အနားမှာ အကြာကြီးရှိနေပေးခဲ့တဲ့ ကလေး။ သိမ့် ခွင့်မပြုရင် လက်တောင်မထပ်တော့ဘူးလို့ ဆုံးဖြတ်ထားတဲ့





ကလေးပါ၊ သူ့ကြောင့် သိမ့်ပျော်ရွှင်ခဲ့ရတယ်၊ အိမ်ပြန်ချိန်တွေ အဓိပ္ပာယ်ရှိခဲ့ရတယ်၊ အဲဒါကြောင့် သိမ့် ပေးသင့်လို့ ပေးတာ"

ဦးရွှေဖုန်းမောင် ဘာမှမပြောနိုင်တော့။ ကိုယ်ရှာထားသည့်ငွေ မပါတာမို့ ဘာမှမပြောနိုင်တော့ခြင်းပင်။ ညီမလေး ဆုံးဖြတ်တာ ကောင်းပါတယ်လို့ပဲ ချီးမွမ်းရတော့မလား။

ရင်ထဲမှာတော့ မကျေနပ်သော အဖုအထစ်လေးတွေနှင့်သာ။

■ ■ ■

# အခန်း (၂၄)

"သားရော ပြန်ပါမလာသေးဘူးလား ကညာ"

ရွှေကညာ တစ်ယောက်တည်း ပြန်လာတာကိုမြင်လိုက်တာနဲ့ ဒေါ်မိမိတင် မေးလိုက်ခြင်းဖြစ်သည်။ ရွှေကညာက ဒေါ်မိမိတင်ရှေ့က ဆိုဖာခုံမှာ ဝင်ထိုင်ပြီး

"စိုးဝေအမေ ဆေးရုံတင်ရမှာ ဖုန်းလှမ်းဆက်လို့ သူ လိုက်သွားတယ် အန်တီ၊ စင်ကာပူလည်းသွား ဂျပန်လည်းသွားကုပေမယ့် ရောဂါက မသက်သာဘူး"

"နိုင်ငံခြားသွားကုမှ ပျောက်မယ်ထင်ပြီး အထင်ကြီးနေကြလို့ပါကွယ်၊ ရောဂါရင့်ပြီဆိုရင်တော့ ဘယ်တိုင်းပြည်က ဆရာဝန်မှကုလို့မရပါဘူး။ ကုလို့ပျောက်မယ်ဆို ကိုယ့်တိုင်းပြည်က ဆရာဝန်နဲ့ကုလည်း ပျောက်ပါတယ်"

"ဟုတ်တယ် အန်တီ၊ ငွေအကုန်အကျများမှ ရောဂါပျောက်မယ် ထင်တာ အယူအဆအမှားတွေပဲ၊ ကိုယ့်တိုင်းပြည်မှာ ပညာရှင်တွေ





များပါတယ်၊ ကိုယ့်လူမျိုးကို အထင်ကြီးတတ်ကြရင် ကောင်းတာပေါ့၊ ကညာ တို့လည်း ပညာကိုငွေတွေအများကြီး အကုန်ခံ အချိန်တွေအများကြီးပေးပြီး သင်ထားရတာ"

"ကညာတို့ရော ဘယ်အချိန် ဘွဲ့လွန်တက်ကြမှာလဲ"

"ရတုကတော့ နှစ်နှစ်လောက်ဆေးခန်းဖွင့်ပြီးမှ တခြားဆရာဝန်တွေနဲ့လွှဲထားပြီး တက်မယ်လို့ ပြောတယ်၊ ဆေးခန်းအောင်မြင်မှပေါ့"

"ဒါဆို သိမ့်ဘဏ်မှာ အပ်ပေးထားတဲ့ငွေက အခုချိန်မှာ ပိုနေသေးတာပဲ"

"ရှင်"

ဘဏ်မှာငွေအပ်ထားတာပဲ အလကားပိုနေတယ်လို့ ရှုပ်မလား။ ဘဏ်အတိုးရနေသည်မို့ ကိုယ့်အတွက် အဆင်ပြေနေတာပဲ၊ ဒေါ်မိမိတင်က သက်ပြင်းတွေရှိုက်ပြီး

"သားသိမှာလည်းစိုးလို့ အန်တီ မပြောသင့် ပြောသင့် စဉ်းစားနေတာ"

"ဘာများလဲ အန်တီ"

"ဪ စက်ရုံက ငွေရေးကြေးရေး အရမ်းလိုအပ်နေလို့လေ၊ ကညာတို့ ဘွဲ့လွန်တက်ဖို့ အစီအစဉ်မရှိကြသေးဘူးဆိုရင် အန်တီ ငွေလှည့်သုံးချင်လို့ပါ"

"ရှင် အဲဒါ"

"သိမ့်က ကညာတို့အတွက် ထောက်ပံ့လက်ဖွဲ့ထားတယ်ဆိုတာ အန်တီသိပါတယ်၊ ငွေသားထည့်နိုင်ရင် စက်ရုံက အရင်အတိုင်း လည်ပတ်မှာပါ၊ အခုက နောက်က အရင်းအနှီးမထည့်နိုင်တော့ ရှေ့ကမန်နေဂျာ

တွေကြောင့် ဆုံးရှုံးသွားတဲ့ငွေက ပြန်ပေါ်မလာတော့ဘူးဖြစ်နေတာ၊ နို့ပြင်ခြားက ဗိတ်လိပ်တွေမှာပြီး ငွေမချေနိုင်၊ ဝန်ထမ်းတွေကိုလည်း လစာမရှင်းနိုင်နဲ့ စက်ရုံပိတ်ရမယ့်အခြေအနေကို ရောက်နေတယ်"

"ဟို ဘဏ်စာအုပ်က အန်တီသိမ့်လက်ထဲမှာပဲ ရှိပါသေးတယ် ကညာ ယူမလာခဲ့ရသေးပါဘူး အန်တီ"

"ဒါဆို စိန်တစ်ဆင်စာကတော့ တစ်ခါတည်း ထည့်ပေးလိုက်ပြီ မဟုတ်လား"

"ရှင် ဟုတ်"

ရွှေကညာ ငြင်းလို့မရ။ အန်တီသိမ့်ပေးလိုက်သည့်နေ့က ဒေါ်မိမိတင် မြင်ပြီးသွားပြီ မဟုတ်ပါလား။ ဒါပေမဲ့ ဒါတွေက အန်တီသိမ့်က သူမကိုပေးလိုက်တာတွေပါ။ ချွေးမပစ္စည်းကို ယောက္ခမပိုင်သလိုလုပ်နေလို့တော့ ဘယ်ဖြစ်ပါ့မလဲ။ ဒေါ်မိမိတင်က မျှော်လင့်ချက်မျက်ဝန်းများဖြင့်

"အဲဒီစိန်တစ်ဆင်စာ အန်တီ့ကို ခဏငှားပါ ကညာ၊ စက်ရုံအတွက် အရင်းအနှီးထပ်ထည့်ပြီး ငွေလည်ပတ်တာနဲ့ အန်တီပြန်လုပ်ပေးပါမယ်"

"အန် အန်တီသိမ့် ပြောနေမလားလို့ပါ"

"သြော် သိမ့်မှမသိဘဲကွယ်၊ ကညာမပြောရင် သိစရာအကြောင်းရှိပါ့မလား။ အန်တီတစ်ခု တောင်းပန်ချင်တာက ဒီကိစ္စ သားကိုလည်းမသိစေချင်ဘူး။ ကညာပစ္စည်းကို ဒီလိုလုပ်တယ်ဆိုရင် သားလည်းကြိုက်မှာမဟုတ်ဘူးလေ၊ ဒါပေမဲ့ အန်တီလုပ်နေတာက သားနဲ့ကညာအတွက်ပါပဲ၊ အန်တီက အသက်ကြီးပြီ သေလူ၊ ကျန်ခဲ့သမျှက ကညာတို့ပဲ စံစားရမှာ ဟုတ်တယ်မဟုတ်လား"



"ဟုတ် ဟုတ်ကဲ့"

ဒေါ်မိမိတင် ပြောတာလည်း ဟုတ်နေတာမို့ ကညာ ခေါင်းညိတ်လိုက်ရသည်။ တခြားသားသမီးထောက်ပံ့အမွေပေးစရာမှ မရှိတာ။ ရတုစံနှင့်သူမတို့နှစ်ယောက်အတွက်ပဲ မဟုတ်လား။ ဒါပေမဲ့

"ပစ္စည်းက အပြတ်ရောင်းပစ်လိုက်တာမျိုးတော့ မဖြစ်ဘူးထင်တယ် အန်တီ၊ အန်တီသိမ့်က"

"အန်တီ သိပါတယ်၊ ပေါင်ရုံပဲပေါင်မှာပါ၊ **သိပ်**လည်းမကြာပါဘူး။ အန်တီ ပြန်ရွေးပေးမှာပါ၊ သားကိုသာ အသိမပေးဖို့ အန်တီ့ကို ကတိပေးပါကွယ်"

"ဟုတ်ကဲ့ပါ ရတုကို မပြောပါဘူး"

"အန်တီ ပုန်းလျှိုးကွယ်လျှိုးလုပ်ပြီး ချွေးမဆီက အနိုင်ကျင့်တယ်လို့တော့ မထင်စေချင်ဘူး၊ အန်တီအဆင်မပြေဖြစ်နေတာတွေကို သား စိတ်ဆင်းရဲမှာစိုးလို့ပါ"

"ဟုတ်ကဲ့ပါ အန်တီ ရတု မသိစေရပါဘူး"

"အေး အေး အဲဒါဆို သား ပြန်မလာခင် အန်တီ့ကို ပစ္စည်းယူပေးလေကွယ်"

ဒေါ်မိမိတင် ဖွတ်ဖြစ်နေတာမို့ ရတနာဘူးလေးကို ရွှေကညာယူပေးလိုက်ရသည်။ အန်တီသိမ့် တန်ဖိုးထားကာ ပေးထားသည့်ပစ္စည်းမို့ စိတ်တော့မကောင်းပေ။ ဒါပေမဲ့လည်း ဒီမိသားစုဝင်ဖြစ်နေပြီမို့ အခက်အခဲရှိလျှင် အတူရင်ဆိုင်ရတော့မှာပဲပေါ့။

ဒါဟာ ရတုစံကိုချစ်လို့ပါပဲ။ ဒီအချစ်တွေကြောင့်ပဲ သူမဘဝက။

■ ■ ■

## အခန်း (၂၅)

“ကညာ ဒီထဲက ပစ္စည်းတွေရော”

“ဟင်”

အံဆွဲကိုဖွင့်ပြီး ရတနာဘူးလေးကို ကိုင်လိုက်စဉ်မှာ အရင်လို လေးလေးပင်ပင် မရှိဘဲ ပေါ့ရွှတ်နေတာကြောင့် အထိတ်တလန့်ဖွင့်ကြည့်ပြီး ကညာ့ကို အော်မေးလိုက်သည်။ မွေ့ရာခင်းကို သန့်ပြန့်အောင် ဖြန့်နေသော ကညာက ထိတ်လန့်သွားလျက် သူ့ကိုမျက်လုံးပြူးလေးဖြင့် လှည့်ကြည့်၏။

“ကညာ ကျွန်တော်မေးနေတယ်လေ၊ ကညာ ကိုယ်ပေါ်မှာ ဝတ်ထားတာလည်းမတွေ့ဘူး ဘယ်ရောက်သွားတာလဲ”

“ဟို”

“ဘူးက ဒီမှာရှိတယ်၊ အထဲက ပစ္စည်းက ဘယ်ကိုခြေထောက် ပေါက်ရောက်သွားတာလဲ မမေ ကညာဆီက”

ရွှေကညာ ပြောဖို့ခက်ခဲနေတာ ဒီတစ်နည်းပဲရှိတာမို့ တုံ့တိုးပဲ



မေးလိုက်သည်။ မေမေ့ရဲ့အဆင်မပြေမှုတွေ သိနေတာကြောင့် သူ ရိပ်မိ လိုက်တာပါ။

“ကညာ”

“ဟို ရ ရတု”

“ကျွန်တော့်ကိုပြောပါ၊ အမှန်အတိုင်း မကွယ်မဝှက်ဘဲ ပြောပါ ကညာ၊ ကညာဆီကနေ မေမေတောင်းတာလား”

“စက်ရုံမှာ ငွေမလည်ပတ်လွန်းလို့ ကညာ ထုတ်ပေးလိုက်တာပါ”

“အာ မေမေကွာ၊ ကညာအတွက် ဘာမှလုပ်ပေးတာလည်း မရှိဘဲနဲ့ ဘာလို့ယူရတာလဲ၊ ကျွန်တော် သွားပြန်တောင်းပေးမယ် ကညာ”

“ဟင် မ မလုပ်ပါနဲ့၊ ရတု မသိသလို နေပေးပါ ရတုမသိစေရပါဘူး ရတုကို မပြောပါဘူးလို့ ကညာ ကတိပေးထားလို့ပါ”

“အခု ကညာပြောလို့ ကျွန်တော်သိတာလား၊ ဒီအံဆွဲကို ဖွင့်တိုင်း အောက်က ဟိုပစ္စည်း ဒီပစ္စည်းကိုယူချင်လို့ ရတနာဘူးလေးကို ဟိုဘက်ဒီဘက်ရွှေ့လုပ်တာနဲ့ ကျွန်တော်သိတာ၊ အဲဒီရတနာဘူးကို ကိုင်ကြည့်မိတိုင်း ဒီထက်တန်ဖိုးကြီးတဲ့ပစ္စည်းကို ဝယ်ပေးနိုင်အောင် ကြိုးစားမယ်ဆိုတဲ့စိတ်ကူး ကျွန်တော့်မှာ အမြဲရှိတယ်”

ရတုရဲ့ တန်ဖိုးထားမှုကြောင့် သူမ ကြည်နူးမိသည်။ ရတု၏ မျက်နှာက ရှက်ရွံ့ခြင်းနှင့် တည်တင်းနေကာ

“ကျွန်တော် ကညာ့ကို အမြဲအားနာနေရတာ ကညာ၊ ကျွန်တော့်မေမေ ဘာမှမလုပ်ပေးနိုင်တဲ့အတွက်”

“အဲဒါတွေ မပြောပါနဲ့တော့ ရတုရယ်၊ အခုလည်း ကညာတို့

အဆင်ပြေနေတာပဲ၊ မိသားစုဝင်ဖြစ်သွားတဲ့အတွက် ရတုအမေရဲ့အဆင်မပြေမှု အခက်အခဲကိုလည်း ကိုယ်တတ်နိုင်သလောက် ကူညီဖြေရှင်းပေးရမှာပေါ့"

"ကညာရယ် ကညာက နားလည်မှုပေးလေ၊ ကျွန်တော် အားနာရလေ၊ ရှက်ရလေပါပဲ"

"လင်မယားချင်း အဲဒီစကားမျိုး ပြောစရာလား ကညာ့ကို ရတုတို့မိသားစုဝင်အဖြစ် မသတ်မှတ်ချင်တာလား ပြောပါဦး"

ကညာ သူ့ကို ပြန်ပြီး ဂျိတိုက်ပြနေတာ ဘာကြောင့်ဆိုတာ သူ နားလည်သည်။ မေမေ့ကို စိတ်ဆိုးမှာစိုးလို့မဟုတ်လား။ ပစ္စည်းကို ကညာကတော့ ယူလိုက်ပါလို့ ပေးမှာမဟုတ်။ မေမေက အခက်အခဲတွေ ညည်းပြီး တောင်းလို့သာ အားနာနာဖြင့် မဖြစ်မနေပေးလိုက်ရသည် ဆိုတာ သူ သိသည်။ တကယ်ဆို ကိုယ့်ရဲ့အဆင်မပြေမှုတွေကို ကညာ ရှေ့မှာ ညည်းပင်မညည်းညူစေချင်ပါ။

"ကညာ"

"ဘာလဲ"

"ကျွန်တော့်ကိုယ်ကျွန်တော် ကညာ့အပေါ် တာဝန်မကျေသေးဘူးလို့ ခံယူထားတယ်၊ လင်မယားချင်းဆိုပေမယ့် ကျွန်တော် ဘာမှ မလုပ်ပေးရသေးတာကို အားနာတယ် ရှက်တယ်၊ အခု မေမေ့လုပ်ရပ် အတွက် ကျွန်တော်ပိုပြီးတော့တောင် ရှက်မိတယ်၊ အဲဒီအတွက် ကျွန်တော့်ကို နောက်ထပ် အရှက်မရစေချင်ဘူးဆိုရင် မေမေ ဘာပဲတောင်းဆို တောင်းဆို ကညာ ဘာမှမပေးပါနဲ့၊ ဘာမှမလိုက်လျောပါနဲ့"

"ရတုအမေက ကညာအမေပဲလေ၊ ဒီမိသားစုရဲ့အခက်အခဲ



က ကညာရဲ့အခက်အခဲပါပဲ၊ ဘာပဲဖြစ်ဖြစ် မိသားစုဆိုတာ"

"ကညာစိတ်ကို ကျွန်တော် နားလည်တယ်၊ ကညာ စေတနာကို ကျွန်တော် သိပါတယ်၊ ဒါပေမဲ့ မေမေက အဆင်မပြေမှုတွေအကြောင်းပြပြီး အခွင့်အရေးထပ်ယူတာမျိုးတွေ မဖြစ်စေချင်ဘူး။ ဒီကိစ္စကိုလည်း ကျွန်တော်"

"ဟင့်အင်း ရတု ဘာမှမပြောပါနဲ့၊ ဒီကိစ္စကို မသိချင်ယောင်ဘဲ ဆောင်ပေးပါ၊ ကညာပြောလို့ သိသွားတာမျိုးဆိုရင် မကောင်းပါဘူး။ သိပ်မကြာခင် ပြန်ရွေးပေးပါမယ်လို့ ပြောပါတယ်"

"လုပ်ငန်းတစ်ခု ဆုံးရှုံးပြီဆိုရင် ငွေမျောငွေနဲ့လိုက်တိုင်းလည်း အဆင်ပြေတတ်တာမျိုးမဟုတ်ဘူး ကညာ၊ အတွေ့အကြုံ နားလည်မှု မရှိရင် ရင်းနှီးမြှုပ်နှံသမျှ ထပ်ဆုံးရှုံးနေမှာပဲ၊ ကျွန်တော်က ကိုယ် နားမလည်တဲ့အလုပ်ကို မလုပ်စေချင်ဘူး။ ရပ်တန့်လိုက်စေချင်ပြီ ကျွန်တော် မေမေ့ကို လုပ်ကိုင်ကျွေးနိုင်နေပြီပဲ"

"ဂုဏ်သိက္ခာတွေရှိသေးတယ်လေ၊ လုပ်ငန်းတစ်ခုကို ဘယ်သူက အလွယ်တကူ ဖျက်စီးခံချင်ပါ့မလဲ၊ ရတုက နားလည်ပါနော် ရတု၊ ရတုအမေလုပ်နေတာတွေက ရတုနဲ့ကညာအတွက်ပဲ မဟုတ်လား"

"ကညာရယ် ကျွန်တော်"

ရွှေကညာရဲ့နားလည်မှုတွေကြောင့် သူ ဘာပြောရမှန်းမသိ အောင်ပင်ဖြစ်နေမိသည်။ ကညာကို မျက်နှာပူ အားနာမိတာပဲသိ၏။

"ရတု"

ကညာက သူ့မေးဖျားလေးကို သူမလက်ကလေးနှင့် ပွတ်သပ်လျက်

"ရတုညီက အချစ်တစ်ခုတည်းရှိရုံနဲ့ ကညာ ကျေနပ်တယ်၊ ဘာအကြောင်းနဲ့ဖြစ်ဖြစ် ကညာကို မခွဲတူးဆိုရင် ကညာဘဝ ပြည့်စုံနေပြီ တခြားအရာတွေ ဆုံးရှုံးရမယ်ဆိုလည်း ကညာ နေပျော်မှာပါ"

"စိတ်ချပါ ကညာရယ်၊ ကညာကို ကျွန်တော် တစ်သက်လုံး ချစ်နေမှာပါ"

"အန်တီ့ကို ဘာမှ သွားမပြောရဘူးနော်"

"အင်း၊ အင်းပါ"

သူ ဒီလိုပြောလိုက်မှ ကညာ ကျေနပ်သွားဟန်ရှိသည်။ သူ့ကညာ့ပုံလေးကိုကြည့်ပြီး မျှော်ရာပေါ်မှာ ထိုင်လိုက်သည်။ ရင်ခွင်ထဲမှာ သူမရှိနေခြင်းက သူ့အတွက် အင်အားတွေတိုးပွားစေသည်။ ကညာက သူ့ရင်ခွင်တွင်းကနေ ခေါင်းလေးမော့ပြီး

"ဦးဝေ အမေရော သက်သာလားဟင်၊ ဘယ်လိုအခြေအနေရှိလဲ"

"ဆေးနဲ့အသက်ဆက်နေတာပဲ၊ ဘယ်နေ့ဆိုတာ မပြောနိုင်တော့ ဦးဝေအတွက် စိတ်မကောင်းဘူး"

"ငွေတွေလည်း အရမ်းကုန်နေပြီနော်၊ လူ့ဘဝမှာနေ့ရှိလည်း ခက်တယ် သေဖို့လည်းခက်တယ်၊ ဆေးကုဖို့ မတတ်နိုင်တဲ့သူတိုင်း ဒီရောဂါမျိုးက သေဖို့ကြာပြီပေါ့"

"ဦးဝေက သူက မိဘသင်ပေးတဲ့ပညာနဲ့ ဆရာဝန်ဖြစ်နေပြီ မအေရောဂါပျောက်အောင် ဆေးကုမပေးနိုင်လို့ စိတ်မကောင်းဖြစ်နေတာ"

"ဒါတော့လည်း ဘယ်တတ်နိုင်မလဲ၊ ကံတရားပဲလေ၊ တကယ်





ဖြစ်လာရင် ကိုယ့်ကိုယ်ကိုယ်တောင် ကုလို့မရနိုင်တာ ဦးဝေကို မြေသိမ့်ပေးလိုက်ပါ၊ ဒါဆို ကညာကို ဆေးခန်းဖွင့်ပွဲနေ့ကျ ဦးဝေ မလာနိုင်တော့ဘူးပေါ့"

"အင်း ဘယ်လာနိုင်တော့မှာလဲ၊ ကိုယ်တို့ဆရာတွေကို မိတ်ဖွဲ့ မုန့်နေ့ညီမယ်နော်၊ ဆရာတွေက ကိုယ်တို့ဆေးခန်းဖွင့်တာကို ဝိတ်ဖြစ်ကြမှာပါ"

"အင်း ပျော်စရာကြီးနော် ရတု၊ ဒါဒါ အန်တီသိမ့် ကျေနပ်မှ"

ရတုစံ မျက်နှာ ညှိုးငယ်သွားတာမြင်လိုက်၍ ကောင်းဆုံးအောင် မပြောနိုင်ဘဲ ရပ်တန့်လိုက်ရသည်။ အန်တီသိမ့် ကျေနပ်မှုကိုတိုးကျွေးချင်ပေမယ့် သူ့အမေ ဘာမှလုပ်မပေးနိုင်တာကြောင့် ရတုအားငယ်သွားနိုင်သည် မဟုတ်လား။

ထိုသိမ်ငယ်မှုတွေအတွက် သူမမေတ္တာတွေ အချစ်တွေနဲ့ဖြေသိမ့်ပေးနိုင်ပါသည်။ တို့တွေက မိသားစုတွေပဲ ရတုရယ် ...။

■ ■ ■

## အခန်း (၂၆)

သားရဲ့ဆေးခန်းဖွင့်ပွဲက ပြန်လာပြီး စိတ်ပန်းလူပန်းဖြစ်သွားတာမို့ ဒေါ်မိမိတင် ဆိုဖာခုံပေါ်မှာ ခြေပစ်လက်ပစ် မှီထိုင်နေလိုက်မိသည်။ မိမိ ဘာမှလုပ်မပေးနိုင်သော်လည်း သားတို့ဒီလိုမျိုး တင့်တောင်းတင့်တယ်ဖြစ်သွားတာ ဝမ်းသာစရာပါ။ စက်ရုံပိတ်ရက်မို့ သိမ့်လည်းလာသည်။

စိန့်တစ်ဆင်စာအတွက် မျက်နှာပူသော်လည်း လတ်တလောကိုယ့်ရဲ့အခက်အခဲက အရေးကြီးနေသည်မို့ စကားမဖွာသော ရွှေကညာကိုပဲ ကျေးဇူးတင်ရသေး၏။ သိန်းနှစ်ထောင်ကျော်တန်သော စိန့်တစ်ဆင်စာက ပေါင်လိုက်သည့်အခါမှာ သိန်းထောင့်နှစ်ရာကျော်ပဲရသည်။ လောလောဆယ် ပိတ်လိပ်ဖိုးတွေနှင့် ဝန်ထမ်းလစာဖြေရှင်းဖို့တောင် မလုံလောက်ပါ။ ရှေ့လျှောက် ဘယ်လိုတွေဖြေရှင်းရဦးမည်မသိဘဲ စိတ်ဦးနှောက်တွေ ရှုပ်ထွေးနောက်ကျိနေရသည်။ စက်ရုံကြီးကို စွန့်လွှတ်လိုက်ရဖို့ဆိုတာကတော့ တွေးတောင်မတွေးရဲချေ။ မိမိတို့ဂုဏ်သိက္ခာ အသိုက်



အဝန်းဂုဏ်သိက္ခာတွေဖြင့် ပတ်ဝန်းကျင်ရဲ့ အကဲ့ရဲ့တော့ မခံနိုင်။

"အန့်တီ"

"ဟင်"

ခေါ်သံကြောင့် ခေါင်းထောင်ပြီး ကြည့်လိုက်သော်လည်း ဘယ်သူမှန်း သဲကွဲစွာ မခွဲခြားနိုင်ပေ။ ဒူးအထက်ရောက်သည့် စကတ်ပေါင်တိုလေးဖြင့် လည်ဟိုက်လက်ပြတ် အရောင်ဆိုးထားသော ဆံနွယ်တွေက လိပ်ခွေလျက်

"အန့်တီ သမီးကို မမှတ်မိဘူးလား မိုးယသော်လေ"

"ဟင် မိုးယသော်၊ အမယ်လေး အရမ်းခေတ်ဆန်ပြီး လှလွန်းလို့ အန့်တီ မှတ်တောင် မမှတ်မိတော့ဘူး။ အရမ်းကို အရွယ်ရောက်လာတာပဲ၊ လာပါဦး ထိုင်ပါဦးကွယ် ဘယ်အချိန်ကများ နိုင်ငံခြားက ပြန်ရောက်တာလဲ"

ဒေါ်မိမိတင် လှိုက်လှဲဝမ်းသာအားရ ဖြစ်နေ၍ မိုးယသော် အပြုံးလှလှလေးဖြင့် ရဲတင်းစွာ ဝင်ထိုင်ကာ

"ပြန်ရောက်တာ သုံးရက်လောက် ရှိသွားပြီ အန့်တီ"

"ဒါနဲ့များကွယ် ဒီနေ့ သားရဲ့ဆေးခန်းဖွင့်ရက်ဆိုတာ သိမှာပေါ့၊ သမီးအဖေတောင် လာသေးတာပဲ"

"မိုး သိပါတယ် မလာချင်လို့ မလာတာ"

"ဟင်"

သား အိမ်ထောင်ပြုလိုက်လို့ စိတ်များဆိုးသွားသလားလို့ ထင်မိသည်။ သားကို အထက်တန်းကျောင်းသူဘဝတည်းက စိတ်ဝင်စားနေခဲ့သည့် မိန်းကလေးမဟုတ်ပါလား။ သားနှင့်တစ်ကျောင်းတည်း အတူ

မတက်ရလို့သာ နိုင်ငံခြားမှာသွားပြီး ကျောင်းတက်ခဲ့တာ။ မိုးယသော်က နှာခေါင်းလေးရှုံ့လျက်

"အန်တီတို့များ ဘယ်လိုချွေးမကိုများ ရွေးချယ်လိုက်တာလဲ ကိုယ့်မျိုးရိုးဂုဏ်နဲ့မလိုက်ဖက် အသိုက်အဝန်းအလယ်မှာ အရှက်လည်းရဦးမယ်"

"ဟင် ဘာဖြစ်လို့လဲကွယ်၊ သမီးအန်တီသိမ့်ရဲ့မွေးစားသမီးလေ သမီးတို့အသိုက်အဝန်း အဆင့်အတန်းတွေကြောင့် အန်တီ့သားနဲ့ လက်ထပ်ပေးခဲ့တာပါ"

"အဲဒီ ရွှေကညာရဲ့မျိုးရိုးအဆင့်အတန်းကရော ဘာလဲဆိုတာ သိရဲ့လား အန်တီ၊ စုံရော စုံစမ်းကြည့်ရဲ့လား"

"ဩော် သိမ့်က မျိုးရိုးသန့်လို့ပဲ မွေးစားခဲ့တာမဟုတ်လား။ သိမ့်ကိုယုံတော့ ဘာစုံစမ်းကြည့်မိမှာလဲကွယ်၊ သမီးပြောနေတာနဲ့ အန်တီတောင် ရင်ထိတ်လာမိတယ်၊ ပြောစမ်းပါဦး သမီးရယ်"

"သူက သူတောင်းစားတဲ့၊ မျိုးရိုးက သူတောင်းစားမျိုးရိုးပါ"

"အမယ်လေး ဘုရား ဘုရား တ တကယ်လား မိုးယသော်ရယ်၊ သမီးရယ် သမီးပြောတာ တကယ်လား"

ဒေါ်မိမိတင် အထိတ်တလန့် ဖြစ်သွားလေသည်။ မျက်လုံးမျက်ဆံပြူးကာ မိုးယသော်လက်ကိုကိုင်လျက် ဖွတ်အတင်းမေးသည်။ မိုးယသော်က နှာခေါင်းကိုရှုံ့မဲ့ ပြုံးပြလျက်

"မိုးက ညာစရာအကြောင်းမရှိပါဘူး၊ လုပ်ကြံပြောစရာအကြောင်းလည်းမရှိဘူး။ အန်တီသိမ့်က တောင်းစားနေတဲ့ ကလေးမလေးကို ကားနဲ့တိုက်မိရာက အတိတ်ပါမေ့နေလို့ မဖြစ်မနေ မွေးစားလိုက်ရ



တာပါ၊ သူ့ဆွေမျိုးသားချင်းနဲ့ သူ့ဘဝကိုပါ မမှတ်မိတော့လို့လေ"

"တ တကယ်ပဲပေါ့၊ ရွှေကညာက သူတောင်းစားပေါ့၊ အမယ်လေး ဘယ်လိုလုပ်ကြမလဲ၊ သူတောင်းစားမကိုမှ သားနဲ့ပေးစားမိတယ်၊ ဆွေမျိုးသားချင်းတွေသိရင်တော့ ဘယ်လောက်တောင် အရှက်ရ သိက္ခာကျလိုက်မလဲ၊ သိမ့် သိမ့်က ဒီစကားကို ဘာလို့မပြောခဲ့တာလဲ၊ တကယ်ဆို သူ ဘယ်လိုသဘောထားပြီး မွေးစားမွေးစား အန်တီ့ကိုတော့ သူ ပြောသင့်တယ် အသိပေးသင့်တယ်"

"အန်တီသိမ့်က ရွှေကညာကို ဒီလောက်တောင်ချစ်တာ၊ သူ့မွေးစားသမီးကို သူတောင်းစားပါလို့ ပြောပါ့မလား အန်တီရယ်၊ စပြီး မွေးစားကတည်းက အခုချိန်ထိ အသိုက်အဝန်းတစ်ခုလုံးကိုတောင် ဖုံးကွယ်ထားသေးတာ၊ အခု မိုးမပြောရင် အန်တီလည်း တစ်သက်လုံး သိရမှာမဟုတ်ဘူး"

ထိုစကားက အမှန်ပင်။ မိုးယသော် မပြောလျှင် တစ်သက်လုံး တကယ်ပင်သိရမှာမဟုတ်။ နောက် ကလေးမွေးလျှင်တောင် သူတောင်းစားမျိုးရိုးလေးတွေ မွေးလာမှာပေါ့။

ဟင့်အင်း ဒီလိုတော့ လုံးဝအဖြစ်မခံနိုင်။ လူတစ်ယောက်ဘဝတစ်ခုအတွက် မျိုးရိုးအဆင့်အတန်းက အရေးအကြီးဆုံးပင်၊ မိမိတို့မျိုးရိုးထဲမှာ ဒီလိုအဆင့်အတန်းမျိုးတော့ လုံးဝ မရှိစေရ။

"အန်တီသိမ့် ဘာဖြစ်သွားတာလဲ"

"ဟင် အန် အန်တီ လန့်သွားတာ၊ ဘယ်လိုလုပ်ဖြစ်မှာလဲ ဒီလို မိန်းကလေးကို အစကသာ ဒီလိုမှန်းသိခဲ့ရင် အန်တီ လုံးဝ မပေးစားဘူး သမီးရယ်၊ ကြိုကြိုတင်တင် အသိပေးခဲ့တာ မဟုတ်ဘူးကွယ်"

"ရတုနဲ့ရွှေကညာက ချစ်သူဖြစ်နေတယ်၊ လက်ထပ်လိုက်တယ်ဆိုတာ လုံးဝမသိလို့ပေါ့ အန်တီရယ်၊ သူတို့ချစ်သူဖြစ်တာ သိပ်မကြာသေးဘဲ လက်ထပ်လိုက်ကြတာ ထင်တယ်"

"ဟုတ်တယ် အရမ်းကို မြန်တယ်၊ သူတို့ချစ်သူ မဖြစ်သေးခင်မှာ လူကြီးတွေကိုဖွင့်ပြောတယ်၊ လူကြီးတွေက သဘောတူ သူတို့လည်းချစ်သူဖြစ် ကျောင်းလည်းအပြီးဆိုတော့ လက်ထပ်တာ မြန်သွားတာပေါ့"

"အခု အန်တီ ဘယ်လိုလုပ်မှာလဲ"

"သား သားနဲ့ကွာရှင်းခိုင်းရမှာပေါ့၊ ဒီလို သူတောင်းစားမျိုးနဲ့တော့ ဘယ်အတူနေနိုင်ပါ့မလဲ"

"ရတုက ကွာရှင်းဦးမှပေါ့ အန်တီရယ်"

ဒါတော့ ဟုတ်သည်။ သားက သူချစ်လို့ လက်ထပ်ထားသည့်မိန်းကလေးကို ဘယ်လိုဖြစ်ဖြစ် စွန့်လွှတ်ပါ့မလား။ ဒါပေမဲ့ စွန့်လွှတ်ကွာရှင်းအောင်တော့ ပြောရမှာပင်။ ဘယ်သူမှ မသိခင် ဖြေရှင်းနိုင်းမှဖြစ်လိမ့်မည်။ အစက ဘယ်သူမှမသိဘူးဆိုလျှင်တောင် အခု မိုးယသော်က တခြားသူတွေကို လျှောက်မပြောဘူးလို့ ပြောနိုင်ပါ့မလား။ ဒါဆိုလျှင် ဆွေမျိုးအသိုက်အဝန်း ပတ်ဝန်းကျင်အလယ်မှာ မျက်နှာပင်ပြရဲမှာမဟုတ်တော့။

ဦးဖြိုးစံကျော် ဒေါ်မိမိတင်တို့ရဲ့သား ရတုစံက သူတောင်းစားမကို လက်ထပ်ထားတယ်ဆိုပြီးတော့လေ။

"ဟင်း အန်တီတော့ အရမ်းကို စိတ်ညစ်သွားတာပဲကွယ်၊ အစတုန်းက သမီးနဲ့သားကို လူငယ်သဘာဝ ပတ်သက်သွားကြမယ်ထင်တာ၊ ရင်းနှီးမှုရှိကြတယ်ဆိုတော့လေ၊ လူကြီးချင်းပြောပြီး လက်ထပ်ပေးဖို့





တောင် စီစဉ်မလို့ပါ"

"အခုလည်း နောက်မကျသေးပါဘူး"

"ဟင် ဘယ်လို မိုးယသော်"

"သူ လက်မထပ်ရသေးဘူးထင်ပြီး မိုး ပြန်လာတာ၊ သတင်းတွေကြားလိုက်ရတော့ တော်တော် အံ့ဩတယ်၊ ရတု လက်ထပ်လိုက်တဲ့မိန်းကလေးက ရွှေကညာလို သူတောင်းစားတစ်ယောက်ဖြစ်နေတဲ့အတွက်ပိုပြီး အံ့အားသင့်မိတာ၊ ဘယ်လိုမှ ရတုနဲ့မလိုက်ဘက်ဘူး"

"ဟုတ်တယ် အဲလို မိန်းကလေးဆိုရင် ဘယ်လိုလုပ် လိုက်ဖက်ပါ့မလဲ၊ မျိုးရိုးသိက္ခာလည်းကျတယ်၊ သားသိက္ခာလည်း ကျတယ်၊ လုံးဝကို မဖြစ်သင့်ဘူး"

"ဒါဆိုရင် ရတုကို ရအောင်ဖျောင်းဖျလိုက်ပါ အန်တီ၊ သူကွာရှင်းလိုက်ရင် မိုး သူ့ကို ပြန်မျှော်လင့်မိမလား မသိဘူး"

"ဩော် အင်း အင်း သမီး"

ဒီလို ရဲတင်းမှုရှိတာတော့ နိုင်ငံခြားမှာ အနေကြာခဲ့တာကြောင့်ဖြစ်မည်။ ဘာဖြစ်ဖြစ် မိုးယသော်လို အဆင့်အတန်းဂုဏ်ဒြပ်ရှိသည့်အသိုက်အဝန်းက မိန်းကလေးက ဒီလိုပြောသည်ဆိုတော့ သားကို ရအောင် ဖျောင်းဖျရုံပဲပေါ့။

သူတောင်းစားတစ်ယောက်အိမ်ပေါ် တင်ထားမိတာ ဘယ်လောက်တောင် ဆိုးဝါးလိုက်ပါသလဲ။

ဒီရာဇဝင်ကို ရအောင်ကို ဖျက်မယ် ရွှေကညာ။

■ ■ ■

## အခန်း (၂၇)

"ရွှေကညာ"

"ရှင်"

ဆေးခန်းက နှစ်ယောက်အတူပြန်လာတာမြင်ပါလျက် ရွှေကညာမျက်နှာကို ရှုးစိမ်းကာ ကြည့်လျက် လေသံမာဖြင့် ခေါ်လိုက်သည်။ ရတုစံနှင့်ရွှေကညာ မျက်နှာလေးတွေ အကြည့်ဆုံသွားပြီး ခေါ်မိမိတင် ဘာကြောင့် ဒီလိုဖြစ်နေသည်ဆိုတာ နားမလည်နိုင်အောင် ဖြစ်သွားသည်။

"ကညာ လာ"

ရတုစံက ရွှေကညာ ပခုံးလေးကို ဖက်လျက် သူ့အမေရှေ့သို့ ခေါ်လာသည်။ သိမ်ငယ်မှုဖြစ်မှာစိုးလို့ ပခုံးလေးဖက်ထားခြင်းပါ။

"မင်းလွှတ်လိုက်စမ်း၊ သူ့ကိုမထိနဲ့ မဖက်နဲ့ လွှတ်လိုက်"

"မေမေ"

"မင်း ဘယ်လိုအတန်းအစားကို လက်ထပ်ထားမိတယ်ဆိုတာ





မင်းသိလား၊ သိသလား ရတုစံ"

"ဘာ ဘာတွေဖြစ်နေတာလဲ မေမေ၊ ဘာတွေပြောနေတာလဲ"

"ရတုစံ မင်းအခုလက်ထပ်ထားတဲ့သူက သူတောင်းစား။ သူတောင်းစားမ"

"ဟာ မေမေ မေမေဗျာ၊ ဘာတွေလျှောက်ပြောနေတာလဲ ကညာကို အဲလိုမပြောပါနဲ့"

"မင်းလည်းမယုံနိုင်ဘူး မဟုတ်လား။ အံ့သြသွားတယ်မဟုတ်လား။ ဒါပေမဲ့ ဒါ အမှန်တရား။ ရွှေကညာက တောင်းစားတဲ့မျိုးရိုး။ သူတောင်းစားဘဝက လာတယ်ဆိုတာ အမှန်ပဲ"

"ဗျာ"

"အန် အန်တီ"

မမှတ်မိတော့သလို တမင်မေ့ထားခဲ့သည့်အတိတ်လည်း မဟုတ်ပါ။ တကယ့်ကို မမှတ်မိတော့ခြင်းပင်။

အန်တီသိမ့်တို့က ဒီအကြောင်းကို သဲ့သဲ့တောင် ပြောမပြတာမို့ သူမ ရေးရေးလေးတောင် မမှတ်မိ။ ဒါပေမဲ့ ရောက်ခါစရက်တွေမှာ ဘယ်နေရာမှာ ကားတိုက်ခဲ့သည် ဘယ်လိုအဖြစ်မျိုးဆိုတာ လူကြီးချင်း ပြောနေသံကြား၍ သူမဘဝကို သူမ သိနေခဲ့သည်။ ပြီးတော့ မိုးယသော်။

မိုးယသော် ငယ်ငယ်က အိမ်ကိုရောက်လာသည့်အခါတိုင်း သူမကို ရွံ့ရှာသလိုတွေဖြင့် မတူမတန် ဆက်ဆံတတ်သည်။ အန်တီသိမ့်ကို ကြောက်ရလို့ ဒီလောက်ဆိုသော်လည်း အန်တီသိမ့်ကွယ်ရာမှာတော့ သူမကို သူတောင်းစားမဆိုပြီး နှိမ့်ချအထင်သေးစွာ ဆက်ဆံမြဲပါ။ မိုးယသော် မြန်မာပြည်မှာရှိစဥ်က သူမဝမ်းနည်းသိမ်ငယ်ရခြင်းတွေ ခဏ

ဝေကြုံရသည်။ အခု ဒေါ်မိမိတင် သိသွားတာ ဘယ်သူ့လက်ချက်လဲ။ အန်တီသိမ့်ကတော့ နိုင်ငံခြားကနေ မိုးယသော် ပြန်ရောက်နေပြီဟု ဖုန်းဆက်ပြောသည်။

အခု ဒေါ်မိမိတင်ကို မိုးယသော် ပြောလိုက်တာများလား။ ဒေါ်မိမိတင် သူမကို လက်ညှိုးကြီးထိုးလျက်

"ညည်းလည်း ညည်းကိုယ်ညည်း ဘာဆိုတာ သိတယ်မဟုတ်လား၊ ရွှေကညာ"

"ရှင် မ မသိပါဘူး အန်တီသိမ့်ကားနဲ့တိုက်ကတည်းက ကညာ အတိတ်မေ့နေခဲ့တာပါ"

"ဘာ ကညာ"

ရတုစံ အံ့သြသွားသည်။ ရွှေကညာက အတိတ်ကိုမေ့နေခဲ့သည့် မိန်းကလေးတဲ့လား။ သူ ကညာ့ကို သနားကြင်နာပိုသွားကာ ပခုံးလေးကို ထွေးဖက်ထားမိပြန်သည်။

မေမေက သူ့လက်တွေကို ဖြုန်းခနဲ လာပြီးဆွဲဖြုတ်၍

"ရတုစံ ရွှေကညာ ဘယ်လိုအတန်းအစားဆိုတာ မင်းသိပြီ နော်၊ မင်း သူနဲ့မပတ်သက်ရဘူး ကွာရှင်းရမယ်"

"မေမေ ဘာတွေပြောနေတာလဲ၊ သားက ဘာလို့ ကညာကို ကွာရှင်းရမှာလဲ သူ ဘာပဲဖြစ်ဖြစ်"

"တော်စမ်း ဆွေမျိုးအသိုက်အဝန်းဂုဏ်သိက္ခာ၊ မိသားစုဂုဏ် သိက္ခာကို ထည့်မတွက်တော့ဘူးလား။ မင်း လက်ထပ်ထားတဲ့ဟာမက သူတောင်းစားမ"

"မေမေ စကားလုံးတွေ ရင့်ရင့်သီးသီး မသုံးပါနဲ့ဗျာ၊ ရွှေကညာ





တစ်ချိန်က ဘာပဲဖြစ်ခဲ့ဖြစ်ခဲ့ အခုချိန်မှာ သားရဲ့မိန်းမ သားရဲ့ဇနီးမယားပါ"

"အဲဒီပတ်သက်မှုမျိုး မရှိရတော့ဘူး ရတုစံ၊ မင်းတို့အခုချက်ချင်း ကွာရှင်းရမယ် အခု ငါ့အိမ်မှာ မမြင်ချင်ဘူး"

"ဒါဆို သားလည်း ဆင်းသွားပါမယ် မေမေ"

"ဘာ"

ရတုစံ ဒီလောက် ပြတ်သားစွာပြောမည် မထင်တာကြောင့် ရွှေကညာပင် တုန်လှုပ်သွားရသည်။ ဒေါ်မိမိတင်ကတော့ ဒေါသဖြစ်ကာ ဆွေ့ဆွေ့ခုန်သွားလျက်

"ရတုစံ မင်း ဘာပြောတယ်၊ ဘာပြောတယ် ရတုစံ"

"လူတစ်ယောက်ကိုလက်ထပ်တာ မျိုးရိုးအဆင့်အတန်းက အရေးကြီးလို့လား မေမေ၊ သူ့ရဲ့ကိုယ်ကျင့်တရား အကျင့်စရိုက်တွေကပဲ အဓိကပါ၊ ကညာကိုသားချစ်လို့ လက်ထပ်ခဲ့တာ သားဘယ်တော့မှ ကွာရှင်းမှာမဟုတ်ဘူး"

"ရတုစံ မင်း"

ဒေါ်မိမိတင် အသည်းတွေဆတ်ဆတ်ခါအောင် နာကျင်သွားရသည်။ ဒီသားကို ဘယ်လိုပြုစုပျိုးထောင် မွေးမြူခဲ့ရလဲ။ ဝမ်းနဲ့လွယ် အသက်နဲ့ရင်းပြီး မွေးခဲ့ရတာ။ ပညာတတ်ကြီးဖြစ်အောင် ပြုစုပျိုးထောင်ခဲ့ရတာ။

ဒါတောင် ဒီအမေရဲ့စကားကို လွန်ဆန်နိုင်သတဲ့လား။ ရင်ထဲမှာ နာကျင်မှုတွေဖြင့် အကြိမ်ပေါင်းများစွာ တက်ခေါက်မိလိုက်သည်။ ရွှေကညာ မျက်နှာကိုကြည့်ကာ အကျိတ်အခဲတွေ စုဆောင်းမိသွား၏။

ဘာကြောင့်များ သူတောင်းစားတစ်ယောက်ကို အိမ်ပေါ်တင်ပြီး ရွှေးမတော်မိလိုက်ရတာလဲ။

ရတုစံက ရွှေကညာမျက်ရည်တွေကို သုတ်ပေးနေရင်းဖြင့်

"ကညာ မငိုပါနဲ့ ကညာကို ကျွန်တော် ဘယ်တော့မှ စွန့်လွှတ်မှာမဟုတ်ဘူး"

"ရတုရယ် ရတုကို ကညာ လိမ်ညာလက်ထပ်ခဲ့တာမဟုတ်ပါဘူး။ ကညာ့အတိတ်ကို ကညာ တကယ်မမှတ်မိတာပါ"

"ဘာမှ ရှင်းမပြပါနဲ့ ကညာ၊ ကညာကို ကျွန်တော် ဘယ်လိုမှ မအောက်မေ့ပါဘူး"

"မင်း မအောက်မေ့ပေမယ့် ငါအောက်မေ့တယ် ရတုစံ၊ မင်းတို့မကွာရှင်းဘူးဆိုရင်"

"မေမေ့အိမ်မှာ မနေနဲ့ဆို မနေပါဘူး"

"မင်းက ဒီလိုမိန်းမအတွက် သိပ်ကိုပြတ်သားရဲနေတယ်ပေါ့ ဒီအမေကိုတောင် စွန့်လွှတ်နိုင်တယ်ပေါ့"

"အဲလိုမဟုတ်ပါဘူး မေမေ၊ မေမေ့ကိုစွန့်လွှတ်နိုင်လို့ ဒီစကားပြောနေတာလည်း မဟုတ်ပါဘူး။ ဒါပေမဲ့ ကညာကိုလည်း စွန့်လွှတ်လို့မဖြစ်ဘူးလေ၊ ကညာကို သားချစ်လို့ လက်ထပ်ထားခဲ့တာ"

ရတုစံက ဆုံးဖြတ်ချက်ချထားပြီးပြီမို့ ဖွင့်အတင်း ပြောလိုတော့ ရမှာမဟုတ်ပေ။ ဒေါ်မိမိတင် စိတ်မသက်မသာဖြစ်လျက် သက်ပြင်းတွေချလိုက်ပြီး

"ဒါဆိုရင်တော့ မင်းတို့ ငါ့ဆန္ဒကို လိုက်လျောမှဖြစ်မယ်"

"ဘာများလဲ ပြောပါ မေမေ၊ ကညာကို မကွာရှင်းရဘူး မစွန့်



လွှတ်ရဘူးဆိုရင် မေမေ ဖြစ်စေချင်တဲ့ဆန္ဒကို သားစဉ်းစားကြည့်ပါ့မယ်"

"အေး ကောင်းပြီ အခု ရွှေကညာက သူတောင်းစားမျိုးရိုး တောင်းစားတဲ့သူဆိုတာ မင်းသိပြီနော်၊ ဒါပေမဲ့ တခြားသူတွေသိလို့မဖြစ်ဘူး။ မဖြစ်အောင်နေဖို့ဆိုတာလည်း သူ နေတတ်မှဖြစ်မယ်၊ ရွှေကညာ"

"ဟုတ်ကဲ့"

"ညည်း မနက်ဖြန်ကစပြီး သားနဲ့ဆေးခန်း မလိုက်ရဘူး။ အိမ်မှာနေရမယ်"

"ရှင်"

"မေမေ"

"ငါပြောတာ မလွန်ပါဘူး။ ညည်းက သားနဲ့လိုက်ပြီး တလွှားလွှားနေရမယ့်အဆင့်အတန်းမျိုးမှ မဟုတ်တာ"

"မေမေ အဲလိုပြောလို့ မဖြစ်ဘူးလေ၊ ဒါ အန်တီသိမ့်ထူထောင်ပေးထားတဲ့ဆေးခန်းပါ၊ ကညာကို အိမ်တွင်းပုန်းလုပ်ခိုင်းတာ အန်တီသိမ့် ကျေနပ်ပါ့မလား"

"သူကျေနပ်တာ မကျေနပ်တာကို ငါ ဂရုမစိုက်နိုင်တော့ဘူး ရတုစံ၊ သူ ဘာကြောင့် ရွှေကညာဘဝကို ငါ့ကိုအသိမပေးခဲ့တာလဲ၊ မိုးယသော်သာ မပြောရင် ငါတစ်သက်လုံး သိရမှာမဟုတ်ဘူး"

"ဗျာ မိုးယသော်"

ရတုစံ အံ့သြသွားရသည်။ မိုးယသော် ဘယ်အချိန်တုန်းက ပြန်ရောက်ပြီး မေမေ့ကို လာပြောသွားတာလဲ။ ရွှေကညာကတော့ ကြိုသိနေလို့လားမသိဘဲ သိပ်မတုန်လှုပ်ပါ။

မျက်နှာငယ်လေးဖြင့် သိမ်သိမ်ငယ်ငယ် ဖြစ်နေတာကို သူ အရှုံးကို သနားနေမိသည်။ ရွှေကညာ လက်ကလေးကို သူ တင်းတင်းလေးပင် ဆုပ်ကိုင်ထားမိ၏။ မေမေက မျက်စောင်းဝေ့လျက်

"သိမ့်ပြောလာရင် ငါ အပြတ်ပြောဖို့ ဆုံးဖြတ်ပြီးသား၊ သူသာဆိုရင်ရော ရွှေကညာလို မိန်းကလေးမျိုးကို သူ့တူ မိုးဒေဝါနဲ့ ပေးစားမလား"

"အန်တီသိမ့်မှာ အဲလိုခွဲခြားတတ်တဲ့စိတ်ရှိရင် ကညာကို မွေးတောင် မွေးစားခဲ့မှာမဟုတ်ပါဘူး မေမေ၊ ဒီလိုမျိုးထိဖြစ်အောင်လည်း ပြုစုပျိုးထောင်ခဲ့မှာမဟုတ်ပါဘူး၊ မေမေ အလွယ်တကူ ယူသုံးလို့ရအောင် တန်ဖိုးကြီးတဲ့အရာတွေကို လက်ဖွဲ့ခဲ့မှာလည်း မဟုတ်ပါဘူး"

"ဘာ"

"ရ ရတု"

ရွှေကညာ မျက်နှာကို ဒေါ်မိမိတင် စူးခနဲ ကြည့်ပစ်လိုက်သည်။ မပြောပါနဲ့လို့ သေသေချာချာ ကတိတောင်းထားတာကို သားကို အသိပေးဖြစ်အောင်ပေးလိုက်ပြီပေါ့။ ဒီလိုချွေးမဆိုးမျိုး အိမ်ပေါ်တင်ထားမိတာ မိမိကံဇာတာ တော်တော်ဆိုးလွန်းလှသည်။

"ရွှေကညာ ညည်း"

"ရွှေကညာကို သွားမမဲ့ပါနဲ့ မေမေ၊ ကညာပြောတာမဟုတ်ပါဘူး။ ပစ္စည်းမရှိတော့လို့ သားဘာသာ ခန့်မှန်းလိုက်တာပါ၊ သားတို့အတွက် မေမေ ဘာမှလုပ်မပေးပေး သားတို့ မငြိုငြင်ခဲ့ကြပါဘူး။ မေတ္တာလည်းမပျက်ပါဘူး။ မေမေလည်းသားတို့ကို မေတ္တာထားပေးပါ နားလည်ပေးပါ"



"နားလည်ပေးရအောင် မင်းမိန်းမက ဘယ်လောက်တောင် တန်ဖိုးရှိနေလို့လဲ ရတုစံ၊ အခု ငါပြောတဲ့ကိစ္စကို မင်းတို့သဘောမတူဘူးလား၊ အဲဒါဆိုရင်တော့ မင်းကြိုက်သလိုလုပ်သွား"

"ရ ရပါတယ် အန်တီ၊ ကညာ အိမ်မှာနေပါမယ်၊ ရတုနောက်ကို မလိုက်ပါဘူး"

"ကညာ"

ရတုစံလက်ကို ဆုပ်ညှစ်၍ လိုက်လျောဖို့ သတိပေးလိုက်ရသည်။ ဒီကိစ္စ ဒီအကြောင်း အန်တီသိမ့် မသိစေချင်လို့ပါ။ သူ့မကြောင့် အန်တီသိမ့်ကို စိတ်အနှောင့်အယှက် မဖြစ်စေချင်။ စိတ်ဆင်းရဲမှုတွေ မရစေချင်။

ဒေါ်မိမိတင်က မဲ့ပြုံးတစ်ချက်ဖြင့်

"မင်းမဟုတ်တာနဲ့ ရတု၊ သူ့ဘဝသူ သိရင် သူနေတတ်ရမှာပဲ၊ ပတ်ဝန်းကျင်မှာ ရွှေကညာက မင်းမိန်းမဆိုတာကို မေ့ပျောက်သွားအောင်ကို နေတတ်ရတော့မှာ"

"အဲဒါ ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ၊ သားတို့က လူသိရှင်ကြား လက်ထပ်ထားတာ"

"ပတ်ဝန်းကျင် အမြင်မကပ်အောင် နေတတ်ရတော့မှာပဲလေ၊ သူတောင်းစားက ပွဲတက်မယားအဖြစ် ဘယ်လိုမှ မတင့်တယ်ဘူးဆိုတာကိုယ့်ကိုယ်ကိုယ် သိကိုသိရမှာ၊ မင်းတို့မကွာရှင်းချင်ဘူးဆိုရင် ငါ ပြောတဲ့အတိုင်းလုပ်ပါ ရတုစံ"

"မေမေ"

"ရတု ဘာမှမပြောပါနဲ့၊ အန်တီ့ဆန္ဒကို လက်ခံလိုက်ပါ၊ ကညာ ဘာမှမဖြစ်ပါဘူး။ ဒီဘက်က ပြဿနာတွေသိရင် အန်တီသိမ့်လည်း

စိတ်ဆင်းရဲမှာစိုးလို့ပါ၊ အန်တီသိမ့် လုပ်ချင်တဲ့အလုပ်တွေ ကညာကြောင့် စိတ်ကြောင့်ကြောင့် မလုပ်နိုင်မှာမျိုး မဖြစ်စေချင်ဘူး။ ကညာ မမှတ်မိတဲ့ အတိတ်က ဒီလိုဖြစ်ခဲ့တယ်ဆိုရင် ရတုကို ကညာ အားနာပါတယ်"

"အဲလို မပြောပါနဲ့ ကညာရယ်၊ အဲဒီလိုပြောစရာ မလိုပါဘူး။ ကညာ ဘာပဲဖြစ်နေနေ ကျွန်တော် ချစ်နေမှာပါ"

"ကျေးဇူးတင်ပါတယ်၊ အဲဒါနဲ့တင် ကညာ ကျေနပ်နေပါပြီ"

နှစ်ယောက်အဖြစ်ကို ဒေါ်မိမိတင် အမြင်ကပ်စွာ မဲ့ရွဲ့ကြည့်ပစ်လိုက်သည်။ မတူမတန်မှုန်းသိလျှက်နှင့် ချွေးမတော်နေရတာ ရင်နာလို့မဆုံး။

သားကိုမစွန့်လွှတ်နိုင်မှတော့ ဘယ်တတ်နိုင်မလဲ။ ဒီလို ခပ်စွာစွာနေနိုင်ရင်းကပဲ ကွဲကွာအောင်လုပ်ရမှာ။ မိုးယသော်က မျှော်လင့်နေသေးသည်ဆိုတော့ မိုးယသော်လေးနဲ့ပဲ ...။

■ ■ ■

# အခန်း (၂၈)

"မိုးယသော်"

ဆေးခန်းထဲကို မိုးယသော် ဝင်လာ၍ ရတုစံ ထောင်းခနဲ ဒေါသဖြစ်သွားသည်။ မေမေနှင့်ကညာ ပြဿနာတက်ရတာ မိုးယသော်ကြောင့်မဟုတ်ပါလား။

"မင်း ဘာလာလုပ်တာလဲ မိုးယသော်"

"နှုတ်ဆက်တာကလည်း မလေးလိုက်တာ၊ ခုနစ်နှစ် ရှစ်နှစ်လောက်ကွဲနေတဲ့သူကို အဲလိုပဲ အလွမ်းစကားတွေ ခြွေရလားလို့"

"မင်းနဲ့ငါကလွမ်းလောက်အောင် ဘာအကြောင်းတွေရှိခဲ့လို့လဲ"

"ဒီအတောအတွင်း ရတု စကားပြောတာ မယဉ်ကျေးတော့ဘူးနော်၊ ဘယ်လိုအဆင့်အတန်းက မိန်းမကများ သင်ပေးထားလို့လဲ"

"မိုးယသော်"

ဒီလိုစနဲ့ချင် ရွဲ့ချင်လို့ ရောက်လာသည်ဆိုတာ သဘောပေါက်

လိုက်သည်။ သူကတော့ မိုးယသော် မျက်နှာပင် မကြည့်ချင်ပါ။

"ငါ့ဆေးခန်းလူနာတွေ ရောက်လာတော့မယ်၊ မင်းပြန်လိုက်ပါ မိုးယသော်"

"ဘာမှမပြောရဘဲ ပြန်ရမယ်ဆိုရင် မိုး ရောက်တောင်မလာဘူး ရတု"

"ဘာ"

"အဝေးက လာတဲ့သူကို ဘာကြောင့် ကောင်းကောင်းမွန်မွန် မနှုတ်ဆက်နိုင်ရတာလဲ၊ မိန်းမအကောင်းစားကြီးရထားလို့ မာန်တက်နေတာလား"

"မိုးယသော် မင်းက ကောင်းကောင်းမွန်မွန်မဆက်ဆံသင့်တဲ့ မိန်းကလေးပဲ၊ ငါနဲ့ကညာကြားထဲမှာ မင်းဘာကိစ္စ ဝင်ရှုပ်ရတာလဲ မိုးယသော်"

"ရှုပ်တယ် ဘယ်လိုသံသယတွေနဲ့များ စွပ်စွဲနေရတာလဲ၊ မိုးက ဘာတွေများ လုပ်မိလို့လဲ ပြောပါဦး"

"မင်း ငါ့မေမေကို ဘာတွေသွားပြောတာလဲ"

"ဩော် ရွှေကညာအကြောင်းလား၊ အမှန်တရားတွေလေ၊ အမှန်တရားတွေပြောတာ ဘာဖြစ်လို့လဲ"

"ရွှေကညာနဲ့ ငါ့အပေါ် ဘာအငြိုးတွေများရှိလို့လဲ မိုးယသော်၊ ငါတို့က မင်းအပေါ် ဘာတွေများ လုပ်မိလို့လဲ"

မိုးယသော် နှုတ်ခမ်းလှုပ်ရုံ မဲ့ပြုံးပြုံးသည်။ အငြိုးအတေးရှိသည်ဆိုသော အဓိပ္ပာယ်မျိုးပင်။

"မိုးနဲ့နင်က သာမန်ရိုးရိုးပတ်သက်မှုပဲလား ရတု၊ ဒီမှာကျောင်း





တက်တုန်းက မိုးနဲ့နင် သူများတွေထက် ရင်းနှီးပတ်သက်ကြပါတယ်၊ နင်နဲ့ကျောင်းအတူတူတက်ဖို့ အခွင့်အရေးမရှိတော့လို့ နိုင်ငံခြားထွက်သွားခဲ့တာဆိုတာလည်း နင့်ကိုအသိပေးခဲ့ပါတယ်"

"အဲဒါတွေက"

"မိန်းကလေးတစ်ယောက်က စိတ်ဝင်စားမှုမရှိဘဲ အဲလိုစကားတွေပြောခဲ့ပါ့မလား၊ ဟိုရောက်တော့လည်း မိုးနဲ့နင် အပြန်အလှန် ဆက်သွယ်မှုတွေ ရှိခဲ့တာပဲ"

"ငါ့ဘက်က မရိုးမသား အဲဒီကလိကိစ္စမျိုးတွေ ရှိခဲ့လို့လား မိုးယသော်၊ အပြန်အလှန်ဆက်သွယ်မှုတွေက လူကြီးချင်းရင်းနှီးမှုကြောင့် မင်းလည်းသိပါလိမ့်မယ်၊ ငါ ဒီထက်မပိုခဲ့ဘူး"

"ဒါတွေက ငါ့ကိုမျှော်လင့်ချက်တွေဖြစ်စေတယ်ဆိုတာတော့ နင် ဘာကြောင့် မသိရတာလဲ ရတု၊ နင် အရမ်းတစ်ကိုယ်ကောင်းဆန်တာပဲ"

"ဟား"

လာကြွေပြနေသော မိုးယသော်ကို သူ တကယ်ပင် စိတ်ပျက်သွားမိသည်။ မိန်းကလေးဖြစ်ပြီး ဘာကြောင့် ဒီလောက်ထိအောင် အရှက်နည်းရတာလဲ။ သူတွေးပင်မတွေးတတ်။

လူနာတွေရော ဆရာတွေရော ရောက်မလာသေးတာမို့ ရှေ့ကောင်တာမှာ နပ်(စ်)မလေးနှစ်ယောက်သာ ထိုင်နေသည်။ သူ ထွက်ပေါက်ပျောက်နေ၏။ သူ မိုးယသော်ရှေ့မှာကို ရှိမနေချင်တော့တာပါ။ မိုးယသော်ကတော့ ဘာကိုမှ ဂရုမစိုက်သည့်ဟန်ဖြင့်

"ဒါက ရတုနဲ့ပတ်သက်တဲ့ ခံစားချက်၊ ရွှေကညာနဲ့ပတ်သက်

တာကတော့ သပ်သပ်ပေါ့၊ သူ့ကိုသူတောင်းစားတစ်ယောက်မှန်းသိသိ ကြီးနဲ့အန်တီသိမ့် မွေးစားလိုက်ကတည်းက မှန်းခဲ့တာ၊ အန်တီသိမ့် ပိုင်ဆိုင်သမျှ ခွဲဝေယူရတော့မယ်ဆိုပြီး အဲဒီအချိန်တည်းက တွေးမိတယ်၊ အခု မိုး ထင်ထားသလိုပဲလေ၊ အန်တီသိမ့် သူ့ကို ပေးလိုက်တာ လုပ် ပေးလိုက်တာ နည်းတာမဟုတ်ဘူး၊ သူတောင်းစားတစ်ယောက် အဲ လောက် ကောင်းစားသွားသင့်လို့လား တန်လို့လား''

''မင်းက လူတစ်ယောက်ရဲ့ကုသိုလ်ကံကို မမြင်တတ်ဘူးပဲ၊ ရွှေကညာက စိတ်ရင်းစေတနာကောင်းလို့ အဲဒီလို ကံကောင်းမှုမျိုးရတာ ပေါ့ မိုးယံသော်၊ မင်းဘာ ဘာတွေမပြည့်စုံတာရှိလို့ သူ့ကိုမနာလိုဖြစ် ရတာလဲ''

''သူ နင့်ကိုလက်ထပ်လိုက်တယ်လေ''

''အန်တီသိမ့်နဲ့ပတ်သက်မှုက ဖြေလို့ရပေမယ့် နင်ဆရာဝန် ဖြစ်လာတဲ့အခါ ငါပြန်လာမယ်လို့ ပြောခဲ့တာ နင် ဘာလို့မစောင့်တာလဲ''

''ငါက မင်းကိုစောင့်ရမယ် ဘာအတွက်လဲ''

''ရတု''

''ဟား မင်းတော်တော်ခက်တာပဲ မိုးယံသော်၊ အခု ငါချစ်တဲ့ မိန်းမကိုလက်ထပ်တာ မင်းနဲ့မဆိုင်ဘူး။ အေး မင်းဖြစ်ချင်သလို ဖြစ်လာ မှာမဟုတ်တဲ့အတွက် မျှော်လည်းမျှော်လင့်မနေနဲ့၊ မင်းကတုံးကတိုက် လုပ်လည်း ငါနဲ့သူ ဘယ်တော့မှကွဲမှာမဟုတ်ဘူး။ ငါတို့နှစ်ယောက်အချစ် ကို မေမေလည်း ဖျက်လို့ရမှာမဟုတ်ဘူး။ တစ်သက်လုံးနော် မင်း နား လည်ထား''

မိုးယံသော် မျက်နှာမည်းခနဲ ဖြစ်သွားသည်။ သူမ တွေးထား



သည်က ရွှေကညာအကြောင်းသိသွားလျှင် ရတုစ်လည်း အရက်ရကာ ခါးခါးသီးသီး ပေါက်ကွဲမည်ထင်တာ။ အခုတော့ သူမကိုတောင် အ ကောင်းမမြင်ဘဲ ပေါက်ကွဲနေပါလား။

''ရွှေကညာကို အရမ်းကိုချစ်နေတယ်ထင်တယ်၊ အပြစ်တောင် မမြင်ရက်တာ အံ့သြစရာပါလား''

''မင်းအံ့သြတာ မအံ့သြတာ ငါ ဂရုမစိုက်ဘူး။ နောက်တစ်ခါ ငါတို့ကိစ္စတွေမှာ ဝင်မရှုပ်ပါနဲ့ မိုးယံသော်''

''အဲဒါတော့ အာမမခံနိုင်ဘူး''

''ဘာ''

''ဒီရင်ထဲမှာရှိနေတာတွေ နင်ဘာနဲ့ ဖြေပေးမလဲ ရတု၊ နင်တို့ ချင်းအဆင်ပြေပြီး ငါ ခံစားရတာမျိုးတော့ အဖြစ်မခံနိုင်ဘူး''

''နိုင်ငံခြားက တော်တော်ကောင်းတဲ့အတတ်ပညာတွေ သင်ယူ လာတာပဲ၊ ငါကလည်း ကညာနဲ့ပတ်သက်ရင် သည်းခံတတ်တဲ့ကောင် မဟုတ်ဘူး။ အဲဒါကို နင်သိထားပါ မိုးယံသော်''

သူ ထိုသို့ပြောပြီး ဆရာတစ်ယောက်အသံကြား၍ အပြင်ဘက် ထွက်ခဲ့သည်။ ဆေးခန်းက အအောင်မြင်ကြီးမဟုတ်သေးသော်လည်း အထူးကုဆရာဝန်တွေ အချိန်ပိုင်း လာထိုင်ပေး၍ လူနာတွေရဲ့ယုံကြည်မှု တော့ ရပါသည်၊ မဟုတ်လျှင် သူတို့ဆရာဝန်ပေါက်စတွေကို အထင်မကြီး ချင်ကြ။

''ဆရာ ရောက်လာပြီလား''

''အေး အဆင်ရော ပြေလားကွ''

''တုံကင်ယူထားတဲ့သူတွေ များပါတယ် ဆရာ''

"အင်း လူနာဆိုတာ မမျှော်ကောင်းပေမယ့် ရင်းနှီးမြုပ်နှံထားတော့လည်း အကျိုးအမြတ်က ရှိသေးတာပဲ ဪ သူက"

အခန်းထဲက ထွက်လာသော မိုးယသော်ကို မြင်သွား၍ ဆရာ အုံ့ဩသွားသည်။ မိုးယသော်က ဆရာကို ခေါင်းညိတ်နှုတ်ဆက်လျက်

"လူနာမဟုတ်ပါဘူး။ ရတုရဲ့ပါတနာပါ ခွင့်ပြုပါဦးဆရာ၊ ရတု ငါသွားပြီ နောက်နေ့မှ ထပ်လာခဲ့မယ် စောင့်နေနော်"

မိုးယသော်ကို သူ ဘာမှပြန်မပြောမိ။ ဟိုလိုလို ဒီလိုလို အထင်လွဲအောင်လုပ်သွားတာပဲ မဟုတ်ပါလား။ ဆရာ့ကို မျက်နှာပူ အားနာသွားသလို မိုးယသော်ကို တော်တော်ဒေါသထွက်သွားသည်။ ရွှေကညာသာ သူ့အနားမှာရှိနေလျှင် မိုးယသော် ဒီလိုလုပ်ဖို့ အခွင့်အရေးရှိမှာ မဟုတ်။ ဒီကိစ္စ ဒီအကြောင်းကို ...။

■ ■ ■

# အခန်း (၂၉)

"ဒီကိစ္စ မိုးယသော် တမင်လုပ်နေတာ။ ကျွန်တော်ကတော့ အန်တီသိမ့်ကို ဒီအကြောင်းတွေ ပြောလိုက်ချင်ပြီ"

"မ မပြောပါနဲ့ ရတုရယ်၊ အန်တီသိမ့် စိတ်မကောင်းဖြစ်သွားပါလိမ့်မယ်၊ မိုးယသော်က တူမလေး၊ မကောင်းဘူးပဲထားဦး ကညာတို့ကြောင့် အပြစ်မြင်ရတာဆိုရင် မကောင်းပါဘူး။ ပြီးတော့ အန်တီသိမ့်က တရားစခန်းဝင်ဖို့ စာရင်းပေးပြီးသွားပြီ၊ လေးဆယ့်ငါးရက်တရားစခန်းတဲ့ လုပ်ငန်းကိစ္စတွေတောင် မိုးယသော်ကို နားလည်အောင် သင်ပြပေးနေတယ်လို့ပြောတယ်၊ ဒီရက်အတွင်း မန်နေဂျာတွေနဲ့လွှဲထားခဲ့မှာတဲ့ အဲဒါကြောင့်"

"ကညာ"

အန်တီသိမ့်အတွက် အရမ်းစိုးရိမ်နေတာကို နားလည်ပေမယ့် မိုးယသော် လုပ်ရပ်တွေက ရွှေကညာ စိတ်မဆိုးဘူးလား မသိပေ။ သူကတော့ ဖြစ်ကြောင်းကုန်စင်ပြောပြလိုက်တာပါ။

"နောက်နေ့ ဆေးခန်းကိုလိုက်ခဲ့ပါ ကညာ၊ ကညာရှိရင် သူ ဒီလိုစကားတွေတော့ အနှောင့်အသွားမလွတ်တာတွေ ပြောရဲမှာမဟုတ်ဘူး"

"ပြောချင်တဲ့သူကတော့ ဘယ်သူ့ရှေ့ဖြစ်ဖြစ် ပြောမှာပါပဲ၊ ကညာ ဆေးခန်းလိုက်မှ ရတုအမေနဲ့ပြဿနာဖြစ်မှာလေ၊ ပိုပြီး အနေခက်ရတဲ့ကိစ္စတွေ ဖြစ်လာမှာ"

"အဲဒါကိုပဲ မိုးယသော်ကိုရော မေမေ့ကိုရော မကျေနပ်တာ၊ ချစ်လို့လက်ထပ်ပြီး လင်မယားပဲဖြစ်နေပြီ ဒီလိုမျိုး သွေးခွဲသွေးထိုးရမှ ဖြစ်မှာလား။ သူတို့အတွက် ဘာအကျိုးရှိမှာလဲ၊ ဘာတွေအကျိုးအမြတ် ရမှာမို့လဲ"

"မိုးယသော်ကိုမသိပေမယ့် ရတုအမေကိုတော့ စိတ်မဆိုးသင့်ဘူးလို့ ထင်တယ် ရတု"

"ဘာဖြစ်လို့လဲ"

"ဘယ်မိဘမှ သူတောင်းစားတစ်ယောက်နဲ့ သဘောတူနိုင်မှာ မဟုတ်ဘူးလေ"

"အတိတ်ကိုကြည့်နေလို့ ဖြစ်မလား ကညာ၊ အခုပစ္စုပ္ပန်မှာ ကညာ ဘာလဲဆိုတာကပဲ အရေးကြီးတာမဟုတ်ဘူးလား။ မျိုးရိုးအဆင့်အတန်းလိုက်ခွဲခြားနေရမယ့်ခေတ်လည်း မဟုတ်တော့ပါဘူး။ လူကလူပဲ"

"ဒါက ရတုအမေစိတ်နဲ့ ရတုစိတ်က တူဦးမှကိုး"

"မေမေ့ကို စိတ်မဆိုးဘူးလား၊ စိတ်မနာဘူးလား ကညာ"

ရွှေကညာ မချိပြုံးပြုံးလျက်ခေါင်းရမ်းမိသည်။



"မိဘနေရာကနေ ကိုယ်ချင်းစာကြည့်လိုက်မယ်ဆိုရင် ဒါ စိတ်နာစရာမှမဟုတ်တာ ရတုရယ်၊ ကညာလေ အတိတ်ကိုသာ သေသေချာချာ မှတ်မိမယ်ဆိုရင် ရတုအချစ်ကိုလည်း လက်ခံမှာမဟုတ်ဘူး"

"ဘာလို့ အဲလိုပြောရတာလဲ ကညာ၊ ကျွန်တော် ကညာ့ကို ချစ်တာပါ၊ မျိုးရိုးဗီဇ အဆင့်အတန်းတွေကို ထည့်တွက်တတ်တဲ့လူမျိုးလည်းမဟုတ်ပါဘူး၊ ကိုယ်ကျင့်သိက္ခာကိုပဲ တန်ဖိုးထားတာ ကညာ၊ ကညာက ကျွန်တော့်အတွက် တန်ဖိုးရှိတဲ့သူတစ်ယောက်ပါပဲ"

"အဲဒီစကားတွေနဲ့တင် ရတုအမေကို ကညာ သည်းညည်းခံနိုင်ပါတယ် ရတုရယ်၊ ကညာအပေါ် ဘယ်လိုပဲဆက်ဆံ ဆက်ဆံပါ၊ ကညာ နားလည်ပေးမယ်"

"ကညာရယ် ကျွန်တော် အရမ်းကို တန်ဖိုးထားပြီး ချစ်ရပါတယ်၊ ဘယ်တော့မှ ဘယ်လိုအကြောင်းနဲ့မှ ကျွန်တော် မခွဲဘူးသိလား ကညာ"

ရတုစံရဲ့ထွေးဖက်နှစ်သိမ့်မှုကြောင့် သူမ အားရှိသွားခဲ့ရတာတော့ အမှန်ပင်။ တစ်နေ့လုံး ဒေါ်မိမိတင် လက်ချာပေးသမျှ ခွန်အားတွေကုန်ခမ်းလောက်အောင် သူမ လုပ်ခဲ့ရသည်။

သူတောင်းစားတစ်ယောက် ဖြစ်ခဲ့ဖူးမှတော့ ဒီလောက်အလုပ်တွေတော့ လုပ်နိုင်ရမှာပေါ့ဆိုပြီး ခန်းဆီးတွေ စောင်တွေလျှော်နိုင်း လှန်းနိုင်းသည်။ တစ်အိမ်လုံးသန့်ရှင်းရေးလည်း လုပ်နိုင်း၏။ အခုမှ အိမ်ထမင်းဟင်း စားချည်ရဲ့ဆိုပြီး ဈေးဝယ်ပြီးလည်း ချက်နိုင်းသည်။

ဒါတွေမလုပ်နိုင်လျှင် သူ့သားရတုစံကို ကွာရှင်းပေးပြီး ဆင်းသွားဟု အထက်စီးကနေ ပြော၏။ သူမ စိတ်မနာနိုင်တာ မာနမရှိလို့

တော့မဟုတ်ပေ။

ဒါပေမဲ့ ရတုစံက သူမကိုချစ်သည်။ သူမရှေ့က မားမားမတ်မတ် ရပ်တည်ကာကွယ်ပေး၏။ ဒီလိုလူမျိုးကို သူမဘယ်စွန့်ခွာနိုင်ပါ့မလဲ။ ပြီးတော့ ဒီပဋိပက္ခတွေကြောင့် အနံတီသိမ့်ကို နောက်ကြောင်းမအေးမဖြစ်စေချင်။

''ကညာ ကညာ''

''ဟင်''

ရင်ခွင်ထဲမှာ မလှုပ်မယှက် ဖြစ်သွားတာကြောင့် ရွှေကညာကိုယ်လေးကိုလှုပ်ခတ်၍ ခေါ်လိုက်ရသည်။ ကညာက ပြုံးပြုံးလေးနှင့် သူ့ကိုမော့ကြည့်ပြီး

''ကညာ အတွေးလွန်သွားလို့ပါ''

''မေမေ ဒီနေ့ စက်ရုံမသွားဘူးပြောတယ်၊ ကညာကို ဘာတွေနိုင်းသေးလဲ၊ ဘာတွေပြောသေးလဲဟင်''

''ဘာမှမနိုင်း ဘာမှမပြောပါဘူး။ သူ့ဘာသာ စာရင်းတွေလုပ်နေတာပါ''

''ကညာ ကျွန်တော့်ကို ညာတယ်''

''ဟင် ဘာညာလို့လဲ''

''ဒီနေ့ မဝေ လာရမယ့်ရက်မဟုတ်ဘူး၊ ခန်းဆီးတွေ အိပ်ရာခင်းတွေ အသစ်လဲထားတယ်၊ တစ်အိမ်လုံး သန့်ရှင်းတောက်ပြောင်နေတယ်''

''ဩော် အဲဒါက အိမ်မှာအားနေလို့ ကညာ မနေတတ်တာနဲ့ အသစ်လဲထားတာပါ''



''ထမင်းဟင်းတွေကရော ကညာသဘောနဲ့ ကညာချက်ထားတာလား''

''အင်း ဟုတ်တယ် ဆိုင်ထမင်း ဆိုင်ဟင်းစားရတာ ငြီးငွေ့လို့ ပြီးတော့ ကညာ ပျင်းလည်းပျင်းနေတာနဲ့''

ကညာ ပြောနေတာတွေ သူ ယုံလို့မရပါ။ သူ့ရှေ့မှာတောင် မေမေ့မျက်နှာက တင်းထန်နေတာ သူ့ကွယ်ရာမှာ ကညာကို ဘယ်လိုတွေများ စကားလုံးတွေ အမူအရာတွေနှင့် နှိပ်စက်နေလိုက်မလဲ။

''ကညာ ဒီလိုတွေပြောနေတာ ကျွန်တော် ယုံမယ်လို့များ ထင်နေလား ကညာ၊ ကညာ့ကို မေမေ ဘယ်လိုတွေ လုပ်နေမလဲဆိုတာ ကျွန်တော် စိုးရိမ်စိတ်တွေနဲ့ နေနေရတာပါ၊ ကျွန်တော် ဆေးခန်းမှာထိုင်နေရပေမယ့် ကျွန်တော့်စိတ်တွေက ကညာ့နားမှာပဲ ရောက်နေတယ်၊ ကျွန်တော်တို့အတူတူ ကြိုးစားကြမယ်ဆိုပြီး စိတ်ကူးယဉ်မှုတွေအားလုံး မိုးယံသော်ကြောင့် ပျက်စီးသွားခဲ့ရတာ၊ သူသာ မေမေ့ကို မပြောရင် ဒီလိုကိစ္စတွေ ဖြစ်လာမှာမဟုတ်ဘူး''

''စိတ်ထဲမှာမထားပါနဲ့ ရတုရယ်၊ ဖြစ်ချိန်တန်လို့ ဖြစ်တယ်လို့ပဲ တွေးပါ၊ ကညာတို့အချစ်တွေ မေတ္တာတွေမှန်ရင် တစ်နေ့ကျ ဒီကိစ္စတွေ အားလုံး အဆင်ပြေသွားမှာပါ၊ ရတုအမေလည်း နားလည်သွားမှာပါ''

''ကျွန်တော်က ကညာစိတ်ပျက်သွားမှာပဲ စိုးရိမ်တာပါ၊ မေမေကြောင့် ကျွန်တော့်ကို စိတ်ကုန်သွားမှာ စိုးရိမ်တာ''

''ကညာ အဲလို ဘယ်တော့မှ ဖြစ်မှာမဟုတ်ပါဘူး၊ ကညာ့အပေါ် ကြင်နာနားလည်ပေးတဲ့ ရတုအပေါ် ကညာဘယ်တော့မှ စိတ်ပျက်စိတ်ကုန်မှာမဟုတ်ဘူး။ ကညာ့အနားမှာ ရတုရှိနေသ၍ ကညာ

အရာအားလုံးကို သည်းခံနိုင်မှာပါ"

"ကျွန်တော်ကတော့ ကညာလို သည်းခံနိုင်မှာမဟုတ်ဘူး ထင်တယ်"

"ဟင်"

မျက်နှာထားတင်းကာ ပြောလိုက်တာကြောင့် သူမ အံ့အားသင့်သွားရသည်။ ရတုစံက သူမပါးလေးတွေကို ပွတ်သပ်ပြီး

"ကညာနဲ့တစ်နေ့လုံးခွဲနေရတယ် ကျွန်တော် မောပန်းတဲ့အချိန်မှာ ကညာ မျက်နှာလေးကိုမမြင်ရဘူး၊ ပြီးတော့ ကညာတတ်ထားတဲ့ ပညာတွေ အိမ်ထဲမှာပဲ ကုန်ဆုံးရမယ်ဆိုတာ ဖြစ်သင့်လို့လား ကညာ"

"အမြဲတမ်း ဒီလိုချည်း မဖြစ်နိုင်ပါဘူး ရတုရယ်၊ ကညာတို့ ခဏလောက်သည်းခံလိုက်မယ်ဆိုရင် အားလုံး အဆင်ပြေသွားမှာပါ"

"အဲဒါ ဘယ်တော့လဲ၊ ဘယ်အချိန်လဲ အဲဒါကို ကျွန်တော် မစောင့်နိုင်တာ၊ မေမေ ဘယ်အချိန်ကျမှ နားလည်မှာလဲ၊ ဒီကြားထဲမှာ မိုးယသော်က တွိမ်းရှိုးပြီး ခလောက်ဆန်နေမှာ၊ ဒါကိုရော ကျွန်တော် ဘယ်အချိန်ထိ သည်းခံရမှာလဲ"

"ကညာတို့ အိမ်မှာတွေ့ရတာပဲ ရတုရယ်၊ တစ်ခန်းထဲမှာ အတူတူနေရတယ် အိပ်ရတယ်၊ စကားတွေပြောရတယ်၊ ဒါလည်း ပြည့်စုံနေပြီပဲမဟုတ်လား၊ ရတု ကညာ့ကိုချစ်တယ်ဆို၊ ကညာတို့ သည်းခံကြရအောင်နော်၊ နော် ရတု"

"ဟင်း ကညာရယ်"

တကယ့်လက်တွေ့ခံနေရသည့်သူက သည်းခံပါလို့ ဖွတ်အတင်းတိုက်တွန်းနေတာမို့ ရတုစံ သက်ပြင်းတွေချလိုက်မိသည်။ ညစာထမင်း



ဝိုင်းမှာ မေမေ့မျက်နှာကို ကြည့်ရုံနှင့် ကညာ ဘယ်လောက်စိတ်ပင်ပန်းနေရမည်ဆိုတာ သိတာပေါ့။

တကယ်ဆို ကညာပစ္စည်းတွေကိုတောင် ပူသုံးထားတာ မေမေ ဒီလိုမဖြစ်သင့်ပေ။ လူတစ်ယောက်ရဲ့အတိတ်က ဘယ်လောက်တောင် အရေးကြီးလို့လဲ။ ပစ္စုပ္ပန်နှင့်အနာဂတ်ကောင်းနေရင် ပြီးရောပေါ့။

မေမေ့ကို ဖျောင်းဖျနားချလို့ရချင်ပါသည်။ မိဘဆိုတာလည်း မေမေတစ်ယောက်တည်းသာ ရှိတော့တာမို့ စွန့်ခွာလို့လည်းမဖြစ်ပါ။ မေမေနားလည်ဖို့ကိုပဲ။

■ ■ ■

## အခန်း (၃၀)

"ဘာ မင်း ဘာပြောလိုက်တယ် မအေကို"

"ကညာကို အငြိုးထားပြီး မနိုင်စက်ပါနဲ့လို့ပြောတာ သူ့ခြေ သားတစ်မျက်နှာ တစ်ရွာထင်ပြီး ဒီအိမ်မှာလာနေတာပါ၊ မေမေက အဲလို တွေ ဆက်ဆံနေတော့မှာလား"

"ငါ ဘာကြောင့် ဒီလို ဆက်ဆံရတယ်ဆိုတာ မင်းအသိဆုံးပဲ မင်းတို့လက်ထပ်ဖို့ကိုတောင် သဘောတူခဲ့တဲ့ငါက အစတုန်းက ဒီလိုမျိုး ဆိုးသွမ်းတဲ့ယောက္ခမလား၊ ချွေးမကိုအနိုင်ကျင့်နေတဲ့သူလား"

"သူ့ရဲ့အားနာမှု လိုက်လျောမှုတွေကိုတော့ အခွင့်အရေးယူ ခဲ့တာပဲမဟုတ်လား မေမေ"

"ဘာ"

သားရဲ့အပြောခံလိုက်ရတာကြောင့် ဒေါ်မိမိတင် ဆတ်ဆတ်ခါ အောင် နာသွားသည်။ သားဒီလိုမျိုး လေသံမာမာနှင့် တစ်ခါမှ ပြန်မပြော



ဘူးပါ။ ရွှေကညာနှင့်ရမှပဲ တုံ့ပြန်တိုက်ခိုက်ဖို့ ဝန်မလေးတော့ပါလား။

ဒီမိန်းကလေး ရိုးသားသယောင် အေးသယောင်နှင့် သားကို ဘယ်လောက်တောင် အတို့အထောင် ကတုံးကတိုက်တွေလုပ်နေခဲ့သလဲ။ မအေပြောရင်တစ်လ၊ မယားပြောရင် တစ်ညတဲ့။

"မင်းက မင်းမယားကြောင့် မအေကိုတောင် ဒီလိုတွေ အပြစ် တင်ပြောဆိုရက်နေပြီပေါ့ ဟုတ်လား ရတုစံ၊ ငါက အဲဒီငွေတွေကို အလဟဿ သုံးဖြုန်းပစ်လိုက်တာမို့လား၊ လုပ်ငန်းလုပ်တာ၊ အောင်မြင် ရင် မင်းတို့အတွက်ချည်းပဲ၊ ငါ့အတွက်က ဘာပါမှာမို့လဲ၊ ငါက သေလူ ဘယ်လောက်စံစားရမှာမို့လဲ ရတုစံရဲ့"

"သား ပြောချင်တာ အဲဒီအဓိပ္ပာယ် မဟုတ်ဘူး မေမေ၊ မဖြစ် နိုင်တဲ့စက်ရုံကိုလည်း နောက်ထပ်ငွေအရင်းအနှီးတွေထည့်ပြီး ထပ်လုပ် မနေပါနဲ့၊ မေမေ့ကို သားတို့နှစ်ယောက်လုံး ပြည့်စုံအောင် ထားနိုင်ပါ တယ်၊ ရှာကျွေးနိုင်ပါတယ်"

"တော်စမ်းပါ ရတုစံရယ်၊ အဲဒီမိန်းကလေး လုပ်ကျွေးတာကို ငါ ဘယ်တော့မှမစားဘူး သိလား ရတုစံ၊ မင်းနဲ့လူနဲ့လည်း တူလည်းမတူ ဘူး၊ တန်လည်းမတန်ဘူး၊ အဲဒီအပြစ် သူတစ်သက်လုံး ခံရမှာ"

"မေမေ"

"မိဘတစ်ယောက်ရဲ့ရင်ထဲကို ဝင်ကြည့်စမ်းပါ၊ ဒီလိုသူတောင်း စားမျိုးရိုးတစ်ယောက်ကို ဘယ်လိုမိဘမှ သဘောတူနိုင်မှာမဟုတ်ဘူး။ အခုချိန်မှာ သူ့ကံကောင်းလို့ ဘာကြီးပဲဖြစ်နေဖြစ်နေ အဲဒီသူတောင်းစား မျိုးရိုးဆိုတာ ဘာနဲ့မှ ချေဖျက်လို့ ရမှာမဟုတ်ဘူး"

"မေမေရယ်"

မေမေ့ရဲ့ဒီလိုပေါက်ကွဲမှုတွေ ရွှေကညာ ကြားလျှင် ရင်နာရမှာ စိုး၍ မေမေ့စက်ရုံလိုက်လာပြီး ရုံးခန်းထဲမှာ ပြောဖြစ်တာပါ။ အဲကွန်းတပ်ထားသော ရုံးခန်းက အလုံပိတ်မို့ တခြားသူတွေ မကြားနိုင်တာတော် ပါသေးသည်။

မေမေ့ကိုဖျောင်းဖျမရသည့်အတွက် သူလည်း စိတ်ပျက်လာမိသည်။ သူ့ရဲ့ညည်းညူမှုကို မေမေက မျက်မှောင်ကုတ်ကာ

"ဘာလဲ ပြောစမ်းပါ၊ မင်းက ဒီအမေကို ဘာတွေများ ငြိုငြင်ချင်သေးလို့လဲ"

"သားက ငြိုငြင်တယ် မေမေ၊ ကညာက မငြိုငြင်ပါနဲ့ဆိုလို့ သည်းခံနိုင်းနေလို့"

"ပြော"

"သားကိုချစ်တယ်ဆိုရင် သားချစ်တဲ့သူကိုလည်း မေမေ နားလည်မပေးသင့်ဘူးလား။ အခု သူက မေမေ ဒီလိုဖြစ်သင့်တယ်ဆိုပြီး နားလည်ပေးနေတယ်"

"ဒါတောင် သားနဲ့မအေပြဿနာဖြစ်အောင် ပစ္စည်းအကြောင်း မပြောပါနဲ့လို့ ကတိတောင်းထားတာ၊ မင်းသိနေတယ်ဆိုတော့ သူက အရမ်းကို ရိုးသားဖြူစင်နေတဲ့သူပေါ့"

"အဲဒါ သားဘာသာ သိတဲ့ကိစ္စပါလို့ မေမေ့ကိုပြောပြီးပြီပဲ၊ တကယ်ပြောတာပါ သူ သားကိုလုံးဝ မပြောဘူး"

"ယုံသင့်မှ ယုံရမှာပေါ့ ရတုစံ၊ မင်းက မင်းမိန်းမဘက်ကပဲ အမြဲတမ်း ကာကွယ်ပေးချင် ရပ်တည်ပေးချင်နေတာမဟုတ်လား"

"ကညာကို မေမေ မွေးထားတဲ့သမီးလို့ ကိုယ်ချင်းစာကြည့်



ပေးပါလား မေမေ၊ သူ တကယ် ဒီလိုဖြစ်ခဲ့တယ်ဆိုရင်တောင် အရမ်း သနားစရာကောင်းပါတယ်"

"သိပ်ကို တတ်နေတယ် ဟုတ်လား ရတုစံ၊ မအေတစ်ယောက်ရဲ့မေတ္တာကို မင်းက တရားချပြနေတာလား။ ငါ မင်းကို မွေးထားရတဲ့ မအေပါ"

ဒေါ်မိမိတင် ရင်နာနာနှင့် ရင်ဘတ်ပုတ်ပြီး ပြောသည်။ သားရဲ့ တုံ့ပြန်မှုတွေကို ရင်ထဲက မခံစားနိုင်တော့လွန်းလို့ပါ။ စက်ရုံရုံးခန်းထိ တောင် လိုက်လာတာ တော်ရုံမကျေနပ်ချက်တွေကြောင့် မဟုတ်လောက် ပေ။

ဒီမိန်းမက သတ်နိုင်းလျှင် ဒီအမေကို သတ်များသတ်ဦးမလား။

"မင်းပြန်တော့ ရတုစံ၊ ငါ့ရုံးခန်းထဲက ထွက်သွားတော့"

"သား ပြောစရာရှိလို့လာတာပါ မေမေ၊ ကညာကို ဆေးခန်း ခေါ်ခွင့်ပြုပါ"

"မရဘူး မဖြစ်ဘူး သူ့ကိုမင်းနဲ့အတူတူ တွဲရှိခွင့်မပေးနိုင်ဘူး။ မိုးယသော် ဒီအတိုင်းနေမှာမဟုတ်ဘူး ရတုစံ၊ သူနဲ့မင်းကို တွဲတွေ့တဲ့ နေရာမှာ သူပေါက်ကွဲလိုက်ရင် ငါတို့ဘာဖြစ်သွားမလဲ၊ အသိုက်အဝန်း အလယ် ပတ်ဝန်းကျင်အလယ်မှာ မျက်နှာပြဝံ့ပါ့မလား"

"သားတို့က ဘာအပြစ်ရှိလို့ သူ့ကိုကြောက်ရမှာလဲ မေမေ၊ သူကရော ဘယ်လိုပတ်သက်မှု ဘယ်လိုဆက်ဆံမှုတွေနဲ့ ခြိမ်းခြောက်မှာ လဲ"

"သူက မင်းကိုချစ်နေတာ၊ ရွှေကညာကို မုန်းနေတာ၊ အဲဒီ ဆန့်ကျင်ဘက်အရာနှစ်ခုအတွက် သူ ဘာမဆိုလုပ်ဖို့ ဝန်လေးမှာမဟုတ်ဘူး"

"ကျွတ် ခက်တာပဲ၊ ဘာမှကိုမဆိုင်တာ၊ သူနဲ့သား မရှိုးမသား ဘယ်လိုပတ်သက်မှုမှ မရှိခဲ့ဘူး။ တစ်ဖက်သတ်ရူးပြီး သူများအိမ်ထောင်ရေးကို ဖျက်စီးတာ သူ မိန်းမကောင်းလား၊ သူများမိသားစုပဋိပက္ခဖြစ်အောင်လုပ်နေတာ သူ့ရဲ့အဆင့်အတန်းလား"

"ငါတို့အဆင့်အတန်းအတွက် အရေးကြီးတယ်၊ ဒီအချိန်မှာ မိုးယသော်ကို ဂရုမစိုက်လို့မရဘူး၊ မင်းနဲ့ငါတို့အသိုက်အဝန်းတစ်ခုလုံးရဲ့ ဂုဏ်သိက္ခာအတွက်ပါ၊ အဲဒီအတွက် ရွှေကညာကို နင်းချေသင့်ရင်လည်း နင်းချေရမှာပဲ ရတုစ်၊ မင်းမိန်းမနဲ့မကွာရှင်းချင်ဘူးဆိုရင် ငါ့သဘောအတိုင်းလိုက်နာပါ၊ မဟုတ်ရင် သိမ့်သိမ့်မြိုင်တို့ကို သွားပြောပြီး ရအောင်ကွာရှင်းနိုင်းမယ်၊ လူသိရှင်ကြား စွန့်လွှတ်ကြောင်း သတင်းစာထဲမှာ ထည့်မယ် မယုံမရှိနဲ့"

သူ မေမေ့စကားတွေကြောင့် အသက်ရှူလို့ပင် မဝတော့။ သူ ဟားခနဲအော်ကာ ထိုင်ခုံက ထရပ်လိုက်သည်။ ဘယ်လိုဆုံးဖြတ်ရမှာလဲ။ ဒီအဖြစ်ကို ဘယ်လိုပြောင်းပြန်လှန်ပစ်ရမလဲ၊ ကညာက ခဏပဲ သည်းခံပါ အဆင်ပြေသွားမှာပါတဲ့။ ဘယ်အချိန်မှန်းမသိတာကို သူမက သည်းခံနိုင်သည်လို့ ပြောတာလား။

မေမေ့ရဲ့ပြတ်သားမှုတွေက တကယ်ကို မလွယ်ပါ။ သူ မြန်မြန်



ခြေလှမ်းလှမ်းလိုက်သည့်အခါမှာ

"မင်း စက်ရုံကို အဝင်အထွက်မလုပ်နဲ့၊ ပြောစရာရှိရင် အိမ်မှာပဲပြောပါ၊ စက်ရုံက သူဌေးအပြောင်းအလဲရှိတယ်"

"ဗျာ ဘာဖြစ်လို့လဲ ရောင်းလိုက်တော့မလို့လား"

"ရေနစ်နေသူအတွက် ကောက်ရိုးတစ်မျှင်ကလည်း အသက်ရှင်ဖို့ မျှော်လင့်ချက်တစ်ခုပဲ၊ စက်ရုံကိုအပြတ်ရောင်းပစ်လောက်အောင် မစွန့်လွှတ်ရက်ဘူး၊ ရှယ်ယာရောင်းပြီး သူ့ကိုသူဌေးလုပ်ခိုင်းလိုက်တာ၊ ဩဇီက သူဌေးပဲ၊ မြန်မာပြည်က လုပ်ငန်းရှင်တွေဆီမှာ သူ ရှယ်ယာဝင်ထားတာ မနည်းဘူး"

"သူ့လက်အောက်ခံလုပ်မလို့လား မေမေ၊ သူများရဲ့ဝန်ထမ်းလုပ်ရမှာနဲ့ဘာထူးလို့လဲ"

"ကိုးကွယ်သင့်ရင် ကိုးကွယ်ရမှာပဲ၊ ကိုယ့်လုပ်ငန်း ပျောက်မသွားဖို့ အရေးကြီးတယ်၊ မင်းအဖေ ထားရစ်ခဲ့တာကို ငါ ဒီအတိုင်း ပုံစံမပျက် မြင်ချင်တယ်၊ မင်းကိုအသိပေးတာ မင်းသွားလို့ရပြီ"

သူ့ခြေလှမ်းတွေတုံ့ဆိုင်းလေးကန်သွားခဲ့သည်။ မေမေ ဘာတွေလျှောက်လုပ်နေတာလဲ မဝေဖန်ချင်တော့။

လုပ်ငန်းကျွမ်းကျင်တတ်မြောက်မှုမရှိဘဲ ဆက်လုပ်နေလျှင် ကိုယ့်အတွက်ဆုံးရှုံးနစ်နာမှုကြီးရုံပဲ ဆိုတာ မေမေ ဘာလို့နားမလည်တာလဲ။ သူဌေးအပြောင်းအလဲဖြစ်လျှင် နေရာလည်း အပြောင်းအလဲဖြစ်သွားတာပဲမဟုတ်လား။

ကိုယ့်အတွက် ဘာလုပ်ပိုင်ခွင့်တွေ ကျန်တော့မှာလဲ ရှိတော့မှာလဲ။ အဲဒီသူဌေးရဲ့ဦးဆောင်စီမံမှုအောက်မှာ ဝန်ထမ်းတစ်ယောက်လို နေရတော့မှာ။

ဒါပေမဲ့ သူလည်း နားမလည်တာမို့ မမေ့သေးဘောပဲပေါ့။ မေမေ ချန်ထားရစ်ခဲ့သည့်စက်ရုံကြီးကို မပျောက်ပျက်စေချင်ဘူးဆိုတော့လည်း။

■ ■ ■

## အခန်း (၃၁)

"ရွှေကညာ အိမ်မှာ ညှိသည်လာမှာနော်၊ တစ်အိမ်လုံး သန့်ရှင်းရေးတောက်ပြောင်အောင် အကုန်ကြိုလုပ်ထားပါ။ နေ့လယ်စာကျွေးဖို့အတွက်လည်း ချက်ပြုတ်ကြော်လှော်ရမယ်၊ အားလုံးအဆင်သင့်ဖြစ်ပါစေ"

မနေ့ကတည်းက ဒေါ်မိမိတင် အမိန့်ပေးထားတာပါ။ မနေ့ကဆို တစ်အိမ်လုံးအလုပ် သူမတစ်ယောက်တည်း လုပ်ရတာ ညနေကျတော့ တစ်ကိုယ်လုံး ညောင်းညာကိုက်ခဲလို့ လှုပ်ပင်မလှုပ်နိုင်။ ဒါပေမဲ့ ဆရာဝန်ဆိုတော့လည်း ရတုပြန်မလာခင် ကိုယ့်ကိုယ်ကိုယ် သက်သာအောင် ဆေးသောက်ထားလိုက်ရသည်။ ရတုပြန်လာလို့ မလန်းမဆန်း ဖြစ်နေလျှင် ရတုက သူ့အမေကိုပြဿနာရှာဦးမှာ မဟုတ်ပါလား။

သူမအတွက်နှင့်တော့ သားအမိချင်းတွေ ပဋိပက္ခ မဖြစ်စေချင်။ ရတုကို သူမ မခွဲနိုင်သည့်အတွက် အရာအားလုံးကို သည်းခံဖို့

ဆုံးဖြတ်ထားပြီးပြီဖြစ်သလို သူမကိုယ်သူမ အပြစ်မကင်းသည့်လို့ ယူဆထားသည့်အတွက် ပြန်ပြီး ပေးဆပ်သင့်သည်လို့လည်း ဆုံးဖြတ်ထားခဲ့သည်။

သူမက တကယ်ပဲ သူတောင်းစားတစ်ယောက်ဖြစ်ခဲ့သည်တဲ့လား။ အန်တီသိမ့်က ဒီအကြောင်းတွေကို မေ့ဖျောက်ထားနိုင်အောင် အရာရာ ပံ့ပိုးဖြည်းဆည်းပေးခဲ့သည့်မေတ္တာရှင်ပါ။

"ဟဲ့ ငေးငေးငိုင်ငိုင်နဲ့ ဘာလဒ္ဓိုင် မှိုင်နေတာလဲ၊ အားလုံးရော အဆင်သင့်ဖြစ်ပြီလား၊ ဧည့်သည်က လာတော့မှာ"

အတွေးလွန်နေဆဲမှာ ဒေါ်မိမိတင်အသံကြောင့် လက်ထဲက ပန်းကန်တောင် လွတ်ကျမတတ် ဆတ်ခနဲ တုန်သွားရသည်။

"ဟုတ် ဟုတ်ကဲ့ အန်တီ ဟင်းတွေက အဆင်သင့်ဖြစ်နေပါပြီ ဧည့်သည်လာတာနဲ့ နွေးလိုက်ရုံပါပဲ"

"အကုန် သေသေသပ်သပ်ရော လုပ်ထားလား"

"ဟုတ်ကဲ့ လုပ်ထားပါတယ်"

"ငါကတော့ ညည်းလက်နဲ့လုပ်ထားတာတွေ စားရမှာကို မသတီတော့ဘူး။ ဟင်းခွက်ထဲ ဆံပင်မွေးတွေ မပါစေနဲ့ ကိုယ့်ဆံပင်ကိုယ်လည်း သေသေသပ်သပ် စည်းနှောင်ထားဦး၊ ဧည့်သည်က တော်တန်ရုံ ဧည့်သည်မဟုတ်ဘူး။ ဩဇီနဲ့ပြင်သစ်မှာ အချမ်းသာဆုံးထိပ်တန်းစာရင်းဝင်နေတဲ့လုပ်ငန်းရှင်သူဌေးကြီးရဲ့သား။ သူက မြန်မာပြည်ကလုပ်ငန်းရှင်အများစုဆီမှာ ရှယ်ယာတွေဝင်ထားတယ်၊ ပြိုလဲလုလုလုပ်ငန်းရှင်တွေက သူ့ကြောင့် ထူမတ်လာနိုင်တယ်၊ အရင်းအနှီးများရင် အကျိုးအမြတ်များမှာပဲ၊ သူက တကယ်ကို လုပ်ငန်းပေါင်းစုံကို ကျွမ်းကျင်တတ်မြောက်တဲ့



စီးပွားရေးလုပ်ငန်းရှင်ပဲ"

"ဟုတ်ကဲ့"

"သူ့ကိုဟိုတယ်မှာ ဧည့်ခံပြီး လုပ်ငန်းကိစ္စဆွေးနွေးတိုင်ပင်မယ်လို့ ပြောပါသေးတယ်၊ သူက မြန်မာပြည်က အိမ်ထမင်း အိမ်ဟင်းစားချင်တယ်၊ ဟိုတယ်စာတွေ မစားချင်ဘူးဆိုလို့ ညည်းကိုချက်နိုင်းရတာ ညည်းကြောင့် သူခံတွင်းမတွေ့ဘဲ ငါ့နာမည်ပျက်လို့ကတော့ ညည်းမလွယ်ဘူးမှတ်"

ဒေါ်မိမိတင်ကတော့ သူမကိုအမြင်ကတ်ပုဒ်မဖြင့် အမြဲတမ်းကြိမ်းမောင်းလျက်ရှိသည်။ သူမ မျက်ရည်မကျမိအောင် ကြိတ်မှိတ်တင်းခံထားရတာပါ။ ဒါလည်း အန်တီသိမ့်နှင့်ရတုစ်ကြောင့်ပင်။

သူမ ချစ်ရသူတွေ သူမကြောင့် စိတ်မညစ်စေချင်လို့ပါ။

"ဆရာကတော် ဧည့်သည်လာပါပြီ ခင်ဗျာ"

"ဩော် အေး မောင်ပုရေ၊ ဧည့်သည်ကားကို မင်း ရေဆေးပေးထားလိုက်နော်"

"ဟုတ်ကဲ့"

မောင်ပုအကြောင်းကြားမှုကြောင့် ဒေါ်မိမိတင် ပျာပျာသလဲ ရှေ့ပြေးထွက်ခဲ့သည်။ ဒီဧည့်သည်က မိမိဘဝအတွက် ရှင်သန်ရာ မျှော်လင့်ချက်ပါ။

"မောင်ဘုန်းလက်ျာ ကြွပါကွယ်၊ အန်တီက မျှော်နေတာ"

"ဟုတ်ကဲ့ လာရတာလည်း ကားလမ်းတွေက နည်းနည်းပိတ်တယ်၊ ဟိုမှာလို အချိန်အတိအကျ သွားလို့မရဘူး။ စောထွက်မှဖြစ်မယ်"

"ရပါတယ်ကွယ် နေ့လယ်စာစားဖို့ အချိန်ကိုက်ပါပဲ"

ဘုန်းလက်ျာရဲ့အားနာမှုကို ဒေါ်မိမိတင် အားနာမှုနှင့်ပဲ ပြန်တုံ့ပြန်ရသည်။ ဒီလူငယ်လေးက စည်းစနစ်ကြီးသည့် တိကျသေချာသည်လို့ နာမည်ကြီးသည်မဟုတ်လား။ စီးပွားရေးလုပ်ငန်းရှင်ဆိုသော်လည်း အသက်က သိပ်မကြီးသေး။ လူလတ်ပိုင်းလို့တောင် ခေါ်ဝေါ်လို့မရသေးသည့် အရွယ်ပါ။ သားထက်ကြီးလှ လေးငါးနှစ်ပေါ့။

ဒါတောင် စီးပွားရေးလုပ်ငန်းရှင်ကြီးဖြစ်နေပြီဆိုတော့ အားကျစရာပင်။

"မောင်ဘုန်းလက်ျာ ထမင်းတစ်ခါတည်း သုံးဆောင်လိုက်ပါလား။ ပြီးမှ အေးအေးဆေးဆေး စကားပြောကြတာပေါ့"

"ကောင်းသားပဲ ကျွန်တော်လည်း ဗိုက်ဆာနေတာနဲ့ အတော်ပဲ"

ထမင်းစားခန်းထဲကို ဒေါ်မိမိတင် ဦးဆောင်၍ ခေါ်လာခဲ့သည်။ ကိုယ့်ကို ကူညီမည့်သူဌေးမို့ ကျိုးနွံမိတာလည်း ဦးခေါင်းကို အချိန်တိုင်း ညွှတ်ထားမိသလို ဖြစ်နေသည်။ အနက်ရောင်စတိုင်ဘောင်းဘီ၊ မီးခိုးရောင်ကုတ်အင်္ကျီ နက်ခ်တိုင်လည်စည်းတို့ဖြင့် ဘုန်းလက်ျာက စမတ်ကျကာ လွှမ်းမိုးမှုရှိနေသည်မဟုတ်လား။

"မောင်ဘုန်းလက်ျာ ထိုင်ပါကွယ်၊ အေးအေးသက်သာ သုံးဆောင်လို့ရပါတယ်"

"ဟုတ်ကဲ့ ခင်ဗျ"

ဒေါ်မိမိတင် ကိုယ်တိုင် ပျာပျာသလဲ ထိုင်ခုံကိုဆွဲထုတ်ပေးသည်။ ဒေါ်မိမိတင် ပျာနေတာမို့ ရွှေကညာလည်း ပျာပြီး ဘာလုပ်ရမှန်းမသိပေ။ မိုးလင်းတည်းက မီးဖိုချောင်ထဲက မထွက်ရသေးပါ။





အင်္ကျီလက်ပြတ်လေးပေါ်မှာ ပေထရွှန်လေးထပ်ဝတ်ပြီး ဆံပင်တွေကို နောက်မှာခေါင်းစည်းကြိုးနှင့် စုချည်နှောင်ထားလျက် သူမပုံစံ ပိုသီဖတ်သီဖြစ်နေမှာ သေချာပါသည်။

"ဟဲ့ ရွှေကညာ မြန်မြန်ဆန်ဆန်လုပ်လေ၊ ဒီမှာ ဧည့်သည် ကထိုင်နေပြီ"

"ဟုတ် ဟုတ်ကဲ့ ဟင်းအိုးလေးတွေ ပြန်နွှေးနေလို့ပ ရပါပြီ ခပ်ရုံပဲ ရှိပါတော့တယ်"

"ပြောလိုက်ရင် ဆင်ခြေချည်းပဲ၊ အားလုံးအဆင်သင့်လုပ်ထားပါလို့ ပြောထားရဲ့နဲ့ နိုင်းရတာ စိတ်တိုင်းကိုမကျဘူး၊ အလုပ်ကို စိတ်ဝင်တစားလုပ်စမ်းပါ၊ မောင်ဘုန်းလက်ျာ ခဏလေးပါကွယ်နော် အားနာလိုက်တာ"

ဒေါ်မိမိတင်ရဲ့ ဟိုဘက်ဆက်ဆံရေးတစ်မျိုး ဒီဘက်ဆက်ဆံရေးတစ်မျိုးပုံစံကို ဘုန်းလက်ျာ မကြိုက်လှပေ။ စိတ်ဆိုတာ အပေါ်အောက်တစ်မျိုးတည်း ဆက်ဆံတတ်မှ မဟုတ်လား။ အထက်ဖားငေ အောက်ဖိလူမျိုးဟာ စီးပွားရေးလောကအတွက် လက်တွဲလို့ကောင်းသည့်သူမျိုးမဖြစ်နိုင်။ အမြဲတမ်း စိတ်ခာတ်ဆိုတာ မြင့်မြတ်နေရမှာ။

ဘုန်းလက်ျာ မျက်နှာတစ်မျိုးဖြစ်သွားလျက်

"ရပါတယ် အန်တီ၊ ကျွန်တော်လည်း အလောတကြီး မစားတတ်ပါဘူး။ လုပ်နေတဲ့သူလည်း စိတ်ပင်ပန်းပါတယ်၊ ဒါနဲ့ သူက အိမ်အကူအသစ်မို့ စိတ်တိုင်းမကျဖြစ်နေတာလား"

"ဆိုပါတော့ကွယ်၊ အလိုက်တသိ မရှိဘူးပဲပြောရမလား။ ကျွမ်းကျင်မှုမရှိဘူးပဲ ပြောရမလား။ ဟိုတွေး ဒီတွေး စဉ်းစားနေလို့ပဲ အလုပ်က

အချိန်မီမပြီးတာလား မပြောတတ်တော့ပါဘူး။ စားလို့မကောင်းလည်း သည်းခံပါကွယ်၊ အဲဒါကြောင့် အန်တီက ဟိုတယ်မှာညှေ့ခံပါရစေလို့ ပြောတာပါ''

''အင်း အန်တီ့စေတနာကို ကျွန်တော် နားလည်ပါတယ်၊ ဒါပေမဲ့ ကျွန်တော်က အမြဲတမ်း လုပ်ငန်းရှင်တွေနဲ့ ဟိုတယ်စာပဲ လှည့်စားနေရတော့ ငြီးငွေ့နေပြီ၊ ဟင်းမကောင်းကောင်း အိမ်မှာချက်တဲ့ လက်ရာမျိုးကို စားချင်တာ''

''ဒါဆိုရင်တော့ မပြန်ခင် အန်တီ့အိမ်မှာ အမြဲတမ်း လာစားပါကွယ်၊ ဗီဇာက ဘယ်လောက်တောင်ရလဲ''

''သုံးလပါ ဒါပေမဲ့ ဒီကကိစ္စပြတ်ရင် ပြန်ရမှာပါ၊ ဟိုမှာ ဒယ်ဒီ့ လုပ်ငန်းတွေကိုလည်း ကျွန်တော်ပဲ ဦးဆောင်ပေးနေရတာ၊ အားလုံး လွှဲထားတော့လေ၊ နည်းနည်းအပင်ပန်းခံပေးရတာပေါ့''

''အားကျလိုက်တာကွယ် အန်တီ့မှာရှိတဲ့သားကို မောင်ဘုန်းလက်ျာလို စီးပွားရေးလုပ်ငန်းရှင်ဆိုရင် ကောင်းမှာပဲ''

''အခု သူက ဘာလုပ်နေလို့လဲ''

''ဆရာဝန်လေ သူ ဝါသနာပါတာ သူလုပ်တာ၊ အခု ဆေးခန်း ဖွင့်နေတယ်''

''အိမ်ထောင်ရော ကျပြီလား''

ရွှေကညာဘက်ကို တစ်ချက်လှည့်ကြည့်ပြီးမှ ဒေါ်မိမိတင် ခေါင်း မညိတ်ချင်ဘဲ ညိတ်လိုက်ရသည်။ ရွှေကညာနှင့်ပတ်သက်မှုကို သိမှာစိုး၍ လက်မထပ်ရသေးပါဘူးလို့ ပြောချင်ပေမယ့် လုပ်ငန်းရှင်အချင်းချင်း ပြောလျှင် သိမှာပဲမို့ ညာလို့တော့မဖြစ်ပေ။





''အင်း အိမ်ထောင်ကျပြီပဲ ဆိုပါတော့ကွယ်''

''သူ့မိန်းမကရော ဆရာဝန်ပဲလား။ အတူတူ ဆေးခန်းထိုင်နေကြမှာပေါ့''

''ဟုတ် ဟုတ်တယ် မောင်ဘုန်းလက်ျာ''

ရွှေကညာကို ဘာကြောင့် ချွေးမပါလို့ အသိအမှတ်မပြုတာလဲ။ အိမ်အကူတစ်ယောက်လိုအသိပေးပြီး ညှေ့သည်ရှေ့မှာ နှိမ်ချနေတာကို မျက်ရည်ဝဲလောက်အောင် နာကျင်ခံစားရလေသည်။ ဟင်းတွေနွေးပြီး ပန်းကန်ထဲကို ခပ်ထည့်ကာ စားပွဲပေါ် တင်ပေးလိုက်သည်။

ဒေါ်မိမိတင်အပြောအဆို မလွှတ်မှာစိုး၍ ညှေ့သည်မျက်နှာကို တော့ ရဲရဲဝံ့ဝံ့ပင် မကြည့်ရဲပါ။ သူမပုံစံကိုကြည့်ပြီး အိမ်အကူလို့ မြင်ချင်လည်း မြင်ပါစေတော့။

''ဟင်''

ဟင်းပွဲတွေ လာချပေးသော အိမ်အကူမိန်းကလေးရဲ့လက်မောင်းက အမာရွတ်ကိုမြင်ပြီး ဘုန်းလက်ျာ အံ့ဩမင်တက် တုန်လှုပ်သွားရသည်။ ကာကွယ်ဆေးထိုးသည့်နေရာလေးမှာအနာရွတ်ဖုဖုဖောင်းဖောင်းကြီးကြီးလေး ဖြစ်နေပုံက တခြားသူတွေနှင့်မတူအောင် ကွဲပြားနေတာ။

''ညီ ညီမလေး မီးမီးတော့ မဖြစ်နိုင်ပါဘူး''

အတွေးများဖြင့် စကားလုံးတွေက နှုတ်ဖျားက ထွက်ကျလာလုနီးပါး ဖြစ်နေခဲ့သည်။ ကာကွယ်ဆေးထိုးသည့်အခါမှာ တချို့အနာရင်းကာ အနာရွတ်ကျန်တတ်သော်လည်း ဒီလိုပုံစံမျိုးကတော့ တော်တန်ရုံလူမျိုးမှာ မရှိတတ်ပေ။

"သုံးဆောင်ပါ မောင်ဘုန်းလက်ျာ၊ မြန်မာအစားအစာတော့ ချက်နိုင်းထားတာပါပဲ၊ လက်ရာ ကြိုက်မကြိုက်တော့ မသိဘူး"

ဒေါ်မိမိတင်ပြောတာကို ဘုန်းလက်ျာ မကြားပါ။ စည်းနှောင်ထားသော ဆံနွယ်လေးအောက်က အမှတ်လေးကို ဘုန်းလက်ျာ မြင်ချင်နေလှသည်။

"မောင်ဘုန်းလက်ျာ"

"ဗျာ ဗျာ အန်တီ"

ဟင်းခွက်တွေ ချပေးနေသော ရွှေကညာကို မျက်လုံးမလွှဲ လိုက်ကြည့်နေသော ဘုန်းလက်ျာကို ဒေါ်မိမိတင် သတိထားမိသွားသည်။ မိမိခေါ်လိုက်တာတောင် အလန့်တကြားပင် ဖြစ်သွား၏။

ဖိုသီဖတ်သီ ဖရိုဖရဲဖြစ်နေသော ရွှေကညာကို ဘာတွေများ စိတ်ဝင်စားသွားတာလဲ။

"စားလို့ အဆင်ပြေရဲ့လား"

"ဟုတ် ဟုတ်ကဲ့ အဆင်ပြေပါတယ်၊ ကျွန်တော် စားချင်နေတာ ဒီလိုလက်ရာမျိုးပဲ"

ပြောသော်လည်း ဘုန်းလက်ျာ မျက်လုံးများက ထမင်းပန်းကန် ဟင်းပန်းကန်မှာမရှိပါ။ အငမ်းမရ ပုံစံလိုဖြစ်နေတာကြောင့် လူကြီး တစ်ယောက်ရှေ့မှာ ယဉ်ကျေးမှုမရှိဘူးလို့တောင် တွေးလိုက်မိသည်။

ဘုန်းလက်ျာက မိန်းကလေးတွေနှင့် ပတ်သက်လျှင် ဒီလိုလူစားမျိုးလား။ ဒီလိုဆိုလျှင်တော့

"မောင်ဘုန်းလက်ျာ စားရတာ ခံတွင်းတွေ့တယ် အဆင်ပြေတယ်ဆိုရင်တော့ အန်တီ့အိမ်ကို နေ့တိုင်းလာစားပါကွယ်၊ အန်တီဖိတ်



ခေါ်ပါတယ်"

"ဟုတ်ကဲ့ အဲလို ခွင့်ပြုမယ်ဆိုရင် ကျွန်တော် အရမ်းကျေးဇူးတင်မိမှာပဲ အန်တီ"

"ကျေးဇူးတင်စရာမလိုပါဘူးကွယ်၊ အန်တီ့ကိစ္စကို ကူညီမယ်ဆိုရင် အန်တီက ကျေးဇူးတင်ရမှာပါ"

"ဟုတ်ကဲ့"

မိမိပြောတာကို စိတ်မဝင်စား။ ဟင်းပွဲတွေ ထပ်ဖြည့် ပန်းကန်တွေ ဆေးကြော၊ ဟိုဟာဒီဟာ သန့်ရှင်းရေးလုပ်နေသော ရွှေကညာရဲ့လှုပ်ရှားမှုမှန်သမျှကိုသာ မျက်လုံးမလွှဲတမ်း လိုက်ကြည့်နေခဲ့သည်။ ရုပ်ရည်လေးသနားကမားနှင့် အိမ်အကူလို့ ပြောထားသော ရွှေကညာကို သနားကရုဏာဖြစ်နေခဲ့သည်လား။

"ဟင် တော်ပြီလား မောင်ဘုန်းလက်ျာ စားလို့ကောင်းတယ်ဆို"

"ဟုတ် တော်ပါပြီ အန်တီ၊ ကျွန်တော် ဗိုက်တင်းသွားလို့ပါ"

"ဒါဆို ညှော်ခန်းထဲသွားရအောင်၊ ဟဲ့ ရွှေကညာ သစ်သီးပွဲ လုပ်ပြီးပြီမဟုတ်လား"

"ဟုတ်ကဲ့ အန်တီ၊ ရေခဲသေတ္တာထဲ ထည့်ထားပါတယ်"

"အဲဒါ ညှော်ခန်းထဲကို ယူလာခဲ့၊ မောင်ဘုန်းလက်ျာ အမှသုံးဆောင်မလား အအေးသုံးဆောင်မလား"

"သစ်သီးနဲ့ဆိုတော့ အအေးပဲကောင်းပါတယ်"

"ကြားတယ်နော် မြန်မြန်လုပ်လာခဲ့၊ ပြီးရင် စားပွဲကိုလည်း သေသေချာချာရှင်းထားဦး"

ဒေါ်မိမိတင်က အိမ်အကူမိန်းကလေးအပေါ် အမိန့်အာဏာ ဆန်ကာ အနိုင်ကျင့်လွန်းသည်ဟု ထင်မိသည်။ ဒီခေတ်မှာ အလုပ်သမား ဝန်ထမ်းတွေအပေါ် အဆင့်အတန်းခွဲ အနိုင်ကျင့်လို့ရတာရှိသေးလို့လား။ ဒီအလုပ်မရှိလျှင် တခြားအလုပ်တွေ ဒီလောက်ပေါများနေတာ၊ ဒီလောက် ကြီးအထိ အနှိမ်ခံမနေသင့်ဟု ကောင်မလေးဘက်က ကိုယ်ချင်းစာကာ နာပေးနေမိသည်။

ညေ့ခန်းထဲထိုင်ကြစဉ်မှာ ခဏနေတော့ ကောင်မလေး သစ်သီး ပွဲနှင့်အအေးလာချပေးသည်။ ဒေါ်မိမိတင်အတွက်တော့ ပြီးမှ ကော်ဖီ တစ်ခွက်လာချပေး၏။

ခေါင်းလေးငုံ့လိုက်မှာ ဆံနွယ်တွေဝေ့ဝဲကျလာ၍ နားအောက်က အမှတ်ရာလေး ရှိ မရှိ မသိလိုက်ရပေ။

ညီမလေး ဖြစ်နိုင်ပါ့မလား။ အစအနပျောက်သွားသော ညီ မလေးက အသက်ရှင်ရက်ရှိနေပါဦးမလား။ အသက်ရှင်လျက်ရှိနေလျှင် ဖြင့် ကိုယ်နေခဲ့ဖူးသောနေရာကို သွားစုံစမ်းသည့်အခါမှာ သတင်းအစအန မကြားရဘဲနေမည်မဟုတ်။

ညီမလေးလည်း အစ်ကိုကို သတိရလျှင်လာရှာမှာပဲ မဟုတ် လား။ ညီမလေး ဖြစ်နိုင်သလား။ နေရာကနေ ပျောက်သွားပြီး မျက်စိ လည်လမ်းမှားကာ ဒီလိုအိမ်အကူလုပ်ရသည့်ဘဝမျိုးကို ရောက်သွားခဲ့ တာလား။ ညီမလေးသာဖြစ်နေခဲ့လျှင်တော့ တကယ်ကို ရင်ထုမနာ ရင်ကျိုးရင်နာရမည့် အဖြစ်မျိုးပင်။

ကိုယ်ကတော့ ကံကောင်းထောက်မစွာ ပြည့်စုံပိုလျှံသော သူဌေး ဘဝကို ပိုင်ဆိုင်ထားရသည်မဟုတ်လား။



"ရွှေကညာ လာစမ်း"

"ရှင်"

"ကော်ဖီကို ညည်း ဘယ်လိုဖျော်လာတာလဲ ခါးတူးနေတာပဲ"

"ဟို သ သကြားမေ့သွားတာထင်တယ်၊ က ကညာ ထပ်ဖျော် ပေးပါမယ် အန်တီ"

"လုပ်လိုက်ရင် သောက်တလွဲကြီးပဲ စိတ်က ဘယ်ရောက်နေလဲ မှမသိတာ ငါလုပ်လိုက်ရ သေတော့မယ်"

"ဒေါက်"

ပါးစပ်က ပြောနေတာ နောက်ကျသေး၏။ လက်က ဒေါက်ခနဲ ရွှေကညာခေါင်းပေါ် ရောက်သွားသည်။ ဘုန်းလက်ျာ အရမ်းပင် စိတ် မကောင်းဖြစ်သွားမိ၏။ ဒီကောင်မလေးအပေါ် ဒေါ်မိမိတင် အတြီးတကြီး အနိုင်ကျင့်သလိုပါပဲလား။ ရွှေကညာပုံစံက အရမ်းကို ကျိုးနွံခယလွန်း နေသည်။

ဘာကြောင့်ပါလဲ။ ရွှေကညာအကြောင်းကို သိချင်လှသည်။ ဘယ်လိုစုံစမ်းရင် သိနိုင်မလဲ။

ဒေါ်မိမိတင်ကိုတော့ မေးလို့ဖြစ်မှာမဟုတ်။ ဒီကောင်မလေးနှင့် ပတ်သက်ပြီး ဒေါ်မိမိတင် အမြင်ကောင်းကောင်း ပြောပါ့မလား။ သိချင် စမ်းပါဘိတော့ ရွှေကညာ။ နာမည်ကတော့ ငါ့ညီမလေး မဟုတ်တာ သေချာပါတယ်။ ဒါပေမဲ့ လက်မောင်းက အမာရွတ်ကတော့ လူတိုင်းမှာ မရှိနိုင်တာမျိုးပါ။ နားအောက်မှာ အညိုရောင်အမှတ်ရာလေးရော။ မင်းမှာ ရှိနေနိုင်မလား။

ရှိနေရင်တော့ ငါ့ညီမလေး အသေအချာပါပဲ။ သက်ရှိထင်ရှား

ရှိနေတယ်ဆိုရင် ကိုယ်တွေနေခဲ့သော နေရာလေးကို ညီမလေးလာရှာရမှာပေါ့။ ညီမလေး မရှာတတ်ဘူးဆိုရင်လည်း ကိုယ်သွားရှာသည့်အချိန်တွေမှာ တစ်ခုခုတော့ သိရမှာပင်။ အခုတော့ . . . ။

■ ■ ■

## အခန်း (၃၂)

"ဟိတ် ဟိတ် ရွှေကညာ"

"ဟင်"

ဟိုနေ့က အိမ်ကိုလာသွားသည့် ညွှန့်သည်ပါလား။ ကားပေါ်က ဆင်းပြီး သူမကိုခေါ်လိုက်တာ ဘာအကြောင်းများလဲ။

ရပ်ကွက်ဈေးမှာပင် လိုအပ်တာလေး သွားဝယ်တာမို့ သူမ ကားယူမလာခဲ့ပေ။ လက်ထဲက ဆွဲလာရသည့်အရာတွေနည်းနည်းလေး ပင်တာမို့ အောက်ကို ခဏချကာ

"ညွှန့် အိမ်ကိုလာတဲ့လား။ အိမ်မှာအန်တီမရှိဘူးရှင့် စက်ရုံကို သွားပါတယ်"

"အင်း ကိုယ်သိပါတယ်"

"ရှင်"

"ကိုယ်က ရွှေကညာကို မေးစရာလေးတွေရှိလို့ပါ၊ ကိုယ်နဲ့ ဆိုင်တစ်ဆိုင်ကို ခဏလောက် လိုက်ထိုင်ပေးလို့ရမလား"

"ရှင် ကျ ကျွန်မ မအားပါဘူး၊ အိမ်အလုပ်တွေ လုပ်ရဦးမှာ ချက်ရပြုတ်ရဦးမှာပါ"

အခုမှ တွေ့ဖူးမြင်ဖူးသည့်လူတစ်ယောက်က ဒီလိုခေါ်တာ သွေးရိုးသားရိုးမဖြစ်နိုင်တာမို့ ရွှေကညာ ပျာပျာသလဲ ငြင်းလိုက်မိခြင်းဖြစ်သည်။ သူမက ကာမပိုင်လင်ယောကျ်ားရှိသူပါ။ အိမ်နားမှ ဒီလိုသူစိမ်းယောကျ်ားတစ်ယောက်နှင့် ရပ်စကားပြောနေတာတောင် မသင့်တော်ပေ။ ပတ်ဝန်းကျင်က ဒေါ်မိမိတင်ကို အတို့အထောင်လုပ်လိုက်လျှင် ပြဿနာ ပိုကြီးသွားနိုင်သည်။

"နေပါဦး ရွှေကညာ"

"အို ဒါ ဘာလုပ်တာလဲ ဖယ်ပါ"

ခြေလှမ်းအပြင်မှာ လက်ကိုလှမ်းဆွဲတာကြောင့် သူမ ပျာခနဲ ထိုလူ့လက်ကို ပုတ်ချလိုက်မိသည်။

"ကိုယ်ပြောချင်တဲ့စကားလေးဖြစ်ဖြစ်ခဏလောက် နားထောင်ပေးပါလား ရွှေကညာ၊ အရမ်းကိုအရေးကြီးလို့ပါ"

"ကျွန်မနဲ့ရှင့်ကြားမှာ ဘာအကြောင်းမှ ပြောစရာမရှိပါဘူး။ ဒေါ်မိမိတင်ဆက်ဆံရေးတွေကိုသိသွားလို့ ကျွန်မကို အထင်သေးပြီး ဆက်ဆံချင်တာလား"

"ဟာ မ မဟုတ်ပါဘူး၊ အဲဒီသဘောမျိုး မဟုတ်ပါဘူး။ ရွှေ ရွှေကညာက ကိုယ့်ညီမလေးနဲ့တူနေလို့ပါ"

"ဘာ"

"ဟုတ်တယ် ပျောက်သွားတဲ့ ကိုယ့်ညီမလေးနဲ့အရမ်းကိုတူနေလို့ပါ၊ အဲဒါက နှစ်တွေအရမ်းကြာသွားလို့ ရုပ်ကိုတော့ မခန့်မှန်း



တတ်တော့ပါဘူး။ လက် လက်မောင်းက"

"ဘာဖြစ်လဲ"

"လက်မောင်းက ကာကွယ်ဆေးထိုးထားတဲ့ အနာရွတ်လေးကတော့ တစ်ပုံစံတည်းပဲ၊ လုံးဝ ကွက်တိပဲ"

"ဟင်"

ရွှေကညာ စိတ်ဝင်တစား ဖြစ်သွားမိသည်။ လက်မောင်းက အမာရွတ်တဲ့။ အန်တီသိမ့်တို့ကလည်း သူမရဲ့အတိတ်မမေ့ခင်အချိန်တွေက အစ်ကိုတစ်ယောက်ရှိခဲ့ဖူးသည်လို့ ပြောထားခဲ့သည်။

"ရှင်က"

မေးမလို့ ပြင်ပြီးမှ သူမ ခေါင်းရမ်းလိုက်သည်။ သူတောင်းစားတစ်ယောက်။ ပညာမဲ့တောင်းစားရသည့်လူတစ်ယောက်က မိုးနဲ့မြေလို ကွာခြားသည့် ဒီလိုဘဝမျိုးကို ရောက်သွားနိုင်ပါ့မလား။

"ရွှေကညာ မင်း မင်းရဲ့နားအောက်မှာ အမှတ်ရာလေး ရှိလားဟင်"

"ဘာ ဘာပြောတယ်"

ဒီလူ အကြောင်းရိုက်နေတာလား။ ဟိုနေ့က ဆံပင်တွေကို စည်းထားသည့်အတွက် နားအောက်က အမှတ်လေးကို မြင်သွားလို့ပဲ၊ ဘာတွေစည်းရုံးချင်နေတာများလဲ။

တစ်ချိန်လုံး သူမကို လိုက်ကြည့်နေခဲ့တာ သူမ မသိဘဲနေပါ့ မလား။ ဒေါ်မိမိတင် တစ်မျိုးထင်သွားမှာစိုးလို့သာ မသိချင်ယောင်ဆောင်နေခဲ့ရတာ။

"ကျ ကျွန်မ သွားတော့မယ်"

"နေ နေပါဦး ရွှေကညာ"

"ပတ်ဝန်းကျင်က ကျွန်မတို့ကို တစ်မျိုးမြင်သွားရင် မကောင်းပါဘူး။ ဒီပတ်ဝန်းကျင်က ဒေါ်မိမိတင်ကို ပြန်ပြောလိုက်ရင် ကျွန်မအတွက် ပြဿနာကြီးသွားပါလိမ့်မယ်"

"မင်း ဒေါ်မိမိတင်တို့အိမ်မှာ အိမ်အကူလုပ်နေတာ ဘယ်လောက်ကြာပြီလဲ"

"ရှင်"

"ဪ သူတို့အိမ်မှာ အိမ်အကူလုပ်တာ ဘယ်လောက်ကြာပြီလဲလို့"

"ကျ ကျွန်မက"

ဒေါ်မိမိတင်က အိမ်အကူလို့ပြောထားတာမို့ ချွေးမပါလို့ပြောလို့ဖြစ်ပါ့မလား။ ယောက်ျားမရှိပါဘူးလို့ပြောလိုက်လျှင်လည်း ဟိုဟိုဒီဒီ စိတ်မျိုးနှင့်ဆိုလျှင် ဒီလူပို၍အတင့်ရဲလာနိုင်သည်။ အခုတောင် ထိုလူ ခြေတစ်လှမ်းရွှေ့တိုးလာ၍ သူမ နောက်ဆုတ်ကာ ရပ်လိုက်ရသည်။ ဒီနားမှာ ကြာကြာနေလို့တော့ မဖြစ်တော့ပါ။

"ဟာ ရွှေ ရွှေကညာ"

ရွှေကညာ အိတ်တွေကောက်ဆွဲပြီး အမြန်ပင် ပြေးလာခဲ့သည်။ ဒီလူ သူမကို အထင်သေးပြီး သွေးတိုးစမ်းချင်နေတာလားမှ မသိနိုင်တာ။ ငွေကြေးပြည့်စုံသည့်သူတွေမို့ မိန်းကလေးတွေကို အပျော်သဘောထားချင်သည့်သူတွေကို သူမ မုန်းသည်။ ဒေါ်မိမိတင်ကတော့ ဒီလူ ဘယ်လောက်တောင်တော်နေလို့လဲမသိ၊ မျက်နှာလိုမျက်နှာရ ဖားပြီး အောက်ကျို့ခံနေလိုက်တာ ပြောမနေပါနှင့်တော့။



ဒီလိုအောက်ကျို့ခံနှိမ်ချစွာ နေတတ်သည်လို့တောင် မထင်ရ။ သူမကိုဆက်ဆံတာနှင့်တော့ ဆီနှင့်ရေလို အရမ်းကို ကွာခြားခဲ့သည်။

သူမအပေါ် ဘာကြောင့်များ အငြိုးကြီးစွာ နှိမ့်ချနေရတာလဲ။ တကယ်ဆို သားနှင့်လက်ထပ်ထားသည့် ချွေးမတစ်ယောက်တောင် ဖြစ်နေခဲ့ပြီပဲ။

သားမျက်နှာကိုထောက်ပြီးတော့ပဲဖြစ်ဖြစ် သူမကို လက်ခံပေးသင့်ပါသည်။ ကံကြမ္မာတွေ မကောင်းတာများလား ရတုရယ်။ ကညာတို့ ကံပါပဲ ...။

■ ■ ■

## အခန်း (၃၃)

"မေမေက မနက်ဖြန် ဟိုညည်သည်ကို ထမင်းကျွေးဦးမလို့ဆို"

"အင်း ကညာ့ကို စီစဉ်နိုင်းထားတယ်"

"တောက် ကျွန်တော် မေမေ့ကိုပေါက်ကွဲချင်လာပြီ ကညာရယ် ကျွန်တော်တို့ မေမေ့အိမ်ပေါ်ကနေ ဆင်းသွားကြမလား ဟင် ကညာ"

"ဘာ ဘာလို့ဆင်းသွားရမှာလဲ ရတုရယ်၊ မပြောကောင်း မဆိုကောင်းတွေ မပြောပါနဲ့ ရတုမှာ ဒီအမေတစ်ယောက်တည်းရှိတာ"

ရွှေကညာက အခုထိ စိတ်နာသေးပုံမပေါ်။ သူကတော့ တကယ် ကို မေမေ့ကိုစိတ်ပျက်လာမိပါသည်။ အရင်က မေမေ့မှာ ဒီလိုစိတ်မျိုး တွေ ရှိလိမ့်မည်ဟု မထင်မိ။

ဖေဖေရှိစဉ်က မေမေက အရမ်းကို သိမ်မွေ့သည့်မိန်းမတစ် ယောက်ပါ။ အခုတော့ ကြမ်းတမ်းခြင်းတွေ ရက်စက်ခြင်းတွေ အနိုင်ကျင့် နှိမ့်ချခြင်းတွေ မြင်တွေ့နေရတာ ကညာအတွက် တကယ်ပင် စိတ်





မကောင်းလှပေ။

"ကညာ မေမေ့ကို စိတ်မနာသေးဘူးလားဟင်"

"ရတုအမေကို ကညာ ဘာလို့ စိတ်နာရမှာလဲ သူ့သားအတွက် သူ လုပ်သင့်လို့ လုပ်နေတာပဲ"

"မဟုတ်သေးဘူး မတရားဘူးလေ ကညာ၊ အိမ်အတွက်အ လုပ်သမားခေါ်လို့ရတယ် ခေါ်ပါလား။ ဝန်ထမ်းစရိတ်မပေးနိုင်လောက် အောင် ကျွန်တော်တို့ မမွဲသေးဘူး။ အခုဟာက ကညာကို ပညာပေးနေ တာ၊ နှိပ်စက်နေတာ၊ နှိမ်ချအနိုင်ကျင့်နေတာ၊ ကညာက ကျွန်တော့် မိန်းမပါ၊ မကျေနပ်ချက်တွေ ဘယ်လောက်များများ သားရဲ့မိန်းမ သူ့ရဲ့ ချွေးမတစ်ယောက်အပေါ် မေမေ ဒီလိုမလုပ်သင့်ဘူး။ အဲဒါကြောင့် ကျွန်တော်တို့ ဆင်းသွားကြမယ် ကညာ"

"နောက်မှ နောင်တရအောင် သွေးဆူဆူနဲ့မဆုံးဖြတ်ပါနဲ့ ရတု ရတုအမေက စီးပွားရေးကျပြီး အခက်အခဲ အကျပ်အတည်းတွေနဲ့ အား ငယ်နေတဲ့အချိန်ပါ၊ တစ်ယောက်တည်းရှိတဲ့အမေကို အဲဒီလို လုပ်ရက် သလား"

"ကညာ့အပေါ် ဆက်ဆံတဲ့လုပ်ရပ်တွေကို ကျွန်တော် မခံစား နိုင်တာပါ၊ ကညာ ပင်ပန်းနေပြီဆိုတာ ကျွန်တော် သိတယ်၊ ကျွန်တော် ပြန်လာတဲ့အချိန်တွေမှာ ကညာ ဟန်ဆောင်ပြီး ပြုံးနေရတယ်ဆိုတာ ကျွန်တော် ခံစားလို့ရနေတယ်၊ ကျွန်တော့်ရင်တွေ နာကျင်နေရတယ် ကညာ၊ ကညာ့ကို ဘာမှလုပ်မပေးနိုင်လို့ ကျွန်တော့်ရင်တွေ"

"ရတုရယ်"

ရတုရင်ခွင်မှာ တိုးဝင်ဖက်တွယ်ကာ ရွှေကညာ မျက်ရည်တွေ

ကျလာမိသည်။ သူမအပေါ် ဒီလောက် နားလည်ပေးနိုင်သည့် ယောကျ်ားအတွက် သူမရော ဘာလုပ်ပေးနိုင်လို့လဲ။

ထိုအတိတ်က မဟုတ်ပါဘူးလို့ ဝန်ခံရဲသည့်သတ္တိမရှိပေ။ မမှတ်မိပေမယ့် ထိုအတိတ်ဆိုးက ရှိခဲ့နိုင်သည်မဟုတ်လား။ မဟုတ်ဘဲနှင့် မိုးယံသော် သိမှာမဟုတ်ပေ။

"ကညာ"

"ဟင်"

"အဲဒီမျက်ရည်တွေက ကျွန်တော့်ကို ပူလောင်စေတယ်၊ ရင်ထဲမှာ အရမ်းနာကျင်ရလို့ မျက်ရည်အဖြစ်ပြောင်းလဲလာခဲ့တာမဟုတ်လား။ အရမ်းနာကျင်နေပြီမဟုတ်လား ကညာ"

"ဟင့်အင်း ရတုဆီက ဒီလိုအချစ်တွေ ရနေသရွေ့ ကညာဆီမှာ နာကျင်မှုတွေရှိမှာမဟုတ်ပါဘူး၊ အဲဒါ သေချာပါတယ်"

"ဘာလို့ ညာတာလဲ ကညာ၊ ကျွန်တော့်ကိုချစ်တာ ချစ်တာသပ်သပ်၊ မေမေ့ကြောင့်နာကျင်ရတာ သပ်သပ်လို့ မညာဘဲ ခွဲပြောလည်း ကျွန်တော် စိတ်မဆိုးပါဘူး။ ကညာ့ကို ကျွန်တော်နားလည်နေတာပဲ"

"ကညာမှာ အားနည်းချက်ရှိနေတာ ကညာ ဘာလို့ သည်းမခံနိုင်ရမှာလဲ၊ ရတုနဲ့သာ မခွဲရဘူးဆိုရင် ကညာတစ်သက်လုံး သည်းခံဆိုလည်း သည်းခံသွားနိုင်တယ်၊ ပြီးတော့ ရတုရဲ့အမေ ဖြစ်နေတယ်လေ၊ ရတုအမေက ကညာရဲ့အမေပါပဲ၊ ကညာ့ဘဝမှာ အမေဆိုတာမရှိတော့ပါဘူး။ အမေ့ရဲ့ကောင်းကျိုးဆိုးကျိုးဆိုတာတွေလည်း ကညာ မမှတ်မိဘူး၊ မိဘရဲ့ကောင်းကျိုးဖြစ်ဖြစ် ဆိုးကျိုးဖြစ်ဖြစ် ကညာ ခံစားချင်ပါတယ်"



"ကညာရယ်"

ရင်ထဲမှာ မချိလှပေ။ ကညာရဲ့စကားလုံးတွေက ရင်ထဲကို နင့်နေအောင်ခံစားရသည်။ ပင်ပန်းနွမ်းနယ်နေသည့် ကညာ့ကိုယ်လေးကို ထွေးဖက်၍ အိပ်ပျော်သွားသည်အထိ သူ ချော့သိပ်လိုက်သည်။ နှစ်နှစ်ခြိုက်ခြိုက် ကညာ အိပ်ပျော်သွားသည်ဆိုမှ မေမေ့အခန်းရှိရာကို ဆင်းလာခဲ့၏။

"ဒေါက် ဒေါက် မေမေ အိပ်ပြီလား"

အသံပေးပြီး စေ့ထားသော တံခါးကိုဖွင့်ကြည့်လိုက်စဉ်မှာ ကွန်ပျူတာကို အာရုံဝင်စားနေသော မေမေက ဘာလဲဟု မေးငေါ့ကာ မေး၏။ သူ မေမေ့အခန်းထဲဝင်လာပြီး မေမေ့အနားမှာ ဝင်ထိုင်လိုက်သည်။ မေမေက ကွန်ပျူတာကို ပြီးဆုံးအောင် လုပ်ပြီးမှ ပိတ်လိုက်ကာ

"ဘာကိစ္စရှိလို့ ဒီအချိန်ကြီး မေမေ့အခန်းထဲ လာရတာလဲသား"

"သား ပြောစရာရှိလို့ပါ မေမေ၊ မေမေ အဆင်ပြေရဲ့လား"

"ဘုန်းလက်ျာက လချုပ်စာရင်းနဲ့ ကုန်ပစ္စည်းအဝင်အထွက်စာရင်းတွေ သိချင်တယ်ဆိုလို့ ရုံးပိုင်းကလုပ်ပေးလိုက်တာကို မေမေ ပြန်စစ်ဆေးနေတာပါ၊ ဘာပြောစရာရှိလို့လဲ သား ပြောလေ မေမေနဲ့ သားလည်း အေးအေးဆေးဆေး မတွေ့ရတာ ကြာပြီ"

"ဟုတ်ကဲ့ ဟိုလေ မေမေ၊ မနက်ဖြန် ညီသည်လာမယ့်ကိစ္စ ဟိုတယ်မှာလိုက်ကျွေးတာဖြစ်ဖြစ် ဟိုတယ်ကမှာကျွေးတာဖြစ်ဖြစ် စီစဉ်ပေးလို့ မရဘူးလား မေမေ"

"ဘာလဲ မင်းမိန်းမက သူပင်ပန်းလို့ အဲလိုလုပ်ပါဆိုပြီး ပြော

နိုင်းလိုက်တာလား"

"မေမေက ကညာကို အမြဲတမ်းအမြင်စောင်းနေတာပဲမဟုတ်လား။ ကညာက ဘာမှမပြောဘူး ကျွန်တော်က သူ့ကိုအားနာပြီး စိတ်တွေမသက်မသာဖြစ်နေခဲ့တာ မေမေ၊ ကျွန်တော် ဘယ်လိုလုပ်ရမှာလဲ ပြောပါဦး"

"မင်းက သူ့ကိုအားနာတယ်၊ ငါ့ကိုတော့ အားမနာဘူးလား။ ဒီအမေဘက်က ခံစားချက်ကိုတော့ မင်း ထည့်မတွက်ဘူးလား၊ ငါက သူတောင်းစားတစ်ယောက်ကို ချွေးမတော်ထားရတာပါ ရတုစံရဲ့"

မေမေ ရင်ဘတ်ထုကာ ပြောပြန်တော့ သူ စိတ်မသက်မသာဖြစ်ရပြန်သည်။ မေမေ့ဘက်ကိုတော့ ချွေးကညာက နားလည်သည်းခံမှုတွေ ရှိခဲ့သည်။

"မေမေ သားတို့ဘက်ကို နည်းနည်းလောက် နားလည်ပေးပါလား မေမေရယ်၊ ကညာ သနားပါတယ်၊ သူ့ကိုအိမ်အလုပ်တွေ မခိုင်းပါနဲ့၊ သူ သင်ထားတဲ့ပညာတွေနဲ့ ငွေရှာနိုင်တဲ့ ဆရာဝန်တစ်ယောက်ဖြစ်နေပါပြီ၊ မေမေ့အတွက် အိမ်အတွက်လိုအပ်တဲ့ဝန်ထမ်းစရိတ်ရှာပေးနိုင်ပါတယ်"

"မင်းက ငါ့ကို စီးပွားရေးကျနေပြီဆိုပြီး ဝန်ထမ်းမငှားနိုင်ဘူးထင်နေတာလား၊ အဲဒါကြောင့် ချွေးကညာကိုပဲ မတရားအနိုင်ကျင့်ခိုင်းနေတယ်လို့ စွပ်စွဲချင်တာလား ရတုစံ"

"မေမေရယ် အဲဒီလို အတွေးတွေနဲ့ဆိုရင် မေမေ ပူလောင်ရမှာပါ၊ ကညာက မေမေ့ကို အမေတစ်ယောက်လို သဘောထားနေတာ၊ မေမေကလည်း ချွေးမတစ်ယောက်လို သမီးတစ်ယောက်လို သဘော





ထားနိုင်ရင် အားလုံး အေးအေးချမ်းချမ်းနဲ့ အဆင်ပြေသွားမှာပါ မေမေ၊ ကျွန်တော်တို့မိသားစု ပျော်ပျော်ရွှင်ရွှင် နေကြရအောင်ပါ"

"တော်စမ်း"

မေမေ့ရဲ့အသံက အခန်းထဲမှာ ဟိန်းထွက်သွားလေသည်။ မေမေ့ကို ပျောင်းဖျဖို့ဘယ်လိုအရာတွေ လိုအပ်နေလဲ သူမသိပါ။ သူ့အနေနှင့်တော့ ဇနီးနှင့်အမေကြားမှာ ဆုံးဖြတ်ချက်တွေချဖို့ ခက်ခဲနေခဲ့သည်။ သူ ဖြစ်ချင်တာ ဘာလဲ၊ ဖြစ်နေတာ ဘာတွေလဲ။

ချစ်သူ ဇနီးမယားအတွက် သူ စွန့်စားချင်ပါသည်။ သူမရှေ့မှာ မားမားမတ်မတ် ရပ်တည်ခွင့်လည်း ရချင်သည်။

ဒါပေမဲ့ ချွေးကညာက ခွင့်မပြုပေ။ မေမေ့ကို ခွင့်လွှတ်ပေးဖို့ နားလည်ပေးဖို့သာ တစ်ချိန်လုံး တောင်းဆိုနေခဲ့သည်။ ဒါတောင် မေမေက အကောင်းမမြင်။

သူ ဒီအတိုင်းပဲ နေလိုက်ရတော့မှာလား။ ကညာရယ် ကျွန်တော် ကညာ့အတွက် ဘယ်အချိန်ထိ သည်းခံပေးနေရမှာလဲ။

ကညာကို တန်ဖိုးထားမှုတွေနှင့် အချစ်တွေက ရင်ထဲမှာ မြွတ်သိပ်ကျပ်ခဲလျက်။ ကညာရေ နီးလျက်နဲ့တောင် လွမ်းနေရတယ်။

■ ■ ■

## အခန်း (၃၄)

"အန်တီ"

"ဪ မောင်ဘုန်းလက်ျာ လာကွယ်၊ ထမင်းဟင်းတွေ အားလုံး ချက်ပြီးလို့ အဆင်သင့်ဖြစ်နေပါပြီ"

"နေပါဦး အန်တီ၊ ဒီနေ့ ကျွန်တော် ရောက်တာ စောနေတယ် ထင်ပါတယ်၊ ကျွန်တော် ဗိုက်မဆာသေးပါဘူး"

"ဒါဆိုလည်း ဧည့်ခန်းမှာပဲ အေးအေးဆေးဆေး ထိုင်ပြီး အန်တီတို့အလုပ်ကိစ္စလေး ဆွေးနွေးကြတာပေါ့"

"ဟုတ်ကဲ့ အန်တီ"

ဘုန်းလက်ျာ ဆိုဖာခုံမှာ ဝင်ထိုင်ပြီး ဒေါ်မိမိတင်အတွက် ပါလာသော လက်ဆောင်ပစ္စည်းတွေကို စားပွဲပေါ် တင်ပေးလိုက်သည်။

"ဘာတွေများလဲ မောင်ဘုန်းလက်ျာ"

"ဟုတ် ဟိုက ကျွန်တော်တို့စက်ရုံက ထွက်တဲ့ဒီဇိုင်းအသစ် ပိတ်စတွေပါ၊ ဈေးကွက်မှာတောင် မဖြန့်ရသေးဘူး။ အန်တီနဲ့ဟိုကောင်မလေးအတွက် ကျွန်တော် ယူလာတာပါ"

"ဟိုကောင်မလေး ဘယ်ကောင်မလေး ပြောတာလဲ"





"အန်တီတို့အိမ်က မိန်းမသားနှစ်ယောက်မြင်လို့ နှစ်ယောက် စာယူလာတာပါ၊ အသစ်အဆန်းလေး ဝတ်ချင်မလားလို့"

ဒေါ်မိမိတင် အောင့်သက်သက်ဖြင့် ခေါင်းညိတ်ရမလို ခေါင်းခါရမလို ဖြစ်သွားသည်။ အိမ်အကူလို့သိထားသည့် ရွှေကညာနှင့် မိမိကို တန်းတူထားသည့် သဘောလား။

"အန်တီက မဝတ်ရလည်းကိစ္စမရှိပါဘူးကွယ်၊ အဝတ်အစား တွေ များပါတယ်၊ မင်းပေးချင်တယ်ဆိုရင် ရွှေကညာကို ပေးလိုက်ပါ"

"ဪ အန်တီက သဘောကောင်းလိုက်တာ၊ ဟုတ်တာပေါ့ ကိုယ့်ထက်နိမ့်ကျတဲ့သူကို ဒီလိုမျိုး ညှာတာတတ်တာ မြင့်မြတ်တဲ့စိတ် ဓာတ်ပါပဲ အန်တီ"

"ဪ အင်း ဒီလိုပါပဲ"

ဒေါ်မိမိတင် စကားပြောဖို့တောင် အခက်တွေ့သွားရသည်။ ထိုအချိန်လေးမှာ ဒေါ်မိမိတင်ဖုန်းက မြည်လာသည်။

"ခဏနော် မောင်ဘုန်းလက်ျာ အန်တီ ဖုန်းပြောလိုက်ဦးမယ်"

"ဟုတ်ကဲ့ပါ ခင်ဗျာ"

ဒေါ်မိမိတင် ဖုန်းပြောနေစဉ်မှာ ရွှေကညာကို ဘုန်းလက်ျာ မျက်လုံးဝေ့၍ ရှာနေမိသည်။ မီးဖိုခန်းထဲမှာ အလုပ်ရှုပ်နေတာပဲ ဖြစ် လိမ့်မည်။

"ကဲ မောင်ဘုန်းလက်ျာရေ စက်ရုံမှာ ဆန္ဒပြနေကြလို့တဲ့ အန်တီ ခဏသွားရဦးမယ်ထင်တယ်၊ ဝန်ထမ်းတွေက ရုံးကလူကြီးတွေ ကို ခေါ်ထားတယ်တဲ့၊ လူကြီးတွေရောက်တဲ့အချိန် အန်တီမရှိလို့ကတော့ မကောင်းဘူး"

"ဩော် သွားလေ အန်တီ သွားပါ၊ စက်ရုံကိစ္စက ဖြေရှင်းရမှာ ပိုအရေးကြီးပါတယ်၊ ကျွန်တော်က ကိစ္စမရှိပါဘူး"

"အန်တီတို့ ထမင်းစားပြီးမှ စက်ရုံအတူသွားကြဖို့ပြောထားလို့ ပါကွယ်၊ အခုက စက်ရုံမှာ ပြဿနာတွေနဲ့ဆိုတော့ မောင်ဘုန်းလက်ျာကို ခေါ်သွားရမှာ အားနာနေလို့ပါ"

"နောက်နေ့မှ စက်ရုံကို ကျွန်တော် လာခဲ့ပါမယ် အန်တီ၊ အန်တီ့ပြဿနာတွေ ပြေလည်အောင် ဖြေရှင်းထားလိုက်ပါ၊ ဒါမှ ကျွန်တော့်အတွက်လည်း လုပ်ငန်းလုပ်ဖို့ စဉ်းစားရမှာ အဆင်ပြေမှာ"

"အေး အေးပါကွယ် မင်းကို အန်တီအားကိုးပါတယ်၊ အန်တီ့ ကို အဆင်ပြေအောင် ကြိုးစားပေးပါ၊ ဩော် ထမင်းတွေက ချက်ပြီးသား၊ စားသွားလိုက်ပါနော် အန်တီမရှိဘူးဆိုပြီး အားမနာပါနဲ့၊ ရွှေကညာ လုပ်ပေးပါလိမ့်မယ်၊ ကိုယ့်မိသားစု ကိုယ့်အိမ်လိုသဘောထားပါကွယ်"

"ဟုတ်ကဲ့ အန်တီလည်း ကျွန်တော့်ကို အားမနာပါနဲ့ အန်တီ စိတ်ဖြောင့်ဖြောင့်နဲ့ သွားပါ"

"ကျေး ကျေးဇူးပါပဲကွယ်၊ ရွှေကညာရေ ရွှေကညာ လာဦး"

ဒေါ်မိမိတင်က စကားပြောရင်းနှင့် မီးဖိုခန်းဘက်ကိုလှည့်၍ အော်လိုက်သည်။ ရွှေကညာ ပိုသီဖတ်သီ ကပျာကယာလေး ပြေးထွက် လာ၏။

"ဟုတ်ကဲ့ အန်တီ"

"ငါ စက်ရုံသွားရမယ်၊ မောင်ဘုန်းလက်ျာကို သေချာဂရုစိုက် ပြီး ပြုစုထားလိုက်ပါ၊ လိုအပ်တာမရှိစေနဲ့ ငြိုငြင်မှုမဖြစ်စေနဲ့ ကြားလား ငါ စိတ်ချမယ်နော်"





"ဟုတ်ကဲ့ပါ အန်တီ"

"ကောင်းကောင်းပြုစုပါ၊ ဟိုမှာ ညည်းအတွက် ပိတ်စတွေ လည်း ပေးထားတယ်"

"ရှင်"

"ငါ နိုင်းတာ သေချာလုပ်"

ဒေါ်မိမိတင်က အမိန့်တွေပေးပြီး ထွက်သွားသည်။ သူမကို ဒီလူနှင့် လွှတ်ထားခဲ့တာများလား။ ဒီလူက လက်ဆောင်တွေ ဘာတွေ ပေးပြီး ဒါဘာလုပ်တာလဲ။

"ရွှေကညာ"

"ကျွန်မ ထမင်းပွဲသွားပြင်လိုက်ဦးမယ်"

"ရတယ် မပြင်နဲ့ဦး၊ ကျွန်တော် ဗိုက်မဆာသေးဘူး"

"ဟင်းအိုးက မီးဖိုပေါ်မှာ တန်းလန်းနဲ့မို့ပါ"

ထိုလူ့ရှေ့မှာ မနေချင်တာမို့ သူမ ဖွတ်ပင်ထွက်လာခဲ့သည်။ ထိုလူ့မျက်လုံးတွေက သူမဆီက မရွာတာ ရိုးသားမှုဖြစ်နိုင်ပါတော့မလား။

"ရွှေကညာ"

"အမယ်လေး"

မီးဖိုခန်းထဲထိ လိုက်ဝင်လာကာ ခေါ်လိုက်တာမို့ သူမ လန့်ဖျပ် တုန်တက်သွားရသည်။ သူများအိမ်မှာ ဒီလူ ဒီလောက်အထိ အတင့်မရဲ သင့်ပါ။

"ကျွန်မ ထမင်းပွဲပြင်ပြီးရင် ခေါ်လိုက်ပါမယ်၊ ဧည့် ဧည့်ခန်း က သွားစောင့်နေပါရှင်"

"ကိုယ် ထမင်းစားချင်လို့ဝင်လာတာ မဟုတ်ပါဘူး၊ ရွှေကညာ က ကိုယ့်ကိုမြင်တာကြောက်နေသလိုပဲ ဘာဖြစ်လို့လဲ"

"ဟို ကျ ကျွန်မမှာယောက်ျားရှိပါတယ်"

"ဘာ"

ကိုယ့်ကိုတစ်မျိုးမြင်ပြီး ကြောက်လန့်နေတာပဲဟု တွေးလိုက်မိသည်။ ကိုယ့်တက်က မသေချာဘဲ အလောတကြီးနိုင်နေမိသလား။ ဘုန်းလက်ျာ ပျာပျာသလဲ လက်ကာပြမိရင်းနှင့်

"ကိုယ့်ကိုတစ်မျိုး မမြင်ပါနဲ့ ရွှေကညာ၊ ရွှေကညာက ကိုယ့်ညီမလေးနဲ့တကယ်တူနေလို့ပါ၊ နားအောက်က အမှတ်ကလေးသာ ရှိခဲ့မယ်ဆိုရင် တကယ် ကိုယ့်ညီမလေးပါပဲ၊ အဲဒါလေး ကိုယ့်ကိုပြပေးပါလား ရွှေကညာ"

"ရှင် ဟို"

ဒီလူ ပြောသော အမှတ်လေးက သူမနားအောက်မှာ တကယ်ရှိနေသည်။ ဒါဆို ဒီလူပြောသလို သူမက သူ့ရဲ့ညီမလေးလား။ ဒီလူက သူမရဲ့အတိတ်က အစ်ကိုလား။

ဒါဆိုလျှင် သူမတို့က သူတောင်းစားတွေဆိုတာ ဖြစ်နိုင်ပါ့မလား။

"ရွှေကညာ ပြပေးနိုင်မလားဟင်"

"ရှင် အရင်တုန်းက ဘာလဲဟင်"

"ဘာလဲ ဘာလဲဆိုတာက"

"သူတောင်းစား ကျွတ် အဲဒါက"

"သူတောင်းစား တောင်းစားတာ ဟုတ်တယ် ညီမလေးပြောတာ ဟုတ်တယ်၊ ကိုကိုတို့မောင်နှမ တောင်းစားခဲ့ကြတယ်လေ၊ မှတ်မိလား ညီမလေး မီးမီးလေး ကိုကိုလေ ကိုကြီးဖိုးကော်"



"ကိုကြီး ဖိုးကော်"

ထိုလူဝမ်းသာအားရ ဖြစ်သွားပေမယ့် သူမကတော့ ဇဝေဇဝါပါ။ နားအောက်က အမှတ်ရာလေးကိုတော့ သူမ လက်ကလေးနှင့်စမ်းလိုက်မိသည်။

"မှန်း မှန်းစမ်း မီးမီးလေး၊ ဟင် ဟုတ်တယ် ဟုတ်တယ် မီးမီးလေး ကိုကြီး ဖိုးကော်ပါကွာ၊ ညီမလေးရယ် ဒီလိုအခြေအနေမျိုးနဲ့ တွေ့ရတယ်လို့ကွာ ကိုကြီးကိုမှတ်မိလား ဟင် မီးမီးလေး မှတ်မိလား"

"ဟင့်အင်း"

"ဘာ ဘာဖြစ်လို့လဲ ညီမလေးပျောက်သွားတာ ဒီလောက်ပြောရင် မှတ်မိလောက်တဲ့အရွယ်မျိုးပါ ဘာဖြစ်လို့"

"ကျ ကျွန်မက အတိတ်မေ့နေတာ"

"ဟင်"

ဟုတ်ပါ့မလား။ အတိတ်မေ့နေတာတဲ့။ အစ်ကိုပါလို့ လက်မခံချင်လို့ သူမလိမ်ညာနေတာများလား။ ဒါပေမဲ့ အံ့အားသင့်နေသော သူမကိုယ်လေးက ဆတ်ဆတ်တုန်နေကာ ဘုန်းလက်ျာဆုပ်ကိုင်ထားသော သူ့လက်လေးကိုတော့ မရုန်းဖယ်တော့ပေ။

"မီးမီးလေး တ တကယ်လား အတိတ်မေ့နေတယ်ဆို ဘယ်လိုဖြစ်ပြီး အဲဒီအတိတ်မေ့တယ်ဆိုတာ"

"ကျွန်မကို ကားတစ်စင်းက တိုက်လိုက်တယ်၊ သူတို့ကပဲ ကျွန်မကို ကယ်တင်ထားခဲ့တာပါ၊ ပညာတွေသင်ပေးတယ် ကျွန်မ ဆရာဝန်တစ်ယောက် ဖြစ်နေပြီ"

"ဟင် ဒါဆို ဒေါ်မိမိတင်က"

"ကျွန်မရဲ့ယောကျ်ာမပါ"

"ဘာ"

ဘုန်းလက်ျာ ရှူးပင်ရှူးသွားလေသည်။ ညီမလေး ပြောတာတွေက အမှန်တွေလား။ တကယ်ရော ဟုတ်ရဲ့လား မသိတော့။

အိမ်အကူတစ်ယောက်လို ဆက်ဆံနေသော ဒေါ်မိမိတင်က ယောကျ်ာမတဲ့၊ ဆရာဝန်တစ်ယောက်လည်း ဖြစ်နေပြီတဲ့၊ ဘာကိုယုံရမလဲ။

"ညီမလေး မီးမီးလေး ကိုကြီးဖိုးကော်ကို အကျိုးအကြောင်းလေး ပြောပြပါ၊ ဘာတွေဘယ်လိုဖြစ်ခဲ့တာလဲ ညီမလေးရယ်၊ ကိုကြီးကို တကယ်သတိမရဘဲ နေခဲ့တာလား၊ အတိတ်မေ့ခဲ့လို့ ဘာမှကို မမှတ်မိတာလား"

"ဟုတ် ဟုတ်ပါတယ်၊ အန်တီသိမ့်ဆိုတာ ကျွန်မကို ကားနဲ့တိုက်မိပြီး ကယ်တင်ခဲ့တဲ့ ပညာတွေ သင်ပေးခဲ့တဲ့ မွေးစားအမေ ကျေးဇူးရှင်ကြီးပါ၊ ကျွန်မကို ဆရာဝန်တစ်ယောက်ဖြစ်အောင် ပြုစုပျိုးထောင်ပေးခဲ့တယ်၊ သူတို့ အခင်းဖြစ်တဲ့နေရာမှာ စုံစမ်းပေးခဲ့တော့ အစ်ကိုတစ်ယောက်ရှိတယ်ဆိုတာတော့သိတယ်၊ ဒါပေမဲ့ အဲဒီအစ်ကိုက မရှိတော့ဘူး၊ ဘယ်ရောက်သွားမှန်း မသိတော့ဘူး အဲဒါနဲ့ပဲ"

"မီးမီးလေး ဟုတ် ဟုတ်တယ်၊ ကိုကို အိမ်လာစာမပေးနိုင်တာနဲ့ အိမ်ရှင်က နှင်ချတယ်၊ ညီမလေး ပျောက်သွားတော့ ကိုကို မအိပ်နိုင် မစားနိုင်နဲ့ ပိုက်ဆံမတောင်းနိုင်တော့ဘူးလေ၊ အဲဒါနဲ့ ကိုကိုလည်း ဘုန်းကြီးကျောင်းတစ်ကျောင်းကို သွားခိုကပ်မိတယ်၊ ဘုန်းကြီးကျောင်းရဲ့ ဝေယျာဝစ္စတွေလုပ်ပေးပြီး ဆွမ်းကျန်ကွမ်းကျန်တွေ စားတယ်၊ အလုပ်လုပ်တော့ ဘုန်းကြီးတွေကလည်းချစ်ကြပါတယ်၊ မိဘ မရှိဘူးဆိုတာ



သိတော့ သနားလည်းသနားကြတယ်"

"တော် တော်သေးတာပေါ့"

"အဲဒီမှာ လုပ်ငန်းရှင် နိုင်ငံခြားသားက ကိုကို့ကို တွေ့သွားတာ"

"ဟင် နိုင်ငံခြားသားက ဘယ်လိုဖြစ်ပြီး"

"ဗုဒ္ဓဘာသာ ကိုးကွယ်တာလေ၊ အဲဒီကျောင်းက ဘုန်းကြီးကိုလည်း ကိုးကွယ်တယ်၊ လွယ်လွယ်ပြောရရင် မိဘမရှိတဲ့ကလေးဆိုပြီး ဘုန်းကြီးက အဲဒီလူကို မွေးစားဖို့ ပို့ပေးလိုက်တာ၊ အဲဒီလူကလည်း သဘောကျပြီး အမွေစားအမွေခံ လက်မှတ်တွေထိုးပြီး ခေါ်သွားတာ၊ အဲဒါကြောင့် ကိုကို့ဘဝက အခုလို"

"ဪ"

အခုမှ နားလည်ကာ အစ်ကိုတစ်ယောက်အဖြစ် လက်ခံမိပြီး ဝမ်းနည်းဝမ်းသာစိတ်များဖြင့် မျက်ရည်တွေကျလာမိသည်။

"ကို ကိုကြီးဖိုးကော်တဲ့လား"

"ညီမလေးရယ် မီးမီးလေးရယ် ဒီအမာရွတ်လေးနဲ့ ဒီအမှတ်ရာလေးသာ မတွေ့ရင် ကိုကို ဘယ်လိုမှ မှတ်မိမှာမဟုတ်ဘူး၊ တစ်သက်လုံးရှာတွေ့မှာ မဟုတ်ဘူး"

မောင်နှမနှစ်ယောက် တင်းတင်းကျပ်ကျပ် ဖက်ကာ ငိုမိကြသည်။ ခဏနေမှ ဘုန်းလက်ျာက ရွှေကညာကို ဖက်ထားရာမှ ခွာကာ ရွှေကညာမျက်နှာလေးကို ကြည့်လိုက်ပြီး

"ဒေါ်မိမိတင် သူ့သားကို လက်ထပ်ထားတဲ့ချွေးမကို ဘာလို့ အိမ်အကူလို့ပြောပြီး နှိမ့်ချဆက်ဆံတာလဲ မီးမီးလေး"

"ကျွန်မက သူတောင်းစားတစ်ယောက် ဖြစ်ခဲ့လို့တဲ့"

"ဟင်"

"အနိတိသိမ့်တို့မိသားစုထဲမှာတော့ ကျွန်မက ဘာဖြစ်ခဲ့တယ် ဘယ်လိုလူမျိုးဆိုတာ သိကြတယ်လေ၊ အနိတိသိမ့်တူမ မိုးယသော်က ကျွန်မတို့လက်ထပ်ပြီးမှ နိုင်ငံခြားက ပြန်ရောက်လာပြီး ကျွန်မက သူတောင်းစားတစ်ယောက်ပါဆိုတာ ပြောလိုက်တာ၊ အဲဒါကြောင့် ဒေါ်မိမိတင်က ဒီလိုမျိုး ဆက်ဆံတော့တာပဲ"

"ညီမလေးရယ် တောက် ဒီမိန်းမကြီးကွာ၊ ပညာပြန်ပေးရမယ်၊ ဒီအတိုင်းထားလို့မဖြစ်ဘူး"

"ကို ကိုကြီးဖိုးကော် ဘာလုပ်မလို့လဲဟင်၊ ရတုစံကတော့ ကျွန်မအပေါ် အရမ်းကောင်းပါတယ်၊ သူ့အမေ အိမ်ပေါ်ကနေ ဆင်းရအောင်လို့တောင် ခေါ်ပါတယ်၊ ဒါပေမဲ့ ကျွန်မက ကျွန်မကြောင့် အနိတိသိမ့်စိတ်ဆင်းရဲရမှာစိုးတယ်၊ သူတို့သားအမိချင်းလည်း ပဋိပက္ခတွေ မဖြစ်စေချင်ဘူး၊ ကျွန်မတို့မှာ မိဘဆိုတာလည်း မရှိဘူးမဟုတ်လား။ ဒီလိုမျိုး သည်းခံလိုက်မယ်ဆိုရင် တစ်နေ့နေ့ တစ်ချိန်ချိန်ကျ အဆင်ပြေသွားနိုင်တာပဲလေ၊ အဲဒါကြောင့်ပါ"

"ဒီလိုဖြစ်ရတာ မိုးယသော်ကြောင့်တဲ့လား"

ဘုန်းလက်ျာ ရင်ထဲ အငြိုးအတေးတို့ စုဝေးသွားသည်။ ညီမလေးကို ဒီလို နှိမ်ချအနိုင်ကျင့်သည့်သူတွေကို ခွင့်လွှတ်လို့မရတော့ပါ။

"ကိုကို ကိုကြီးဖိုးကော်"





"ညီမလေး ကိုကိုပြောမယ်၊ ကိုကိုတို့က မောင်နှမဆိုတာ ဘယ်သူ့ကိုမှ အသိမပေးနဲ့ဦး"

"ဟင် ဘာဖြစ်လို့လဲ"

"ကိုကိုပြောတာ နားထောင်ပါ၊ လူတွေရဲ့စိတ်ကို ကိုကိုတို့သိအောင်လုပ်ရမယ်၊ ဒီမိန်းမကြီးမှာ ဘယ်လိုရည်ရွယ်ချက်တွေရှိတယ်ဆိုတာ မသိနိုင်ဘူး။ ကိုကိုပြောတာ သဘောပေါက်လား"

"ရတုစံကို ထိခိုက်အောင်တော့"

"ညီမလေးချစ်တဲ့သူကို ဘာလို့ ထိခိုက်အောင်လုပ်မှာလဲ၊ ညီမလေးကတော့ ရတုစံကိုပါ အသိမပေးဘဲ အလိုက်အထိုက်နေပါ၊ ကိုကို အစီအစဉ်တွေချပေးမယ် ညီမလေး။ ညီမလေးကို အနိုင်ကျင့် နှိပ်စက်တဲ့ သူတွေ ထိုက်သင့်တဲ့အပြစ်ဒဏ် ပြန်ပေးမယ်"

"ကိုကြီး ဖိုးကော်"

သူမ နှိပ်စက်အနိုင်ကျင့်ခံရတာလက်တွေ့ မြင်တွေ့ခဲ့သော ကိုကို့ဆန္ဒတွေ သူမလည်း ငြင်းမနေချင်တော့။ ကိုကို့ကို ဒီလိုဘဝမျိုးနှင့် မြင်ရတာပဲ စိတ်ချမ်းသာလှပါပြီ။

သူမတို့မောင်နှမ နှစ်ယောက်လုံး တိုက်ဆိုင်စွာပင် ကံကြမ္မာတွေ ကောင်းခဲ့ကြသည်လို့ ပြောရမလား။ သူတောင်းစားဘဝကနေ ဒီလိုအခြေအနေအဆင့်အတန်းမျိုးကို ရောက်တာ တော်ရုံကုသိုလ်ကံကြောင့်မဟုတ်ပါ။

အမိအဘတွေ ဒီလိုဘဝကိုမြင်ခွင့်မရတာဘဲ ဝမ်းနည်းမိသည်။

သူမတို့မောင်နှမ တောင်းစားခဲ့ရသည့်ဘဝမှာ နေခဲ့ရဖူးတာအမှန်ပါပဲလား။ ရတုရေ ခွင့်လွှတ်ပါတော့။ အတိတ်ကို တကယ်မမှတ်မိခဲ့လို့ပါကွယ်။

■ ■ ■

## အခန်း (၃၅)

"ဒီပိတ်စတွေက ဟိုကောင် ပေးခဲ့တာဆို"

"ဟင်"

ခုတင်ပေါ်က အထုပ်ကို အခုမှမြင်ပြီး ဒီလိုပြောလိုက်တာဟာ ဘယ်သူပြောလို့ သိသွားတာများလဲ။ တကယ်ဆို ဒါက ဘာလဲလို့အရင်မေးရမှာ။

"ဘာဖြစ်လို့လဲ ရတု၊ အဲဒါ ရတုအမေညွှန်သည်ပေးသွားတာမှန်ပါတယ်၊ သူတို့စက်ရုံက အသစ်ထွက်တဲ့ ပိတ်စဒီဇိုင်းတဲ့"

"မင်း ဘာလို့ လက်ခံယူထားလိုက်တာလဲ"

"ဟင် အဲဒါ အန်တီယူထားတာပါ၊ ကညာလက်နဲ့လက်ခံလိုက်တာ မဟုတ်ဘူး။ အန်တီနဲ့နှစ်ယောက်စာပေးတာ"

"မင်းအတွက်ပါ ထည့်ပေးတယ်ဆိုတာက ဘာသဘောလဲ"

"ရတု"

"ကညာ ဘာလို့ ကိုယ်မသိတဲ့လူကို ရောနှောပတ်သက်ရတာ

လဲ''

ရတု ဘာသဘောနှင့် ဒီလိုတွေပြောနေတာလဲ သူမ နားမလည်နိုင်။ သုန်မှုန်နေသော မျက်နှာက အလိုမကျမှုတွေအပြည့်ပင်။

''ကညာကို ဘယ်လိုတွေ ထင်မြင်ယူဆပြီး ဒီလိုတွေ ပြောနေတာလဲ ရတုရယ်၊ ရတု ဘာဖြစ်နေတာလဲ''

''ဒီလူနဲ့ပတ်သက်တာ ကျွန်တော် မကြိုက်ဘူး ကညာ''

''ဟင် ကညာက ပတ်သက်တယ်၊ ဘယ်သူပြောလဲ အန့်တီလား''

ဒေါ်မိမိတင်ပဲ သိသည့်ကိစ္စမို့ သူမ တဲ့တိုးပဲမေးလိုက်သည်။ သူ့ဘာသာ ညှိခံနိုင်းပြီး သားကိုအတိုအထောင်လုပ်တာ ဘာသဘောလဲ ဆိုတာ သူမ သဘောပေါက်မိသလောက် ရှိသွားခဲ့သည်။ ဒီလိုတော့ မယုတ်မာသင့်ဘူးမဟုတ်လား။ ရတု ငြိမ်နေသည့်အခါမှာ ပို၍ သေချာသွားသည်မို့

''ရတု အမေပြောတဲ့စကားတွေနဲ့ ကညာကို အဲလိုတော့ မဆက်ဆံသင့်ဘူး။ ဒီလူက အန့်တီ့ညှိသည်ပါ၊ အန့်တီက ညှိခံနိုင်းတာပါ၊ စကားဆယ်လုံး ပြည့်အောင်တောင် မပြောဖူးပါဘူး''

''တစ်ခါ နှစ်ခါ တွေ့ရုံနဲ့ ကညာတို့အရမ်းရင်းနှီးသွားတယ်ဆို၊ ဒီလူက ဒါကြောင့် လက်ဆောင်တွေပါ ပေးလာတာမဟုတ်လား''

''ဒီလိုလူဌေးတစ်ယောက်က အိမ်အကူမိန်းကလေးကို ရင်းနှီးချင်ပုံမလား''

''ဟင် ဘာပြောလိုက်တယ် ကညာ''

''ရတုအမေက ကညာကို အိမ်မှာနိုင်းထားတဲ့ အိမ်အကူမိန်း



ကလေးလို့ ပြောထားတာပါ''

''ဘာ''

''ဒီလူက ကညာကို အိမ်အကူတစ်ယောက်လို့ပဲ သိတာပါ၊ သူဌေးတစ်ယောက်က အိမ်အကူမိန်းကလေးကို စိတ်ဝင်စားမယ်လို့ မထင်ပါဘူး၊ ရတုအမေ အရမ်းနှိမ့်ချ နှိပ်စက်ပြီး ခိုင်းနေတာမြင်လို့ သနားချင်ရင်တော့ သနားသွားနိုင်တာပေါ့''

''ကညာ''

မပြောဘူး ရည်ရွယ်ထားပေမယ့် ကိုယ်ကျင့်တရားပျက်ပြားသလို သားကို တို့ထောင်ပေးလိုက်တာကိုတော့ သည်းမခံနိုင်ပေ။ ရတုစံ တစ်ချက်ငိုင်တွေသွားလျက်

''မေမေက ဘာလို့ အဲလိုပြောရတာလဲ''

''အဲဒါတော့ ရတုအမေကို ရတုဘာသာ မေးကြည့်ပေတော့၊ သူ့အသိုက်အဝန်းကြားမှာ ကညာကို ချွေးမတစ်ယောက်ပါလို့ မသိစေချင်လို့ ဖြစ်မှာပေါ့''

''ကျွတ် မေမေကွာ''

''ကညာ ကျန်တာတွေ သည်းခံနိုင်ပါတယ်၊ ဒီလိုမျိုး ကိုယ်ကျင့်တရားကို ထိခိုက်အောင် စွပ်စွဲပုတ်ခတ်တာမျိုးတော့ မဖြစ်စေချင်ဘူး။ ရတုနဲ့ကညာကို ကွဲကွာအောင် သွေးထိုးတာလို့ပဲထင်တယ်၊ ဒါကို ရတု နားမလည်ရင်တော့''

''ကျွန်တော် နားမလည်တာမဟုတ်ပါဘူး၊ ကညာကိုချစ်လို့ သဝန်တိုရုံပါပဲ၊ ကညာကို မယုံလို့လည်း မဟုတ်ပါဘူး။ ဒါပေမဲ့ ကညာကို ဘယ်ယောကျ်ားနဲ့မှ မပတ်သက်စေ မရင်းနှီးစေချင်လို့ပါ၊ ကညာကို

ကျွန်တော် သိပ်ချစ်လို့ပါ ကညာ''

''ချစ်တယ်ဆိုရင် ကညာကို ယုံကြည်ရမယ်လေ၊ ရတုအမေ ကညာတို့ကို ဘာဖြစ်စေချင်နေတယ်ဆိုတာ ရတု သိတယ်မဟုတ်လား''

ရတုစံ မျက်နှာလေး ညှိုးငယ်သွားလျက် သက်ပြင်းတွေချပြီး ရွှေကညာ လက်ကလေးကို ဆုပ်ကိုင်သည်။

''ကညာ ကျွန်တော်တို့ ဘယ်တော့မှ ဘယ်သူ့ကြောင့်မှ မကွဲကွာစေရဘူး။ ကညာကို အိမ်အကူတစ်ယောက်လို ဆက်ဆံတဲ့ကိစ္စ မေမေနဲ့ ရှင်းမယ်၊ ကညာကို နှိမ့်ချဆက်ဆံတာ သည်းမခံနိုင်ဘူး၊ မအေက မအေဆိုပေမယ့် ဒီကိစ္စ မေမေနဲ့ အပြတ်ရှင်းမှဖြစ်မှာ''

''ရတု ဒီလိုတွေလုပ်စရာမလိုပါဘူး။ တစ်နေ့နေ့ကျရင် ရတုအမေ နားလည်သွားလိမ့်မယ်၊ လူငယ်တွေက သည်းခံပေးရမှာပေါ့''

''မေမေ့မှာ ကညာက သူတောင်းစားတစ်ယောက်ဖြစ်ခဲ့ဖူးတယ်ဆိုတဲ့ အစွဲကြီးရှိနေတဲ့အတွက် မေမေ ဘယ်တော့မှ နားလည်တော့မှာ မဟုတ်ဘူး ကညာ၊ ကျွန်တော်တို့ မေမေ့ကိုရင်မဆိုင်လို့ မဖြစ်တော့ဘူး''

''ရတုမှာ ဒီအမေတစ်ယောက်တည်းရှိတော့တာ၊ တစ်သက်စာ စွန့်ခွာနိုင်လို့လား။ အဆင်မပြေမှုတွေဖြစ်နေတဲ့ ဒီအမေကို စိတ်ဆင်းရဲမှုတွေပေးပြီး ထားခဲ့ရက်နိုင်သလား''

''ကညာ''

''မွေးအမေပါ ကျွေးမွေးပြုစုစောင့်ရှောက်ပြီး ပညာတွေသင်ပေးလာတဲ့ ကျေးဇူးတရားတွေလည်း ရှိတယ်၊ ကညာအတွက်နဲ့ မိဘကို ဒီလိုလုပ်မှာ ကညာ မကြိုက်ဘူး ရတု၊ မိဘကို ပြစ်မှားလို့ ရတု ငရဲကြီးတာ နောင်တရတာမျိုးလည်း မဖြစ်စေချင်ဘူး။ ကညာတို့လည်း





တစ်ချိန်ကျရင် မိဘနေရာကို ရောက်လာကြမှာလေ''

''ဟင် က ကညာမှာ ကိုယ်ဝန်ရှိနေပြီလား''

''အာ မရှိသေးပါဘူး။ ဘာတွေ လာမေးနေတာလဲ''

သူမ ဗိုက်လေးကိုလာပွတ်ပြီး ရတုစံ မေးတာကြောင့် သူမ ရှက်ရွံ့စွာမျက်နှာလေး နီရဲသွားသည်။ ရတုစံက သူမကို ပွေ့ဖက်လာရင်းနှင့်

''ကညာကို ကျွန်တော် အရမ်းတန်ဖိုးထားရပါတယ် ကညာ၊ မိဘနေရာတောင် မရောက်သေးတဲ့ ကျွန်တော့်အမေကို မိဘနေရာက ကိုယ်ချင်းစာပြီး တန်ဖိုးထားပေးတယ်၊ တကယ်လို့ တစ်ခုပဲ ရွေးချယ်ရမယ်ဆိုရင်တောင် ကျွန်တော် ကညာကိုပဲ ရွေးချယ်မိမလားမသိဘူး၊ ကညာအပေါ်လုပ်တဲ့ မေမေ့ရဲ့မတရားမှုတွေကို သိနေရလို့လေ၊ ကျွန်တော် ကညာ့ကို အရမ်းအားနာပါတယ် ကညာရယ်''

''ရတုဆီက ဒီလိုစကားတွေကြားရတာ ကညာ အရမ်းအားရှိပါတယ်၊ အရာအားလုံးကို ပိုင်ဆိုင်ရသလိုမျိုးကို ကညာ အားရှိနေတယ်၊ အရင်က သိမ်ငယ်မှုတွေ ဝမ်းနည်းမှုတွေ လုံးဝမရှိတော့ဘူး။ အဲဒါ ဘာကြောင့်လဲဆိုရင်''

ကိုကို့ကြောင့်ပါလို့ အခုချိန်မှာ ရတုကို အသိမပေးချင်သေး။ ကိုကိုက မပြောနိုင်းသေးလို့ပါ။ ကိုကို့မှာ ဘာအစီအစဉ်တွေရှိနေသည်ဆိုတာ မသိရသေးပေမယ့် ညီမလေး ဒီလိုတဝမျိုးနဲ့ မျက်နှာငယ်ငယ်မနေရဘူးဆိုတာကြောင့် သူမ အလိုလို အားတွေရှိနေခဲ့ခြင်း ဖြစ်သည်။

ကိုကို့ကို ဒီလိုအခြေအနေ အဆင့်အတန်းမျိုးနှင့် မြင်တွေ့ရတာ သူမ အံ့ဩဝမ်းသာလို့မဆုံးပေ။ ဒီအကြောင်းတွေ အန်တီသိမ့်ကို ပြောပြ

ချင်ပေမယ့် အန်တီသိမ့်က မော်တီဘက်မှာ တရားစခန်းဝင်နေခဲ့သည်။ အခုစက်ရုံမှာ မိုးယသော် တာဝန်ယူနေသည်တဲ့။

မိုးယသော်ကို ငါ့အစ်ကိုက ဒီလိုပါလို့ ကြွားဝါချင်စိတ်တွေ မရှိပါ။ တောင်းစားရသည့်အတိတ်ဆိုးရဲ့အမည်းစက် အစွန်းအထင်းက အလွယ်တကူ ပျောက်သွားမှာတဲ့လား။

ဒီကိစ္စအတွက် ရတုကို အားနာနေရဆဲပါ။ ဒါကြောင့်လည်း ရတုအမေကို သည်းခံသင့်သည်လို့ တွေးနေမိဆဲပါ။ ဒီကိစ္စအပေါ် နားလည်ပေးနိုင်သည့် ရတုကို ချစ်နေရဆဲပါ။

ဒီအချစ်တွေ ဘယ်တော့မှ သေဆုံးမှာ မဟုတ်ပါဘူး ရတု ရယ်။

■ ■ ■

## အခန်း (၃၆)

"သူက မိုးယသော်တဲ့ မောင်ဘုန်းလက်ျာ၊ လူကြီးချင်း အရမ်းကို ရင်းနှီးတဲ့ မိတ်ဆွေရဲ့တူမပါ၊ သူ့အဒေါ် ဒေါ်သိမ့်သိမ့်မြင့်က တရားစခန်းဝင်နေလို့ စက်ရုံကို သူ တာဝန်ယူနေတာလေ"

"ဩော်"

"မိုးလည်း မှတ်ထားပါဦး၊ ဒါ အန်တီ့ကို ကူညီပေးမယ့် မောင်ဘုန်းလက်ျာတဲ့၊ ဒီမြန်မာနိုင်ငံက လုပ်ငန်းတော်တော်များများမှာ ရှယ်ယာတွေဝင်ထားတာ မနည်းဘူး၊ လုပ်ငန်းကျွမ်းကျင်မှုကြောင့် လုပ်သမျှ အောင်မြင်နေတဲ့သူပဲ"

"ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ် မိုးယသော်ပါ"

"ဘုန်းလက်ျာပါ အခုလို သိကျွမ်းခွင့်ရတာ အရမ်းကိုဝမ်းသာပါတယ်"

ကမ်းပေးလာသော မိုးယသော်လက်ကို ဘုန်းလက်ျာ ခပ်ကြာကြာလေး ဖိညှစ်ဆုပ်ကိုင်ထားလိုက်သည်။ မိုးယသော် အပြုံးများက

ရဲတင်းပွင့်လင်းလို့နေ၏။ မိုးယသော်နှင့်က တိုက်ဆိုင်မှုကြောင့် ဆုံဖြစ်တာတော့ မဟုတ်ပေ။

ဒေါ်မိမိတင် စက်ရုံကိုလာရင်းနှင့် အနီးဝန်းကျင်က စက်ရုံတွေမှာ အသိအကျွမ်းရှိရင် လေ့လာချင်တယ်ဆိုပြီး ကိုယ်တောင်းဆိုခဲ့လို့ ဒေါ်မိမိတင်က မိုးယသော်တို့စက်ရုံကို ခေါ်လာခဲ့ခြင်းပင်။ ကိုယ်က နိုင်ငံခြားမှာ အထည်လိပ်လုပ်ငန်းတွေလုပ်သလို သားရေလုပ်ငန်းကလည်း ကြီးကျယ်သည်မဟုတ်လား။ ဒေါ်မိမိတင်က အပြုံးလေးဖြင့်

"နိုင်ငံခြားမှာရှိတဲ့ မောင်ဘုန်းလက်ျာတို့လုပ်ငန်းတွေကလည်း အရမ်းကြီးကျယ်အောင်မြင်တာ မိုးရဲ့၊ မိုးတို့လိုချင်တဲ့ပစ္စည်းတွေ ရနိုင်တာပေါ့။ အိတ်စ်ပို့အင်ပို့ပါပဲ၊ ဒီဘက်ကပစ္စည်းတွေကိုလည်း ဟိုဘက်မှာလည်း ပြန်ပြီးဖြန့်ဖြူးပေးနိုင်တယ်လေ"

"ဒါဆိုရင်တော့ အားကိုးပါတယ် ကိုဘုန်းလက်ျာ၊ မိုးတို့လက်တွဲပြီး လုပ်ငန်းလုပ်ဖြစ်မယ် ထင်ပါတယ်"

"ကျွန်တော်ကလည်း ဝမ်းသာအားရ ကြိုဆိုပါတယ်ဗျာ၊ ဒီဘက်က ဖိနပ်ဒီဇိုင်းဆန်းဆန်းလေးတွေ ထုတ်ပေးနိုင်မယ်ဆိုရင် ကျွန်တော် များများဖြန့်ပေးနိုင်တဲ့အင်အား ရှိပါတယ်၊ ဆယ်နိုင်ငံလောက်တာဝန်ယူနိုင်တယ် ၊ ခက်ခက်ခဲခဲ ဝင်တိုးစရာမလိုပါဘူး"

"တကယ်လား၊ ဒါဆိုရင်တော့ ကိုဘုန်းလက်ျာကို ယုံယုံကြည်ကြည် ပုံအပ်လိုက်တော့မယ်နော်"

မိုးယသော်က အရမ်းကိုလွယ်သည့် မိန်းကလေးဆိုတာ ဘုန်းလက်ျာ သဘောပေါက်လိုက်သည်။ ဒီမိန်းကလေးက ညီမလေးကို ဒုက္ခရောက်အောင်လုပ်သည်ဆိုတာ ဘုန်းလက်ျာလုံးဝခွင့်မလွှတ်နိုင်။ ဒါကြောင့်





မှ ထိုနေ့ကိစ္စပြီးသည့်အချိန်မှာ မိုးယသော်နှင့်နောက်ထပ် ဆုံဖို့ ဖုန်းဆက်ချိန်းလိုက်သည်။

နာမည်ကြီး ကြယ်ငါးပွင့်ဟိုတယ်ကြီးမှာ ညှိခံမည်ဆို၍ မိုးယသော် အချိန်အတိအကျပင် ရောက်လာခဲ့သည်။

"မိုး"

"ကိုဘုန်းလက်ျာ"

မိုးလို့ ရင်းနှီးစွာပင် ခေါ်လိုက်သည်။ မိုးယသော် မျက်နှာအပြုံးပန်းတွေ ဝေလျက် လက်လေးပြကာ လျှောက်လာသည်။

"ကျွန်တော်က မိုး လာမှလာပါ့မလားလို့ စိတ်ပူနေတာ"

"ဩော် လုပ်ငန်းရှင်သူဌေးကြီးက ညှိခံကျွေးမွေးဖို့ ဖိတ်တာမလာရဲဘဲနေပါ့မလား။ ကိုယ့်ကို တကူးတက ဖိတ်ကြားခြင်းခံရလို့ ဂုဏ်ယူနေမိတာပါ၊ သိုင်းကျူး ကိုဘုန်းလက်ျာ"

မိုးယသော် လက်ကမ်းပေးလာသည့်အတွက် ဘုန်းလက်ျာက အဓိပ္ပာယ်ပါပါ ပြုံးလိုက်ရင်း မိုးယသော်လက်ကိုမလွှတ်ဘဲ စားပွဲဝိုင်းဆီခေါ်လာခဲ့သည်။

"ထိုင်ပါ မိုး။ မိန့်းကြည့်ပြီး ကြိုက်တာမှာပါ၊ ကျွန်တော်က မိုးကိုအရမ်းကို ညှိခံချင်နေတာ"

"ဘာဖြစ်လို့"

"ကျွန်တော့်ချစ်သူနဲ့တူလို့"

"ရှင်"

"ကျွန်တော့်ချစ်သူက အရမ်းလှတယ်၊ အရမ်းလည်းကလေးဆန်တယ် ချစ်ဖို့လည်း ကောင်းတယ်"

"ဩော် သူက ဟိုမှာကျန်နေခဲ့တာလား"

"ဟင့်အင်း ဆုံးသွားပါပြီ၊ လူ့လောကကြီးမှာ မရှိတော့ပါဘူး"

"ဟင် တကယ်"

"ကံကြမ္မာကြီးက အရမ်းထူးဆန်းတယ်ဗျာ၊ သူ့အတွက် ကျွန်တော် အရမ်းကြေကွဲခံစားခဲ့ရပါတယ်၊ အက်ဆီးဒင့်တစ်ခုကြောင့် သူ ဆုံးသွားတော့ ကျွန်တော် မဖြေနိုင်ခဲ့ဘူး။ အခုစိတ်တွေ တည်ငြိမ်တော့ မယ့်အချိန်မှာ မြန်မာပြည်ကို ကျွန်တော် ရောက်လာတယ်၊ အခု ကျွန်တော့်စိတ်တွေ အသစ်ဖြစ်ပြီး ပြန်လှုပ်ရှားရပြန်ပြီ၊ ကျွန်တော့်ချစ်သူနဲ့ တူတဲ့ မိုးကိုတွေ့လိုက်ရလို့လေ"

မိုးယသော် မျက်နှံလေးတွေ ပင့်တက်ပြူးဝိုင်းသွားသည်။ ကိုယ့်ဘာကိုဆိုလိုချင်တယ်ဆိုတာ သဘောပေါက်မှာပဲပေါ့။ မိုးယသော်က အတွေ့အကြုံမရှိ တုံးအသည့် မိန်းကလေးမှ မဖြစ်နိုင်တာ။

ဘုန်းလက်ျာ မင်သေသေနှင့်

"မိုးနဲ့သာတွေ့ရမယ်ဆိုရင် မြန်မာပြည်ကို ကျွန်တော် အရင်တည်းက ပြန်လာဖြစ်မယ်ထင်တယ်"

"ဘာဖြစ်လို့လဲ"

နှုတ်ခမ်းတွန့်ကာ ပြုံးပြီး မျက်လုံးများက ညှို့ရီလျက် မိုးယသော် မေးသည်။ ထိုမျက်လုံးတွေကို ဘုန်းလက်ျာ စူးနစ်ကာ မလွှဲတမ်း ပြန်စိုက်ကြည့်လိုက်ပြီး

"မိုးနဲ့သာ စောစောတွေ့လိုက်ရရင် ကျွန်တော် အသည်း ကြာကြာမကွဲရတော့ဘူးပေါ့ မဟုတ်လား မိုး"

"ရှင့်အသည်းကွဲဝေဒနာကို ဘယ်သူက ကုပေးမယ်ပြောလို့လဲ"



"အခုတောင် အကြောင်းရေစက်ဖူးစာကံတွေ ဆုံနေပြီမဟုတ်လား မိုးရယ်"

မိုးယသော် ပြုံးသည်။ မိန်းကလေးတို့ဣန္ဒြေဖြင့် ရှက်ရွံ့စွာ ပြုံးလိုက်တာမျိုးတော့ မဟုတ်ပေ။ သူ့လိုလူတစ်ယောက်က ဒီလိုပြောသည့်အတွက် သူမကိုယ်သူမ အထင်ကြီးဂုဏ်ယူလိုက်ပုံရသည်။ လက်မလွှတ်ချင်သည့်လောဘများကိုလည်း သူမဆီမှာ တွေ့လိုက်ရ၏။

ဘုန်းလက်ျာ တခြားဘက်လှည့်၍ အံကြိတ်ကာ ပြုံးလိုက်သည်။

"ငါလည်း သူတောင်းစားတစ်ယောက်ပဲ မိုးယသော်။

■ ■ ■

## အခန်း (၃၇)

"ဟင် ကိုကိုနဲ့မိုးယံသော် ချစ်သူတွေဖြစ်သွားပြီ ဘယ် ဘယ်လို ဖြစ်ပြီး"

ကားပေါ်ကဆင်းပြီး ဘုန်းလက်ျာ ပြောတော့ ရွှေကညာ ဆွဲလာသည့် ဈေးခြင်းနှင့် အိတ်ကို ခဏချကာ အံ့သြတကြီး မေးမိခြင်းဖြစ်သည်။ ဘုန်းလက်ျာက ရွှေကညာ ခေါင်းလေးကို အပြုံးလွှင့်လွှင့်နှင့် ခပ်ဖွဖွလေးပုတ်ပြီး

"သူ အထင်ကြီးမက်မောပြီး အာသာငမ်းငမ်း လက်ခံမိတဲ့သူက သူတောင်းစားတစ်ယောက်ဆိုတာ သူ့ကိုတစ်နေ့အသိပေးမှာပါ"

"ကိုကို"

"မီးမီးလေးအတွက် ကိုကို ဘာမှလုပ်မပေးရသေးဘူး မီးမီးလေးအပေါ်ရက်စက်တဲ့သူတွေကို ဒီလောက်တော့ တုံ့ပြန်ခွင့်ပေးပါကွာ၊ အဲဒါတွေပြီးရင် မီးမီးလေးက သူတို့တွေအားလုံးရဲ့အပေါ်မှာ ရှိနေရမယ်၊



သူတို့တွေ မော့ကြည့်နေရတဲ့သူ ဖြစ်ရမယ်"

"ဟို ရ ရတု ထိနိုက်မှာများဆိုရင် ကျွန်မ မလုပ်ချင်ဘူး ကိုကို"

"ကိုယ့်ကို မတူမတန် နှိပ်စက်နေတဲ့လူရဲ့သားကို အဲလောက်တောင် ချစ်နေလား ညီမလေးရယ်"

"သူက ကျွန်မကို နားလည်ပေးတဲ့သူပါ၊ သူ့အမေ ဒီလိုလုပ်နေတာတွေကိုလည်း မကြိုက်ပါဘူး။ သူ့အမေဆီကနေ ကျွန်မကိုခေါ်ပြီး အဝေးဆုံးထိ ထွက်သွားဖို့ ခဏခဏ ပြောနေတဲ့သူပါ၊ အဲဒါ ကျွန်မကို သူ့အမေထက်တောင် ပိုချစ်တာပဲ မဟုတ်လား"

"ဩော် ဒီလိုလား"

ရတုစံ အချစ်ကိုတော့ ဘုန်းလက်ျာ အသိအမှတ်ပြုပေးရမည်ထင်သည်။ ယောက်ျားအပေါ် ချစ်တတ်လွန်းသော ညီမလေးရဲ့လက်ကိုလည်း ချစ်စနိုးနှင့် ဖျစ်ညှစ်မိလိုက်၏။

"ကဲ ညီမလေး ကိုကို အဲဒီအိမ်ကိုသွားမှာ၊ ပစ္စည်းတွေ ကားပေါ်တင် တစ်ခါတည်းလိုက်ခဲ့"

"ဟင် ဟင့်အင်း အန်တီ တစ်မျိုးထင်သွားလိမ့်မယ်၊ မလိုက်တော့ဘူး ကိုကို၊ ကိုကိုဘာသာ သွားပါ"

"လာပါ မီးမီးရယ်၊ ပေး ခြင်းတွေ အိတ်တွေ"

"ရ ရတယ် ကိုကို"

"အဲဒါ ဘာဖြစ်နေကြတာလဲ"

"ဟင် ရတု"

"ဩော်"

အနားမှာကားထိုးရပ်ပြီး ကားပေါ်ကဆင်းကာ အော်လိုက်တာကြောင့် ရွှေကညာ တုန်တက်သွားရသည်။ ဘုန်းလက်ျာက ရတုစံမှန်းသိသွားပြီး ခပ်တည်တည်နှင့်ပင်

"လမ်းမှာလေ မနိုင်မနင်း ဆွဲနေတာ အမြင်မတော်လို့ အဲဒီအိမ်ကိုသွားမှာမို့ ကားရပ်ပြီး ခေါ်နေတာ မလိုက်ဘူး ငြင်းနေတယ်"

"အဲဒါ ကညာကိစ္စပါ၊ ခင်ဗျားနဲ့ ဘာမှမဆိုင်ဘူး၊ ခင်ဗျား ဒီလိုမျိုး လမ်းလယ်ခေါင်မှာ လုပ်နေတာ ပတ်ဝန်းကျင်မှာ အမြင်မတော်ဘူး။ ကညာ မင်းရော အမြင်တော်နေတယ်လို့ ထင်နေလား"

"ရ ရတု အဲလိုမပြောပါနဲ့၊ ကညာတို့က"

"ကဲ ဘာမှလည်း မဟုတ်ဘဲနဲ့ ဖြေရှင်းစရာတွေလိုလို့လား ကညာ၊ ကညာယောကျ်ားက သဝန်တိုတတ်တယ်ထင်တယ်၊ နောက်ဆိုကိုယ် ဆင်ခြင်ပါ့မယ် ရတုစံ ရွှေကညာကို အရမ်းမပြောပါနဲ့ဗျာ၊ ရွှေကညာက မင်းကိုအရမ်းချစ်တဲ့မိန်းကလေးပါ။ သွားပြီနော် ကိုယ် မင်းတို့အိမ်ကပဲ စောင့်မယ်၊ မင်းအမေနဲ့အရေးကြီးတဲ့ကိစ္စ လာဆွေးနွေးတာ"

ဘုန်းလက်ျာက ကားပေါ်ရောက်မှ လက်လေးပြပြီး မောင်းထွက်သွားသည်။ ရတုစံက ရွှေကညာလက်ထဲက ခြင်းကို ယူဆွဲလိုက်ပြီး

"ဒီလူ ဘာသိလို့ ဘာတွေပြောသွားတာလဲ၊ ကညာနဲ့ဒီလူအရမ်းကို ရင်းနှီးနေသလိုပဲ"

"မဟုတ်ပါဘူး အိမ်ကိုသွားမှာမို့ ကားရပ်ပြီးခေါ်တာပါ"

"ဒီလူ ကညာ့ကို အရေးတယူလုပ်လွန်းနေတာ သိပ်မဟုတ်



တော့ဘူးထင်တယ်၊ ရိုးသားတဲ့လူတစ်ယောက်ဆိုရင် အိမ်ထောင်ရှိတဲ့မိန်းမတစ်ယောက်အပေါ် ဒီလောက်ထိ ဂရုစိုက်မပြသင့်ဘူး"

"တစ်မျိုးထင်ပြီး စိတ်တွေအပင်ပန်းမခံပါနဲ့ ရတုရယ်၊ ရတုရဲ့အမေအလိုဆိုရင် ရတုက ကညာယောကျ်ားလို့တောင် သိမှာမဟုတ်ပါဘူး။ သူ့ကိုကညာ အကုန်ပြောပြထားလို့ သူ သိနေပါပြီ၊ ကညာကို သူစိတ်နဲ့တောင်မပြစ်မှားပါဘူး၊ ကညာကလည်း ရတုအပေါ် စိတ်နဲ့တောင်သစ္စာမဖဲ့ဘူး၊ အဲဒါကို ယုံနော် ရတု၊ ကဲ နေပါဦး ရတုက ဆေးခန်းကနေဘာလို့ ပြန်လာတာလဲ"

"မေမေ့ကိုလာပြောတာ"

"ဘာပြောမလို့လဲ"

"ကျွန်တော်တို့ ဘွဲ့လွန်တက်ဖို့လေ၊ အန်တီသိမ့်လည်း ဘဏ်မှာ ငွေအပ်ပေးထားတာပဲ၊ ကညာကို ဒီအတိုင်းထားပြီး တက်ခွင့်မပေးရင်ကျွန်တော် ကညာကိုခေါ်ပြီး ထွက်သွားတော့မယ်ဆိုတာ လာပြောတာ၊ စက်ရုံပိတ်ရက်မဟုတ်ရင် မေမေ့ကိုတွေ့ရဖို့က လွယ်တာမဟုတ်ဘူး၊ စက်ရုံလိုက်သွားရင်လည်း မကြိုက်လို့ အိမ်ကိုပြန်လာလိုက်တာ"

"ဟင်း ရတုရယ် ရတုအမေလည်း စက်ရုံကိစ္စတွေနဲ့ စိတ်ရောလူရော ပင်ပန်းနေတာပါ၊ ရတုက ကညာနဲ့ပတ်သက်ပြီး ဖိအားမပေးပါနဲ့လား"

ရတုစံ ခေါင်းရမ်းသည်။ မေမေရဲ့ကညာအပေါ် ဆက်ဆံမှုတွေကို သူ မကြိုက်ပါ။ ကညာသာမတားဘူးဆိုလျှင် သူ မေမေ့အပေါ်ဒီထက်ပိုပြီး ပြတ်သားမိမည် ထင်သည်။

"ကညာ"

"ဟင်"

"ဇနီးမယားအတွက် အသုံးမကျတဲ့ယောကျ်ားတစ်ယောက်၊ အစွမ်းအစအရည်အချင်းမရှိတဲ့သူတစ်ယောက် မဖြစ်ချင်ဘူး။ ကညာကို ဒီလိုထားရတာ ကျွန်တော် စိတ်ချမ်းသာနေတယ် ထင်နေလား ကညာ၊ မွေးထားတဲ့မိဘမျက်နှာကိုမထောက်ချင်တာမဟုတ်ဘူး၊ ကျွန်တော့်အမေက ဒီလိုစိတ်မျိုးတွေရှိပြီး ခွဲခြားဆက်ဆံတတ်တာကို ကျွန်တော် ရှက်နေတာ"

"ရတု"

"ကညာကို သမီးချွေးမတစ်ယောက်အဖြစ် အသိအမှတ်ပြု လက်မခံဘူးနိုင်ဘူးဆိုရင် ကျွန်တော်တို့ ဒီကထွက်သွားရုံပဲ ရှိတော့တယ် ကညာ၊ အခု အန်တီသိမ့် လုပ်ပေးထားတဲ့ ဆေးခန်းကလည်း အောင်မြင်ပါတယ်၊ ကျွန်တော်တို့နှစ်ယောက် ဘဝရပ်တည်လို့ရပါတယ် ကညာ"

"ကညာ မပြည့်စုံတာကို မကြောက်ပါဘူး။ မိဘနဲ့သားသမီးကြားမှာ ကညာကြောင့် သွေးကွဲသွားတာမျိုး မဖြစ်စေချင်တာပါ၊ သွေးဆိုတာ ရေထက်ပျစ်တယ်၊ မိဘနဲ့သားသမီးက တစ်သက်လုံး ပြတ်သွားကြမှာမှမဟုတ်တာ ရတုရယ်"

"ကညာ နားလည်သလို မေမေမှ နားလည်မပေးနိုင်တာ ကညာရယ်၊ အဲလိုဖြစ်လေ ကညာကို ကျွန်တော် အားနာမိလေပဲ၊ ကျွန်တော်ဆုံးဖြတ်ထားတာတွေအတွက် ကညာ မဖြေသိမ့်ပါနဲ့တော့နော်၊ ကျွန်တော် ကညာကို ချစ်လို့ ဒီလိုဆုံးဖြတ်ထားတာပါ"

"ရတုရယ်"



ရတုအချစ်တွေအတွက် သူမရင်မှာ သိမ့်သိမ့်လှုပ်ခတ်အောင် ကြည်နူးသွားမိသည်။ ထိုအချစ်တွေကို ဒီဘဝတင်မဟုတ်ဘဲ နောင်ဘဝတွေအတွက်ပါ ပိုင်ဆိုင်ချင်လှသည်။

တစ်သက်မခွဲကြေးပေါ့ ရတုရယ်။

■ ■ ■

## အခန်း (၃၈)

"ဘာပြောတယ် မောင်ဘုန်းလက်ျာ၊ အန်တီနဲ့လက်တွဲမလုပ်တော့ဘူး။ ဘာ ဘာဖြစ်လို့လဲကွယ်"

ဒေါ်မိမိတင် သွေးပျက်တုန်လှုပ်နေသလောက် ဘုန်းလက်ျာက သွေးအေးစွာ ခပ်မိန့်မိန့်ပြုံးလျက်ရှိသည်။

"ကျွန်တော် မလုပ်ဖြစ်တော့ဘူးဆိုလို့ စိတ်ထိခိုက်မသွားပါနဲ့ အန်တီရယ်၊ ကျွန်တော်သူဌေးတစ်ယောက်နဲ့ ဆက်သွယ်ပေးထားပါတယ်"

"အဲ အဲဒီသူဌေးက လုပ်ချင်ပါ့မလားကွယ်၊ အန်တီ့စက်ရုံက အရှုံးပေါ်နေတယ်ဆိုပြီး"

"သူလုပ်ဖို့အတွက်တော့ ကျွန်တော် စည်းရုံးပြောဆိုထားပါတယ် ဒါပေမဲ့ အန်တီတို့ဘက်က လိုက်လျောရမှာတွေ များတယ်"

"ပြော ပြောပါကွယ် စက်ရုံကြီးကိုသာ ကယ်တင်နိုင်မယ်ဆိုရင် အန်တီ ဘာမဆိုလိုက်လျောနိုင်ပါတယ်"

ဘုန်းလက်ျာ ကျေနပ်စွာ ပြုံးလိုက်သည်။



"အဲဒီစက်ရုံကို သူ ရှယ်ယာဝင်လိုက်ပြီဆိုတည်းက အန်တီမှာ ဘာလုပ်ပိုင်ခွင့်မှ မရှိတော့ဘူး။ ဝန်ထမ်းတွေနဲ့ပတ်သက်တာလည်း အန်တီမှာ ဘာသြဇာအာဏာမှ မရှိတော့ဘူး။ သူ့စီမံမှုတွေကို အန်တီ နာခံရမှာ"

"ဒါ ဒါပေါ့ကွယ် သူက သူဌေးဖြစ်သွားမှတော့ သူစီမံတာကို လိုက်လျောနာခံရုံပေါ့၊ ခံ ခံစားခွင့်ကျတော့ သူ ဘာပြောလဲ"

"သူ ရင်းနှီးမြှုပ်နှံရမယ့်ငွေက မနည်းပါဘူး။ စက်ရုံအသစ်တည်ဆောက်လည်ပတ်တာကမှ တော်ဦးမယ်၊ ကျွန်တော် စုံစမ်းထားသလောက်ကတော့ အန်တီတယ်လိုမှုကို နလံမထူနိုင်တော့ဘူး။ အကြွေးတွေက စက်ရုံရောင်းဆပ်ရင်တောင် မကျေတော့ဘူး ဟုတ်တယ်နော် အန်တီ"

"ဟုတ် ဟုတ်ပါတယ်ကွယ် အဲဒါကြောင့် အန်တီက စက်ရုံသာလည်ပတ်နေမယ်ဆိုရင် အကြွေးတွေကို ထိန်းထားနိုင်မယ် ဟန့်တားထားနိုင်မယ်ဆိုပြီး ဒီလိုလုပ်ရတာပါ၊ မဟုတ်ရင် ဝန်ထမ်းစရိတ်နဲ့အရှုံးပေါ်နေတဲ့စက်ရုံက အကြွေးတွေပိနေတာ အိမ်ရော စက်ရုံရောရောင်းဆပ်ရင်တောင် ကျေမှာမဟုတ်ပါဘူး။ ဒေဝါလီခံလည်း အရှက်ရသိက္ခာကျ ထောင်လည်းကျနိုင်ပါတယ်"

"ဒါကို သားရော သိသလား"

"ပြောသင့်သလောက် ပြောထားလို့ သိသင့်သလောက်တော့ သိထားပါတယ်၊ ဒါပေမဲ့ ဒီကိစ္စကြောင့် သားကို စိတ်မဆင်းရဲစေချင်လို့ အန်တီ ကြိတ်လုပ်နေတာပါ"

"ချွေးမရှိတယ်ဆို ချွေးမဆီကရော ဘာအကူအညီ အထောက်

အပုံမှမရဘူးလား''

''ပြောရမှာ ကိုယ့်ပေါင်ကိုယ်လှန်ထောင်းပါပဲ၊ မပြောချင်တော့ပါဘူးကွယ်''

''ကျွန်တော့်ကိုမိသားစုဝင်လို သဘောထားပြီး ပြောပါ၊ ဒါမှလည်း ကျွန်တော်တတ်နိုင်တဲ့ဘက်က ကူညီလို့ရမှာပေါ့၊ ကျွန်တော်မလုပ်ဖြစ်ပေမယ့် အခု သူဌေးတစ်ယောက်နဲ့ ဆက်သွယ်ပေးဖို့ စဉ်းစားနေတာပဲလေ''

ဘုန်းလက်ျာ ဒီလိုချုပ်လိုက်၍ ဒေါ်မိမိတင် ပြုံးပြုံးပျာပျာဖြစ်သွားကာ ဘုန်းလက်ျာကို အားကိုးသောမျက်လုံးများဖြင့်ကြည့်ပြီး

''အန် အန်တီချွေးမက အခုချိန်မှာ ပညာတတ်ပြီး အမှီရှိနေတဲ့သူဆိုပေမယ် အရင်က တောင်းစားခဲ့တဲ့ သူတောင်းစားမျိုးရိုးပါ''

''ဪ ဟုတ်လား''

''ဒီလို မိန်းကလေးကို အန်တီဘယ်လိုလုပ်ပြီး ချွေးမအဖြစ်အသိအမှတ်ပြုနိုင်ပါ့မလဲ၊ အန်တီတို့မျိုးရိုးဂုဏ်သိက္ခာ၊ သားအတွက်လည်း တစ်သက်စာ အမည်းစက်စွန်းထင်းသွားမှာ''

''အဲဒီတော့ အန်တီက အန်တီချွေးမကို ဘယ်လိုလုပ်ဖို့ စဉ်းစားထားလဲ''

''အန်တီကတော့ သားနဲ့ကွာရှင်းစေချင်တယ်၊ ဟို ပြီးတော့''

''ကျွန်တော့်ကို အားမနာပါနဲ့ အန်တီ၊ ကျွန်တော်က အန်တို့ဘက်ကလူပဲ၊ လိုအပ်ရင် ကျွန်တော်က အန်တို့ကို ကူညီမှာပါ''

ဘုန်းလက်ျာ မက်လုံးပေးလိုက်၍ ဒေါ်မိမိတင် အားရှိသွားဟန်တူသည်။





''အေးပါ မောင်ဘုန်းလက်ျာရယ် အန်တီ မင်းကို အားကိုးပါတယ်၊ အန်တီမှာ အဲဒီလို အခက်အခဲပေါင်းစုံ ကြုံနေရလို့ပါ၊ အိမ်မှာအိမ်အလုပ်တွေ နိုင်းထားတဲ့ကောင်မလေးက အန်တို့ချွေးမပါ''

''ဪ''

ဘုန်းလက်ျာ အံ့ဩဟန်ဆောင်လိုက်ရသည်။ ဘုန်းလက်ျာကအကြောင်းစုံသိချင်လို့ အစ်အောက်ကာ မေးနေခြင်းပါ။ ဒေါ်မိမိတင်ကလည်း အိမ်မှာဘယ်သူမှ မရှိဘူးဆိုပြီး ပြောပြနေခြင်းပင်။

''သူတောင်းစားတစ်ယောက်ကို ချွေးမတော်ပြီး အိမ်ပေါ်တင်ထားရတဲ့ မိဘတစ်ယောက်ရဲ့ခံစားမှုကို မင်းကိုယ်ချင်းစာကြည့်စမ်းပါ၊ အန်တီ ဘယ်လိုလုပ် အသိအမှတ်ပြုနိုင်ပါ့မလဲ၊ အဲဒါကြောင့် ဒီဒဏ်တွေမခံနိုင်ဘဲ သူထွက်ပြေးအောင် အန်တီလုပ်နေတာ၊ သူသာမရှိတော့ဘူးဆိုရင် အန်တီက အန်တို့သားကို မိုးယသော်နဲ့ ပေးစားဖို့ စီစဉ်ထားတယ်''

''ဗျာ''

''မိုးယသော်က သားကို ငယ်ငယ်တည်းက ကြိုက်ခဲ့တာလေ၊ ရွှေကညာ သူတောင်းစားတစ်ယောက် ဖြစ်ခဲ့တယ်ဆိုတာ မိုးယသော်ပြောမှသိရတာ''

''အခု ရတုစံကို မိုးယသော် စိတ်ဝင်စားသေးလားဆိုတာမေးကြည့်ပါဦးလား အန်တီ''

''ဟင် ဘာဖြစ်လို့လဲ မောင်ဘုန်းလက်ျာ''

''ကျွန်တော်နဲ့ချစ်သူတွေ ဖြစ်နေကြလို့ပါ''

''ဘာ ဘယ်လိုကွဲ့ မောင်ဘုန်းလက်ျာ မင်းနဲ့မိုးက''

ဒေါ်မိမိတင် အံ့ဩတကြီးဖြင့် မယုံနိုင်အောင် ဖြစ်နေသည်။

အချိန်တွေက ဘယ်လောက်မှတောင် မကြာသေးဘူးမဟုတ်လား။ မိုးက ဘုန်းလက်ျာရဲ့ပိုင်ဆိုင်မှုတွေကို မက်ပြီး ခပ်သွက်သွက်ပင် ချည်းကပ်လိုက်တာဖြစ်သည်။

စီးပွားရေးကျနေသော မိမိရဲ့သားကိုတော့ အခွံကြီးပါလာမှာဖြစ်သလို အိမ်ထောင်သည်လည်းဖြစ်နေတာကြောင့် စိတ်မဝင်စားတော့ဘူးနေမှာပေါ့။ ဘုန်းလက်ျာက အောင်နိုင်သူ အပြုံးမျိုးဖြင့်

"မိုး အဖြေချက်ချင်း ပြန်ပေးတာတော့ မအံ့သြတော့ဘူး၊ ကျွန်တော့်ဆီမှာ မက်မောလောက်တဲ့ ပိုင်ဆိုင်မှုတွေ ရှိနေတာကို၊ အန်တီ့သားကတော့ ချွေးမကို နှင်ချလို့ရရင်တောင် တစ်ခုလပ်ဖြစ်နေဦးမှာလေ၊ ပြီးတော့ အန်တီ့စီးပွားရေးကလည်း"

"ဟုတ်ပါတယ် ဒီကောင်မလေးကို အန်တီ မျှော်လင့်မိတာကိုက မှားသွားတာ၊ ဒီလောက်အချိန်တိုလေးအတွင်းမှာ မင်းနဲ့ဒီလိုဖြစ်သွားတာတော့ အန်တီ အံ့သြမိတယ်"

"မိုးယသော်က အရမ်းကိုလွယ်တဲ့ မိန်းကလေးများဖြစ်နေလား"

"နိုင်ငံခြားမှာ နေလာတဲ့ကလေးဆိုတော့ ရဲတင်းပွင့်လင်းလွန်းတာတော့ အန်တီ လက်ခံပါတယ်"

"ရွှေကညာကမှ မိန်းမကောင်းပီသတယ်လို့ ထင်ရသေးတယ်နော်"

"ဟင် ဩော် ဒါပေမဲ့လည်း မျိုးရိုးက ကွာသေးတယ်လေ မောင်ဘုန်းလက်ျာ"

"အခုခေတ်က လူတန်းစားခွဲခြားတဲ့ခေတ်တော့ မဟုတ်တော့



ပါဘူး၊ အန်တီအနေနဲ့ အဲဒီလိုလူမျိုးကို ဘုရားထူးရတဲ့အခြေအနေမျိုး ရှိလာခဲ့ရင်"

"ဘာပြောတယ် အဲဒီကိစ္စမျိုး ဘယ်တော့မှ ရှိလာမှာမဟုတ်ဘူး၊ မရှိစေရဘူး မောင်ဘုန်းလက်ျာ၊ မိုးယသော်နဲ့ အဆင်မပြေလည်း သားကို ရွှေကညာနဲ့ကွာရှင်းဖြစ်အောင် အန်တီလုပ်မှာပါ၊ သူတောင်းစားတစ်ယောက်ကိုတော့ အန်တီတို့မျိုးရိုးထဲမှာ ရှိနေခွင့်မပေးနိုင်ဘူး၊ သူဘာကြီးပဲဖြစ်နေနေ ချွေးမအဖြစ်အန်တီ အသိအမှတ်ပြုမှာမဟုတ်ဘူး"

ဒေါ်မိမိတင်ရဲ့ခါးခါးသီးသီး ငြင်းဆန်မှုကို ဘုန်းလက်ျာ အံကြိတ်ကာ ကြည့်နေလိုက်သည်။ ညီမလေးကို ဘုရားထူးရမည့်အခြေအနေမျိုးရောက်လာတော့မည်ဆိုတာ ဒေါ်မိမိတင် မသိသေးဘူးပဲ။

မျိုးရိုးဂုဏ်မောက် လူတန်းစားခွဲခြားတတ်သည့် ဒေါ်မိမိတင်နောင်တရတော့မည့်အချိန် သိပ်မလိုတော့ပါ။ ညီမလေးအတွက် ဒီလောက်တော့ လက်စားချေခွင့်ရှိဦးမှ ဖြစ်မည်။

■ ■ ■

## အခန်း (၃၉)

"မေမေ မေမေကွာ"

"ရတု"

ဘုန်းလကျာ်နှင့်ဒေါ်မိမိတင် ပြောနေသည့်စကားတွေကို ကြားပြီး ရတုစံကို ရွှေကညာ ဆွဲလို့တားလို့ပင် မရ။ ဘုန်းလကျာ် ပြန်သွားသည့်အချိန်မှာ ညေ့ခန်းထဲကို ရတုစံ ဖွတ်ထွက်သွားသည်။

"ရ ရတု"

အလွန်အကျွံတွေဖြစ်မှာစိုး၍ ရတုနောက်က ရွှေကညာ လိုက်လာခဲ့ရသည်။ နှစ်ယောက်လုံးကို အတူမြင်လိုက်၍ ဒေါ်မိမိတင် မျက်လုံးလေးပြူးလောက်အောင် အံ့သြသွားသည်။

"သားက ဒီအချိန်ကြီး ဆေးခန်းမှာရှိမနေဘဲ ဘာလို့ ပြန်လာတာလဲ၊ ရွှေကညာကရော ဈေးသွားတာ သားနဲ့အတူ ဖြစ်နေတာ ဘာသဘောလဲ၊ ဈေးဝယ်ပြီး အိမ်ကို တန်းတန်းမတ်မတ် ပြန်မလာဘဲနဲ့"

"သား ရွှေကညာနဲ့ဒီအိမ်ကနေ ထွက်သွားတော့မယ်ဆိုတာ



ပြန်လာပြောတာပါ မေမေ"

"ဘာ"

"ရတု"

"သားတို့နှစ်ယောက်က မေမေ စိတ်တိုင်းကျ မေမေဖြစ်စေချင်သလို ဖြစ်မှာမဟုတ်ဘူး။ မိုးယသော်လို ကိုယ်ကျင့်သိက္ခာမကောင်းတဲ့ မိန်းကလေးကို လက်ခံနိုင်ပြီး ကညာကိုတော့ ဘာကြောင့်အသိအမှတ်မပြုချင်ရတာလဲ၊ ကညာက မေမေ့ကို မိခင်တစ်ယောက်လို သဘောထားတဲ့သူပါ၊ မေမေ့စိတ်ဓာတ်ကို သား ရှက်မိတယ် မေမေ"

"ရတုစံ မင်း"

ဒေါ်မိမိတင် ဒေါသဖြစ်သွားကာ လက်ကိုလွှဲလိုက်ရင်း ရတုစံကို ရိုက်ဖို့ပြင်သည်။ ရတုစံက ပါးကိုထိုးပေးလိုက်ပြီး

"သားရဲ့ပါးကို နောက်ဆုံးထိတွေ့ခွင့်ရအောင် ရိုက်လိုက်ပါ မေမေ၊ သားချစ်တဲ့မိန်းမကို မေမေ လက်မခံနိုင်မချင်း သား ဒီအိမ်ကို ဘယ်တော့မှ ပြန်လာမှာမဟုတ်ပါဘူး။ ကညာကို အိမ်မှာ အိမ်အကူလို ထားနေတာ ကညာ အညွှန့်ကိုချိုးနေတာ၊ သားနှလုံးသားတွေကို အသေသတ်နေသလိုပါပဲ၊ ကျွန်တော် ကညာကို ဘယ်တော့မှ စွန့်လွှတ်မှာမဟုတ်ဘူး"

"ဒီအမေကိုတော့ မင်း စွန့်လွှတ်နိုင်တယ်၊ စွန့်လွှတ်သွားတော့မယ်ပေါ့"

"သားပြောပြီးပါပြီ မေမေ့ရဲ့အတန်းအစားခွဲခြား ဆက်ဆံတတ်တဲ့စိတ်ကြီးကို ကြောက်သွားပါပြီလို့၊ မေမေ သားကို တကယ်ချစ်တယ်ဆိုရင် သားချစ်တဲ့မိန်းကလေးကိုလည်း ဘာပဲဖြစ်ဖြစ် လက်ခံပေးနိုင်

ရမှာပဲလေ၊ လူ့ဘဝဆိုတာ တစ်သမတ်တည်း ဒီအတိုင်းအမြဲတည်မြဲနေတာ မဟုတ်ပါဘူး မေမေ၊ ဖေဖေရှိတုန်းက အဆင်ပြေနေတဲ့ သားတို့စီးပွားရေးက အခု ဘယ်လိုဖြစ်နေပြီလဲ၊ ဒီထက်ဆိုးသွားရင် ဘာတွေထပ်ဖြစ်လာဦးမလဲ''

''ရတုစံ မင်းက ငါ့ကိုအသုံးမကျတဲ့ အမေက ကြီးကြီးကျယ်ကျယ်တွေလုပ်နေတယ်ဆိုပြီး အထင်သေးနေတာလား၊ ငါ ဘာတွေပဲဖြစ်နေနေ သူတောင်းစားတစ်ယောက်ကိုတော့ အိမ်ပေါ်တင်ပြီး ကိုးကွယ်မထားနိုင်ဘူး''

''ကောင်းပါပြီ မေမေ ဆုံးဖြတ်ချက်ကို ပြတ်ပြတ်သားသားသိလိုက်ရတဲ့အတွက် သားလည်း ပြတ်ပြတ်သားသားပဲ ဆုံးဖြတ်ပါတော့မယ်၊ လာ ကညာ သွားမယ်''

ရွှေကညာလက်ကို ဆွဲ၍ လှည့်ထွက်လိုက်သည်။ ရွှေကညာက သူ့မလက်လေးကို ဖွတ်အတင်းဆွဲဖြုတ်၍

''ရ ရတု အဲလိုဆုံးဖြတ်လို့ မဖြစ်ဘူးလေ၊ အန် အန်တီတစ်ယောက်တည်း''

''ကညာကို လက်မခံချင်တဲ့အိမ်မှာ ကညာ ဘာလို့နေမှာလဲ မေမေက ဒီလို ဆက်ဆံနေသရွေ့ ကညာကို ကျွန်တော် အမြဲတမ်းအားနာနေရမှာ၊ ကျွန်တော့်မိန်းမကို ကျွန်တော် အဲလိုတဝမျိုးမှာ မထားနိုင်ဘူး။ ကျွန်တော်တို့ဆေးခန်းအပေါ် ထပ်ခိုးလေးမှာ နေကြမယ်၊ ဆေးခန်းကရတဲ့ ဝင်ငွေလေးနဲ့ နှစ်ယောက်ဘဝလေးကို ရုန်းကန်ကြိုးစားကြမယ်၊ ကျွန်တော် မေမေ့ကိုမချစ်လို့ မဟုတ်ပါဘူး။ ဒါပေမဲ့ မေမေ့ရဲ့အဲလိုစိတ်ကြီးကိုတော့ ကျွန်တော် မချစ်နိုင်ပါဘူး ကညာ''



ရတုစံက ရွှေကညာလက်ကိုဆွဲ၍ ခေါ်လာခဲ့သည်။ ဒေါ်မိမိတင်ဆီက တက်ခေါက်သံအကျယ်ကြီး ကြားလိုက်ရ၏။

သားကိုနာကြည်းသွားတာလား။ ရွှေကညာကို ပိုပြီးမုန်းသွားခဲ့တာလားတော့ မသိပေ။ ရွှေကညာကတော့ ရတုစံအချစ်ကို ပို၍ လေးစားသွားခဲ့ပြီး ရတုစံလက်ကို တင်းတင်းကျပ်ကျပ်လေး ပြန်လည်ဆုပ်ကိုင်ထားခဲ့သည်။

အတိတ်ရဲ့ညှိုးနွမ်းမှုတွေဟာ ရတုစံအချစ်ကြောင့် လင်းလက်တောက်ပခဲ့ရတာပါ။ ရှင့်ကို ကညာ ဘယ်တော့မှ မခွဲဘူး ရတုစံ။

■ ■ ■

## အခန်း (၄၀)

"အန်တီသိမ့် ငွေ့သည်ရောက်လာပါပြီ"

"ဟင်"

တရားစခန်းကထွက်ပြီး ဒီနေ့မှ စက်ရုံလာရုံရှိသေး ငွေ့သည် ရောက်နေပြီဆိုတော့ ဒေါ်သိမ့်သိမ့်မြိုင် အံ့သြသွားရသည်။ တံခါးခေါက် ဝင်လာပြီး ပြောလိုက်သော မိုးယသော် မျက်နှာက ပြုံးဖြဲဖြဲနှင့်ပါ။

"ဘယ်သူလဲကွယ် အန်တီသိမ့် တရားစခန်းက ထွက်လာတာ ဘယ်လိုများသိသွားတာလဲ၊ အန်တီသိမ့်က လုပ်ငန်းကိစ္စတွေ ခေါင်းထဲ မထည့်ချင်တော့ဘူး။ ယသော်ဘာသာ ဖြေရှင်းလိုက်ပါ၊ အခုက မပြီးပြတ် သေးတဲ့ဟာတွေ ယသော် နားလည်အောင် ရှင်းပြဖို့ ခေါ်လာတာ"

"အန်တီသိမ့်ကလည်း ညက မိုးပြောထားတယ်လေ၊ မိုးချစ်သူ နဲ့ တွေ့ပြီး စကားပြောကြည့်ပါ၊ သူက နိုင်ငံခြားမှာလည်း လုပ်ငန်းတွေ ရှိတယ်၊ မြန်မာပြည်က လုပ်ငန်းရှင်တွေဆီမှာလည်း ရှယ်ယာဝင်ထားတာ





မနည်းဘူး၊ စီးပွားရေးလုပ်ငန်းကြီးသမားပါ။ ဖေဖေတို့နဲ့တောင်မိတ်ဆက် မပေးရသေးဘူး။ အန်တီသိမ့်ကို အရမ်းချစ်လို့ အရင်မိတ်ဆက်ပေးတာ"

"ကဲ ကဲ ခေါ်လိုက်ပါတော့ရှင် တကယ်ပဲ"

"မိုးက ဝန်ထမ်းတွေကို အစည်းအဝေးလုပ်ဖို့ ပြောထားလို့ အန်တီသိမ့်က စကားပြောရင်း ခဏငွေ့ခံပေးထားနော်"

"ကောင်းပါပြီ ကောင်းပါပြီ၊ အေးအေးနေရမလားမှတ်တယ် ငါ့ဘာသာ တရားစခန်းပြန်ဝင်တာပဲကောင်းတယ်"

ဒေါ်သိမ့်သိမ့်မြိုင် ညည်းညူပြောဆိုပြီး တံခါးဖွင့်ထွက်သွားသော တူမဖြစ်သူ မိုးယသော် ကျောပြင်ကို ချစ်စနိုးနှင့်မျက်စောင်းထိုးလိုက်မိ သည်။ စက်ရုံကို မိုးယသော် ဦးစီးနေသည့်ကာလအတွင်းမှာ ဆိုးဆိုးဝါးဝါး ပြဿနာတွေဖြစ်မထား၍ တော်ပါသေးသည်။

ဒီအတိုင်းဆို မိုးယသော် အောင်မြင်အောင်တော့ လုပ်နိုင် မှာပါပဲ။ သူ့ချစ်သူက လုပ်ငန်းရှင်ကြီးဆိုတော့ နောက်လည်းအဆင်ပြေ သွားပေလိမ့်မည်။

"မင်္ဂလာပါခင်ဗျာ"

"ဩော် မင်္ဂလာပါကွယ် လာထိုင်ပါ"

ရည်မွန်ယဉ်ကျေးသော အသံလေးနှင့် ဝင်ထိုင်လိုက်သော မိုး ယသော်ရဲ့ချစ်သူက ဥပဓိရုပ်လည်း မဆိုးလှပေ။ လုပ်ငန်းရှင်ဆိုသည့် အတိုင်း တည်ကြည်ခံ့ညားမှုလည်း ရှိသည်။

"ကျွန်တော် ရွှေကညာ့အစ်ကိုပါ"

"ဟင် ဘာ ဘာပြောတယ် ရွှေ ရွှေကညာဆိုတာ"

“အန်တီသိမ့် ကားနဲ့တိုက်ပြီး အတိတ်မေ့လို့ မွေးစားထားတဲ့ ရွှေကညာပါ၊ ရွှေကညာက ကျွန်တော့်ညီမလေးပါ အန်တီသိမ့်”

“တ တကယ်လား ဒါနဲ့ ဘယ် ဘယ်လိုဖြစ်ပြီး မင်းက မိုးရဲ့”

“ကျွန်တော် မိုးယသော်ကို လက်မထပ်ပါဘူး”

“ဟင်”

ဒေါ်သိမ့်သိမ့်မြိုင် တစ်ခုချင်းအံ့ဩကာ နားမလည်နိုင်ဖြစ်နေရသည်။ တောင်းစားခဲ့ဖူးသည့် ရွှေကညာရဲ့အစ်ကိုက သေသွားတာဘဝပျက်ပြီး ပျောက်သွားတာမဟုတ်ဘဲ ဒီလိုမျိုး လုပ်ငန်းရှင်ကြီးတစ်ယောက်ဖြစ်နေတာရော၊ မိုးယသော်ရဲ့ချစ်သူ ဖြစ်နေတာရော။

“ဟင် မင်း ဒါဘာလုပ်တာလဲ”

ရှေ့မှာထိုင်ချပြီး မိမိကို ကန်တော့နေတာကြောင့် ဒေါ်သိမ့်သိမ့်မြိုင် ထခုန်မိမတတ်ပင် အံ့အားသင့်သွားရသည်။ ရွှေကညာ့အစ်ကိုက ကန်တော့ပြီးမှ ခုံမှာဝင်ထိုင်ပြီး

“ညီမလေးက ပြောတယ်၊ အန်တီသိမ့်က သူ့ရဲ့ဆပ်မကုန်နိုင်တဲ့ ကျေးဇူးရှင်တဲ့၊ သူ့ဘဝကို စောင့်ရှောက်တယ်၊ ပညာတွေသင်ပေးတယ်၊ သမီးတစ်ယောက်လို မေတ္တာတွေ အကြင်နာတွေပေးတဲ့သူဆိုလို့ ကျွန်တော်က ကျေးဇူးတင်ပြီး ကန်တော့တာပါ”

“မ မလိုပါဘူးကွယ်၊ တစ်ယောက်နဲ့တစ်ယောက် ရေစက်တွေ အကြောင်းကံတွေရှိလို့ ဆုံကြရတာပဲ၊ တကယ်ကို သမီးလေးတစ်ယောက်လိုချစ်လို့ ကညာလေးလက်ထပ်တဲ့အထိ တာဝန်ကျေပေးလိုက်တာပါ၊ အန်တီသိမ့် တတ်နိုင်သလောက် ပေးဆပ်နိုင်သလောက်ပေါ့”





“အတိုင်းအတာထက်မကဘူးဆိုတာ ညီမလေးက အားလုံးပြောပြပါတယ်၊ ဒါပေမဲ့ အိမ်ထောင်ကျပြီးမှ ညီမလေး ဒီလိုကံဆိုးသွားရတာကိုတော့ ကျွန်တော် ဘယ်လိုမှ မခံစားနိုင်ပါဘူး”

“ဟင် ကံ ကံဆိုးတယ် ဘာ ဘာဖြစ်လို့လဲကွယ်၊ ကညာလေး ဘာဖြစ်လို့လဲ”

ဒေါ်သိမ့်သိမ့်မြိုင် ထိတ်ထိတ်ပျာပျာ ဖြစ်သွားရသည်။ ဖုန်းဆက်မေးတိုင်း အဆင်ပြေတယ်ဆိုတာပဲ ကြားနေရတာမို့ ဘာတွေဖြစ်နေသလဲဆိုတာ ဘာမှမသိရပါ။ ဘုန်းလက်ျာက ဒေါ်သိမ့်သိမ့်မြိုင် ဘာမှမသိတာကို နားလည်စွာဖြင့်

“ညီမလေးက အန်တီသိမ့်မသိအောင် ဖုံးကွယ်ထားပြီး ကြိတ်ခံစားနေတာပါ၊ သူ့အတွက်နဲ့ အန်တီသိမ့် ခံစားရမှာကြောက်လို့တဲ့၊ အဲဒီလိုဖြစ်နေရတဲ့အကြောင်းအရင်းရဲ့ အဓိကတရားခံကတော့ အန်တီသိမ့်တူမ မိုးယသော်ပါပဲ”

“ဟင် မိုးယသော်”

“သူက ဒေါ်မိမိတင်ကို ညီမလေးက သူတောင်းစားတစ်ယောက်ပါလို့ သွားပြောလိုက်ပါတယ်၊ အဲဒီအချိန်တည်းက ဒေါ်မိမိတင်က ညီမလေးကို ချွေးမတစ်ယောက်အဖြစ် အသိအမှတ်မပြုနိုင်ဘူးဆိုပြီး အိမ်အကူတစ်ယောက်လို သဘောထားနှိပ်စက်နေတာပါ”

“အမယ်လေး ဘုရား ဘုရား ကညာကိုလေ”

“ဟုတ်ပါတယ် အဝတ်လျှော်နိုင်း ဈေးဝယ်နိုင်း ထမင်းဟင်းတွေချက်ပြုတ်နိုင်း အိမ်အလုပ်တွေလုပ်နိုင်းပြီး အညွန့်ချိုးနှိပ်ချထားတာပါ၊

သူ့သားနဲ့မတူမတန်ဘူးဆိုပြီး ဆေးခန်းလည်းလိုက်မထိုင်နိုင်းပါဘူး၊ အဆိုးဆုံးက သူ့သားနဲ့ကွာရှင်းနိုင်းပြီး မိုးယသော်နဲ့လက်ထပ်ပေးဖို့ စီစဉ်တာပါပဲ''

''ဆိုးလိုက်တာ ဆိုးလိုက်တာ၊ မမတင် အဲလို စိတ်မျိုးရှိမယ် မှန်းထင်မထားခဲ့ဘူး။ မိုးယသော်လည်း အရမ်းဆိုးတာပဲ၊ သူများမိသားစု ကြားမှာ ဘာလို့ ဒီလိုလုပ်ရတာလဲ၊ သူ့အတွက် ဘာအကျိုးအမြတ်ရမှာမို့ သူများဘဝကို ဖျက်စီးရတာလဲ၊ ကညာလေးကို သနားလိုက်တာကွယ်၊ အန်တီသိမ့်က အဲလိုတွေဖြစ်နေမယ်မထင်လို့ စိတ်သက်သက်သာသာနဲ့ တရားစခန်းတောင် ဝင်နေခဲ့မိတယ်၊ အန်တီသိမ့် တာဝန်မဲ့သလို ဖြစ်ရပြီပေါ့''

ကိုယ့်ကိုယ်ကိုယ် အပြစ်တင်နေသော ဒေါ်သိမ့်သိမ့်မြိုင်ကို ဘုန်းလကျ်ာ လေးစားသွားမိသည်။ တကယ်ကို ညီမလေးအတွက် ကျေးဇူးရှင် ပီသပါပေသည်။

''ညီမလေးက အန်တီသိမ့်စိတ်ဆင်းရဲမှာစိုးလို့ ဖုံးကွယ်ထားခဲ့တာဖြစ်တဲ့အတွက် အန်တီသိမ့် ကိုယ့်ကိုယ်ကိုယ် အပြစ်တင်စရာမလိုပါဘူး။ အပြစ်လုပ်တဲ့သူတွေကိုသာ ကျွန်တော်က အပြစ်ပြန်ပေးဖို့ ဆုံးဖြတ်ထားပါတယ်''

''ဟင် ဘယ်လို အပြစ်တွေများ ပေးမှာလဲ''

''ဒေါ်မိမိတင်ဆီမှာ ကျွန်တော် ရှယ်ယာဝင်မယ့်ကိစ္စ မလုပ်တော့ပါဘူး။ သူ အရမ်းဒုက္ခရောက်ပြီး ခိုကိုးရာမဲ့နေချိန်မှာ သူ အားကိုးရ





မယ့်သူက သူ ရိုရိုကျိုးတင်ရမယ့်သူက သူ အတန်းအစားခွဲ နှိမ့်ချဆက်ဆံထားတဲ့ ညီမလေး ချွေးမကညာဖြစ်စေရမယ်၊ သူတောင်းစားတစ်ယောက်ကို မျက်နှာမော်မကြည့်ရဲအောင် အားနာရုက်ရွံ့ကြောက်လန့်နေရမယ်၊ အဲဒီလိုဖြစ်အောင် ကျွန်တော် ပိုင်ဆိုင်သမျှတွေနဲ့ ဒေါ်မိမိတင်ရဲ့သူဌေးဖြစ်အောင် ညီမလေးကို လုပ်ပေးမှာပါ''

''ဩော်''

ဒေါ်သိမ့်သိမ့်မြိုင် သဘောပေါက်သွားခဲ့သည်။ အစ်ကိုတစ်ယောက်အနေနှင့် ဒီလိုခံစားချက်တွေ ရှိနေနိုင်တာပဲ။ ဘုန်းလကျ်ာက မိမိမျက်နှာကို အားနာသလိုကြည့်လာပြီး

''မိုးယသော်ကိုလည်း အန်တီသိမ့်မျက်နှာနဲ့ အပြစ်မပေးသင့်မှန်းသိပေမယ့် အားနာနာနဲ့ ကျွန်တော် လက်မထပ်ဘူးဆိုတဲ့အကြောင်းတော့ ပြောရပါလိမ့်မယ်''

''ဒါကတော့ မင်းသဘောပါပဲကွယ်၊ ကိုယ့်ညီမကို ဒီလိုဖြစ်သွားအောင်လုပ်ထားတဲ့သူကို မင်း ဘယ့်နှင့်လွှတ်နိုင်ပါ့မလဲ အန်တီသိမ့် နားလည်ပါတယ်''

''သူလည်း ကျွန်တော့်လို သူတောင်းစားဖြစ်ခဲ့ဖူးတဲ့သူတစ်ယောက်ကို လက်ထပ်ချင်မှာမဟုတ်ပါဘူး၊ သူ အရမ်းမျှော်လင့်မက်မောရတဲ့သူဟာ သူတောင်းစားတစ်ယောက်ဖြစ်ခဲ့တယ်ဆိုတာသိရင် သူ ဘယ်လိုဖြစ်သွားမလဲ ကျွန်တော် သိချင်ရုံပါပဲ၊ သူ နစ်နာအောင် ကျွန်တော် ဘာမှမလုပ်ပါဘူး''

''အေး အေးပါကွယ် အခု ကညာလေးကရော ကညာ အဲဒီ''

"အဲဒီအိမ်မှာ မရှိတော့ပါဘူး။ ရတုစံက သူ့အမေစိတ်ဓာတ်ကို မကြိုက်လို့ သူ့အမေကိုထားခဲ့ပြီး ကညာကိုခေါ်ထုတ်သွားပြီ အခုဆေးခန်းရဲ့အပေါ်ထပ်ခိုးလေးမှာ နေကြတယ်"

"ရတုစံကတော့ ရွှေကညာကို ချစ်သားပဲ"

"လေးစားလောက်တဲ့အချစ်ပါ၊ သူ့အမေစိတ်ဓာတ်ကို မကြိုက်ပေမယ့် ညီမလေးကိုတော့ သူနဲ့တယ်တော့မှ ခွဲမှာမဟုတ်ပါဘူး။ ကျွန်တော်လုပ်ပေးနိုင်သလောက် ပံ့ပိုးဖြည့်ဆည်းပေးသွားမှာပါ"

"ကောင်းပါတယ်ကွယ် မင်းလည်း စိတ်ဓာတ်ကောင်းလို့ ကံကောင်းခဲ့တာပဲ၊ စိတ်ဓာတ်မကောင်းတဲ့သူဟာ ကံကောင်းလည်း ကြာရှည်မတည်မြဲနိုင်ဘူး။ ဒါကို မမတင်နဲ့မိုးယသော်လည်း မကြာခင် သိသွားကြမှာပါ၊ အငြိုးတကြီးလက်စားချေတာမျိုးတော့ မလုပ်ပါနဲ့ ကိုယ်လည်း တန်ပြန်ခံစားရတဲ့အတွေ့အလှည့်ဆိုတာမျိုးတွေ ရှိတတ်လို့ပါ"

"ဒီလိုဆုံးမသွန်သင်ပေးတာကျေးဇူးတင်ပါတယ် ခင်ဗျာ၊ ကျွန်တော် မွေးစားမိဘတွေကလည်း အဲလိုသင်ပြပေးထားပါတယ်၊ ကျွန်တော့်ညီမလေးအတွက် ကျွန်တော် လုပ်ပေးချင်တာပဲရှိတာပါ"

"အေးပါကွယ် ကညာလေးကိုတော့ အန်တီသိမ့်လည်း သနားပါတယ်"

"ကျွန်တော့်ကိုခွင့်ပြုပါဦး ခင်ဗျာ"

"ဟင် မိုးယသော်နဲ့မတွေ့တော့ဘူးလား"

"နောက်နေ့မှ သီးသန့်တွေ့လိုက်ပါမယ်၊ အခုတော့ ပြန်သွားပြီလို့ ပြောပေးပါ"



အန်တီသိမ့်ကို ဦးလေးညွှတ်ကာ နှုတ်ဆက်ခဲ့ပြီး ဘုန်းလက်ျာပြန်လာခဲ့သည်။ ညီမလေးအတွက် လုပ်ပေးခွင့်ရမှာကို စိတ်ထဲမှာ ပျော်ပါးလျက်ရှိသည်။ အစ်ကိုတစ်ယောက်ရဲ့ရင်ထဲက မေတ္တာကြောင့် ...။

■ ■ ■

## အခန်း (၄၁)

"ဟင် ခင် ခင်ဗျား ဒီကို ဘာလာလုပ်တာလဲ"

ဆေးခန်းပိတ်ချိန်မှာရောက်လာသော ဘုန်းလောက်ခွာကို မြင်လိုက်ရ၍ ရတုစ် ဒေါသဖြစ်သွားသည်။ ဒီလူ ဒီအထိတော့ လိုက်လာဖို့မသင့်။ ကညာ အပေါ် စေတနာရိုးသားရိုးဆိုလျှင် ဒီလိုစုံစမ်းပြီး လိုက်လာစရာ အကြောင်းမရှိပေ။ ဘုန်းလောက်ခွာက ဘာမှမပြောဘဲ ပြုံးပြီး ရှေ့တိုးလာသည့်အချိန်မှာတော့ ဘုန်းလောက်ခွာအင်္ကျီရင်ဘတ်ကို ဆောင့်ဆွဲ၍ တွန်းပစ်လိုက်သည်။

"ခင်ဗျား ဘာသဘောနဲ့လာတာလဲ ကညာကို ဘယ်လိုသဘော ထားနေတာလဲ။ မေမေ့ကြောင့် ကညာကိုအထင်သေးပြီး ချဉ်းကပ်ချင် တာဆိုရင် ခင်ဗျား လာလမ်းကနေ လှည့်ပြန်လိုက်တော့၊ ကညာက ကျွန်တော့်မိန်းမ၊ တန်ဖိုးရှိတဲ့မိန်းမ၊ အဆုံးရှုံးမခံနိုင်တဲ့မိန်းမ၊ ခင်ဗျား ငွေဘယ်လောက်ချမ်းသာချမ်းသာ ဂုဏ်ဘယ်လောက်ရှိရှိ မက်မောမယ့်





မိန်းကလေးလည်း မဟုတ်ဘူး။ နိုးယသောက်လို့ ခင်ကွယ်ကွယ် မိန်းကလေး မဟုတ်ဘူး။ ရှင်းတယ်နော်"

"မင်း ဘာတွေပြောနေတာလဲ ညီ"

"ခင်ဗျားရဲ့ဂုဏ်တွေငွေတွေနဲ့ ကညာကို မြှူဆွယ်ဖြားယောင်းဖို့ ခဏခဏတွေ့ဖို့ကြိုးစားနေတာ မဟုတ်လား။ လက်ဆောင်တွေပေးပြီး ချဉ်းကပ်နေတာမဟုတ်လား။ အဲလိုတွေ ပတ်သက်မှု မရှိအောင်လို့ ကညာကိုခေါ်ပြီး ကျွန်တော်တို့ဒီမှာ လာနေကြတာ သိလား"

"အဲဒါကြောင့် ကိုယ်က ကိုယ့်ညီမလေးကိုတွေ့ဖို့ လိုက်လာခဲ့တာလေ"

"ဘာ"

"ကိုကို"

ရွှေကညာ ထွက်လာပြီး ခေါ်လိုက်တာကြောင့် ရတုစ် မျက်လုံး ပြူးလောက်အောင် ပိုမို၍ အံ့ဩသွားရသည်။ ဘုန်းလောက်ခွာက သူတို့နှစ်ယောက်လုံးကိုပြုံး၍ ကြည့်နေပြီး သူ့ရဲ့လက်ကိုလာရောက် ဆုပ်ကိုင်ကာ

"ညီမလေးအတွက် မင်းကို ပိုပြီး ယုံကြည်စိတ်ချသွားပြီ ညီ"

"ဘာ ဘာတွေလဲ ကညာ သူက"

"ကိုကိုက ကညာရဲ့အစ်ကိုပါ ရတု"

"ဟင်"

"ကညာ အတိတ်မေ့နေခင်အချိန်က အစ်ကိုတစ်ယောက်ရှိခဲ့ တယ်လို့ ပြောတယ်လေ။ သူက ကိုဘုန်းလောက်ခွာပါပဲ။ ကညာ လက်မောင်း က အနာရွတ်လေးနဲ့ နားအောက်က အမှတ်ရာလေးကြောင့် ကိုကိုက

မှတ်မိသွားခဲ့တာပါ။ ကညာကတော့ အတိတ်မေ့နေတဲ့သူဆိုတော့ အန်တီ သိမ့်တို့ပြောထားတာနဲ့ပဲ ဆက်စပ်တွေးကြည့်ရတာ။ ကိုကို့ကိုမြင်မှပဲ အရင်ကအကြောင်းတွေ ပြန်စဉ်းစားလို့ရလာခဲ့တယ်။ တကယ်ပဲ ကညာ တို့မောင်နှမက တောင်းစားတဲ့ဘဝမှာ နေခဲ့ကြရတာပါ''

''ဪ ဟို ဆော ဆောရီးပါ ကိုဘုန်းလက်ျာ၊ ကျ ကျွန်တော် မသိလို့ပါဗျာ ဆောရီးပါဗျာ''

''ရပါတယ် ညီရယ်''

ရတုစံ လက်လေးကို ဘုန်းလက်ျာ ပို၍ ဖျစ်ညှစ်ကာ ပြော လိုက်သည်။ ရတုစံ ထိုင်ခုံတွေဆီ ခေါ်လာလျက် မျက်နှာပူစွာနှင့်နေကာ

''ထိုင် ထိုင်ပါဦး ကိုဘုန်းလက်ျာ ဒီအကြောင်းတွေ ကျွန်တော့် ကို အစောကြီး ပြောပြခဲ့တာမဟုတ်ဘူးဗျာ။ ကျွန်တော်က ကညာကို ချည်းကပ်နေတာ သွေးရိုးသားရိုးမဟုတ်ဘူးဆိုပြီး ကိုဘုန်းလက်ျာကို အထင်လွဲနေခဲ့တာ''

''ရပါတယ် ညီ၊ ညီမလေးကို မင်းဘယ်လောက်ချစ်တယ်ဆို တာ ပိုပြီးသိရတာပေါ့ကွာ။ မင်းအချစ်ကို ကိုယ် ပိုပြီးလေးစားသွားခဲ့ တယ်၊ ပိုပြီး ယုံကြည်မှုတွေနဲ့ တစ်သက်စာလည်း စိတ်ချသွားခဲ့တယ် ကျေးဇူးပါ ညီ''

''ကျွန်တော်လည်း အခုမှ စိတ်အေးသွားတာပါ။ ကိုဘုန်းလက်ျာ က ကညာရဲ့အစ်ကို ဖြစ်နေတယ်ဆိုရင်လေ။ အစက ရင်တွေပူနေတာ ကိုဘုန်းလက်ျာက ပြည့်စုံတဲ့သူမဟုတ်လား။ ကျွန်တော်ကတော့ ကညာကို ဘာမှမလုပ်ပေးနိုင်ဘူး။ ပြီးတော့ မေမေ့ကြောင့် စိတ်ညစ်ပြီး ကညာ



အမှီရှာလိုက်မလားလို့''

''အဲဒါ ရတု ကညာကို အထင်သေးတာပဲ။ ကညာက အဲဒီလို မိန်းကလေးလား''

''ကျွန်တော် သိပါတယ် ကညာရယ် အဲဒါကြောင့်လည်း ကညာ ကို ကျွန်တော်ပိုပြီးလေးစားရတာပါ။ ယုံကြည်မှုတွေနဲ့ပိုပြီးလည်း ချစ်လာ ခဲ့တယ်၊ ကျွန်တော့်ရဲ့သစ္စာတရားပါ ကညာ''

အခုမှ သုံးယောက်သား စိတ်ကြည်လင်သန့်ရှင်းစွာနှင့် ပြုံးနိုင် ကြတော့သည်။ ဘုန်းလက်ျာမှာ ရတုအမေကိစ္စပြောဖို့တောင် အားတုံ့ အားနာဖြစ်လာမိ၏၊ ဒါပေမဲ့လည်း ပွင့်လင်းစွာ ဝန်ခံခြင်းက နိုးသား မှုပဲဟု ထင်မိကာ

''ကိုယ် တစ်ခုတော့ ပြောချင်တယ်''

''ဟုတ်ကဲ့ ပြောပါ ကိုဘုန်းလက်ျာ''

''မင်းအမေကိုတော့ ကိုယ် ခွင့်မလွှတ်နိုင်ဘူး''

''ဗျာ''

''ညီမလေးကို နှိပ်စက်တာ အနိုင်ကျင့်တာ မျိုးပဲ့နိုင်ရတာတွေ ကိုယ်လက်တွေမြင်ထားရတဲ့အတွက် ကိုယ် လက်တုံ့ပြန်ဖို့တော့ စဉ်းစား ထားတယ်''

''ကိုကို''

''ဒေါ်ရာရအောင် မလုပ်ပါဘူး။ နောင်တရအောင်ပဲ လုပ်မှာပါ အခု သူ့စီးပွားရေး ရှုတ်ပြီကျနေပြီ။ အကြွေးရှင်တွေက အိမ်နဲ့ဝက်ခြံကို သိမ်းရင်းနာမည်ပျက် သိက္ခာကျ အရှက်ရ တောင်ကျ အဲဒီနောက်ဆက်

တွဲကိစ္စတွေ ဖြစ်နိုင်သေးတယ်။ အဲဒါကို သူ့ကိုကယ်တင်ပေးမယ့်သူက သူ့အရမ်းအဆင့်အတန်း နိမ့်ချဆက်ဆံထားတဲ့ ညီမလေး ဖြစ်ရမယ်"

"ဟင်"

"ကိုဘုန်းလက်ျာ"

ဘုန်းလက်ျာစကားကို ရတုစံနှင့်ရွှေကညာ နားမလည်နိုင်သေး။ ဘုန်းလက်ျာက နှစ်ယောက်လုံးကို ပြုံးကြည့်ပြီး

"ကိုယ့်ရဲ့ပိုင်ဆိုင်မှုတွေ ညီမလေးကို ပေးခဲ့မှာ၊ မနက်ဖြန် အစည်းအဝေးမှာ အဲဒီကိစ္စတစ်ခါတည်း ကြေညာမယ်၊ ညီမလေးက ဒေါ်မိမိတင်ရဲ့ကယ်တင်ရှင်သူတွေဖြစ်ရမယ်၊ တစ်သက်လုံး မနိမ့်ချရဲတော့အောင် တစ်သက်လုံး အထင်မသေးရဲတော့အောင် ကိုယ် ဒီလိုလုပ်ဖို့ စဉ်းစားထားတယ်"

"ဟို ကိုကို"

"ကညာ"

ရတုစံကို အားနာကာ ဘုန်းလက်ျာကို ရွှေကညာ တားဆီးမည် ပြင်တော့ ရတုစံက ရွှေကညာ လက်ကလေးကို ဆုပ်ညှစ်၍ ဟန့်တား လိုက်ကာ

"အစ်ကိုတစ်ယောက်အနေနဲ့ ညီမအတွက် ဒီလိုလုပ်ပိုင်ခွင့် ရှိတယ်၊ ကျွန်တော့်ကိုအားမနာပါနဲ့ ကညာ၊ ကျွန်တော်ကသာ ကိုဘုန်း လက်ျာနဲ့ကညာကို အားနာနေတာပါ၊ မေမေ့မှာ ဒီလိုမျိုး အဆင့်အတန်းခွဲ နိမ့်ချတတ်တဲ့စိတ်တွေရှိမနေသင့်ဘူး။ ကညာအပေါ် ဒီလိုတွေမလုပ်သင့် ဘူး။ ကိုဘုန်းလက်ျာ ပြောသလို မေမေ နောင်တတော့ ရသင့်ပါတယ်"





"ရတု"

"စိတ်တော့ မကောင်းဘူးပေါ့ ကညာရယ်၊ မေမေ့ကိုလည်း ဒီလိုတွေ မဖြစ်စေချင်ပါဘူး။ ဒါပေမဲ့ ဒီကိစ္စက တရားနည်းလမ်းကျတယ် လို့ ထင်ပါတယ်၊ ဒါမှလည်း လူ့ဘဝရဲ့ပြောင်းလဲခြင်းနိယာမသဘော တရားတွေကို မေမေ သိသွားမှာ"

"ကိုယ့်ကို နားလည်ပေးတဲ့အတွက် ကျေးဇူးပါ ရတု၊ ကိုယ် လည်း မင်းကိုအားနာမိပါတယ်၊ ဒါပေမဲ့ ညီမလေးကို တစ်သက်လုံး နိမ့်ချခံသွားရမှာမျိုးတော့ အဖြစ်မခံနိုင်ဘူးလေ၊ ပြီးတော့ ဒေါ်မိမိတင်ကို ဒီပစ္စည်းဥစ္စာတွေနဲ့ တည်မြဲသွားစေချင်ပါသေးတယ်၊ သူမပိုင်တော့ဘူး ဆိုပေမယ့် ဘာမှဖြစ်တော့မှာမဟုတ်ပါဘူး။ ညီမလေးက မင်းကို ချစ်တဲ့အတွက် မင်းအမေကို ပစ်လက်ခတ်လုပ်မှာမဟုတ်ပါဘူး။ အဲဒီ အတွက် မင်းစိတ်မကောင်းမဖြစ်ပါနဲ့"

"ဟုတ်ကဲ့ပါ ကိုဘုန်းလက်ျာ၊ ကိုဘုန်းလက်ျာ လုပ်စရာရှိတာ လုပ်ပါ"

"ဒါဆို ကိုယ့်ကိုခွင့်ပြုဦး၊ ကိုယ် စီစဉ်စရာရှိတာတွေ စီစဉ်ရ ဦးမယ်၊ ဒေါ်မိမိတင်အတွက်ကလည်း အရေးကြီးတဲ့အချိန်ရောက်နေပြီ ဆိုတော့ မြန်မြန်လေးလုပ်လိုက်တာပဲ ကောင်းတယ်"

ရတုစံနှင့်ညီမလေး မျက်နှာမကောင်း ဖြစ်ကာ ကျန်ခဲ့မယ့် ဘုန်းလက်ျာ မတတ်နိုင်။ လုပ်သင့်တာကိုလုပ်တာမို့ စိတ်ထဲတော့ ရှင်းနေ ပါသည်။ နှုတ်ဆက်ကာ ထွက်လာခဲ့ပြီး မိုးယသော်နှင့်ချိန်းထားသော ကန်တော်ကြီးထဲက စားသောက်ဆိုင်ကို လာခဲ့သည်။

မိုးယသော်နှင့်လည်း စာရင်းအပြတ်ရှင်းရမှာပါ။

"ကိုဘုန်း"

ကိုယ့်ကိုခြင်လိုက်သည်နှင့် မိုးယသော် မျက်နှာ ဝင်းပထိန်လင်းသွားသည်။ ဘုန်းလက်ျာ အပြုံးနှင့်ပင် မိုးယသော်ဘေးနားက ခုံမှာ ဝင်ထိုင်လိုက်သည်။

"ကိုဘုန်း နောက်ကျတယ်နော်"

"အင်း ကိုယ်ကိစ္စလေးတွေရှိနေလို့ပါ၊ မိုး စောင့်နေရတာကြာလို့ စိတ်ဆိုးနေပြီလား"

"ဟင့်အင်း စိတ်မဆိုးပါဘူး၊ ကိုဘုန်းက ဒီနေ့လက်ထပ်ဖို့ အကြောင်းပြောမယ်ဆိုတော့ မိုး စိတ်တွေလှုပ်ရှားနေတာ"

"အင်း ကိုယ်လည်း စိတ်တွေလှုပ်ရှားနေပါတယ်၊ ကိုယ်ပြောလိုက်တဲ့စကားအတွက် မိုး ဘယ်လိုများဖြစ်မလဲဆိုပြီးတော့"

"မိုး ငြင်းလိုက်မှာစိုးရိမ်နေတယ်ပေါ့လေ၊ မိုးက ရှင့်လိုလူကို ငြင်းပုံမလား၊ ကိုဘုန်းရယ်၊ ဒါပေမဲ့ လွယ်တယ်လို့လည်း မထင်လိုက်နဲ့နော်၊ မိန်းကလေးဆိုတာ ပြည့်စုံတဲ့အရည်အချင်းရှိတဲ့သူကို ဘဝအတွက်ရွေးချယ်ရတာပဲလေ ကိုဘုန်းက"

"ကိုယ် သူတောင်းစားတစ်ယောက်ဖြစ်ခဲ့တယ်ဆိုရင်ရော မိုး လက်ထပ်နိုင်မှာလား"

"ဟင် ဘာ ဘာပြောလိုက်တယ် ကိုဘုန်း"

"အခုသာ ဒီလိုမျိုး အရာရာပြည့်စုံနေတယ်ဆိုပေမယ့် ဟိုးကလေးဘဝတုန်းက သူတောင်းစားတစ်ယောက် ဖြစ်ခဲ့တယ်ဆိုရင်"





"အဲ အဲဒါက"

"ကိုယ်က ရွှေကညာရဲ့အစ်ကိုပါ"

"ရှင်"

မိုးယသော် ဘာပြောရမှန်းမသိအောင် အရမ်းကို အံ့အားသင့်သွားခဲ့သည်။ ဘုန်းလက်ျာက ခပ်မဲ့မဲ့အပြုံးများဖြင့်

"ရွှေကညာရဲ့အတိတ်ဘဝမှာ အစ်ကိုတစ်ယောက်ရှိခဲ့တယ်ဆိုတာ မင်းသိပြီးသားဖြစ်မှာပါ၊ အဲဒီတစ်ယောက်ဟာည်းက ကိုယ်ပါပဲ မိုးယသော်၊ အဲဒီတော့ ရွှေကညာကိုတောင် သူတောင်းစားဖြစ်ခဲ့တယ်ဆိုပြီး အထင်သေးနှိမ့်ချနေတော့ ကိုယ့်ကိုလည်း အထင်ကြီးနိုင်မယ်မထင်ဘူး၊ ဟုတ်တယ် မဟုတ်လား မိုး"

"ရှင် ရှင် ဘာရည်ရွယ်ချက်နဲ့"

"ကိုယ့်မှာ ဘာရည်ရွယ်ချက်ရှိရမှာလဲ၊ မင်းဆီက ကိုယ် ဘာမှ မျှော်လင့်မထားပါဘူး၊ ဘာမှလည်း မလိုချင်ဘူး"

"ရှင် ရှင်"

"သူတောင်းစားတစ်ယောက်ကို မင်း စိတ်ဝင်စားနိုင်မှာမဟုတ်ဘူး မဟုတ်လား၊ အဲဒါကြောင့် ကိုယ်က နှုတ်ဆက်ချင်လို့ မင်းကိုခေါ်တွေ့တာပါ"

"ကိုဘုန်းလက်ျာ ရှင် ရှင်"

မိုးယသော် ဆုပ်လည်းရှုံး စားလည်းရှုံး ဆတ်ဆတ်ခါသွားသည်။ ရွှေကညာကို နှိမ်ချထားတာနဲ့ ဘုန်းလက်ျာကို လက်မဲ့ပြမယ်လို့ပြောရမှာ ခက်သွားကာ၊ စားရမှာလည်း သဲတရှပ်ရှပ် ပစ်ရမှာလည်း

အဆီတဝင်းဝင်းဖြစ်ပြီး လည်နင်သွားပေလိမ့်မည်။

ဘုန်းလက်ျာ ထရယ်လိုက်ကာ

"ကိုယ် နှုတ်ဆက်ပါတယ် မိုးယသော်၊ မင်းကိုအလွယ်တကူ ရှည်ကာလ်လို့ရတာ ကျေးဇူးတင်တယ်၊ နောက်ဆို ငိုညီမလေးကို မနိုင်ရ ပါနဲ့ လူ့ဘဝဆိုတာ ဒီအတိုင်းနေတာမဟုတ်ဘူး။ အမြဲတမ်း ပြောင်းလဲ နေတာ မင်းတို့ရှည်ပါအခေါ်ကနေရမယ်လို့ မအောက်မေ့နဲ့ ငိုညီမလေး က မင်းတို့မျှော်ကြည့်ရတဲ့အခေါ်ကလူ ဖြစ်လာခဲ့ဦးမှာ မင်းမမေ့နဲ့ မိုး ယသော်"

အံ့ကြိတ်တက်ခေါက်သံ ကြားရလိမ့်မည်ဟု မျှော်လင့်ထားသော် လည်း ကိုယ်ထင်သလို ဖြစ်မလာခဲ့၍ အနည်းငယ် အံ့သြသွားသည်။ နောက် လှည့်ကြည့်မိလျှင် မိုးယသော် မျက်ဝန်းက မျက်ရည်တွေကိုများတွေ့ ရလေဦးမလား။

ရည်းစားများတွေ ရှုံ့ချွတ်လိုက်ရလို့ နှမြောတသနေခြင်းလား။ တကယ်ချစ်သွားခဲ့လို့ ဝမ်းနည်းနေခြင်းလား။

ထိုအကြောင်းကို မိုးယသော် ကိုယ်တိုင်ပဲ သိပေလိမ့်မည်။

■ ■ ■

# အခန်း (၄၂)

"အားလုံး အဆင်သင့်ဖြစ်ပြီ အန်တီရော စာရွက်စာတမ်း အကုန်ပါခဲ့လား။ လွှဲပြောင်းတဲ့အကြောင်း လက်မှတ်ရော ထိုးပြီးပြီလား အန်တီ"

"ပြီးပါပြီကွယ် အန်တီ့ဘက်ကတော့ အဆင်သင့်ပါ၊ ဒီအချိန်ထိ မင်းပြောထားတဲ့သူတွေ မလာသေးတာဘဲ အန်တီ စိုးရိမ်နေတာ၊ ဒီနေ့ ဘာအပြောင်းအလဲမှမဖြစ်ရင်တော့ အန်တီတို့ဘဝတော့ သွားပါပြီ မောင် ဘုန်းလက်ျာရယ်"

"ဒီမှာ ရှေ့နေတွေ တရားသူကြီးတွေနဲ့ တာဝန်ရှိသူတွေ အကုန် ရောက်နေပြီပဲ အန်တီ အားကိုးရမယ့်သူတွေလည်း ရောက်လာတော့မှာပါ ဒေါ်လေးပဲ စိတ်အေးအေးထားပြီး စောင့်ပေးပါ အန်တီ"

ဘုန်းလက်ျာ ပြောနေပေမယ့် ဒေါ်မိမိတင်ကတော့ စိတ်မအေး နိုင်သလို အဲကွန်းခန်းထဲမှာ လည်တဆန့်ဆန့် မျှော်ကြည့်လျက်ရှိသည်။

ခဏအကြာမှာတော့

"ဟာ သူရွှေးလာပြီ သူရွှေးလာပါပြီ အန်တီ"

"ဟင်"

ရွှေကညာကို မြင်လိုက်ရသည့်အခါမှာ ဒေါ်မိမိတင် မျက်လုံးအစုံ ပြူးကျယ်သွားလျှက် အံ့ဩတကြီး ထိတ်လန့်သွားလေသည်။

"ရွှေ ရွှေကညာက"

"အန်တီ့လုပ်ငန်းတွေအားလုံးကို ရှယ်ယာဝင်မယ့်သူရွှေး ရွှေကညာပါ အန်တီ။ မှတ်မိတယ် မဟုတ်လား၊ အန်တီ့သား ဒေါ်ပြီတွက်သွားတာ သိပ်မကြာသေးပါဘူး"

"ဒါ ဒါ ဘယ်လိုဖြစ်တာလဲ ဘာလို့ သူက သူက"

"ကျွန်တော့်ညီမလေးနဲ့ပါ အန်တီ"

"ဘာ"

"ကျွန်တော့်ညီမလေးကို ကျွန်တော့်ပိုင်ဆိုင်မှုတွေအားလုံး ပေးလိုက်တဲ့အတွက် ဒေါ်မိမိတင်ကို ခုကွေရောက်နေတဲ့သူမျိုး အယောက်တစ်ရာလောက်ရဲ့ဘဝကိုတောင် ဝယ်နိုင်သွားတဲ့ သဘောပါပဲ၊ ဘယ်လိုလဲ ဒေါ်မိမိတင် စိတ်ဝင်စားရဲ့လား။ သူတော်းစား ရွှေကညာနဲ့အလုပ်လုပ်ဖို့"

"မင်း ဘုန်းလက်ျာ"

"အားမနာဘဲ ပွင့်ပွင့်လင်းလင်း ပြောနိုင်ပါတယ်။ အလုပ်လုပ်ဖို့ စိတ်မဝင်စားရင် ကျွန်တော့်ညီမလေးကို ကျွန်တော် ပြန်ခေါ်သွားလိုက်ပါမယ်"

ဘုန်းလက်ျာ ထရပ်လိုက်ချိန်မှာ ဒေါ်မိမိတင် ပျာပျာသလဲ





အထိတ်တလန့် ဖြစ်သွားရှာသည်။ ကုကယ်ရာမဲ့နေသည့်အရှိန်ဖြစ်နေသည်မဟုတ်လား။ ဘုန်းလက်ျာလက်ကို ပျာပျာသလဲ ဆွဲထား၍

"မောင် မောင်ဘုန်းလက်ျာ ရွှေ ရွှေကညာက မင်းရဲ့ညီမဆိုတာ ဟုတ်သလား။ သေချာသလားဟင်"

"အတိတ်မှာ ရွှေကညာ အဖ်ကိုတစ်ယောက်ရှိခဲ့တယ်ဆိုတာတော့ သိထားပြီးသားမဟုတ်လား။ ကံကြမ္မာအပြောင်းအလဲက အံ့ဩစရာကြီးများ၊ ကျွန်တော်သာ ညီမလေးအနားမှာ နေနိုင်ခဲ့မယ်ဆိုရင် ခင်ဗျားလိုမိန်းမကြီးမျိုးကို ယောကျ်ာမတော်နိုင်ခဲ့မှာ မဟုတ်ဘူး"

"မင်း မင်း လူကြီးတွေရှေ့မှာ စကားပြောဆင်ခြင်ပါကွယ်၊ ဒိုကိုတစ်မျိုးထင်အောင်"

"ကျွန်တော်ပြောတာ ဘာအမှားမှ မပါသေးပါဘူး အန်တီ၊ ဒါတွေထားလိုက်ပါ။ ပြောထားတဲ့အတိုင်း လုပ်ငန်းကိစ္စလုပ်မှာလား မလုပ်ဘူးလားဆိုတာပဲ ပြောပါ။ အန်တီလက်မှတ်ထိုးထားပြီးသားဆိုပေမယ့် အားလုံးကို ရုပ်သိမ်းလိုက်မယ်ဆိုလည်း ကျွန်တော်တို့ဘက်က နားလည်ပေးမှာပါ၊ ကျွန်တော်တို့မှာ တခြားလုပ်ငန်းလုပ်စရာတွေ အများကြီးပါ အန်တီ ကဲ ညီမလေး"

"နေ နေပါဦး မောင်ဘုန်းလက်ျာ"

ဒေါ်မိမိတင် မျက်စိမျက်နှာပျက်ကာ နဖူးမှာချွေးတွေပင်စို့နေရှာသည်။ ခေါ့ခဲ့ရခက်ခဲတဲ့ဖြတ်ရက်နေသော အခြေအနေ၊ လှပ်လှိုမှ ငြိမ် နေလို့လည်းမရသည့် ကျိုးထဲကျွဲထဲ ရောက်နေရသည့်အဖြစ်၊ ရွှေကညာက မနေတတ်မထိုင်တတ် အားနာသလိုဖြစ်နေသော်လည်း ဘုန်းလက်ျာ

က ခပ်တည်တည်နှင့်ပင်

"ဘာပြောစရာရှိသေးလို့လဲ အန်တီ"

"အန် အန်တီ အလုပ်လုပ်ပါမယ်၊ ဖြစ်အောင်လုပ်ပါ့"

"စာချုပ်ပါစည်းကမ်းချက်တွေကိုရော သေချာလိုက်နာနိုင်လို့လား"

"ဟုတ်"

"အခုအလုပ်လုပ်မယ့်သူဌေးရဲ့လက်အောက်မှာ ကျိုးနွံစွာနေတတ်မှ ဦးစီးစီမံမှုတွေကို တသွေမတိမ်းလိုက်နာတတ်မှနော်"

"ကိုကို"

"ကညာနဲ့မဆိုင်သေးဘူး အလုပ်လုပ်ဖို့က မသေချာသေးဘူး ဒေါ်မိမိတင် သေချာဆုံးဖြတ်ပါစေဦး၊ အလုပ်လုပ်မယ်ဆိုရင် နှစ်ဦးနှစ်ဖက် စည်းကမ်းချက်တွေက အရမ်းအရေးကြီးတယ်"

ဘုန်းလက်ျာ ပြောလိုက်တော့ ရှေ့နေကြီးက

"ဟုတ်တယ် အဲဒါကတော့ အရေးကြီးဆုံးပဲ၊ ပြေလည်မှုရှိမှ လုပ်ငန်းက အတည်ဖြစ်မှာပါ၊ တစ်ဖက်က ရင်းနှီးမြှုပ်နှံရမှာက နည်းတာမဟုတ်ဘူး"

"ဟုတ် ဟုတ်ပါပြီ အန်တီ လက်ခံပါတယ်"

"အဆင်ပြေချင်တယ်ဆို အန်တီ မှားခဲ့တာတွေ အရင်တောင်းပန်ဦးမှပေါ့၊ နားလည်မှုတွေနဲ့ ရှေ့ဆက်လက်တွဲလို့ အဆင်ပြေအောင်လို့ပါ"

ဘုန်းလက်ျာ အတင်းအကျပ်ကို ဒေါ်မိမိတင်ကို ကျွပ်နေသည်။





သေရေးမှာကြောက်တတ်မှ အသက်ရှူခွင့်ပေးသည့်သူကို ကျေးဇူးတင်ရမှန်း သိလာမှာမဟုတ်ပါလား။ ရွှေကညာကို ဒေါ်မိမိတင် မျက်နှာငယ်လေးနှင့် တောင်းပန်တိုးလျှိုးကာ ကြည့်နေပြီး

"ရွှေ ရွှေကညာ အန်တီ အန်တီ တောင်းပန်ပါတယ်ကွယ် အရင်ကကိစ္စတွေ မေ့ပစ်ပေးပါ၊ အန်တီမှားခဲ့ပါတယ်၊ အဲဒီအတွက် အန်တီ အနူးအညွတ်ကို တောင်းပန်ပါတယ်"

"အန်တီ ဟုတ်"

"ချို အဆင်ပြေပြီ ညီမလေးက ဒေါ်မိမိတင်ရဲ့သူဌေးဖြစ်ဖို့ အတွက် လက်မှတ်ထိုးရုံပဲ လိုတော့တယ်၊ စာချုပ်ပါစည်းကမ်းတွေအတိုင်း ဖြစ်ဖို့ သက်သေအဖြစ် ဒီကလူကြီးတွေက လက်မှတ်ထိုးပေးပါလိမ့်မယ် ကဲ ညီမလေး သူဌေးမကြီး၊ လက်မှတ်ထိုးပါခင်ဗျာ"

"ဟုတ် ဟုတ်ကဲ့"

ဒေါ်မိမိတင်ရဲ့သူဌေးနေရာမှာရှိ လက်မှတ်ထိုးနေသော ညီမလေးကိုကြည့်၍ ဘုန်းလက်ျာ ကျေနပ်ပီတိဖြစ်စွာ ပြုံးလိုက်သည်။ ညီမလေးအတွက် လုပ်ပေးနိုင်တာ ဒါပါပဲ။ ကြင်နာတတ်သော သည်းခံတတ်သော ညီမလေးက နောက်တစ်ချိန်မှာ ကိုယ်ဖြစ်စေချင်သလိုဖြစ်အောင် နေမှာမဟုတ်ဘူးဆိုတာ သိနေခဲ့သည်။ ရတုစံကိုချစ်သည့်အတွက် ပိုင်ဆိုင်မှုတွေအတွက် မောက်မာမှာမဟုတ်ပါဘူး။ ဆက်ပြီးချစ်ပါ ညီမလေးရယ်။ ရတုစံကလည်း ညီမလေးအပေါ် အရမ်းချစ်တတ်တဲ့ ယောကျ်ားတစ်ယောက်ပါပဲ။

■ ■ ■

## အခန်း (၄၃)

"ရတု"

"က ကညာ"

အခြေအနေအားလုံးအတွက် ရတုကို အားနာစွာ ဘာမှပြော မထွက်။ ရတုကတော့ နားလည်သလို သူမပန်းလေးကို ငေးမော်လာကာ

"ဘာမှမပြောပါနဲ့ ကညာ၊ ကျွန်တော် အားလုံးကို နားလည်ပါတယ်၊ ခုနကပဲ မေမေဖုန်းဆက်တယ်၊ သူ့အစ်ကိုဖြစ်စေချင်သလို ကညာက မလုပ်ရက်ဘူးတဲ့၊ လုပ်ငန်းတွေအားလုံး အန်တီပဲဦးစီးပြီးလုပ်ပါလို့ ပြောတယ်ဆို"

"ဟို အဲဒါ"

"သဘောထားကြီးလှချည်လား ကညာရယ်၊ တုံ့ပြန်ဖို့အခွင့် အရေး လက်စားချေဖို့အခွင့်အရေးရှိရဲ့နဲ့ ဘာလို့ သည်းခံတာလဲဟင် ကညာ"

"ရတုအမေလေ၊ ရတုကိုချစ်နေတဲ့ ကညာက ရတုအမေကို





ဒီလိုလုပ်ရက်ပါ့မလား။ မိသားစုဆိုတာ အဆင်မပြေမှုတွေရှိရင် ညှိနှိုင်းရ တိုင်ပင်ရမှာပါ၊ သည်းခံခွင့်လွှတ်နားလည်ရမှာပါ"

"ဟို က ကညာအစ်ကိုက"

"ကိုကို နားလည်မှာပါ၊ ဒီလိုမျိုးမဖြစ်သင့် မလုပ်သင့်ဘူးလို့ အန်တီကိုသိစေချင်ရုံပါပဲ၊ ရတုနဲ့ကညာကိုမှ မခွဲတာ၊ ကိုကို နားလည် ပေးလို့ပေါ့ ရတုရယ်"

"ကျေး ကျွန်တော် ကညာတို့မောင်နှမကို အရမ်းကိုမျက်နှာပူ အားနာမိပါတယ် ကညာရယ်"

"ရတု"

မျက်ရည်တွေလည်နေရှာသော ရတုစံ လက်ကလေးကို ဖွ ကညာ ဆုပ်ညှစ်ကိုင်ထားလိုက်သည်။ ပြီးမှ ရတုလက်ကလေးကို သူမ ရင်ဘတ်လေးမှာထွေးယှက်ကာ

"အခု အားလုံးအေးချမ်းသွားပြီပဲ ရတုရယ်၊ ကညာတို့အတွက် စိတ်ညစ်စရာတွေ စိတ်ဆင်းရဲစရာတွေ ဘာမှမရှိတော့ဘူး။ အန်တီကို လည်း ကညာတို့ ပြန်လာခဲ့မယ်လို့ ပြောခဲ့တယ်၊ အရင်လို ဆက်ဆံရေး မျိုးမဟုတ်တော့တဲ့အတွက် ရတုလည်း မျက်နှာပူအားနာစရာတွေ ဖြစ်ရ မှာမဟုတ်တော့ပါဘူး"

"ကျေးဇူးတင်ပါတယ် ကညာရယ်"

"ရတုရယ်"

"မေမေ့အပြစ်တွေအတွက် ကျွန်တော် တစ်သက်လုံးပေးဆပ် သွားပါ့မယ်"

ဒီလောက်ချစ်တတ်သော ယောကျ်ားကို သူမတစ်သက် ဘယ်တော့မှ မခွဲတူးဟု ဆုံးဖြတ်ချက်ချလိုက်သည်။ ရတုအဆက်ဆက်၊ သံသရာအဆက်ဆက်ပါ ရတုရယ်။

ပြတင်းတံခါးမှ လေပျိုမ တိုးဝင်လာသည်။ စကားပွင့်များ၏ ရနံ့က ဝေ့ဝဲဆွတ်ပျံ့လာ၏။ ဟိုးဝေးဝေးမှ ညနေခင်းတွေဆီ ဆန်တက်သွားသော ဗျိုင်းတစ်အုပ်ကို လှမ်းမြင်နေရသည်။ ရင်ထဲမှာကြည်နူးလိုက်တာ။

ပရိသတ်အတွက်
အမြဲတမ်း
ဖျူး